
www.burmeseclassic.com

# ပျိုး

## မဟာအချစ်ခရီး



BURMESE CLASSIC .com

DESIGN THEIN SHWE KYI

www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန်အရေးသုံးပါး**

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

**ပြည်သူ့သဘောထား**

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအားဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
★ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
★ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
★ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄) ရပ်**

★ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
★ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# မျိုး

## မဟာအချစ်ခရီး

www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၂၇၃၀၃၁၁ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၃၃၃၀၃၁၁ |
| အဖုံးဒီဇိုင်း | - | **Idea Kyaw & Kyaw Oo** |
| ထုတ်ဝေသူ | - | ဒေါ်မိုးသိတာ (စိုးမိုးစာပေ) (မြ-၀၃၈၅၁) အမှတ် ၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြ-၀၄၉၀၂) စံပယ်အော့ဖ်ဆက် ၆၈၊ စကားဝါလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်။ |
| အတွင်းဖလင် | - | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - | ကိုသန်းငွေ |
| ပုံနှိပ်ခြင်း | - | ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ။ ပထမအကြိမ်။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀ ကျပ် |

၈၉၅ ၊ ၈၃

ဗျ

မဟာအချစ်ခရီး / ဗျူး ။ - ရန်ကုန်

စိုးမိုးစာပေ၊ ၂၀၁၁

၂၈၈ - စာ ၊ ၁၂ × ၁၈ စင်တီ။

(၁) မဟာအချစ်ခရီး


BURMESE CLASSIC .com

## အခန်း (၁)

"လုံးဝမကျေနပ်ဘူး မေမေ၊ ဒါ မတရားတာ အသိသာကြီး"

ဒေါသတို့ ပွင့်အံထွက်လာသော ယုန္တာအသံကြောင့် ဒေါ်ယုယွင် ထိတ်ထိတ်ပျာပျာဖြစ်သွားသည်။

"ဟဲ့ ဟဲ့ အို တိုးတိုးပြောပါ သမီးရယ်၊ တစ်ယောက်ယောက် ကြားသွားမှဖြင့် မကောင်းဘူးကွယ်"

"သမီး ဘယ်လိုမှ မကျေနပ်နိုင်ဘူး မေမေ၊ နားလည်ပေးလို့လည်း မရဘူး၊ မြေးတော်တာချင်း အတူတူ သူ့ကို ပုံပေးချင်တယ် ဆိုတော့"

စကားသံတွေ ပြတ်တောင်းသွားပြီး အသက်ရှူသံပြင်းပြင်း တွေပဲထွက်ပေါ်လာသည့် ယုန္တာမျက်နှာလေးက မာတင်းနီရဲနေသည်။



www.burmeseclassic.com

www.burmeseclassic.com



သမီးရင်မှခံစားချက်တွေကို နားလည်စာနာနိုင်စွာ ဒေါ်ယုဝါလွင် ပင့်သက်လေး ရှိုက်လိုက်ရင်း -

"သမီးပြောတာလည်း သဘာဝကျပါတယ်ကွယ်၊ မေမေလည်း ဘယ်ကျေနပ်နိုင်ပါ့မလဲ၊ ဒါပေမဲ့ ဖေဖေ့ရဲ့ဆန္ဒဆိုတော့လည်း မဆန့်ကျင်ဘူးကွယ်၊ ဖေဖေက မမာတာ သမီး သိပါတယ်"

"ဟင့်အင်း ဘဘဘက်က မေမေ မကာကွယ်ပါနဲ့၊ သမီးကိုဆို အမြဲတမ်း နှိမ်ချချင်တယ်၊ သမီးသိတယ် မေမေ၊ ဘဘက သမီးကို မချစ်ပါဘူး"

အသံတုန်တုန်လေးနှင့် ပြောရင်း မျက်ရည်တွေ ချက်ချင်းဝဲတက်လာသော သမီးကိုကြည့်ရင်း ဒေါ်ယုဝါလွင်ရင်ထဲမှာ ခံစားရသည်။ သမီးလေး နားလည်သဘောပေါက်အောင် နှစ်သိမ့်ချင်ပေမယ့်လည်း -

"သမီးရယ် စိတ်လျှော့လိုက်ပါကွယ်၊ ကိုယ့်အဘိုးကို အပြစ်မြင်တာ မကောင်းဘူးကွယ်၊ မေမေ့စကားကို နားထောင်နော်သမီး၊ မေမေ့သမီးလေးအတွက် မေမေ ပိုင်ဆိုင်သမျှတွေတော့ ပေးမှာပါနော်"

"ငွေကြေးဥစ္စာတွေကို သမီး မက်မောလို့ မဟုတ်ဘူး မေမေ၊ ရင်ထဲမှာ ခံစားရတာ ဘဘရဲ့တူညီမျှမှု မရှိတဲ့ စိတ်ဓာတ်ကြောင့်ပါ"

"လူကြီးဆိုတာလည်း မှားတတ်တာပဲ သမီးရယ်၊ ဆောင်းလေးကို ဖေဖေက ပိုခင်တွယ်တာ မေမေ လက်ခံပါတယ်"





"အဲဒါကိုပဲ သမီး ခံစားမကျေနပ်တာ မေမေ၊ မေမေပဲစဉ်းစားကြည့်လေ၊ တကယ်ဆို ဘဘကို အနီးကပ်ပြုစုလုပ်ကိုင်ပေးရတာ မေမေနဲ့ နန္ဒာပဲလေ၊ အခုနေမကောင်းတော့လည်း နန္ဒာတို့ပဲဂရုစိုက်ကြည့်ရှုပေးကြတာ၊ တကယ်တမ်း ရစရာရှိတာအတွက်တော့ ဟိုတစ်ယောက်"

ဒေါ်ယုဝါလွင် ဘာပဲပြောပြော နန္ဒာကတော့ ရင်ထဲမှာ ခံစားနာကျင်နေရသည်။ ဘယ်လိုပဲတွေးကြည့်ကြည့် ကျေနပ်လက်ခံနိုင်စရာ မရှိသော ဘဘရဲ့ဆုံးဖြတ်ချက်က မှားနေသည်။

သမီး ခံစားရသလို ဒေါ်ယုဝါလွင်လည်း ခံစားရတာပဲဖြစ်သည်။ တကယ်ဆို သမီးလေးထက်တောင် သူမက ပိုလိမ့်မည်။ ဝမ်းလည်း ဝမ်းနည်းသည်။

မနေ့ကပဲ ဖေဖေက သူမကိုခေါ်ကာ အသိပေးခဲ့တာဖြစ်သည်။

"သမီး အဖေမသေသေးပေမယ့် အဖေ့မြေးနှစ်ယောက်အတွက် အမွေပေးခဲ့မယ်၊ ဒါမှ အဖေမရှိတော့ရင် သမီးတို့ စိတ်ဝမ်းမကွဲကြမှာ"

အသက်ခြောက်ဆယ်ကျော်လာကတည်းက ကျန်းမာရေးချွတ်ယွင်းစပြုလာသော အဖေ့ဆန္ဒတွေကို လိမ်မာသော သမီးပီပီ



www.burmeseclassic.com

www.burmeseclassic.com



သူမ ခေါင်းညိတ်နာခံပေးခဲ့သည်။

ဒါပေမဲ့ ဖေဖေ့ရဲ့အစီအစဉ်ကိုသိရတော့ ရင်ထဲမှာမကောင်းခဲ့။

ဖေဖေ ဖယားချပြသည့် ရပိုင်ခွင့်က သူမရဲ့အစ်ကိုသားကြီး ဖြစ်သူနှင့် မြေးဆောင်းသွေးခင်တို့သားအဖအတွက် အမွေတွေရဲ့သုံးပုံနှစ်ပုံတဲ့။

သူမနှင့်သမီးယုနန္ဒာတို့အတွက်က သုံးပုံတစ်ပုံသာ ပေးမည် ဆိုသည်။

"အဖေ့အစီအစဉ်ကို သမီး သဘောတူရဲ့လား။ သားကြီးကို ပိုပေးလို့ သမီး မကျေမနပ်မဖြစ်ပါနဲ့ကွယ်၊ ဒီကောင်က အဖေနဲ့ အဝေးမှာနေပြီး ရုန်းကန်နေခဲ့ရတာ၊ သမီးက အဖေ့အနားမှာ အတူ နေနေတဲ့သမီး၊ သမီး နားလည်မယ်လို့ ထင်တယ်"

"ဟုတ်ကဲ့၊ သမီး နားလည်ကျေနပ်ပါတယ် ဖေဖေရယ်"

အစ်ကိုဖြစ်သူ အိမ်ထောင်ကျပြီးကတည်းက ဖေဖေက စွန့်ပစ်ထားခဲ့သည်။ ကိုယ့်ဘဝကိုယ် ရုန်း၊ လှည့်မကြည့်ခဲ့ပါ။ မြေးဖြစ်သည့် ဆောင်းသွေးခင်ကိုတော့ ငယ်စဉ်ကတည်းက အိမ်မှာခေါ်ထားပြီး ပညာရေးတာဝန်ယူခဲ့သည်။

သမီးနန္ဒာနှင့် တူမဆောင်းသွေးခင်တို့ အတူတူနေ ပညာသင်ခဲ့ကြပေမယ့် ဆယ်တန်းအောင်တော့ ပညာရေးမှာ ပိုထူးချွန်သော ဆောင်းသွေးခင်လေးက ငါးဘာသာဂုဏ်ထူးနှင့် ဆေးကျောင်းတက်





ခွင့်ရသည်။

သမီးနန္ဒာကတော့ တစ်ဘာသာသာပဲပါတာမို့ ရိုးရိုးဘွဲ့တစ်ခုကိုပဲ ရယူနိုင်ခဲ့တာဖြစ်သည်။

ဒါတွေက သမီးလေးနန္ဒာစိတ်ထဲမှာ အားငယ်စိတ်တွေ ဖြစ်ခဲ့မှာ သေချာသည်။ အခုလို အမွေကိစ္စမှာ မညီမျှလာတော့ သမီးလေး မခံနိုင်တော့ဘဲ ပေါက်ကွဲတော့သည်။

"မေမေ"

"ဟင် ဘာလဲ သမီး ပြောလေ"

အဘိုးဖြစ်သူရဲ့ အမွေလွှဲစာချုပ်တွေကို မကျေမနပ်ဖတ်ကြည့်နေသောသမီး ဘာတွေမေးလာဦးမည်လဲ မသိ။

"ဒီခြံကြီးကို သမီးနဲ့မေမေ နေထိုင်ခွင့် ဘဘပေးထားတယ် နော်"

"အင်းလေ သမီးရဲ့၊ ဒီပြင်ဦးလွင်က ခြံကြီးကို မေမေတို့ အမွေထဲမှာ ဖေဖေ ထည့်ပေးထားတယ်၊ ဆောင်းလေးတို့ကတော့ ရန်ကုန်မှာပဲ နေဖြစ်ကြမှာပါ၊ သူတို့ ပညာရေးလည်း ရှိသေးတာကိုး"

ဆောင်းသွေးခင်က လက်ရှိဆေးကျောင်းက မပြီးသေးတာမို့ ရန်ကုန်မှာပဲ ရှိနေသည်။

"ဘဘက နောက်နှစ်လအတွင်း အမွေတွေပေးမယ်လို့ ရေးထားတာ သမီး ဖတ်ရတယ်၊ ဆောင်းက ဘယ်တော့လာမှာလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"နောက်တစ်ပတ်လောက်ဆို ဒီကိုရောက်လာမှာပေါ့၊ သမီးဘဘ ခေါ်ထားတယ်၊ သူလေးလည်း ကျောင်းပိတ်ရက်လေ"

ယုန္တာ ခေါင်းလေးညိတ်သည်။ တင်းတင်းစေ့ထားသော နှုတ်ခမ်းလေးတွေက တိတ်ဆိတ်နေတော့ ဒေါ်ယုဝါလွင် စိုးရိမ်သွား၏။

"သမီး ဘာလုပ်မလို့လဲ၊ သမီး မကျေနပ်တာတွေကို ဆောင်းလေးကို သွားမပြောလိုက်မိစေနဲ့နော်၊ သမီးတို့က ညီအစ်မ ဝမ်းကွဲတော်တယ်၊ အမွေကိစ္စကြောင့် စိတ်ဝမ်းကွဲတာမျိုး မေမေ မကြားချင်ဘူးကွယ်"

"အဲဒီလိုဖြစ်စေတာက ဘဘအစီအစဉ်ပါ၊ ဒါပေမဲ့ သမီး ဆောင်းကို မပြောပါဘူး၊ ဘဘရှေ့မှာလည်း ကျေနပ်ခေါင်းညိတ်ပြမှာပါ၊ မေမေ ယုံပါ၊ သမီး ခံစားချက်တွေကို ရင်မှာပဲထားပါ့မယ်"

စာချုပ်တွေကို စားပွဲပေးပြန်တင်ခဲ့ကာ သမီးထွက်သွားတော့ ဒေါ်ယုဝါလွင် ငေးငေးလေး တွေးကျန်ရစ်ခဲ့ရသည်။

သမီးလေး ဘာတွေများ ကြံစည်နေသည်လဲ။ စနေသမီး ပီပီ စိတ်ထက်တာကို သူမ အသိဆုံး။ လက်ရှိနေထိုင်ခွင့်ရနေသော အိမ်ကြီးကို ပိုင်ဆိုင်လိုက်ရလို့ ကျေနပ်သွားတာတော့ မဖြစ်နိုင်ပါ။

သမီးလေးရယ် မေမေ စာနာနားလည်ပါတယ် ကလေးရယ်။

✿ ✿ ✿



## အခန်း (၂)

"ညှိုသည် ဟုတ်လား၊ ဘယ်သူလဲ သမီး၊ ဘယ်ကလဲကွဲ့"

"ရန်ကုန်ကပဲလေ၊ ဟို ဘဘရဲ့မြေးတော်တယ်လို့လည်း ပြောလို့ရတယ်၊ နေမင်းစံပါ"

နာမည်ကို ကြားကတည်းက ဦးထွန်းခေါင် မျက်ခုံးကြီးတွေ တွန့်သွား၏။ ရွှေကိုင်းမျက်မှန်အပေါ်က နန္ဒာကို မျက်လွှာပင့်ကြည့်သည်။

"နေမင်းစံ၊ ဟိုတစ်ခါ လာသွားတဲ့ကောင်လား"

"ဟုတ်ကဲ့ ဘဘ"

"ဒီကောင်က ဘာလာလုပ်မှာလဲ သမီး၊ ဘာပြဿနာတွေ ယူလာဦးမှာလဲ၊ ဘဘတော့ ဒီကောင့်ကို သဘောမတွေ့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



မေမေ့ရဲ့မောင်နှစ်ဝမ်းကွဲလောက်တော်သည့်ဘက်က သားမို့ ဘဘ မခင်တွယ်တာထက် နေမင်းစံက သမိုင်းရှိသည်။

ဟိုးအရင်က ဘဘရဲ့ခြံကြီးကို မကြာခဏလာလည်ဖူးသည်။ လူက ဂျစ်ကန်ကန်ပေတေတေနှင့် လည်သည်။ တကယ်ဆို မေမေ့ရဲ့ ဝမ်းကွဲမောင်ရဲ့သားအရင်းမဟုတ်။

ကလေးတစ်ယောက်အမေကို ယူလိုက်ရင်း ပါလာသော မယားပါသားပဲဖြစ်သည်။

ဒါကြောင့် သွေးစပ်လျှင် ဘာမှမတော်ဟု ဆိုနိုင်သည်။ နေမင်းစံက ဘဘကို တရင်းတနှီးပေါင်းသင်းကာ ချွဲချွဲနွဲ့နွဲ့နှင့် အမွေ တောင်းတတ်သေး၏။

"ဘဘနော် ဘဘချမ်းသာတာ သားသိတယ်၊ သားကို အမွေပေးရမယ်နော် အဟဲ"

"အံမယ် မင်းက ဘာကောင်မို့ ငါက အမွေးပေးရမှာလဲ၊ ငါ့မှာ မြေးနှစ်ယောက်ပဲရှိတယ်၊ ဒီနှစ်ယောက်ပဲ ငါချစ်တယ်၊ အမျိုး စပ်လို့ရသမျှ မြေးတွေကို အမွေလိုက်ပေးရမှာလားကွ"

ဘဘကတော့ အားမနာစတမ်း အပြတ်ပြောလွှတ်သည်။ မရနိုင်မှန်းသိတော့ ရနိုင်တာကို နေမင်းစံက ရအောင်တောင်းယူတတ် သည်။

"ဘဘက အရမ်းကပ်စေးနဲ့တာပဲ၊ သားကလည်း ဘဘရဲ့





မြေးတော်တာပဲဗျာ၊ ဘဘကို ခင်လို့ချစ်လို့ ရန်ကုန်ကတောင် လာခဲ့ တာပါ"

"ဟေ့ကောင် ဘာမှမခင်နဲ့ မချစ်နဲ့၊ မင်းပထွေး အမူးသမား ကိုတောင် ငါက အိမ်အရိပ်နင်းခိုင်းတာ မဟုတ်ဘူး"

အပြောကြမ်းသော ဘဘစကားကြောင့် နေမင်းစံ မျက်နှာ ပျက်သွားသည်။ ဘဘဆီက ဘာမှမရနိုင်မှန်းသိတော့ မုန့်ဖိုးတောင်း ကာ ရန်ကုန်ပြန်သည်။

"ဒီကောင် လူသာငယ်တယ်၊ လည်ချက်ကတော့ ကမ်းကုန် ပဲ၊ မြန်မြန်ပြန်စေချင်လို့ မုန့်ဖိုးပေးလိုက်တာ၊ ကြည့်ရတာ လမ်းစရိတ် တောင် ကျန်ပုံမပေါ်ဘူး"

နေမင်းစံ ပြန်သွားတော့ ဘဘ ပြောသည်။ တကယ်ဆို မေမေ့ဆီကလည်း နေမင်းစံ မုန့်ဖိုးတောင်းသွားခဲ့တာ ဘဘ မသိပါ။ ဘဘသိလိုက်သည်က နေမင်းစံပြန်သွားပြီး ရှုပ်ခဲ့သော အရှုပ်တွေပဲ ဖြစ်သည်။

"ဘာ ဒီကောင်က ငါ့မြေးဆိုပြီး မင်းဆီက ပိုက်ဆံချေးသွား တယ် ဟုတ်လား"

"ဟုတ်ကဲ့ ဦးလေး၊ ဦးလေးမြေးဆိုတော့ ကျွန်တော် အားနာ လို့ ပေးလိုက်တာပါ"

"ဟာကွာ၊ အလကား ဘာမြေးမှမဟုတ်ဘူး၊ လူလိမ်လူညာ



www.burmeseclassic.com

www.burmeseclassic.com



ကောင်ကွ၊ သွား တစ်ပြားမှမပေးနိုင်ဘူး၊ တောက် နေမင်းစံ တော်တော်မလွယ်တဲ့ကောင်ပဲ''

ဘဘတစ်ယောက် ဒေါသတွေထွက်ကာ ခြံထဲအထိ အကြွေးဝင်တောင်းသော သူ့ကို စိတ်တွေတို မောင်းထုတ်တော့ မေမေကပဲ လက်တို့ပြီး ရှင်းပေးလိုက်ရဖူးသည်။ ဒါတင်လားဆိုတော့ မကပါ။

ရပ်ကွက်ထဲက ကောင်မလေးနှစ်ယောက်ကိုလည်း လိပ်စာပေးကာ ရှုပ်သွားသော နေမင်းစံ ပြဿနာအရှုပ်ကို ဘဘမသိအောင် မေမေက ရှင်းပေးလိုက်ရသည်။

အခု နေမင်းစံလာမည်ဆိုတော့ ဘဘလက်မခံချင်တာ အထင်အရှား။ ကိုယ့်အစီအစဉ်နှင့်ကိုယ်မို့ နန္ဒာကပဲ မိုးသာဝါဒကံကို ကျူးရ၏။

''နေမင်းစံက အရင်လိုမဟုတ်တော့ပါဘူး ဘဘရယ်၊ အခု လိမ္မာနေပါပြီ၊ သူ့မိဘတွေတောင် ပြန်ရှာကျွေးနေတာ၊ အခုလည်း အိမ်ကိုလာတာ သူ့လုပ်ငန်းကိစ္စအတွက်နဲ့ပါ''

''ဘာအလုပ်မို့လဲ၊ ဒီကောင်က ဘာလုပ်နေလို့လဲ''

''ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုမှာ အလုပ်သမားခေါင်းဆောင်ပါ ဘဘ၊ အခု ပြင်ဦးလွင်မှာ အဆောက်အအုံတစ်ခုလာ ဆောက်ဟာလေ၊ အဲဒါ ဒီမှာတည်းခွင့်တောင်းနေလို့ ခွင့်ပြုလိုက်တာပါ ဘဘရယ်၊ အမျိုးအဆွေတွေကို ကူညီကောင်းပါတယ်''





နန္ဒာ တိုက်တိုက်တွန်းတွန်းလေးဆိုတော့ ဘဘ ယုံကြည်သွားပုံရသည်။

''ဒီကောင် လိမ္မာသွားပြီဆိုတော့လည်း ကောင်းပါတယ်၊ ခဏလာတည်းတာဆို ဘဘ ခွင့်ပြုတယ်၊ ဒီခြံနဲ့အိမ်ကို မြေးတို့သားအမိလက်ထဲပဲ ဘဘ ပေးခဲ့မှာ၊ ဒါနဲ့ သမီးအမေရော''

''ဘုရားခန်းထဲမှာ ဆွမ်းကပ်နေတယ် ဘဘ''

''အေး အေး သမီးလည်း အရွယ်လေးရလာပြီဆိုတော့ ဘဘသားရေးဘက် လိုက်စားလာတာ ကောင်းပါတယ်၊ အခုကိစ္စကို သမီးမေမေ လက်ခံတယ်ဆိုရင် ပြီးတာပဲကွယ်''

''မေမေ လက်ခံပါတယ် ဘဘ''

''အေး၊ ဒါနဲ့ သမီးကို ဘဘ မေးရဦးမယ်၊ ဘဘရဲ့အမွေကိစ္စတွေ သမီးမေမေ ပြောပြသလား''

နန္ဒာ ခေါင်းလေးပဲ ညိတ်ပြလိုက်သည်။ ရင်ထဲက မကျေနပ်ချက်တွေကို ဘဘရှေ့မှာ ထုတ်မပြဖို့ ဆုံးဖြတ်ပြီးပြီ။

''မြေးဆောင်းသွေးခင်လေးတို့မိသားစုကို ဘဘ ပိုပေးလိုက်တာအတွက်ရော သမီးကျေနပ်ရဲ့လား''

''သမီး ကျေနပ်ပါတယ် ဘဘ''

ရင်ထဲက ခံစားချက်တွေနဲ့ ဆန့်ကျင်စွာပဲ နန္ဒာ ခေါင်းလေး ညိတ်တော့ ဘဘ ကျေနပ်သွားခဲ့ပုံပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



"အေးကွယ်၊ ဘဘလည်း ဒီစကားပဲ ကြားချင်ပါတယ်ကွယ် လောကကြီးထဲမှာ ဘင့်သင့်မြတ်မြတ်နဲ့ သမီးတို့ ကျန်ရစ်ခဲ့တာကိုပဲ ဘဘ မြင်ခဲ့ချင်တယ်၊ ကဲ ကဲ သမီးသွားတော့"

ဘဘရှေ့က ခေါင်းလေးငုံ့ကာ နန္ဒာထွက်ခဲ့လိုက်သည်။ အရင်တုန်းက ဘဘကို နန္ဒာ ရှိသေလေးစားချစ်ခဲ့ပါသည်။ ဒါပေမဲ့ အမွေကိစ္စသိလိုက်ပြီးသည့်နောက်ပိုင်းမှာတော့ ဘဘကို ချစ်ခင်စိတ်တို့ ပျောက်ရသည်။

သူမထက် ဆောင်းသွေးခင်ကို ခင်တွယ်ကြောင်း ဘဘ လုပ်ရပ်က သက်သေပြခဲ့ပြီးပြီပဲ။

"သမီး"

အခန်းထဲက လှမ်းအထွက်မှာ မေမေ လက်ရပ်ခေါ်တာမို့ နန္ဒာ အနားကို လျှောက်သွားလိုက်သည်။

"သမီး ဘဘကို သမီးပြောနေတာတွေ မေမေကြားတယ်၊ မောင်နေမင်းစံ လာမယ်ဆိုတာ မေမေ မသိပါလား"

"ဟိုတစ်နေ့က ဖုန်းလာတယ် မေမေ၊ ဘဘကို မေမေ မပြောရဲမှန်းသိလို့ သမီးကိုယ်တိုင် ပြောလိုက်တာ၊ နေမင်းစံ နေမှာကို ဘဘက ခွင့်ပြုပါတယ်"

"သမီးရယ်၊ မေမေ့ကို အရင်အသိပေးသင့်တာပေါ့၊ နေမင်းစံလေးက ဆိုးဆိုးပေပေရယ်"





"အခု အရင်လိုမဟုတ်တော့ပါဘူး မေမေ၊ ဘာပဲဖြစ်ဖြစ် ဆွေမျိုးတွေပဲဟာ၊ ကူညီသင့်ပါတယ်"

"ဆွေမျိုးဆိုပေမယ့် နေစံက မေမေ့မောင်ရဲ့သားမဟုတ်ဘူး၊ မိန်းမဘက်ကပါတဲ့ သားလေ သမီးရဲ့"

"သမီး သိပါတယ်၊ ဒါပေမဲ့ မောင်နှမတွေပဲလို့ သမီး သတ်မှတ်ထားတယ်၊ ပြီးတော့ သူ နေမှာက အကြာကြီးမှ မဟုတ်ဘဲ မေမေရယ်၊ မေမေ ဘာကိုပူပန်နေသလဲ သမီးသိတယ်၊ သမီးကို မေမေ ယုံပါ"

မေမေ့မျက်ဝန်းတွေထဲကိုကြည့်ကာ နန္ဒာဆိုတော့ မေမေ မှတ်ဆိတ်လို့နေသည်။

နေမင်းစံလိုယောကျ်ားတစ်ယောက်နဲ့ သမီးကို ပတ်သက်သွားမှာ မေမေ စိုးရိမ်လို့နေသည်။

ဟင့်အင်း နေမင်းစံ ဘယ်လိုယောကျ်ားဆိုတာ သမီး သိထားပြီးသားပါ။ မသိနိုင်သေးတဲ့ ဆောင်းအတွက်တော့ နေမင်းစံ ဆိုတာ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃)

ထိုင်ခုံမှာ ကျောမှီထိုင်ကာ စီးကရက်တစ်လိပ်ကို ခဲကာသည့်
ဟန်ပန်ကတော့ တစ်စက်လေးတောင် အချိုးမပြေပါ။ ဒီပုံဆံ ဒီအသွင်
မျိုးကိုသာ ဘဘ မြင်လိုက်ရင် ဘယ်လိုမှဖြစ်မှာမဟုတ်တာ သေချာ
သည်။

နောက်ဆုံးမြင်တွေ့ခဲ့ရဖူးသော နေမင်းစံထက်တော့ ရင့်
ကျက်လာပုံရသော အသွင်ကတော့ ပေါ်လွင်ပါသည်။ နောက်ဆုံးတစ်
ခေါက် မြင်ဦးလွင်ကို နေမင်းစံ လာလည်စဉ်က ကုပ်ထောက်လုမတတ်
ဆံပင်အရှည်နှင့်ဖြစ်သည်။

အခုတော့ ဆံပင်က သေသေသပ်သပ် ဖြီးသင်ထားတာမို့
မဟုတ်ပေ။ အရှည်ကြီးမဟုတ်ပါ။ နဖူးပေါ်က ဆံနွယ်တွေကို လက်





ထိုးဖွသပ်တင်ထားတာမို့ နေမင်းစံ မျက်နှာလေးကတော့ ပေါ်လွင်
နေသည်။

နန္ဒာကိုယ်က ထွားကျိုင်းလာကာ မြင့်မားသော အရပ်အ
မောင်းနှင့်တော့ လိုက်ဖက်သည်။ နဖပ်ရှင်းသန့်ပြီး ချောမောတာ
တော့ နေမင်းစံ ဆုတောင်းကောင်းခဲ့သည်ဟု ပြောရမလို ရှိသည်။

မျက်ခုံး၊ မျက်လုံး၊ နှာတံ၊ နှုတ်ခမ်း တစ်ခုမှ အပြစ်ဆိုစရာ
မရှိအောင် ချောမောသည်။

ဘာပဲဖြစ်ဖြစ် ဒီအချက်တစ်ချက်တည်းနှင့်တင် နန္ဒာကျေနပ်
သဘောကျသွားခဲ့တာ အမှန်ဖြစ်သည်။

ဆလွန်းကားလေးကိုရပ်ပြီး အအေးဆိုင်လေးမှာထိုင်နေသော
နေမင်းစံဆီ တန်းတန်းမတ်မတ်လျှောက်ခဲ့၏။

ရှုစုရဲရဲအကြည့်တွေက စက္ကန့်ပိုင်းလေးနှင့် နန္ဒာရဲ့တစ်ကိုယ်
လုံး ခြေဆုံးခေါင်းဖျား စုန်ဆန်သွားခဲ့သည်။ တခြားမိန်းကလေးသာ
ဆိုလျှင် ခြေလှမ်းတွေ ဘာတွေ မှားသွားနိုင်ပေမယ့် နန္ဒာကတော့
အကြောင်းသိမို့ တည်တည်ငြိမ်ငြိမ်ပဲရှိသည်။

"နေစံ"

"ဟာ မမနန္ဒာ၊ ကြည့်စမ်း ကျွန်တော် တကယ်မမှတ်မိဘူး
ဗျာ"

တကယ်ပဲ မမှတ်မိတာလား။ သင်းဘာသာ အငမ်းလွန်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ရှက်သွားတာလားမသိ။ ချိတ်ထိုင်နေသော ခြေထောက်တွေ ဖြုတ်ချကာ နေမင်းစံ ထရပ်၏။

"ငါကတော့ မင်းကို မှတ်မိပြီးသားပဲ၊ ဘာမှသိပ်မပြောင်းလဲပါဘူး၊ မင်းပုံစံက ဒီအတိုင်းပဲ၊ ကဲ ထိုင်ကွာ ရတယ်"

နန္ဒာကတော့ မာတင်းတင်းပဲ ဆက်ဆံသည်။ နေမင်းစံလို လူမျိုးက ဒီလိုဆက်ဆံတာမှ တော်ကာကျမည်။ နေမင်းစံ ပြန်ထိုင်တော့ သူမလည်း မျက်နှာချင်းဆိုင်ထိုင်ခုံမှာ ဝင်ထိုင်သည်။

ဘာစကားမှမဆိုဘဲ နန္ဒာ အကဲခတ်ကြည့်နေတော့ နေမင်းစံ မနေတတ်တော့ပါ။

"မမနန္ဒာ ကျွန်တော့်ကိုခေါ်တာ ဘာကြောင့်လဲ"

"ပြောမယ်လေ၊ မင်းကိုပြောချင်လို့ အိမ်ကို တန်းမလာနိုင်းဘဲ ဒီကားဂိတ်မှာပဲ စောင့်ခိုင်းတာပေါ့"

"အိုကေ၊ အခု ကျွန်တော်နဲ့လည်း ဆုံပြီလေ၊ ပဟေဠိတွေ သိပ်မလုပ်နဲ့ဗျာ၊ ကျွန်တော်က စဉ်းစားရတဲ့အလုပ် ဝါသနာမပါဘူးဗျာ၊ အဟင်း ဆယ်တန်းမှာ နှစ်နှစ်ဆက်ကျတော့ သင်္ချာရမှတ်က အဆိုးဆုံးပဲ အဟွန်း"

ပြောရင်း နှုတ်ခမ်းလေး တွန့်ရယ်ပုံက ဆွဲဆောင်မှုတစ်ခု ပါဝင်နေသည်ထင်သည်။ ဘာပဲဖြစ်ဖြစ် နေမင်းစံကိုတော့ အသုံးချလို့ ကောင်းမှာ နန္ဒာ အကြွင်းမဲ့ယုံသွားသည်။





"မင်းကို ဒုတိယအရေးကြီးဆုံးပြောမယ်၊ အသေအချာ နားထောင်ပါ နေစံ"

"ဗျာ ဒုတိယဆိုတော့ ပထမဆိုတာ ရှိသေးတဲ့သဘောလား မမနန္ဒာ"

"ရှိတယ် နေစံ မင်း အသေအချာနားထောင်ပါ၊ ကြားဖြတ်မပြောနဲ့ကွာ၊ ပြီးမှ မရှင်းတာမေး"

အမိန့်စကားဆန်ဆန်မို့ ထင်သည် နေမင်းစံ မကျေနပ်သလို ပုံးတွန့် မဲ့သေး၏။ ပြီးမှ ခေါင်းညိတ်ကာ ငြိမ်သက်သွားသည်။

"ဒုတိယအရေးကြီးဆုံးဆိုတာ အခု မင်းနဲ့ပတ်သက်ပြီး ငါက ဘာဘာနဲ့ မေမေ့ကို ညှာထားတာ၊ မင်း ပြင်ဦးလွင်ကိုလာတာ ဆောက်လုပ်ရေးကုမ္ပဏီက အလုပ်ကိစ္စနဲ့ မင်းက အလုပ်သမားအဖွဲ့ခေါင်းဆောင်ပေါ့"

"တော်သေးတာပေါ့ဗျာ၊ မန်နေဂျာဆိုအခက်"

"ပြောင်ချော်ချော်မလုပ်နဲ့ နေစံ၊ လိုအပ်လို့ လိမ်ထားရတာကွ၊ မင်း ဘာအလုပ်အကိုင်မှ မရှိဘဲလာတာကို မေမေရော ဘာဘပါ လက်ခံမှာမဟုတ်ဘူး"

မဲ့ပြုံးတစ်ချက် နေစံနှုတ်ခမ်းတွေမှာ ထပ်အရိပ်ထင်ပြန်သည်။ လူကသာ ဘာအလုပ်ကိုင်မှမရှိဘဲ ပေတေနေခဲ့တာ သူများထက်အမြင်သေးတာကိုတော့ ခံချင်ပုံမရ။



www.burmeseclassic.com

www.burmeseclassic.com



"ငါပြောတာကို မင်းရှင်းတယ်ဆိုရင် ပထမအရေးကြီးဆုံးအချက်ဆိုတာကို ပြောမယ် နေစံ"

နေမင်းစံ ခေါင်းညိတ်ပြသည်။ မျက်ဝန်းတွေက အလေးအနက် စူးရှတောက်ပနားစွင့်နေတာ သေချာမှ –

"ဆောင်းသွေးခင်ဆိုတဲ့ မိန်းမတစ်ယောက်ကို မင်းဘက်ပါလာအောင် မင်း ကြိုးစားပေးရမယ်"

"ဘယ်လို"

"ဆောင်းသွေးခင်ဆိုတဲ့မိန်းမကို မင်းချစ်သူရည်းစားဖြစ်အောင် ကြိုးစားပေးရုံပဲ"

'ဖ'ဆောင်းသွေးခင်ဆိုတာ ဘယ်သူလဲ မမနန္ဒာ"

"အချိန်တန်တော့ မင်းတွေ့ရမယ်လေ"

"မဟုတ်သေးဘူးလေ၊ နာမည်လေးကိုတော့ သဘောကျတယ်၊ ဒါပေမဲ့ သိပ်အရုပ်ဆိုးနေရင် မမိုက်ဘူး၊ ပြီးတော့ အပျိုလား၊ အအိုလား ချင့်ချိန်ရဦးမယ်၊ ပြီးတော့"

"နေ နေဦး၊ ဒါ အလုပ်သဘောနော်၊ မင်းကို စံချိန်စံညွှန်းတွေ ပြောစရာမလိုဘူးထင်တယ်၊ မင်းအတွက် ထိုက်သင့်တဲ့လုပ်ခရစေရမယ်၊ အခြေအနေကာလပိုင်းတစ်ခုအထိပဲ ပတ်သက်ပေး၊ မင်းအတွက် တစ်သိန်းပေးမယ်"

"ဗျာ တစ်သိန်း"





တစ်သိန်းဆိုသော မက်လုံးကြောင့် နေစံမျက်ခုံးတွေ ပင့်တက်သွား၏။ ဒီငွေကြေးအတိုင်းအတာက သူတို့မိသားစုအတွက် သိပ်ကို များပြားပါသည်။

"ဟုတ်တယ်၊ တစ်သိန်းတိတိပေးမယ်၊ ငါစေခိုင်းတဲ့အတိုင်း မင်းအောင်မြင်အောင် ကြိုးစားပေး၊ လက်ခံတယ်ဆိုရင် ဟောဒီမှာ ငွေငါးထောင်၊ တောင်းမှာအကွက် လူမှာအဝတ်တဲ့၊ ဆောင်းသွေးခင်နဲ့တွေ့ရင် မင်း ကြော့မော့နေစေချင်လို့"

အသစ်စက်စက်ငွေစက္ကူတစ်ထပ်ကို လှမ်းယူရင်း နေစံမျက်နှာ ဝင်းပကြည်လင်သွားခဲ့သည်။

"ဘဘနဲ့မေမေတို့ရှေ့မှောက်မှာ ငါပြောတဲ့အတိုင်း မင်းထင်ခြင်နေပါ"

"ဟုတ်ကဲ့၊ ဟို ဆောင်းသွေးခင်က"

"နောက်သုံးရက်အတွင်း သူရောက်လာမှာပါ၊ ဆောင်းသွေးခင်ဆိုတာ မေမေ့ရဲ့အစ်ကိုကြီးသမီးပဲ"

"ဗျာ မမနန္ဒာရဲ့ အစ်မဝမ်းကွဲပေါ့"

"ငါ့ညီမပါ၊ ဝမ်းကွဲညီမ၊ ဒါပေမဲ့ လပိုင်းလောက်ပဲငယ်တာ"

နေစံ မျက်ခုံးတွေတွန့်ကာ နန္ဒာကို ကြည့်သည်။ ကိုယ့်ညီမကို အရကြိုးစားခိုင်းတာကို အံ့သြနေတာထင်၏။ ဆောင်းသွေးခင်ရန်ကုန်မှာ ကျောင်းတက်နေစဉ်ကပဲ ရောက်ထားခဲ့ဖူးသည့် နေစံ



www.burmeseclassic.com

www.burmeseclassic.com



မမြင်ဘူးသေးပါ။

"မင်းစိတ်ချမ်းသာအောင် တစ်ခုပြောမယ် နေစံ၊ ဆောင်းက ချောတယ်၊ လှတယ်ဆိုတဲ့ မိန်းကလေးတွေထက် ပိုသာတယ်၊ ပြီးတော့ ဆေးကျောင်းတက်နေတဲ့ ဆရာဝန်လောင်းတစ်ယောက်ပဲ"

နှုတ်ခမ်းတွေ ပွင့်ဟသွားတဲ့အထိ နေမင်းစံ မှင်တက်သွားခဲ့သည်။ နန္ဒာကတော့ ကျေကျေနပ်နပ်ကလေးပဲ ပြုံးလိုက်မိပါသည်။

အဆင်းရောအချင်းပါ မက်မောက်လောက်စရာကောင်းတဲ့ ဆောင်းကို နေစံ မရတရကြိုးစားမှာ သိပ်ကိုသေချာသည်။

ရိုးရိုးကလေးလှပပြီး ခံစားထိရှလွယ်သော ဆောင်းကလည်း နေစံလို မော်ဆန်အောင်ချောပြီး မိန်းကလေးတွေ ကျလောက်အောင် ပြောတတ်သည့် ပျားရည်စကားတွေထဲမှာ ပျော်ဝင်သွားမည်လား။

နန္ဒာ စောင့်ကြည့်ချင်ပါသေးသည်။

✿ ✿ ✿



## အခန်း (၄)

မနက်ကတည်းက ခြံထဲဆင်းကာ လမ်းလျှောက်ရင်း ဘာဘတမျှော်မျှော်ဖြစ်နေတာကို နန္ဒာ သတိထားမိသည်။

မေမေလည်း တစ်မနက်လုံး မီးဖိုထဲမှာ ချက်ပြုတ်စီမံနေခဲ့ရသည်။ ခါတိုင်းဆိုလျှင် မေမေ့ကို နန္ဒာ အမြဲတမ်းကူညီပေးတတ်ပေမယ့် ဒီနေ့တော့ သိပ်နေမကောင်းဟု အကြောင်းပြကာ နန္ဒာ အခန်းအောင်းနေလိုက်သည်။

မေမေကတော့ နန္ဒာ့ခံစားချက်ကို နားလည်စွာ ဘာမှမပြောပါ။

"တီ တီ"

ဆင်ဝင်အောက်ဆီက ကားဟွန်းသံလေးကို ကြားလိုက်ရ



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း၊ သမီး ဒီမှာပဲတက်မှာပါ၊ ရန်ကုန်မှာ မတက်ချင်ပါဘူး မေမေ"

တကယ်ဆို မြေးချင်းအတူတူ ဘဘရဲ့အားပေးမှုတွေကို နန္ဒာလည်း မျှော်လင့်ခဲ့တာဖြစ်သည်။ နန္ဒာလည်း ဆယ်တန်းကို ဂုဏ်ထူးတစ်ဘာသာနှင့် အောင်ခဲ့တာပဲလေ။

စာမေးပွဲများကျလျှင် ဘဘ နန္ဒာ့ကို ဘယ်လောက်အထိ တောင် ဥပေက္ခာပြုမည်လဲ။ မတွေးရဲခဲ့ပါ။

ဆောင်း ရန်ကုန်မှာ ကျောင်းသွားတက်တော့ ဘဘရဲ့ဝေယျာဝစ္စတွေအားလုံးကို မေမေနဲ့အတူ နန္ဒာလည်း မညည်းမညူ တာဝန်ယူခဲ့သည်။ အနားမှာ ဆောင်းမရှိနိုင်ဘဲ အနေဝေးနေတာမို့ ဘဘ သူမကို အချစ်ပိုလာမည် ထင်ခဲ့၏။

အခုတော့ ထိုထင်မြင်ချက်အားလုံး မှားယွင်းခဲ့မှန်း နန္ဒာ သိခဲ့ရပြီ၊ ဆောင်းက ဘာကြောင့် ဒီလောက်အထိ ကံကောင်းနေတာလဲ၊ နန္ဒာကရော ဘာလို့ကံဆိုးလွန်းစွာ ဘဘရဲ့အချစ်တွေကို ပြည့်ဝစွာ မရခဲ့တာလဲ။

"ဒေါက် ဒေါက်"

အတွေးတွေက ခပ်ဖွဖွခေါက်သောတံခါးခေါက်သံကြောင့် လွင့်စဉ်ကုန်သည်။

"ဘယ်သူလဲ"





"နန္ဒာ ငါပါ၊ ဆောင်းလေ၊ နင်နေမကောင်းလို့ဆို၊ တံခါးခဏဖွင့်ပါဦးဟယ်"

ဆောင်းအသံချိုချိုလေးတွေက ဟိုစဉ်တုန်းကအတိုင်း ချိုလွင်ရင်းနှီးနေသည်။ ဒါပေမဲ့ နန္ဒာ့ရင်ထဲမှာတော့ ဆောင်းသည် သူစိမ်းတစ်ယောက်လို ဖြစ်သွားခဲ့ပြီဆိုတာ ဆောင်း မသိရှာသေးပါလား။

မတွေ့ချင်ပေမယ့် မဖြစ်သည့်အခြေအနေမှာ နန္ဒာ ဟန်ဆောင်ဆက်ဆံရဦးမှာမို့ အခန်းတံခါးကို ဖွင့်ပေးလိုက်ရသည်။

"နန္ဒာ နေမကောင်းသေးဘူးလား၊ ဘာဖြစ်တာလဲဟင်"

စိုးရိမ်မျက်နှာလေးနှင့် နဖူးဆီ လှမ်းလာသော ဆောင်းလက်ဖဝါးလေးကို နန္ဒာ ကြားဖြတ် လှမ်းဆုပ်ကိုင်ထားရင်း ယဲ့ယဲ့ကလေး ပြုံးပြလိုက်၏။

"သက်သာသွားပါပြီဟာ၊ ဖျားနာတာ မဟုတ်ပါဘူး၊ တို့သဘာဝရက်မို့ပါ"

နန္ဒာ့စကားကို နားလည်စွာ ခေါင်းညိတ်ရင်း ပြုံးသည့် အပြုံးလေးတွေက ဟိုစဉ်တုန်းကအတိုင်း နွေးထွေးရှင်ပြနေဆဲ။

"မသိပါဘူးဟာ၊ ငါက စိုးရိမ်သွားတာပဲ၊ ဘဘနဲ့ဒေါ်လေးယုကိုတွေ့ပြီး နင့်ကို မမြင်လို့ဟ"

ဆောရီးပဲ ဆောင်း၊ ဒီမှာ နင့်ကို ကြိုဆိုတဲ့သူတွေထဲမှာ ငါ ပါမှာမဟုတ်တော့ဘူးဟု နန္ဒာ ရင်ထဲကပဲ ပြောဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ နင့်အတွက် လက်ဆောင်တွေဝယ်လာတယ်ဟ၊ ဒေါ်ဥ အခန်းထဲသယ်သွားပြီထင်တယ်၊ လာဟာ ငါ့အခန်းထဲ လိုက်ယူနော်"

နန္ဒာ လက်မောင်းကိုဆွဲကာ ဆောင်းခေါ်တော့ နန္ဒာ ဟန်ဆောင်အပြုံးလေးနှင့် –

"နင် ငြင်ပန်းနေပြီ၊ နားပါဦးဟာ၊ မတွေ့မယ့်လူတွေ ကျနေတာပဲ၊ ပြီးမှ တွေ့ကြတာပေါ့ ဆောင်းရဲ့"

"အဟင်း ဒါဆို ငါ့ခဏနားပြီး ရေချိုးလိုက်ဦးမယ်နော်၊ ပြီးမှ တို့နှစ်ယောက် စကားတွေ တစ်ဝကြီးပြောရအောင်ဟာ နော် နန္ဒာ"

ခေါင်းလေးညိတ်ပြလိုက်တော့ ဆောင်း နှုတ်ဆက်ကာ အခန်းထဲက ပြန်ထွက်သွားခဲ့သည်။

ခါးစပ်အထိရှည်လျား နက်မှောင်သော ဆံနွယ်တွေနှင့် နီပြာရောင် ဝမ်းဆက်ကလေး ဝတ်ဆင်ထားသော ဆောင်းသွေးခင် အလှတွေက အရင်ကထက် ပိုမိုရှင်းသန့်ကျော့ရှင်းလာသည်ဟု နန္ဒာ ထင်သည်။

မျက်ခုံးတန်းတန်း ထူထူလေးတွေနှင့် မျက်နှာလေးပေါ်က အစိတ်အပိုင်းအားလုံးသည် အပြစ်ဆိုရက်စရာမရှိအောင် ဆောင်းလှတာကတော့ နန္ဒာ ဝန်ခံခေါင်းညိတ်ပါသည်။ မကြာခင် ဆရာဝန်မကြီး ဖြစ်တော့မည်ဆိုတော့ ဆောင်းသည် အဆင်းရော အချင်းမှာပါ ပြည့်စုံ





သော မိန်းကလေးပေါ့။

နန္ဒာကတော့ သာမန်ပညာရေးဘွဲ့ကလေးနှင့် ဒီခြံကြီးထဲမှာပဲ အိမ်တွင်းအောင်းပြီး ရှင်သန်ခဲ့ရသည့်ဘဝ။ ကွာခြားလွန်းပါသည်။

မျက်လုံးမျှင်မျှင်လေးတန်းကာ နှာတံလေးစင်းပြီး နှုတ်ခမ်းပါးပါးလေးတွေ ပိုင်ဆိုင်သော နန္ဒာသည်လည်း ရှင်းသန့်ချောမောပါသည်။ မပြင်မဆင်ဘဲနဲ့တောင် ပကာတိဝင်းမွတ်နေသော မျက်နှာလေးနှင့်မို့ ကျောင်းတုန်းက ယောကျ်ားလေးတွေ အရိပ်လို ရှိခဲ့ကြသည်။

ဒါပေမဲ့ အချစ်ကို နန္ဒာ စိတ်မဝင်စားပါ။ လောကကြီးထဲမှာ နန္ဒာချစ်တာ မေမေတစ်ယောက်တည်းပါပဲ။

အရင်ကတော့ ဘဘနဲ့ဆောင်းသွေးခင်ဆိုတာလည်း နန္ဒာ သံယောဇဉ်နှောင်တွယ်ခဲ့ဖူးသူတွေပါပဲ။ ဒါပေမဲ့ အခုတော့ ဖြူစင်ခဲ့သော နှလုံးသားလေးမှာ ခံစားချက်ဒဏ်ရာတွေနှင့်အရောင်စွန်းနေခဲ့ပြီ၊

ဆောင်းသွေးခင်နှင့်ပတ်သက်ပြီး ရှုံးနိမ့်ခဲ့ရတာတွေအတွက် ဒီတစ်ခါတော့ ဘဘသိအောင် သူမ ပြန်အနိုင်ယူပြချင်သည်။

ဘဘ အထင်ကြီးချစ်ခင်နေသော ဆောင်းသွေးခင်ကို ဘဘ နာကြည်းမုန်းသွားစေရမည်။ နန္ဒာ့ကို အမြဲတမ်း နှိမ်ချတတ်တဲ့ ဘဘ ဒီတစ်ခါတော့ နန္ဒာကို ချီးကျူး အထင်ကြီးသွားစေရမည်။

အတွေးစိတ်ကူးတွေနှင့် နန္ဒာ ကျေနပ်စွာ ပြုံးလိုက်မိရဲ့။

✿



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ နန္ဒာ ငါဝယ်လာတဲ့ လက်ဆောင်တွေကို နှင် ကြိုက်ရဲ့လားဟင်"

လက်ဆွဲအိတ်တစ်လုံးအပြည့် အဝတ်အစားတွေရော အလှပြင်ပစ္စည်းတွေပါ စုံလင်စွာ ဆောင်းဝယ်လာခဲ့သော လက်ဆောင်တွေကို နန္ဒာ မမက်မောပါ။ ဒါပေမဲ့ ခေါင်းလေးညိတ်ပြရင်း –

"ကြိုက်ပါတယ် ဆောင်း၊ အဟင်း အခုတလော လက်ဆောင်တွေ ခဏခဏရနေတာ တွေးပြီး ငါ ကံကောင်းနေတာလား စဉ်းစားမိလို့ဟ"

"လက်ဆောင် ဟုတ်လား၊ နင့်ကို ဘယ်သူလက်ဆောင် ပေးလို့လဲ"

"အိမ်မှာရောက်နေတဲ့ မေမေ့ရဲ့တူလေဟာ၊ နင်မရောက်ခင် နှစ်ရက်လောက်ကမှ ဒီခြံကိုရောက်နေတာ"

ဆောင်း မျက်နုံးလေးတွန့်ကာ နားထောင်နေတာမို့ နန္ဒာ ဆက်ပြောသည်။

"နေမင်းစံလေ နင်သိမှာမဟုတ်ဘူး၊ ပြီးခဲ့တဲ့ တစ်နှစ်လောက်က သူ နှစ်ပတ်လောက် လာနေဖူးတယ်၊ အဲဒီတုန်းက နင်က ကျောင်းတက်နေချိန်ကိုး"

"ဟုတ်လား၊ အင်း၊ ဒါကြောင့် မသိတာကိုး၊ ဒေါ်လေးယုရဲ့





တူဆိုတော့ ငါတို့နဲ့မောင်နှမတော်တာပဲပေါ့"

"ဟင့်အင်း၊ ဘာမှမတော်ပါဘူး၊ နေမင်းစံက မေမေ့ဝမ်းကွဲမောင်ရဲ့ သားအရင်းမှမဟုတ်တာ၊ ဘာမှသွေးသားမတော်ဘူး၊ သူက ပြင်ဦးလွင်ကို အလုပ်ကိစ္စနဲ့လာတာ၊ ဆောက်လုပ်ရေးကုမ္ပဏီမှာ လုပ်တာလေ၊ နောက်တော့မှ ဆောင်းနဲ့ မိတ်ဆက်ပေးမယ်"

"သွေးမျိုးမှမတော်လည်း မခင်ချင်ပါဘူး နန္ဒာရယ်"

"မတော်ပေမယ့် နွယ်တယ်လေ ဆောင်းရဲ့၊ ကိုယ့်အိမ်မှာ လာပြီးနေတဲ့သူပဲ၊ ပြီးတော့ ခင်မင်စရာကောင်းပါတယ်၊ တို့မောင်လေး အရွယ်ပေါ့၊ နှစ်နှစ်လောက်တော့ ငယ်ပါတယ်"

"အင်း အင်းပါ၊ ကဲ ငါတို့အတူ ထမင်းသွားစားရအောင်၊ ဘဘက ဒီမနက် လက်ဆုံစားကြမယ်တဲ့ဟ"

နန္ဒာ့စကားတွေကို ဆောင်း စိတ်မဝင်စားသလို စာသောက်ခန်းဘက်ကို ဆွဲခေါ်နေသည်။ နေမင်းစံကို မမြင်ဘူးသေးလို့ ဆောင်း စိတ်မဝင်စားတာပါ။

မြင်တွေ့သွားရင် ခင်မင်သွားဖို့တော့လိုသည်။ ဒီအတွက် နေမင်းစံဘက်က အစွမ်းကုန်ကြိုးစားမှာ နန္ဒာ ယုံသည်။ ငွေတစ်သိန်းတိုးသောပမာဏကို နေမင်းစံ ဘယ်လိုမှ လက်လွှတ်မှာမဟုတ်။

ဒီလောက်အထိ နန္ဒာ ရင်းနှီးလိုက်တာလည်း ကိုယ့်အကြံနဲ့ကိုယ် ဖြစ်သည်။ နေမင်းစံလိုကောင်နှင့် ပတ်သက်သွားလျှင် ဘဘ



www.burmeseclassic.com

www.burmeseclassic.com



တော့ ဆောင်းကို အတော်စိတ်ဆိုးနာကြည်းသွားမှာ သေချာသည်။

ဘဘရဲ့အမွေစာချုပ်ထဲမှာ ဘဘစကားကို မနာခံသူကို အမွေဆက်ခံခွင့်မရှိဟု စည်းကမ်းချက်ပါဝင်သည်။

ဆောင်းသွေးခင်သာ ဘဘ စိတ်ဆိုးမည့်အလုပ်လုပ်မိလျှင်

နန္ဒာ အံလေးကြိတ် ပြုံးမိ၏။ ထမင်းဝိုင်းမှာတော့ ဆောင်းသွေးခင်နှင့်ဘဘတို့ အပြုံးတွေ၊ စကားတွေကို သူမ စိတ်ညစ်ညူးစွာ နားမထောင်ချင်ပါဘဲ ထောင်ရဦးမည်။

သူမ အစီအစဉ်တွေသာ ပြီးမြောက်အောင်မြင်သွားခဲ့ရင်တော့

ငါ စိတ်မကောင်းပါဘူး ဆောင်း။

✿ ✿ ✿



အခန်း (၅)

ခြံကြီးက ကျယ်ဝန်းပြီးလှပသော ရောင်စုံပန်းခင်းလေးတွေက ခြံစောင့်ကြီးဦးနီ၏ ဂရုစိုက်ပြုပြင်ထားမှုကြောင့် လှပဝေဆာနေသည်။

ဘဘရဲ့ခြံကြီးကိုရောက်တိုင်း ဆောင်းအတွက်တော့ မနက်စောစောထကာ ခြံထဲကို လှည့်ပတ်ကြည့်မဆုံးနိုင်ပါ။ ငယ်စဉ်တုန်းကတော့ ဒီခြံကြီးထဲမှာ ဆောင်းနှင့်နန္ဒာတို့ အတူဆော့ကစားခဲ့ကြသည်။

ဆယ်တန်းအောင်ပြီး ဆေးကျောင်းတက်ဖို့ ရန်ကုန်ကိုသွားရတော့ ဘဘရဲ့ခြံကြီးကို ဆောင်းလွမ်းသည်။ ရန်ကုန်မှာ ဖေဖေ၊ မေမေတို့ ရှိပေမယ့် ဆောင်းကတော့ ဘဘကိုပဲ သံယောဇဉ်ကြီးသည်။ ဒေါ်လေးယုနှင့်ယုနန္ဒာတို့ကိုပဲ ပိုလို့နှောင်တွယ်ခင်မင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကလည်း အမြဲအတူနေခဲ့တာကြောင့်ဖြစ်မည်ထင်သည်။ ပြီးတော့ ဘဘရဲ့ဆောင်းအပေါ်ထားသော သံယောဇဉ်တွေကြောင့်လည်း ဖြစ်သည်။ ဘဘက ဆောင်းရဲ့ပညာရေးကို အားလုံးတာဝန်ယူပေးသည့်အပြင် စာကိုပဲ စိတ်နှစ်ကြိုးစားနိုင်အောင် အဆောင်မှာနေဖို့ကအစ စီစဉ်ပေးထား၏။

အခုလည်း အမွေကိစ္စအတွက် ဘဘက ကျောင်းပိတ်ရက်ကို မရောက်အရောက်ပြန်ဖို့ ဖုန်းဆက်ထားတာကြောင့် ဆောင်းပြန်ခဲ့တာ ဖြစ်သည်။

"ဆောင်း"

ပန်းခင်းလေးတွေကိုငေးရင်း တွေးနေသောဆောင်း နန္ဒာ့ခေါ်သံလေးကြောင့် လှည့်ကြည့်တော့ နန္ဒာ တစ်ယောက်တည်းမဟုတ်ပါ။

စူးစူးနစ်နစ်မျက်ဝန်းတွေနှင့် ဆောင်းကို စိုက်ကြည့်နေသော လူငယ်တစ်ယောက်က နန္ဒာပြောသည့် ဒေါ်လေးယုရဲ့တူဆိုတာ ဖြစ်မည်။

"ဆောင်း ဒါ နေမင်းစံလေ၊ နေစံ ဒါ ဆောင်းသွေးခင်လေ"

နန္ဒာက မိတ်ဆက်ပေးနေတာမို့ ဆောင်း အသိအမှတ်ပြုပြုံးပြမိသည်။ နေမင်းစံကလည်း ညီညာသွယ်တန်းသော သွားလေးတွေ ပေါ်သည့်အထိ ပြုံးရင်း –

"တွေ့ရတာ ဝမ်းသာပါတယ် မမဆောင်း"





"အင်း ဝမ်းသာပါတယ် နေမင်းစံ"

နုဖပ်သော မျက်နှာလေးက ချောမောရှင်းသန့်နေသည်။ မြင့်မြင့်မားမား အရပ်အမောင်းက ဆောင်းထက်တောင် ခေါင်းတစ်လုံးစာမက မြင့်တာမို့ ဆောင်း ခပ်မော့မော့လေး ကြည့်ရတဲ့အထိ။

အဖြူမှာ အပြာနုအရိပ်ကွက်လေးတွေပါသော ရှပ်လက်တိုကို လေးညှင်းရောင် ပုဆိုးကွက်စိပ်နှင့်တွဲဝတ်ထားတာမို့ ရှင်းသန့်ချောမွေ့သောအလှက ပိုလို့ထင်ရှားလွန်းနေခဲ့တာထင်သည်။

"မမဆောင်းက ကျွန်တော့်စိတ်ကူးထဲက ကြိုပုံဖော်ကြည့်ထားတာထက်တောင် လှတယ်ဗျာ၊ တကယ်"

အကြည့်ရဲရဲတွေနှင့် ပွင့်ပွင့်လင်းလင်းချီးကျူးလိုက်တာမို့ ဆောင်း ရှက်သွေးလေးတောင် ရဲသွားခဲ့သည်။ နန္ဒာကတော့ မသိကျိုးကျွံပြုရင်း အနီရောင်ပန်းလေးတစ်ပွင့်ကို ကိုင်ကြည့်နေသည်။

"မမဆောင်းက ရန်ကုန်မှာ ကျောင်းတက်နေတာဆို"

"အင်း"

"ဒါဆို ကျွန်တော်နဲ့မမဆောင်းက နီးရက်ဝေးနေတာပေါ့၊ အဟွန်း အစောကြီးကတည်းကသိရင် ကျွန်တော် မမအဆောင်ကို လာလည်တာပေါ့ဗျာ"

အခုမှ မြင်တွေ့ခင်မင်ရင်းနှီးရုံပဲ ရှိသေးသည်။ နေမင်းစံက ကျွမ်းဝင်နေသည့်အတိုင်း ပြောဆိုဆက်ဆံနေတာမို့ ဆောင်းအလိုမကျ



www.burmeseclassic.com

www.burmeseclassic.com



သလိုဖြစ်မိသည်။ နန္ဒာပြောပြထားသော စကားအရဆိုလျှင် ဒီချာတိတ်က ဆောင်းတို့နှင့် သွေးသားတော်စပ်တာလည်းမဟုတ်။

"မမဆောင်း ဒီမှာကြာဦးမှာလားဟင်"

"အင်း ကျောင်းမဖွင့်ခင်အထိတော့ နေဖြစ်မှာပါ နေမင်းစံ"

"အင်း ကျွန်တော်လည်း အလုပ်တွေမပြီးမချင်း နေရမှာပါ။ အတော်ပဲ အလုပ်ပိတ်ရက်တွေကျရင် မမတို့နှစ်ယောက်ကိုခေါ်ပြီး ပြင်ဦးလွင်အနှံ့ လည်ဦးမယ်ဗျာ"

ဆောင်း ခေါင်းလည်းမညိတ်၊ ခေါင်းလည်းမခါဘဲ နှုတ်ဆိတ်နေလိုက်သည်။ တစ်ချိန်လုံး ငြိမ်သက်နေသော နန္ဒာက -

"နေစံကို တစ်ရက်ရက်တော့ တို့နှစ်ယောက် လိုက်ပို့ပေးပါ့မယ်၊ နေစံ အလုပ်အားတဲ့ရက်ပြောပေါ့"

"ဟုတ်ကဲ့ မမနန္ဒာ၊ ကျွန်တော့်မှာ ဒီလောက်လှတဲ့ အစ်မနှစ်ယောက်ရှိမှန်း သိရလို့ အရမ်းကျေနပ်တယ်ဗျာ"

ဆောင်းမျက်နှာကိုပဲ စူးစူးနစ်နစ်ကြည့်ပြီး ပြောနေသော နေစံစကားတွေကြောင့် ဆောင်း ရင်မဆိုင်ရဲစွာ အကြည့်လွှဲပစ်လိုက်ရ၏။

"ဩော် အခုမှ သတိရတယ်၊ ဘဘ ခေါ်ထားတာ သွားရဦးမယ်၊ နန္ဒာ ဆောင်း ဘဘအခန်း သွားလိုက်ဦးမယ်"

ဆောင်း တမင်ပဲ အကြောင်းပြပြီး အိမ်ဘက်ကို ပြန်လှည့်





ထွက်ခဲ့သည်။ ဆင်ဝင်အောက်ရောက်တော့ အနောက်ကို ဆောင်း မဝံ့မရဲလေး ပြန်လှည့်ကြည့်တော့ -

"ဟင်"

ရက်စိတ်တွေနှင့် ဆောင်းရင်လေးတွေ ဖိုခနဲဖြစ်သွားစေကာ နေမင်းစံရဲ့ အကြည့်တွေကြောင့်ပါပဲ။

အပြောသွက်လက်သလို အကြည့်တွေကလည်း ရဲတင်းလိုက်တာ။ ဆောင်းတို့က မောင်နှမ မတော်ဘူးဆိုတာကို နေမင်းစံလည်း သိမှာပါပဲ။ သူ့မျက်ဝန်းတွေထဲက အဓိပ္ပာယ်များစွာကို ဆောင်း ကြို မြင်နေသည်။

ဆောင်း ကြိုတင်မှန်းဆထားသလို ဒီချာတိတ်နှုတ်က စကားတွေ ကျွံထွက်လာလျှင် -

မဖြစ်သေးပါ။ ဆောင်း ကြိုတင် ရှောင်တိမ်းထားမှဖြစ်မည်။ ဆောင်းဘဝမှာ အရေးကြီးဆုံးက ပညာရေး။ ဆရာဝန်တစ်ယောက် ဖြစ်ဖို့ပဲဖြစ်သည်။

စာထဲမှာပဲ အာရုံနှစ်ထားခဲ့သော ဆောင်းနှလုံးသားလေးက အဖြူရောင်လေးပါပဲ။

✿



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ နေစံ၊ မင်း တာဝန်ကို နိုင်နင်းပါ့မလား"

နန္ဒာ့အမေးကို မဖြေသေးဘဲ နေမင်းစံ မျက်ဝန်းတွေက ဆောင်းအရိပ်လေး ပျောက်ကွယ်သွားသည့်အိမ်ဘက်ကို ငေးနေသေး၏။ ပြီးမှ နန္ဒာ့ကို လှည့်ကြည့်ပြီး ကျေနပ်စွာပြုံးသည်။

"သေချာပါတယ် မနန္ဒာ၊ ကျွန်တော့်ရင်ကို လှုပ်ခတ်စေမှတော့ မရအရ ကြိုးစားမှာပါ"

"အပြောတော့ သိပ်မကြီးနဲ့ နေစံ၊ မင်းဘက်က ဘာမှဖြစ်မလာရင် ငါ တစ်ကျပ်တောင် ပေးမှာမဟုတ်ဘူးနော်"

"ကျွန်တော် နားလည်ပါတယ်၊ အဲ နားမလည်နိုင်တာက ကိုယ့်ညီအစ်မဝမ်းကွဲတစ်ယောက်ကို မမနန္ဒာ ဘာလို့ ကျွန်တော့်ကို ရက်ရက်ရောရော စွန့်ကြဲနေသလဲလို့"

"အဟင်း အဲဒါ မင်းသိစရာ မလိုအပ်ဘူးထင်တယ်"

နေမင်းစံ မျက်ခုံးတွေတွန့်ပြီး နန္ဒာကို စူးစူးစိုက်စိုက်ကြည့်သည်။ နန္ဒာကလည်း စူးရှူးနစ်နစ်ကလေး ပြန်ကြည့်နေလိုက်၏။ မျက်ဝန်းနှစ်ဆုံ ရင်ဆိုင်နေဖြစ်ခဲ့တာ စက္ကန့်အတော်ကြာသည်။

ပြီးမှ နေမင်းစံ ပခုံးတွန့်ကာ ရှောင်ထွက်သွားခဲ့သည်။

"ကောင်းပြီလေ၊ ကျွန်တော် စိတ်မဝင်စားပါဘူး၊ ကျွန်တော် စိတ်ဝင်စားတာ ကျွန်တော့်အလုပ်ဆိုတာ နားလည်တယ်"





"အေး ဒါဆိုရင် မင်းဘက်က ကြိုးစားတော့၊ အဆင်ပြေတဲ့ တစ်ရက်မှာ မင်းနဲ့ဆောင်း ဆုံနိုင်အောင် တို့ စီစဉ်ပေးမယ်၊ ကဲ တို့ သွားမယ်"

နန္ဒာက ပြောပြီး အိမ်ဘက်ကို ပြန်သွားခဲ့သည်။ နေမင်းစံ တိတ်ဆိတ်စွာ ရပ်ကျန်ရစ်ခဲ့ရပေမယ့် မေးခွန်းတွေက ရင်ထဲမှာ ပြည့်နှက်လို့နေသည်။

ယုနန္ဒာ ဘာကြောင့် ဒီအစီအစဉ်ကို ဖန်တီးနေတာလဲ။ အကြောင်းမဲ့တော့ မဟုတ်နိုင်ဆိုတာ သေချာသည်။

ဆောင်းသွေးခင်ဆိုတာ သူမရဲ့ညီမတစ်ဝမ်းကွဲ။ ပြီးတော့ ငယ်စဉ်ကတည်းက အတူနေခဲ့ကြသူတွေမို့ သံယောဇဉ်ကြီးမားကြမှာ သေချာသည်။

အဆင်းရော၊ အချင်းပါ မြင့်မားပြည့်စုံသော ဆောင်းသွေးခင်ကို သူ့လက်ထဲရောက်အောင် ဖန်တီးနေခဲ့ခြင်းက ဘာအတွက်လဲ။

ယုနန္ဒာ မပြောပေမယ့်လည်း မကြာခင် သူ့အလိုလို သိခွင့်ရလာမှာတော့ သေချာသည်။

ပြီးတော့ ငွေတစ်သိန်းဆိုသော မက်လုံးကြီးက သူ့စိတ်ကို ဆိုးမိုးထား၏။ ဆောင်းသွေးခင်ကို မြင်တွေ့လိုက်ရချိန်မှာတော့ သူ့စိတ်တွေ ပိုလို့တောင် လှုပ်ခတ်တက်ကြွသွားခဲ့ပါသည်။

လှသည်ဆိုသော မိန်းကလေးတွေထက် မမဆောင်းအလှ



www.burmeseclassic.com

www.burmeseclassic.com



ယဉ်သည်။ မျက်ခုံးအလှလေးတွေအောက်က မျက်တောင်ကော့ကြီးတွေ ခြံရံထားသော မျက်ဝန်းလေးတွေက ချစ်စရာကောင်းသည်။

နှာတံစင်းစင်းလေးက ချွန်မြနေတာ မဟုတ်ဘဲ ကျစ်ကျစ်လျစ်လျစ်ကလေး သွယ်စင်းနေတာမျိုး။ ပါးပြင်နုနုလေးတွေပေါ်က သွေးကြောမျှင်လေးတွေက ရင်ခုန်ချင်စရာပါပဲ။

နှုတ်ခမ်းပြည့်ပြည့်လေးတွေကိုလည်း သူ တစ်နေကုန် ထိုင်ငေးကြည့်ချင်မိသည်။

တကယ်ဆိုလျှင် မမဆောင်းလို ဆရာဝန်လောင်းတစ်ယောက်ရဲ့အရည်အချင်းက သူနဲ့ ဘယ်လိုမှ မထိုက်တန်တာလည်း သေချာ၏။

ဒါပေမဲ့လည်း နှလုံးသားဆိုတာက အချစ်ကလွဲလို့ ဘာမှ မခံစားတတ်လေတော့ –

မမဆောင်းကို ကျွန်တော် ချစ်သွားခဲ့ပြီ မမဆောင်း။

✿ ✿ ✿



## အခန်း (၆)

နေမင်းစံနဲ့ ခပ်ကောင်းကောင်းပဲနေမည်ဟု စိတ်ကူးထားပေမယ့် နန္ဒာက မှတ်ခေါ်နေတော့လည်း ဆောင်း ငြင်းလို့မရခဲ့ပါ။

နေမင်းစံ အလုပ်ပိတ်ရက်မှာ ပြင်ဦးလွင်အနှံ့ လည်ချင်သည်ဆိုတာကြောင့် လိုက်ပို့ပေးမည့်နန္ဒာက ဆောင်းကိုပါ အဖော်ခေါ်သည်။

နန္ဒာရဲ့ဆလွန်းကားအဖြူလေးကို နေမင်းစံ မောင်းသည်။ နောက်ကြည့်မှန်ထဲက မျက်ဝန်းအစုံက ဆောင်းကိုပဲ ခိုးကြည့်နေတာ ဆောင်းသိသည်။ နန္ဒာကတော့ သတိမထားမိဘဲ စကားတွေသာ ဖောင်ဖွဲ့ပြောနေ၏။

"နေစံ သွားချင်တယ်ဆိုလို့ မမတို့ အပြင်ထွက်ဖြစ်တာ၊



www.burmeseclassic.com

www.burmeseclassic.com



တော်ရဲ့ မမက အပြင်မထွက်ဖြစ်ပါဘူး၊ အိမ်မှာပဲ မေမေ့အလုပ်တွေ ကူလုပ်၊ တစ်နေ့တစ်နေ့ ဒါနဲ့ပဲ အချိန်ကုန်တာလေ''

''မမနန္ဒာက အိမ်တွင်းပုန်းလုပ်နေတာကို။ ကျွန်တော်က တော့ အိမ်မှာနေလို့ကို မရတာ၊ ကျွန်တော့်အလုပ်ကလည်း အိမ်မှာ နေရတယ်မရှိပါဘူး၊ ဆောက်လုပ်ရေးအဖွဲ့နဲ့ အမြဲခရီးထွက်နေရတာ များတယ်လေ''

''အင်း နေစံက တကယ်တော်ပါတယ်ကွာ၊ တစ်မိသားစုလုံး ကို ရှာကျွေးမွေးနေတဲ့ သားလိမ်မာလေးပဲ၊ တို့က မင်း အရင်လိုပဲ ဂျစ်ပေပေလေးထင်ထားတာ၊ ဘာဘဆို မင်းလိမ်မာနေပြီဆိုတာ ယုံ တောင် မယုံဘူး''

''အင်းလေ ကျွန်တော်ကလည်း အရင်က ဆိုးခဲ့တာကိုး မမနန္ဒာရဲ့၊ ဒါပေမဲ့ အခုအချိန်မှာ ကျွန်တော် တကယ်လိမ်မာနေပါ ပြီဗျာ''

''ယုံတယ် ယုံတယ်၊ ငါ့မောင်လေးကို ရတဲ့မိန်းမကတော့ တကယ်ကံကောင်းမှာ''

''ကျွန်တော်ကလည်း ကံကောင်းချင်တယ် မမနန္ဒာ''

''အံမယ်၊ မင်းမှာ ချစ်သူရှိနေပြီလား။ ပြောစမ်း မမ ဘယ် တော့စားရမှာလဲကွ''

နန္ဒာကတော့ နေမင်းစံနဲ့ အတော့်ကို ခင်မင်ကျွမ်းဝင်နေပုံ





ရသည်။ သွေးသားရင်းမတော်စပ်ဟု ကိုယ်တိုင်ပြောထားသော နန္ဒာ သည် နေမင်းစံကိုတော့ မောင်ငယ်လေးလို ခင်မင်နေပုံရသည်။

ဆောင်းမှာသာ နေမင်းစံရဲ့အကြည့်ရဲရဲတွေကြောင့် ခင်မင် ရိုမပြောနိုင် ရဲရဲတောင် ပြန်မကြည့်ရဲ။

အခုလည်းကြည့် နန္ဒာနှင့်စကားသာ ပြောနေပေမယ့် မျက် လုံးတွေက ဆောင်းကိုပဲ နောက်ကြည့်မှန်လေးထဲက ကြည့်နေခဲ့ ၏။

''ချစ်သူလက်ရှိ မရှိသေးမယ့် ကျွန်တော်ရင်ခုန်နေတဲ့ မိန်း ကလေးတော့ ရှိနေပြီ မမနန္ဒာရဲ့၊ အဟွန်း''

ဆောင်းမျက်နှာလေး ထူပူနီမြန်းသွားအောင် ကြည့်နေရင်း နေမင်းစံ ပြောတော့ ဆောင်းမှာသာ နန္ဒာ သိမှာလည်းစိုးမိကာ ပြတင်းတံခါးဘက်ကို မျက်နှာလွှဲထားလိုက်ရ၏။

အနှောင့်အသွားမလွတ်စကားတွေကို ကားပေါ်မှာပဲ နေမင်း စံဆိုနေတာ မဟုတ်ဘဲ မနက်စာအတွက် စားသောက်ဆိုင်မှာ အတူ ဝင်စားကြတော့ နေမင်းစံက ဆောင်းပန်းကန်ထဲကို ဟင်းတွေ ခပ် ထည့်ပေးသည်။

''တော်ပြီ နေမင်းစံ၊ တို့ ဒီလောက်ထိ မစားနိုင်ဘူး''

''စားပါ မမရဲ့၊ မမ,စားစေချင်လို့ပါ၊ မမနန္ဒာလည်း ထည့် စားနော်''



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချ တို့က ဗိုက်ဆာနေတာ စားမှာပဲ၊ ဆောင်းက ရှက်တတ်တော့ ဟင်းတွေ နှိုက်ဖို့ တွန့်နေမှာ၊ နေစံ ထည့်ပေးလိုက်ပါကွယ်''

ဆောင်းလေသံက တမင်အရွဲ့တိုက်ပြောနေတာတော့ မဟုတ်ပါ။ နေစံကို ဆောင်းထက် အရင်ကျွမ်းဝင်ခင်မင်ရင်းနှီးနေတာ အကဲခတ်မိသည်။

ဆောင်းမှာသာ နဂိုကတည်းက ယောကျ်ားလေး သူငယ်ချင်းတောင် ထားဖူးတာမဟုတ်တာမို့ နေမင်းစံကို သိပ်မရင်းနှီးချင်ပါ။

တကယ်ဆို ဘာမှသွေးသား မတော်စပ်တာလည်း စိတ်က သိနေတာမို့ ပိုလို့ဆိုးပါသည်။

''မမဆောင်း ထည့်စားနော်၊ ဘာမှအားမနာပါနဲ့ဗျာ''

ဆောင်းရော နန္ဒာပါ ရှိနေလျက်နဲ့ ဆောင်းကိုပဲ ဂရုစိုက်ပြောနေတော့ ဆောင်း ရှက်ရွံ့ထူပူမိသည်။ နန္ဒာကတော့ အစားအသောက်တွေကိုပဲ အားပါးတရ ငုံ့စားကာ ဆောင်းတို့ကို အာရုံထားပုံ မရှိပါ။

ဒါကြောင့်လည်း နေမင်းစံဆိုသည့် ချာတိတ်က ပိုလို့သည်းပြနေတာ ဖြစ်မည်ထင်သည်။

မင်း တော်တော်မလွယ်ပါလား နေမင်းစံရယ်။ မင်း မျက်ဝန်းတွေထဲက မရိုးသားမှုတွေကို တို့ သိပေမယ့် မင်းရဲ့ဂရုစိုက်မှုတွေ





အပေါ်မှာလည်း တို့ ဘာကြောင့်ကြည်နူးသာယာနေမိတာလဲ။

ဟောင်းပန်ပါတယ် နေမင်းစံ။ တို့နှလုံးသားထဲကို ဝင်မလာခဲ့ပါနဲ့။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

အိပ်ရာက စောစောနိုးတတ်တာ ဆောင်းရဲ့အကျင့်ပဲဖြစ်သည်။ ဒီမနက်လည်း အိပ်ရာကနိုးလာသည်နှင့် ဆောင်း မျက်နှာသစ်ကိုယ်လက်သန့်စင်ပြီး ခြံထဲဆင်းခဲ့သည်။

ခြံထဲမှာ ဝေဝေဆာဆာပွင့်နေသော ပန်းတွေခူးကာ ဘုရားပန်တင်ဖို့ ဆောင်း ခူးနေတုန်းမှာပဲ –

"မမ"

"ဟင်"

ရုတ်တရက်ဆိုတော့ ရင်ထဲက ထိတ်ခနဲဖြစ်သွားတာအမှန်။ လှည့်အကြည့်မှာ ချိုင်းပြတ်စွပ်ကျယ်အနက်ရောင်နှင့် အပြာရင့်ရင့်မှာ အဖြူစင်းနှစ်စင်းပါသော အားကစားဘောင်းဘီရှည်နှင့် နေမင်းစံကို





တွေ့လိုက်ရသည်။

ကြည့်ရတာ စောစောစီးစီး လေ့ကျင့်ခန်းလည်း လုပ်နေပုံရသည်။ ချွေးတို့စို့နေသော နေမင်းစံ ခန္ဓာကိုယ် ကျစ်ကျစ်လျစ်လျစ်က အကျပ်စွပ်ကျယ်အနက်ရောင်ကြောင့် ပေါ်လွင်နေသည်။

ဝင်းမွတ်နေသော အသားအရေက အနက်ရောင်ဝတ်စုံကြောင့် ထင်းနေသည်။ အပြုံးနွေးနွေးတွေနှင့် စူးစူးနစ်နစ်အကြည့်တွေကလည်း ဆောင်းဆီက မခွာပါ။

"ပန်းတွေခူးနေတာလား၊ မမဆောင်း ပန်းကြိုက်သလား ဟင်"

"အင်း ကြိုက်တယ်၊ ဒါပေမဲ့ ခူးပြီး ပန်ဖို့ထက် ဘုရားပန်းတင်ဖို့ပါကွာ၊ မင်းက အားကစားလုပ်နေတာလား"

"ဟုတ်တယ် မမ၊ အလုပ်ထဲမှာက အချိန်ပြည့်ထိုင်နေရတာများတော့ လေ့ကျင့်ခန်းလေးတော့ ယူရတယ်ဗျ၊ တော်ကြာ ငယ်ငယ်ရွယ်ရွယ်နဲ့ ဗိုက်ထွက်လာမှာကြောက်လို့ အဟွန်း"

ရယ်ရယ်မောမော နောက်ပြောင်သလိုလေးဆိုတော့ ဆောင်းပြုံးမိသည်။ ပြင်ဦးလွင်အနံ့ တစ်ရက် သုံးယောက်သား လည်ပတ်ပြီးသည့်နောက်ပိုင်းမှာ ဆောင်းနှင့်နေမင်းစံတို့ ခင်မင်သွားခဲ့တာတော့ အမှန်ပဲဖြစ်သည်။

ဆောင်းဘက်က ဘယ်လောက်ပဲ သူစိမ်းဆန်းဆန်းနေပါစေ



www.burmeseclassic.com

www.burmeseclassic.com



နေမင်းစံက တရင်းတနှီး ဆက်ဆံလွန်းနေတာကြောင့် ဆောင်းလည်း အားနာစွာနှင့် ပြန်ဆက်ဆံခဲ့ရတော့၏။

"မမဆောင်းကို မေးချင်လို့"

"ဘာမေးမလို့လဲ နေစံ၊ မေးလေ"

"ဟို မမ ဒီမှာ ဘယ်လောက်အထိနေမှာလဲဟင်"

"ဒုက္ခပဲ၊ ဒီမေးခွန်းပဲ ခဏခဏမေးနေပါလား၊ ကျောင်းပြန်မဖွင့်ခင်အထိ နေဖြစ်မှာပါ"

"ကျောင်းပိတ်ရက်တိုင်း မမ ဒီကိုအမြဲလာလည်နေကျပဲပေါ့ နော်"

"အင်း အမြဲလာလည်ဖြစ်ပါတယ်၊ တို့က ဘဘရဲ့အရိပ်အောက်မှာပဲ ရှင်သန်ခဲ့ရတာလေ၊ ရန်ကုန်မှာ ဖေဖေနဲ့မေမေ ရှိပေမယ့် မနေဖြစ်ဘူး၊ ဘဘရဲ့အစီအစဉ်နဲ့ အဆောင်မှာနေကျောင်းတက်တာ"

ဆောင်း တရင်းတနှီးပဲ ပြောပြနေတော့ နေမင်းစံ ခေါင်းလေးတညိတ်ညိတ် နားထောင်နေသည်။

"မမ ရန်ကုန်ပြန်တဲ့ရက်နဲ့ ကျွန်တော် ပြန်မယ့်ရက် အတူတူဆို သိပ်ကောင်းမှာပဲ၊ အတူပြန်လို့ရတယ်လေ"

ဆောင်း မော့ကြည့်တော့ နေမင်းစံ မျက်ဝန်းတွေက ဆောင်းကို ငေးငေးလေး စိုက်ကြည့်နေတာမို့ ကပျာကသီ မျက်နှာလွှဲပစ်လိုက်ရသည်။





"မင်းက ပြင်ဦးလွင်မှာ ဘယ်လောက်အထိ တာဝန်ထမ်းဆောင်ရမှာလဲ"

"လက်ရှိဆောက်နေတဲ့ အဆောက်အအုံ မပြီးမချင်း နေရမှာ၊ ဒါပေမဲ့ ရန်ကုန်ရုံးကခေါ်ရင် အချိန်မရွေး ပြန်ရမှာ"

သူ့စကားကို ခေါင်းလေးညိတ် နားထောင်ရင်း ဆောင်း နှင်းဆီပန်းနီလေးတစ်ပွင့်ကို လှမ်းအခူးမှာ –

"အို!"

"ဟာ မမ နှင်းဆီဆူး စူးတာလား၊ ပြစမ်း"

နေစံ စိုးရိမ်တကြီးမေးသလို ဆောင်းလက်လေးကိုလည်း ဖျတ်ခနဲ ဆွဲယူကြည့်သည်။ လက်ညှိုးထိပ်မှာ ဆူးဒဏ်ရာနှင့် သွေးစို့စို့ကိုမြင်တော့ ဖျတ်ခနဲ နေစံ ပြုမူလိုက်သည့် အပြုအမူကြောင့် ဆောင်းမျက်နှာလေး ရဲတက်သွား၏။

"အို နေစံ မလုပ်နဲ့"

ဆောင်းစကားကို အလေးမထားဘဲ နေစံက ဒဏ်ရာက သွေးတွေကို စုပ်ယူပေးနေတာမို့ ဆောင်း ရှက်သွေးနှင့်အတူ ရင်မှာ တလှပ်လှပ် ခံစားနေရသည်။

"နှင်းဆီဆူးက အဆိပ်ရှိတယ် မမရဲ့၊ ချက်ချင်း ညှစ်ထုတ်ပစ်မှ သက်သာသွားမှာ"

နေစံက ရှင်းပြနေသေးသည်။ ဆောင်းမှာသာ မျက်နှာတွေ



www.burmeseclassic.com

www.burmeseclassic.com



ထူပူနီမြန်းလျက် နေစံမျက်နှာကိုတောင် ရဲရဲမော့မကြည့်ရဲတော့ပါ။ နေစံလက်ထဲက ဆောင်းလက်ကို ရုန်းထွက်ပြီး ဆောင်းခေါင်းလေး မော့ထားမိသည်။

"မမ ကျွန်တော့်ကို စိတ်ဆိုးသွားလို့လားဟင်"

"ဟို အဲ မဆိုးပါဘူး၊ တို့ တို့သွားတော့မယ် နေစံ"

"မမ ခဏလေး"

နေစံ ပြောရင်း ဆောင်းမခူးဖြစ်သော နှင်းဆီပန်းနီလေးကို ခူးသည်။ ပြီးတော့ ကိုင်းက ဆူးလေးတွေကို ချိုးဖဲ့ပြီးမှ –

"မမအတွက်ပါ၊ ဆူးတွေမရှိတော့ဘူး၊ မမဆောင်းကို ကျွန်တော် လက်ဆောင်ခူးပေးတာနော်"

ကမ်းပေးနေသော နှင်းဆီပန်းလေးကို ဆောင်း ချက်ချင်း မယူဖြစ်ဘဲ ငေးကြည့်နေတော့ နေစံက ကမ်းထားသောလက်ကို မရုပ်သိမ်းဘဲ –

"ယူပါ မမ၊ ပန်းတွေချစ်တတ်တဲ့ မမကို ကျွန်တော် ပေးချင်လို့ပဲ ပန်းတွေကို ကျွန်တော်လည်း မြတ်နိုးတယ်လေ"

ဆောင်း မငြင်းနိုင်ဘဲ လှမ်းယူတော့ နေစံ မျက်နှာလေး ကျေနပ်စွာ ပြုံးသွားခဲ့သည်။

"ကျေးဇူးပဲ နေစံ၊ ကဲ မမသွားတော့မယ်"

လှည့်ထွက်ခဲ့ရပေမယ့် အနောက်မှာ ရပ်ကြည့်နေမည့်





နေစံကို ဆောင်းစိတ်က အလိုလိုသိနေသည်။

ခူးလာသည့် ဘုရားပန်းတွေကို ညှော်ခန်းထဲမှာ တွေ့ရသည့် ဒေါ်လေးယုကိုပဲ ပေးဖြစ်ခဲ့သည်။ နေစံပေးလိုက်သည့် နှင်းဆီပန်းလေး ကတော့ ဆောင်းလက်ထဲမှာ ပါလာ၏။

အခန်းထဲရောက်တော့ နှင်းဆီပန်းလေးကိုကြည့်ကာ ဆောင်း အာရုံထဲမှာ နေစံပုံရိပ်လေးကို မြင်ယောင်လာသည်။

ရင်ထဲမှာ ကြည်နူးခြင်းလားမသိ။ တသိမ့်သိမ့်နွေးသော ခံစားချက်တို့နှင့် ဆောင်းရင်ထဲမှာ လှိုက်ဖိုနေမိသဲ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

"မနက်တုန်းက မမ မြို့ထဲဆင်းလာဦးမလား၊ ကျွန်တော် စောင့်နေမိသေးတယ်၊ မမ ဘာလို့ဆင်းမလာတာလဲဟင်"

"အင်း တို့မဆင်းဖြစ်တာ ဘဘ ခေါ်လို့လေ"

နေစံရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွားသည်။ ဦးထွန်းခေါင်က ဆောင်းကိုခေါ်တွေ့သည်ဆိုတော့ စိုးရိမ်မိတာအမှန်။ ဒီအိမ်ကြီးမှာ ဦးထွန်းခေါင်က သူ့ကို အမြင်မကြည်သူဖြစ်သည်။

သူနှင့်ဆောင်းတို့ ရင်းနှီးကျွမ်းဝင်နေတာကို ဦးထွန်းခေါင် မရိပ်မိစေဖို့ မမနန္ဒာကလည်း ပြောထားသည်။ ဒီအဘိုးကြီးကို မဆုံမိအောင်လည်း သူ့ဘက်က ဂရုစိုက်ခဲ့သည်။ အခုတော့ ဦးထွန်းခေါင် တွေ့သွားသည်လားမသိ။





"ဟို ဟို ဘဘက မမကို ဘာတွေပြောသေးလဲဟင်"

သူ့အမေးကြောင့် ဆောင်းမျက်မှောင်ကုတ်ကြည့်သည်။ သူ့စကားက မဆီမဆိုင် စပ်စုမိသလိုဖြစ်သွားခဲ့သည်လား။

"ဟို တစ်မျိုးမထင်ပါနဲ့နော် မမ၊ ဘဘက ကျွန်တော့်ကို သိပ်မကြည်ဘူးဗျ၊ အဟွန်း၊ ကျွန်တော်ကလည်း ဟိုတုန်းက ဘဘကို ဆိုးခဲ့တာကိုး"

"ဟုတ်လား၊ မင်းက ဘာတွေဆိုးခဲ့လို့လဲ"

"အာ ဘာရယ်မဟုတ်ပါဘူး၊ ဒီကိုလာလည်ရင်း ဘဘဆီက မှန်ဖိုးတွေ ဘာတွေ ဖွတ်တောင်းတတ်လို့ ဘဘက မကြည်ဘူးဗျ၊ ဘဘက အရမ်းကပ်စေးနဲတာ"

"ဘဘက ကပ်စေးနဲတာ မဟုတ်ပါဘူး နေစံရဲ့၊ အဲ စည်းစနစ်တော့ ကြီးတယ်၊ ငယ်ငယ်ကတည်းက ဆောင်းတို့ ညီအစ်မကို စည်းစနစ်နဲ့ နေတတ်အောင် သင်ပေးခဲ့တာ"

"အင်း ဟုတ်မှာပါ၊ ကျွန်တော်က ဘယ်သိမှာလဲ၊ ဘဘဆီရောက်တာနဲ့ ဟိုတောင်း ဒီတောင်းလုပ်တော့ ဘဘ ကြည့်မရဘူးထင်တယ်၊ ကျွန်တော်နဲ့ မခင်မင်ဖို့တောင် မမဆောင်းကို ပြောချင်ပြောမှာ"

သူ သွေးတိုးစမ်းသလို အစ်မေးကြည့်တော့ ဆောင်းအပြုံးလေးနှင့် ခေါင်းလေးခါယမ်းပြရင်း –



www.burmeseclassic.com

www.burmeseclassic.com



"ဘဘ ဘာမှမပြောပါဘူးကွ၊ တို့ကိုခေါ်တာ ကိစ္စရှိလို့ပါ။ တခြားတော့ မဟုတ်ပါဘူး၊ ဘဘက တို့နဲ့နန္ဒာ့ကို အမွေပေးခဲ့ချင်လို့ စီစဉ်နေတာပါ"

"ဟုတ်လား၊ ဒါဆို မမတို့က အမွေတွေရှဦးမှာပေါ့ဗျ၊ မမနဲ့ မမနန္ဒာတို့ကို ဘဘက သိပ်ချစ်တာပဲနော်၊ ဘဘပိုင်သမျှ တစ်ယောက် တစ်ဝက်ဆိုတော့ မနည်းဘူးထင်တယ်"

"အင်း ဘဘရဲ့အစီအစဉ်က တို့အတွက် သုံးပုံနှစ်ပုံ၊ နန္ဒာ အတွက်က သုံးပုံတစ်ပုံလေ"

"ဟင်"

မြေးနှစ်ယောက်ကို အမွေပေးပုံမတူတာကြောင့် သူ အံ့ဩ သွား၏။ ဒါကို သတိထားမိသော ဆောင်းက ရှင်းပြ၏။

"ဘဘမှာ သားတစ်ယောက်၊ သမီးတစ်ယောက်ပဲ ရှိတယ်လေ နေစံရယ်၊ သားဖြစ်တဲ့ တို့ဖေဖေက နည်းနည်းဆိုးလို့ ဘဘက တစ်သက်လုံး ဥပေက္ခာပြုထားတာ၊ ဒါကြောင့်မို့ အမွေပေးတော့ ပိုပေးတာတဲ့၊ နန္ဒာအတွက်တော့ ဒီအိမ်နဲ့ဒီခြံကြီးကိုတော့ အပိုဆောင်း ပေးမယ်တဲ့၊ ဘဘရဲ့အစီအစဉ်ကို တို့နှစ်ယောက်စလုံး ကျေနပ်ပါတယ်၊ ပြောရရင် ဘဘရဲ့အမွေတွေထက် ဘဘရဲ့မေတ္တာနဲ့ သံယောဇဉ်ကိုပဲ တို့ အလေးထားပါတယ် နေစံရယ်"

ဆောင်းက တည်တည်ငြိမ်ငြိမ်ကလေးပဲ ပြောပေမယ့် နေစံ





ကတော့ မမျှော်လင့်ဘဲ သိလိုက်ရသော အဖြေအတွက် ကျေနပ်သွား မိသည်။

ဘဘဦးထွဋ်ခေါင်ရဲ့ အမွေခွဲဝေမှုအတွက် မမနန္ဒာ မကျေ နပ်လို့ သူ့နဲ့မမဆောင်းအစီအစဉ်ကို စီစဉ်တာပဲဖြစ်မည်။ ဟုတ်တော့ လည်း ဟုတ်သည်။ သူသာ မမနန္ဒာနေရာမှာဆို ကျေနပ်နိုင်မှာ မဟုတ်ပါ။

မြေးချင်းအတူတူ ဘဘရဲ့အစီအစဉ်က မမျှတလိုက်တာ။

"ဘဘရဲ့အစီအစဉ်တွေကို နာခံတတ်တဲ့အကျင့်က ဆောင်းနဲ့နန္ဒာ ရင်ထဲမှာ တူညီပြီးသားပါ၊ နန္ဒာ့ကို ဆောင်းထက်ပိုပေးရင် တောင် နန္ဒာ့အတွက် ဆောင်းကျေနပ်တယ်၊ တကယ်ပြောတာ နေစံ၊ လောကကြီးမှာ ငွေထက် တန်ဖိုးကြီးမားတဲ့အရာတွေ အများကြီးလေ"

ဆောင်းက လေးလေးနက်နက်ပြောသည်။ ဘဘရဲ့အမွေ တွေကို ပိုအသာရလို့ ဆောင်းပြောနေတာမဟုတ်ဆိုတာ ဆောင်းမျက် ဝန်းတွေက သက်သေခံနေသည်။

ဆောင်းသွေးခင်ရဲ့ဖြူစင်ရိုးသားမှုတွေကို သူမြင်သိနေသလို ပါပဲ။ မမဆောင်းသည် ချစ်စရာကောင်းသလို ရိုးသားဖြူစင်လွန်းတာ တော့ နေစံ ပိုပြီး လက်ခံလာမိတာအမှန်။

အခုပဲကြည့် မမနန္ဒာ ဖွင့်မပြောသော အမွေကိစ္စကြီးကို မမဆောင်းက သူ့ကို ရိုးသားစွာပဲ ပြောပြနေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါတွေကို သိလိုက်ရတော့ နေစံ မမနန္ဒာရဲ့အတွင်းစိတ်ထဲကို မြင်သိလာသလိုရှိသည်။ တစ်ဝမ်းကွဲသော ညီအစ်မတော်သည့် ဆောင်းသွေးခင်ကို သူ့လက်ထဲ ရက်ရက်ရောရောထည့်ပေးနေတာ သက်သေဖြစ်သည်။

တကယ်ဆို နေမင်းစံဆိုသည့် သူ့လိုကောင်ကို မမနန္ဒာ ဘယ်လိုမှ အထင်မကြီး မလေးစားတာ သူအသိဆုံးဖြစ်သည်၊

အင်း မမနန္ဒာရဲ့စိတ်က တကယ်ကြောက်စရာကောင်းပါလား။ ဒါကို မမဆောင်းသာ သိလျှင် ဘယ်လိုနေမည်လဲ။

မမဆောင်းရဲ့ဖြူစင်သော မျက်ဝန်းတွေကို မြင်နေရသည့် သူ့မှာတောင် လိပ်ပြာမလုံချင်ပါ။ ငွေကြေးတစ်ခုအတွက်နဲ့ မမရဲ့ ဖြူစင်သောနှလုံးသားလေးကို သူ အရောင်ဆိုးပစ်ရမည့်အဖြစ်။

လောကကြီးမှာ ငွေကြေးထက် တန်ဖိုးကြီးမားသော အရာတွေ အများကြီးတဲ့လား မမဆောင်းရယ်။

✿

မမနန္ဒာရဲ့ မျက်ဝန်းတွေက သူ့ကို စူးစူးနစ်နစ် စိုက်ကြည့်လို့နေသည်။ သူမ အသိမပေး သိုဝှက်ထားသောကိစ္စကို သူ့နှုတ်က





ဖွင့်ဟပြောလိုက်တာမို့ အံ့ဩထိတ်လန့်သွားတာလားမသိပါ။

"နေပါဦး နေစံ၊ ဒီကိစ္စကို မင်း ဘယ်လိုသိတာလဲ"

"မမဆောင်း နှုတ်က ပြောပြလို့ သိတာပါ မမနန္ဒာ"

"ဩော် ဆောင်းနှုတ်က ဖွင့်ပြောပြတယ်ဆိုတော့ မင်းနဲ့ဆောင်းအခြေနေက အတော်ခရီးပေါက်နေပြီပေါ့"

"ဟင့်အင်း၊ ကျွန်တော်တို့အခြေအနေက ဒီအတိုင်းပါပဲ၊ မထင်မှတ်ဘဲ စကားပြောကြရင်း မမဆောင်းက ထုတ်ပြောသွားတာ"

ယုနန္ဒာ မယုံသလို မျက်မှောင်တွန့်ကြည့်နေသေးသည်။ ပြီးမှ ခေါင်းကို တညိတ်ညိတ်ပြုရင်း--

"အင်း ဆောင်းက အမွေကိစ္စမှာ သူ့ဘက်က အသာစီးရနေတော့ သိပ်ကျေနပ်ဂုဏ်ယူနေမှာပေါ့လေ"

"ကျွန်တော် ဒီလိုမထင်ဘူး မမနန္ဒာ သူက အမွေတွေကို မက်မောတဲ့ပုံ လုံးဝမရှိဘူးဗျ"

ယုနန္ဒာ နှုတ်ခမ်းပါးလေးတွေ မဲ့ချပစ်ရင်း မရယ်ချင့်ရယ်ချင် ရယ်သံက ခြောက်ခြောက်ကပ်ကပ်။

"ငွေကို ဘယ်သူမှ မမက်မောဘူးဆိုတာ တို့လက်မခံဘူး နေစံ၊ မင်းတောင် ငွေတစ်သိန်းအတွက် ခေါင်းညိတ်ခဲ့သေးတာပဲ၊ ဆောင်းပိုင်ဆိုင်ရမယ့်အတိုင်းအတာက ခုဂဏန်း ဆယ်ဂဏန်းမဟုတ်ဘူးကွ"



www.burmeseclassic.com

www.burmeseclassic.com



“ဘဘ ဘယ်လောက်ချမ်းသာတယ်ဆိုတာ ကျွန်တော် မှန်းဆလို့ ရပါတယ်၊ မမနန္ဒာရတဲ့ သုံးပုံတစ်ပုံနဲ့ ဒီခြံကြီးကလည်း မနည်းပါဘူးဗျာ”

သူ့စကားကြောင့် ယုနန္ဒာ တွေခနဲစိုက်ကြည့်၏။ ပြီးမှ ပခုံး တွန့်ပြရင်း –

“ဟုတ်တယ်၊ တို့အတွက် တစ်သက်သုံးမကုန်တာ သိတယ်၊ ဒါပေမဲ့ တို့ရင်ထဲမှာ နာတာ ဘဘရဲ့ခွဲခြားမှုပဲ၊ တကယ်ဆို ဝေတူဝေမျှ ညီတူညီမျှ ရှိသင့်တာပေါ့၊ ထားပါလေ မင်းမသိတာတွေ အများကြီး ရှိတယ် နေစံ၊ တို့ရင်ထဲမှာ တနုံ့နုံ့ ခံစားခဲ့ရတာကြာပြီ”

ယုနန္ဒာ အံ့လေး တင်းခနဲကြိတ်ထားတာမြင်တော့ သူမ ရင်ထဲ ခံစားမှုတွေကို နေစံ မြင်တွေ့နေရသလိုပါပဲ။

“ဘဘက တောင်းဆိုရင် တို့ထက် အရေးပေးတယ်၊ သံဃာဇဉ်ပိုခဲ့တယ်၊ အခု အမွေကိစ္စမှာ အထင်အရှားပဲ၊ ဒီအတွက် တို့ လုံးဝမခံနိုင်တော့ဘူး၊ ဒါကြောင့် ဒီအစီအစဉ်ကို စီစဉ်လိုက်တာ”

“နေပါဦး မမနန္ဒာ၊ အခု မမနန္ဒာရဲ့ အစီအစဉ်ကြီး အောင် မြင်တော့ရော ဘာများ မမဆောင်းကို ထိခိုက်မှာလဲ၊ မမနန္ဒာအတွက် အကျိုးရှိမှာမို့လဲ”

“အင်း မင်းသိသင့်သလောက်သိပြီးနေပြီဆိုတော့ တို့ ပွင့် ပွင့်လင်းလင်းပဲ ပြောပြမယ်၊ ဘဘက ဆောင်းကို သိပ်လိမ်မာတယ်၊





သူ့စကားကို နားထောင်တဲ့သူလို့ အကြွင်းမဲ့ ယုံထားတယ်”

“ကျွန်တော် နားလည်ပြီ၊ ကျွန်တော့်လိုကောင်နဲ့ ပတ်သက် နေရင် ဦးထွဋ်ခေါင် ခွင့်လွှတ်မှာမဟုတ်ဘူးလို့ ဆိုချင်တာပေါ့”

“သိပ်ဟုတ်တယ်၊ သူ့အမွေတွေကို ရုပ်သိမ်းပစ်လိုက်နိုင် တယ်”

“ဒါဆို မမနန္ဒာ အားလုံးရမှာပေါ့”

နေမင်းစံဆိုတော့ ယုနန္ဒာ တည်တည်ငြိမ်ငြိမ်လေးပဲ ခေါင်း ကိုခါယမ်းရင်း –

“တို့ မမျှော်လင့်ပါဘူး၊ တို့အတွက်ပေးပြီးပြီလေ၊ အားလုံး ကို ဘဘက ခွဲဝေပြီးပြီ၊ အဲ ဆောင်းအမွေတွေ ရုပ်သိမ်းပြီး အားလုံး ကို လှူဒါန်းပစ်ချင်ပစ်လိမ့်မယ်”

နေစံ မျက်မှောင်ကုတ်သွားသည်။ ကိုယ်လည်း ရတာမဟုတ် တဲ့နဲ့ မမနန္ဒာ ဘာလို့ စီစဉ်နေသည်မသိ။ အခုဆို သူမရဲ့ဝေစုထဲက ငွေတစ်သိန်းတောင် သူ့ကိုပေးဖို့ ကတိပေးထား၏။

“ဒီမှာ နေစံ၊ မင်း နားလည်ထားဖို့က တို့ ဒီကိစ္စကို စီမံနေ တာ ငွေကြေးကြောင့် မဟုတ်ဘူး၊ ဘဘရဲ့ဆုံးဖြတ်ချက်ကို မခံနိုင်လို့ သက်သက်ပဲ၊ ဒါကြောင့်လည်း မင်းအတွက် တစ်သိန်းတောင် တို့ ဘက်က စွန့်ပစ်ခဲ့တာပေါ့”

မာတင်းနေသော မမနန္ဒာမျက်နှာကိုကြည့်ရင်း နေစံ စိတ်



www.burmeseclassic.com

www.burmeseclassic.com



ထဲကတောင် စိမ့်ကြောက်ချင်လာမိ၏။ ငွေတစ်သိန်းဆိုတာ သူ့ဘဝကို ပြောင်းလဲသွားနိုင်အောင် တန်ဖိုးကြီးမားသည်။ အခုပဲ သူ့ကို ငွေငါး ထောင် မမထုတ်ပေးခဲ့သည်။ တခြားဟိုဟိုဒီဒီ ကုန်ကျစရိတ်တွေ မပါသေးပါ။

သူမအိတ်ထဲက ငွေတွေ ရင်းနှီးကာ မမဆောင်းကို တိုက် နိုက်နေခြင်းက မမဆောင်းအပေါ် နာကြည်းတာထက် ဘာကြောင့် ဟု နေစံ သဘောပေါက်သည်။

"ကဲ မင်းသိချင်တာတွေ သိပြီးပြီ၊ တို့သိချင်တာ မင်းနဲ့ ဆောင်းအခြေအနေက ဘယ်လိုလဲ နေစံ"

"အခုချိန်အထိတော့ မမနန္ဒာ သိထားတဲ့အတိုင်းပဲ ရှိသေး တယ်"

"အချိန်က လူကိုစောင့်ဘူးနော် နေစံ၊ မင်းဘက်က မြန် မြန်ကြိုးစားဖို့လိုမယ်၊ မင်းအောင်မြင်ရင် မင်းလက်ထဲကို အသားတင် ငွေတစ်သိန်း တို့ပေးလိုက်မယ်၊ အဲ မအောင်မြင်ခဲ့ရင်တော့ မင်းပြန် ဖို့ လမ်းစရိတ်တောင် တို့ထပ်ပေးမှာ မဟုတ်ဘူးနော်"

မမနန္ဒာ စကားတွေက ပြတ်သားသလို မျက်ဝန်းတွေက လည်း ပြောစကားအတိုင်း ယတိပြတ်လုပ်မှာ သူ ယုံသည်။

"ကျွန်တော် နားလည်ပါတယ်"

"နားလည်တာထက် မင်းအလုပ်အောင်မြင်တာကိုပဲ တို့





မြင်ချင်တာ"

နေစံ ခေါင်းညိတ်ပြလိုက်မိပေမယ့် ရင်ထဲမှာတော့ တွေဝေ နေဆဲဆိုတာ ကိုယ်တိုင်ပဲသိသည်။

မမဆောင်းရဲ့မျက်ဝန်းတွေက သူ့နှလုံးသားကို နူးညံ့သိမ်မွေ့ နေစေတာ ဘာကြောင့်မှန်းမသိ။

ဦးနှောက်နဲ့ပဲ ချဉ်းကပ်ရမည့် မမဆောင်းကို ခံစားမှု နှလုံး သားနှင့် စာနာထောက်ထားနေမိခြင်းက မှားနေပြီထင်ပါရဲ့။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

"ဒေါက် ဒေါက်"

အခန်းတံခါးကို ခပ်အုပ်အုပ်ခေါက်နေသံကြောင့် ဆောင်း လန့်နိုးသွားခဲ့သည်။ ခုတင်ထက်က လူးလဲထရင်း –

"ဘယ်သူလဲ"

"ကျွန် ကျွန်တော်ပါ မမ"

ကြားလိုက်ရတာ နေစံ အသံခပ်တိုးတိုးမို့ ဆောင်း မျက်လုံး တွေ ပြူးကျယ်ကာ ခုတင်နံဘေးက စားပွဲလေးပေါ် လှမ်းကြည့်မိ၏။ စားပွဲတင်နာရီလေးက ညဥ့်ဆယ့်တစ်နာရီကိုကျော်လို့ ဆယ်မိနစ်နီးပါး တောင် စွန်းနေပြီ။

ဆောင်း ခုတင်ထက်က ဆင်းရင်း အပြာနုရောင် ညဝတ်





ဂါဝန်ကြီးကို အသေအချာပြန်ချည်နှောင်နေရင်း တံခါးဆီ လျှောက် ခဲ့၏။

"နေစံလား၊ ဘာကိစ္စလဲ၊ ဆယ့်တစ်နာရီတောင် ကျော်နေ ပြီလေ"

"ကျွန်တော် နေမကောင်းလို့ မမ"

"ဟင်"

ရင်ထဲအထိ စိမ့်တက်လာသော စိုးရိမ်စိတ်လေးနှင့်အတူ ဆောင်း တံခါးကို ခပ်ဟဟလေးဖွင့်ရင်းကြည့်မိတော့ မြင်လိုက်ရသော နေစံမျက်နှာလေးက ရှုံ့မဲ့နေ၏။

"ဘာဖြစ်နေတာလဲ နေစံ"

"ဗိုက်အောင့်နေလို့ မမ အ"

ဝေဒနာကြောင့် မျက်နှာလေးရှုံ့မဲ့ကာ ဗိုက်ကို လက်ဖြင့် အသာဖိထားသော နေစံကိုကြည့်ရင်း ဆောင်း တံခါးကိုဆွဲဖွင့်ထွက် လိုက်သည်။

"မင်း ဗိုက်ကို တအားလျှောက်နှိပ်မနေနဲ့ အူအတက်ပေါက် တာဆိုရင် အန္တရာယ်ကြီးတယ်"

ဆောင်း စိုးရိမ်စွာပြောနေတာကို သူ ခွန်းတုံ့မပြန်ဘဲ ငေးကြည့်နေပြန်၏။

"ဘယ်နေရာအောင့်တာလဲ အခုမှ အောင့်တာလား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ဒီ ဒီနေရာက မမ"

အစာအိမ်ရှိသည့်ဘက်ကို နေစံ ညွှန်ပြတာမို့ ဆောင်း ခေါင်း ညိတ်ပြမိရင်း –

"မင်း ဒီလိုပဲ အောင့်တတ်သလားနေစံ၊ အရင်က အော… တတ်သလားမေးတာ"

"ဟင့်အင်း၊ အခုမှ အောင့်တာ အ ကျွတ် ကျွတ်"

ချက်ချင်း မျက်နှာလေး ရှုံ့မဲ့ကာ ဗိုက်ကို ဖိနှိပ်ထားသော… နေစံကိုကြည့်ကာ ဆောင်း ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားသည်…

"ဒုက္ခပါပဲ ဘယ်လိုလုပ်ရမလဲ၊ န နန္ဒာမသိဘူးလား"

"အာ မမကလည်း သူလည်း အိပ်နေမှာပေါ့၊ မမက… ဆရာဝန်လောင်းဆိုတော့ မမဆီလာပြောတာ အ ကျွတ် ကျွတ်"

နေစံက အားကိုးတကြီး ပြောနေတာမို့ ဆောင်း စိတ်ည… သွားမိ၏။ အချိန်မတော်ကြီး ဗိုက်အောင့်လာသော နေစံကို ဆော… ကုသရအောင်လည်း ဆောင်းက ဆရာဝန်တစ်ယောက်မှ မဟုတ်သေး… တာ။

"နေစံ မမဆီမှာ ဘာဆေးမှလည်းမရှိဘူး၊ မင်းသိပ်အော… နေရင် နန္ဒာ့ဆီမှာဖြစ်ဖြစ် ဒေါ်လေးယုဆီမှာပဲဖြစ်ဖြစ် ဆေးမေး… သောက်ရမယ်၊ လိုအပ်ရင်တော့ ဆေးရုံသွားကြတာပေါ့"

ဆောင်းပြောရင်း ခြေလှမ်းတို့ရွှေ့တော့ နေစံက ဆော…





လက်ကလေးကို ဖျတ်ခနဲ လှမ်းဆွဲထားသည်။

"ကျွန်တော် ဆေးရုံမသွားချင်ဘူး မမ၊ ဒေါ်လေးယုတို့ကို လည်း မနှိုးပါနဲ့"

"ဟင် ဘာဖြစ်လို့လဲ နေစံ၊ မင်းဝေဒနာအတွက် မမဆီမှာ ဘာဆေးမှမရှိဘူးလေ၊ ကဲ လာပါကွာ၊ အစာအိမ်တွေ ဘာတွေ ထိခိုက်တာဆို အန္တရာယ်အရမ်းကြီးတယ်"

ဆောင်း ပျာယာခတ်ပြီး သူ့လက်ကိုတောင် ဖွတ်ဆွဲခေါ်နေ တော့ နေစံ ကြိတ်ပြီး ကျေနပ်သွားတာအမှန်။ မမမျက်ဝန်းတွေထဲမှာ သူ့အတွက် စိုးရိမ်ပူပန်စိတ်တွေ အရိပ်ဝင်နေတာတော့ အသေအချာ။

"မမ"

"ဟင် ဘာလဲ နေစံ"

"မမ ကျွန်တော့်အတွက် အရမ်းစိုးရိမ်နေသလားဟင်"

ဆောင်း မျက်မှောင်လေးကုတ်သွားသည်။ ဘယ်လိုဖြစ်သွား တာလဲ။ စောစောကတော့ မျက်နှာက ရှုံ့မဲ့လို့။ အခုကျတော့ ပြုံး ယောင်ယောင်နှုတ်ခမ်းတွေက ဝေဒနာကို လုံးဝကင်းစင်မေ့လျော့သွား တဲ့အတိုင်း။

"နေစံ မင်း တကယ်ဗိုက်နာတာမှ ဟုတ်ရဲ့လားဟင်"

ဆောင်း မကျေမနပ်လေးမေးတော့ နေစံ သွားတန်းဖြူဖြူ လေးတွေ ပေါ်အောင်ပြုံးရင်း –



www.burmeseclassic.com

www.burmeseclassic.com



"မမ သိပ်စိုးရိမ်ပူပန်နေတာ မြင်လိုက်တော့ ကျွန်တော် သနားပြီး ဝေဒနာတွေ ချက်ချင်းပျောက်သွားတာ"

"ဟင်"

"မမရယ်၊ ကျွန်တော့်အတွက် မမ အဲဒီလောက်အထိ စိုးရိမ် မှန်းမသိခဲ့ဘူးဗျာ၊ ဝမ်းသာလိုက်တာ"

ဆောင်း မျက်မှောင်လေးကုတ်ကာ ဒေါသစိတ်တို့ ချက်ချင်း ဝင်ရောက်လာသည်။ ကိုယ်ကတော့ စိုးရိမ်လိုက်ရတာ သင်းလေးက တော့ လူကို လာနောက်ပြောနေတာကိုး။

"နေစံ မင်း ဒါနောက်စရာလားဟင်၊ အချိန်ကိုလည်း ကြည့် ဦး"

"ကျွန်တော်က အိပ်မပျော်ဘူး မမ၊ မမ မျက်နှာလေးကို မြင်ချင်လို့ပါ"

"တော်စမ်း နေစံ၊ မင်း ဒီလိုလုပ်တာ ငါ အရမ်းစိတ်ဆိုး တယ်၊ ငါကတော့ တကယ်ထင်လို့ စိုးရိမ်သွားတာ၊ မင်းက ပြော သလိုလို နောက်သလိုလိုနဲ့"

ဆောင်း စိတ်ဆိုးသွားမှန်းသိတော့ နေစံ မျက်နှာပေါ်က အပြုံးရိပ်လေးတွေ ချက်ချင်းပျောက်ကွယ်သွားခဲ့တာ –

"ဟာ မမ စိတ်မဆိုးပါနဲ့၊ ကျွန်တော်က မမ ကျွန်တော့်ကို တကယ် သံယောဇဉ်ရှိ မရှိ သိချင်လို့"





"မင်းသွားတော့ နေစံ"

"မမ"

"တခြားသူတစ်ယောက်ယောက်တွေ့သွားရင် တို့ သိက္ခာ ဘယ်လောက်ထိခိုက်သွားမလဲ၊ အဲဒါကို မင်းနားလည်ရင် သွားတော့"

ပြောပြီး ဆောင်း တံခါးကို ပြန်ပိတ်လိုက်သည်။ နေစံရဲ့အသံ တိုးတိုးကတော့ ကြားနေရဆဲ။

"မမ ကျွန်တော့်ကို စိတ်မဆိုးပါနဲ့ဗျာ"

"မမ နော် ကျွန်တော် တောင်းပန်ပါတယ်"

တတွတ်တွတ်ပြောနေသံတွေကို ဆောင်း ကြားနေသည်။ ဒါပေမဲ့ တစ်ခွန်းမှ မတုံ့ပြန်ဘဲ ငြိမ်နေလိုက်သည်။

တစ်ခဏကြာမှ နေစံ လှည့်ထွက်သွားပုံရသည်။ ခြေသံ တရှပ်ရှပ်ကို ဆောင်း ကြားလိုက်သည်။ သည်တော့မှပဲ ဆောင်း ရင်သက်လေးရှိုက်ကာ ခဏစောင့်နေလိုက်၏။

ပြီးမှ တံခါးလေးကို အသာဟဖွင့်ကြည့်တော့ –

"အို အမေ့"

အခန်းရှေ့မှာ မတ်မတ်ကြီးရပ်လို့ နေစံ ရှိနေတုန်းပါလား။ ဆောင်း ထိတ်လန့်စွာ အော်လိုက်မိလျှင်မလွယ်။

"နေစံ မင်း မင်း ဘာလုပ်နေတာလဲ"

"မမ စိတ်ဆိုးသွားတာကို တောင်းပန်ချင်လို့"



www.burmeseclassic.com

www.burmeseclassic.com



"ဒုက္ခပါပဲ၊ မင်း ငါ ဒုက္ခရောက်အောင် လုပ်နေတာလား ဟင်"

"မမရယ် မမကို မတောင်းပန်ရရင် ကျွန်တော် ဒီည အိပ်ပျော်မှာ မဟုတ်ဘူး၊ မမ စိတ်မဆိုးပါနဲ့နော်"

"ကဲ မင်းသွားတော့ နေစံရယ်၊ ငါ တောင်းပန်ပါတယ်"

"ဟာ ကျွန်တော် တောင်းပန်ရမှာပါ နော်မမ၊ ကျွန်တော့်ကို စိတ်ဆိုးပြေပါနော်"

"အင်း အင်း သွားတော့၊ ဟို့ အိပ်တော့မယ်"

ပြောပြီး ဆောင်းတံခါးကို ဆွဲပိတ်ပစ်လိုက်သည်။ ဒါတောင် နေစံ အသံတိုးတိုးလေးက နားထဲဝင်လာသေးသည်။

"မမ တကယ်အိပ်တော့နော်၊ ကျွန်တော် တကယ်ပြန်ပြီ"

ဆောင်း ခုတင်လေးပေါ် အသာဝင်လှဲလိုက်ပေမယ့် မျက်ဝန်းတွေက အိပ်မပျော်နိုင်ပါ။ အာရုံထဲမှာ နေစံပုံရိပ်က စိုးမိုးထားသည်။

နေစံရယ်။ မင်း တကယ်ဆိုးပါလား။

✿ ✿ ✿



## အခန်း (၁၀)

"ဟော ဆောင်း နိုးပြီလား၊ လာဟာ ကော်ဖီသောက်ကြမယ်"

မနက်အိပ်ရာနိုးတော့ ကော်ဖီဝိုင်းမှာ နန္ဒာနှင့် ဒေါ်လေးယုတို့ ရှိနေသည်။ နန္ဒာက ဆောင်းကို လှမ်းပြောတော့ ဒေါ်လေးယုကပါ ပေါင်မုန့်တွေ ယိုသုတ်နေရာမှ –

"ပေါင်မုန့်ယိုသုတ် စားမလားသမီး"

"အာ မေမေကလည်း တစ်နေ့လာလည်း ပေါင်မုန့်ယိုသုတ်၊ ပေါင်မုန့်ကြက်ဥကြော် စားရတာ ငြီးငွေ့နေပြီ"

ဆောင်း မဖြေရသေးခင် နန္ဒာက ဝင်ပြောသည်။

"အိမ်မှာက အလွယ်တကူ ဒါပဲရှိတာလေ သမီးရဲ့၊ သမီးက



www.burmeseclassic.com

စားချင်တာရှိရင် မေမေ ဈေးမသွားခင် မှာလိုက်ပေါ့''

''သမီး အိပ်ကောင်းတုန်း မေမေသွားတောကိုး တစ်ခါတလေ မုန့်ဟင်းခါးလေး ဘာလေး စားချင်တာ၊ ဆောင်းရော စားမလား''

''အင်း ကောင်းသားပဲ၊ ဒီအနီးအနားမှာ ရှိလို့လား''

''ဈေးဘက်မှာပဲ ရှိမှာပေါ့၊ သမီးတို့ရဲ့ နောက်နေ့မှ စားကြနော်၊ မေမေ ဝယ်ခဲ့မယ်''

ဒေါ်လေးယု ပြောနေတုန်းမှာ ကော်ဖီခန်းထဲဝင်လာတာ နေစံဖြစ်သည်။ ဘာဘရှိလျှင် ကော်ဖီဗိုင်း မလာတတ်သော နေစံ ဘာဘမရှိမှ ရောက်လာတတ်၏။

''မမတို့ ဘာစားချင်လို့လဲ၊ ကျွန်တော် ဝယ်ပေးမယ်လေ''

''ဩော် နေစံ ဒီမှာလေ တစ်ခါလာလည်း ပေါင်မုန့်ဆိုတော့ မစားချင်လို့ ဆောင်းကလည်း မုန့်ဟင်းခါး စားချင်လို့တဲ့''

''ကျွန်တော် ဝယ်ပေးမှာပေါ့၊ ကော်ဖီသောက်ရင်း ခဏလေး စောင့်နော်''

စားပွဲအနားမရောက်ခင်မှာပဲ နေစံ ချာခနဲ ပြန်လှည့်ထွက်သွားတာမို့ ဆောင်းနှင့်နန္ဒာ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ပြုံးမိသည်။ ဒေါ်လေးယုက –

''အင်း ဒီကောင်လေး သွက်သွက်လက်လက်တော့ရှိသား''

''နေစံက အရင်လိုမဟုတ်တော့ပါဘူး မေမေရဲ့၊ တကယ်





လိမ်မာနေတာနော်၊ အခုလည်း သူ့ကုမ္ပဏီမှာ သူဌေးလူယုံတော်လို ဖြစ်နေတာလေ''

''အင်း အရင်ကနဲ့တော့ အတော်ကွာသွားတာပဲ''

ဒေါ်လေးယုနှင့်နန္ဒာ ပြောနေတာကို ဆောင်း ခေါင်းလေး ညိတ်ပြီး နားထောင်နေရုံသာရှိသည်။ နေစံအကြောင်း ဆောင်း ဘာမှ မသိတာအမှန်။

''နေစံကို ဘာဘက အရင်လိုပဲထင်နေတာ၊ နေစံက အတော် ကြီးကို ပြောင်းလဲသွားတာ မေမေရဲ့၊ အလုပ်အကိုင်နဲ့ အတည်တကျ ဖြစ်နေလို့ သူ့မိတဆွေ မိသားစုတွေကတောင် သူ့ပဲ အားကိုးနေရတာ''

နန္ဒာကတော့ နေစံအပေါ် ကောင်းကြောင်းတွေပဲ ပြောနေသည်။ ဒေါ်ယုဝါလွင်က ပေါင်မုန့်လေးကိုက်လိုက် ကော်ဖီလေးမော့ သောက်လိုက်နှင့် ပြုံးသက်နေ၏။ ဆောင်းအာရုံထဲမှာတော့ နေစံကိုပဲ မြင်နေသည်။

ညတုန်းက သင်းကလေး လာနှောက်သွားတာကို နန္ဒာတို့ မသိကြပါ။ ဆောင်းမှာသာ တစ်ညလုံး အိပ်မပျော်ဖြစ်ခဲ့ရသည်။

နေစံကို စိတ်ဆိုးမိသော စိတ်တို့လည်း အခုတော့ ဆောင်း ပြေနေတာ သေချာသည်။ ညတုန်းကတော့ ချာတိတ်လုပ်ပုံက တကယ်စိတ်ဆိုးစရာ။

''ဟော ပြန်လှချည်လား နေစံရဲ့''

www.burmeseclassic.com



နန္ဒာ့အသံနှင့်အတူ မုန့်ဟင်းခါးထုပ်တွေဆွဲကာ ဝင်လာသော နေစံကို မြင်လိုက်ရသည်။

"ဟယ် မောင်နေစံရယ်၊ ဒီလောက်အများကြီး ဘာလုပ်ဖို့ ဝယ်လာတာလဲ"

"ငါးပွဲလေ ဒေါ်လေးယုလည်း စားရအောင် မမတို့လည်း အဝစားလို့ရအောင်ပါ"

"အဲဒီလောက် ဘယ်ကုန်မှာလဲကွယ်၊ ကဲ ကဲ မင်းပါဝင်စားလိုက်"

"ဟုတ်ကဲ့"

နေစံ စားပွဲမှာဝင်ထိုင်တော့ ဖြူနုသောမျက်နှာလေးမှာ ချွေးတို့စို့နေသဲရှိ၏။ ဒါကို ဆောင်းလိုပဲ သတိထားမိဟန်တူသော နန္ဒာက

"မင်း မာရသွန်ပြေးသွားတာလား နေစံရယ်၊ ကြည့်ပါဦး ချွေးတွေ ရွှဲနစ်နေတာပဲ"

"မမတို့ စားချင်တယ်ဆိုလို့ လမ်းထိပ်ဆိုင်မှာမရတော့ ဈေးထဲအထိ ပြေးဝယ်ရတာလေ၊ အပြန်တော့ ဆိုက်ကားငှားပြီး ပြန်လာတာပါ"

"မုန့်ဟင်းခါးကတော့ ရှယ်ပဲဟေ့ အိုးဘဲဥတွေ၊ အကြော်တွေ အစုံပါပဲလား မောင်နေစံရယ်"

နေစံကတော့ ကျေနပ်စွာပြုံးရင်း ဆောင်းကို ခိုးကြည့်နေ၏။





ဒါကို မြင်သိနေပေမယ့် မမြင်ဟန်ဆောင်ရင်း နန္ဒာ မုန့်ဟင်းခါးကို ထိုးစားနေမိ၏။

"မမ အချဉ်ကြိုက်လား၊ နည်းနည်းညှစ်စားပါလား"

"ဟင့်အင်း တော်ပြီ နေစံ၊ မမ အချဉ်မကြိုက်ဘူး"

"ရော့ မမ၊ အိုးဘဲဥစားလိုက်၊ ကျွန်တော် မစားရသေးဘူး နော်၊ ဦးဦးဖျားဖျား ကျွေးတာပါ"

နားကြားပြင်းကတ်လောက်အောင် ဂရုစိုက်ပြနေသော နေစံကိုကြည့်ကာ နန္ဒာ ကျိတ်ပြုံးမိသည်။ ဆောင်းကလည်း ခေါင်းလေးငုံ့ကာ ရှက်ပြုံးလေးနှင့် ရှိနေသည်။

ဒီအခြေအနေအတိုင်းဆိုရင်၊ နန္ဒာရဲ့အစီအစဉ်တွေတော့ အသေအချာကို အောင်မြင်ဦးမှာ ပဲ့သည်။

ဆောင်းရယ် နှင့်ကိုတော့ သနားပါတယ်။ ဒါပေမဲ့ ဘဘရဲ့ တစ်ဖက်သတ်ဆန်တဲ့ လုပ်ရပ်အတွက်တော့။

✿

"မမ"

"ဟင် နေစံ အလုပ်မသွားဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"မသွားချင်တော့လို့ တစ်ယောက်နဲ့လွှဲထားခဲ့ပြီး ပြန်လာတာပါ"

ခါတိုင်းဆို ညနေမှ ပြန်လာတတ်သော နေစံ နေ့လယ်ခင်းကြီး ပြန်လာတာမို့ ဆောင်းမေးမိတာဖြစ်သည်။

"မမ ဘာလုပ်နေတာလဲ"

"ပျင်းလို့ ထိုင်နေတာလေ၊ ဒေါ်လေးယုနဲ့နန္ဒာလည်း အပြင်သွားကြတော့ ပျင်းစရာဖြစ်နေတာ"

"ဒါဆို မမ မပျင်းရအောင် ကျွန်တော် အတူထိုင်ပြီး စကားတွေပြောပေးမယ်"

ပြောပြောဆိုဆို ဆောင်းထိုင်နေသော ခုံတန်းလေးရဲ့ တစ်ဖက်စွန်းမှာ နေစံ ဝင်ထိုင်သည်။

ပြောင်လက်နေသော ရှူးဖိနပ်နှင့်ဂျင်းအပြာကို ဝတ်ဆင်ထားပြီး အဖြူရောင်စပို့ရှပ်လက်တိုနှင့် ရှင်းသန့်နေသော နေစံဆီမှ ဆောင်း အကြည့်လွှဲလိုက်ပေမယ့် အာရုံထဲမှာ နေစံပုံရိပ်လေးက ပျောက်မသွားပါ။

နုပျိုသော မျက်နှာလေးနှင့် ချောမွေ့မှုကတော့ မိန်းကလေးတွေ စွဲမက်လောက်အောင်ချောသည်။

ဆောင်းအပေါ် ခင်တွယ်နေတာကိုလည်း ဆောင်းသိသည်။ ထိုထက်ပိုမိုသော အရိပ်ရောင်စဉ်တွေကိုလည်း နေစံမျက်ဝန်းတွေထဲမှာ





ဆောင်းတွေ့နေ၏။

ဆောင်းမပျင်းအောင် စကားပြောမည်ဆိုပြီး တိတ်ဆိတ်နေတာမို့ ဆောင်း နေစံကိုလှည့်ကြည့်တော့ ငေးစိုက်ကြည့်နေသော မျက်ဝန်းတွေက စူးစူးနစ်နစ်။ ဒီအကြည့်တွေနှင့် ရင်ဆိုင်ရတိုင်း ဆောင်းရင်တွေ လှုပ်ခတ်တတ်စမြဲ။

"ဒုက္ခပဲ၊ ဘာလို့ ဒီလောက်ကြည့်နေတာလဲ နေစံရယ်"

"မမကို အဲဒီလို တစိမ့်စိမ့်ထိုင်ကြည့်ချင်တာ"

"အို"

"မမ"

ဆောင်းမျက်နှာလေး ထူပူနီမြန်းကာ ခေါင်းလေးငုံ့သွားတော့ နေစံခေါ်သည်။ ဒါပေမဲ့ ဆောင်း မော့မကြည့်ရဲပါ။

"မမ"

"မမ"

"ဟာကွာ၊ ကြားပါတယ်၊ ဘာပြောမလို့လဲ ပြော"

"ကျွန်တော် မမကိုချစ်တယ်"

"ဟင်"

ဒီလောက်အထိ နေစံ ရဲတင်းလိမ့်မည်ဟု ထင်မှတ်မထားခဲ့မိတာ ဆောင်းရဲ့အမှားပဲဖြစ်သည်။

"တကယ်ပါ မမ၊ မမကို ကျွန်တော် သိပ်ချစ်သွားခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com



"နေစံ"

ဆောင်းအသံလေးတွေ တုန်တုန်ယင်ယင်နှင့် အထိတ်တလန့်တားမိသည်။ စူးရှတောက်ပသောမျက်ဝန်းတွေကို ဆောင်းရင်ဆိုင်နိုင်ဖို့ အင်အားတို့ ဘယ်တုန်းကမှ ရှိမနေခဲ့ပါ။

"မမ"

"နေဦး နေစံ၊ တို့ ဘာမှထပ်မကြားပါရစေနဲ့ တကယ်ဆိုတို့တွေ မောင်နှမတွေပဲလို့ ယုံထားသင့်တာ"

"ဟာ မမရယ်၊ ကျွန်တော်တို့က မောင်နှမ မတော်ပါဘူး။ မမနန္ဒာနဲ့ ဘာမှမတော်ပါဘူး၊ ဒါ အမှန်တရားပဲ"

"ဟင့်အင်း နန္ဒာရော တို့ပါ မင်းကို မောင်လေးတစ်ယောက်လို့ သတ်မှတ်ထားတာ နေစံ"

"ကျွန်တော်တို့ ကလေးတွေမှ မဟုတ်တာ မမရယ်၊ သွေးသားမတော်စပ်တာကို မမနန္ဒာလည်း သိတယ်၊ ကျွန်တော်လည်းသိတယ်၊ မမလည်း သိပါတယ်"

နေစံ ဖွင့်ပြောနေတော့ ဆောင်း ဘာမှထပ်ပြောခွင့်မရပါ။ တကယ်ဆို နေစံ စကားတွေက အမှန်။ ဘာမှသွေးသားမတော်စပ်တာ နေစံကို မမြင်ဖူးခင်ကတည်းက နန္ဒာလည်း ပြောထားဖူးသည်။

ဒါကြောင့်လည်း ဆောင်းနှလုံးသားက နေစံနှင့်ပတ်သက်ပြီး လှုပ်ရှားခဲ့တာပဲ ဖြစ်သည်။





"မမ"

"အို"

ဆောင်းလက်ဖဝါးလေးကို ဆုပ်ကိုင်ပြီး နေစံခေါ်တော့ ရင်ခုန်သံတွေ ဆူညံနေခဲ့တာ ကိုယ်တိုင်ပဲသိသည်။ နွေးထွေးသော သူ့လက်တွေထဲက ဆောင်း ရုန်းထွက်နိုင်စွမ်း မရှိခဲ့။

"မမကို ကျွန်တော် သိပ်ချစ်တယ် သိလား။ မမရင်ထဲမှာရော ကျွန်တော့်လိုပဲလားဟင်"

"အို ဟင့်အင်း၊ ဆောင်းလက်ကို လွှတ်ပါ နေစံရယ်"

ဆောင်း စကားအဆုံး နေစံက လက်ကလေးကို လွှတ်သည်။ ဒါပေမဲ့ ဆောင်းရဲ့ခန္ဓာကိုယ်လေးကိုတော့ ရင်ခွင်ထဲ ဆွဲသွင်းပွေ့ဖက်၏။

"အို နေစံ လွှတ်ပါ"

"မလွှတ်ချင်ဘူး မမ၊ မမ့ရင်ထဲက စကားလေးကို ကျွန်တော်ကြားခွင့်ရချင်သေးတယ်"

"ဟင့်အင်း အဲဒီလို ဖွတ်မလုပ်နဲ့၊ တို့ ရှက်တယ်ကွာ"

"ဒါဆို ခေါင်းကလေးပဲ ညိတ်ပြလေ"

ရင်ခုန်သံတွေ ပမ်းပတာ ခုန်နေသည်။ ဆောင်း အသက်ရှုလို့တောင် မဝချင်တော့ပါ။ အုပ်မိုးထားသော သူ့မျက်နှာကိုလည်း မကြည့်ရဲ။ ဆောင်းနှလုံးသားတို့ သိမ်းပိုက်ခံလိုက်ပြီလားမသိ။



www.burmeseclassic.com

www.burmeseclassic.com



ဆောင်း ခေါင်းလေးညိတ်ပြပေမယ့် နေစံက မကျေနပ်။

"ကျွန်တော့်ကို မမ တကယ်ချစ်တာလားဟင်"

"အို ဘာတွေပြောနေတာလဲကွာ၊ တို့ ခေါင်းညိတ်ပြီးပြီလေ၊ လွှတ်တော့ကွယ်"

"အကွန်း၊ မမ ရှက်နေတာက ပိုပြီးချစ်စရာကောင်းတယ် သိလား"

နဖူးပြင်နုနုလေးမှာ နွေးခနဲ အနမ်းတစ်ပွင့်ကြွေသည်။ ဆောင်းရင်တွေ တလှပ်လှပ်ခုန်ကာ မျက်ဝန်းတွေကို အရှည်သည်းစွာ တားမိသည်။

နွေးထွေးသောရင်ခွင်ထဲမှာ ဆောင်းရင်ခုန်သံတွေ ပြန့်ကျဲ ကုန်သည်။

အချစ်ဆိုတာကို မခံစားတတ်ခဲ့သော နှလုံးသားရဲ့ အလိုဆန္ဒ နောက်ကို ဆောင်းလိုက်ခဲ့မိတာ မှားသွားပြီလား။ ဟင့်အင်း ဒါတွေကို စဉ်းစားတွေးတောခွင့်မရှိအောင် ဆောင်းရင်ခုန်သံတွေက စိုးမိုးထားခဲ့ တာပါ။

နေစံရယ် မင်းကို တို့ အရှုံးပေးလိုက်ပြီကွယ်။

✿ ✿ ✿



အခန်း (၁၁)

"ဘာ ဘယ်လို နေမင်းစံနဲ့ ဆောင်းလေးတို့ မေတ္တာမျှနေ ကြတယ် ဟုတ်လား"

ဦးထွန်းခေါင် မယုံကြည်နိုင်သလို ထပ်မေးသည်။ နန္ဒာ ခေါင်း လေးညိတ်ပြရင်း နှုတ်ဆိတ်နေလိုက်သည်။ ဒေါ်ယုဝါလွင်ကတော့ မျက်စိမျက်နှာပျက်လျက် ဖခင်ဖြစ်သူကို မဝံ့မရဲကြည့်နေရှာသည်။

"တောက် မိုက်လိုက်တဲ့သမီး၊ နေမင်းစံဆိုတဲ့ကောင်လေးနဲ့ မှ ပတ်သက်ရတယ်လို့၊ အင်း ဆောင်းလေးရှိနေတုန်းမှာ ဒီကောင် လေးကို အိမ်မှာ လက်ခံလိုက်တာကိုက မှားတာ"

ဦးထွန်းခေါင် နောင်တရသလို ရေရွတ်သည်။ ဒေါသတွေ ထွေဝေနေသော မျက်နှာက သွေးရောင်လွှမ်းနေသည်။ ပြီးမှ သမီး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သူ ဒေါ်ယုဝါလွင်ကို မော့ကြည့်ရင်း –

"ဒီကိစ္စ သမီးက ဘာမှမရိပ်မိဘူးလား၊ တကယ်ဆို အဓိက တာဝန်ရှိတာ သမီးပဲ၊ ဖေဖေက အခန်းထဲက အပြင်ထွက်တာ မဟုတ်ဘူး"

ဖခင်ဖြစ်သူက အပြစ်တင်သလိုဆိုတော့ ဒေါ်ယုဝါလွင် ဘာမှ ခွန်းတုံ့မပြန်နိုင်ပါ။ ကြားထဲက ခံရခက်ခက်ဖြစ်နေတာ ယုနန္ဒာပဲ ဖြစ်သည်။

ဒီဇာတ်လမ်းက သူမ ဖန်တီးခဲ့တာ။ မေမေတောင် ဘာမှ မသိပါ။ ကြားထဲက မသိမသိုင် မေမေ့ကို ဘဘ ဆူပူနေတာတော့ နန္ဒာ မခံနိုင်ပါ။

"ဘဘ"

"ပြော သမီး၊ ဘာပြောမလို့လဲ"

"ဆောင်းနဲ့နေစံတို့ ချစ်ကြိုက် အဲ မေတ္တာမျှနေတာကို မေမေ ဘယ်လိုမှ မသိနိုင်ပါဘူး၊ နန္ဒာတောင် မထင်မှတ်ဘဲ သိရတာပါ၊ ဆောင်းက နန္ဒာ့ကိုတောင် ဘာမှမပြောဘဲ သိုဝှက်ထားတာ"

ဘဘမျက်နှာကြီး ပိုလို့ရဲတက်လာသည်။ ဒီပြဿနာမှာ အဓိကတရားခံသည် ဆောင်းသွေးခင်ပဲ ဖြစ်သင့်သည်။ အလိုမကျ ဒေါသတွေနှင့် မေမေနဲ့နန္ဒာတို့ဘက် ဦးလှည့်လာတာမျိုး မဖြစ်သင့်။

နန္ဒာ့စကားကြောင့် ဘဘ ဆင်ခြင်မိသွားမိပုံနှင့် ခေါင်းတ





ညိတ်ညိတ်နားထောင်နေသည်။ ပင့်သက်တို့ အခါခါရှိုက်ကာ ယူကျုံးမရ ခံစားနေရတာတော့ သေချာသည်။

"အင်း သမီးပြောတာ မှန်ပါတယ်၊ တကယ်ဆို ကာယကံ ရှင်က သူကိုယ်တိုင်ပဲ၊ ပြီးတော့ ဆောင်းအသိနဲ့ပညာက ရင့်ကျက် သင့်ပြီ၊ ပညာတတ်တစ်ယောက်ပဲကွယ်၊ ဘဘ သူ့အပေါ် သံယောဇဉ် ကြီးခဲ့၊ အထင်ကြီးထားခဲ့သမျှ အလကားပဲ"

ဘယ်တုန်းကမှ ဆောင်းအပေါ်မှာ နာနာကြည်းကြည်း မပြောခဲ့သော ဘဘရဲ့နှုတ်က ကြိတ်မနိုင်ခဲမရ ရေရွတ်သံတွေကို နန္ဒာကြားနေရတော့ ဝမ်းသာမိသည်။ အမြဲတမ်း နန္ဒာ့ထက်ပိုပြီး ဆောင်းအပေါ် အထင်ကြီးခဲ့တဲ့ ဘဘ အခုတော့ အတော်နာကျင် ခံစားနေရမှာ သေချာ၏။

"သိပ်လည်း စိတ်ထိခိုက်မနေပါနဲ့ ဖေဖေရယ်၊ အနေနီးလို့ သံယောဇဉ်တွယ်သွားကြတာမျိုးပဲဖြစ်မှာပါ၊ ဆောင်းလေး နားဝင် အောင် ပြောပြီး ချော့မော့ကြည့်ပါဦး၊ ဝေးကွာသွားရင် သူ့အလိုလို ပြီးသွားမှာပါ"

မေမေက ဖေးဖေးမမ ဝင်ပြောနေသည်။ ဆောင်းအပေါ်မှာ မေမေက သံယောဇဉ်တော့ရှိသည်။ ဒါကို နန္ဒာလည်း နားလည်သည်။ နန္ဒာလည်း ဆောင်းကို သံယောဇဉ်မရှိလို့မှ မဟုတ်ဘဲ။ ဘဘရဲ့ လုပ်ရပ်ကို မခံနိုင်လွန်းလို့သာ။



www.burmeseclassic.com

www.burmeseclassic.com



"အခုတောင် သမီးနန္ဒာပြောမှ ငါတို့ သိရတာဆိုတော့ အတော်ဆိုးတဲ့ကိစ္စပဲ၊ အခုချက်ချင်း ဆောင်းကိုသွားခေါ်စမ်း၊ ဒီကိစ္စက ချက်ချင်းဆုံးမရယ့်ကိစ္စပဲ"

နန္ဒာ ထရပ်တော့ ဘဘက လက်ကာတားသည်။

"နေ သမီး သမီးထိုင်ပါ၊ မိယု သမီးကိုယ်တိုင် သွားခေါ် ခဲ့စမ်း"

"ဟုတ်ကဲ့ ဖေဖေ"

ဘဘရဲ့အမိန့်စကားကြောင့် နန္ဒာ ပြန်ထိုင်နေလိုက်ရသည်၊ မေမေက ခေါင်းညိတ်ပြီး အခန်းထဲက ထွက်သွားခဲ့သည်။ ဘဘ စိတ်လှုပ်ရှားစွာ အခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေတာကို နန္ဒာ မြင်နေသည်။

ဘဘရဲ့ဒေါသတွေ ဘယ်လောက်ဆူဝေနေသည်လဲမသိ။ ဆောင်းကို စိတ်ဆိုးက အိမ်က ချက်ချင်းမောင်းထုတ်ပစ်လိုက်မည် လား။ ဘဘရဲ့အမွေတွေကို တစ်ပြားတစ်ချပ်မှ ခံစားခွင့်မရှိအောင် အပြစ်ဒဏ်ပေးမည်လား။

နန္ဒာတွေးရင်း ဆောင်းအတွက် စိတ်မကောင်းမိပါ။ ဆောင်း အပေါ် ဘဘ ဒီလောက်အထိတော့ ရက်စက်လိုက်တာမျိုး မဖြစ်စေ ချင်ပါ။ နန္ဒာလိုချင်တာက ဆောင်းအပေါ် ဘဘရဲ့အချစ်တွေ လျော့ ပါးသွားစေရုံမျှပဲ ဖြစ်၏။





အခန်းထဲကို မေမေနှင့်အတူ ဝင်လာသော ဆောင်းကို နန္ဒာ လှမ်းကြည့်မိ၏။ ဆောင်းမျက်နှာလေးညှိုးကာ ငိုမဲ့မဲ့ဖြစ်နေကတည်းက လမ်းမှာ မေမေဆောင်းကို အသိပေးလိုက်ပြီဆိုတာ နန္ဒာ နားလည် လိုက်သည်။

"ဖေဖေ သမီးလေးဆောင်း ရောက်နေပြီ"

ကျောပေးရပ်ပြီး ပြတင်းတံခါးအပြင်ကို ငေးနေသော ဘဘ ရှာခနဲလှည့်ကြည့်သည်။ ရှုံးမှုံးရှုံ့ ဘဘမျက်ဝန်းတွေကို ရင်မဆိုင်ရဲ သလို ဆောင်းမျက်နှာလေး ငုံ့သွားသည်။

ဘဘ ပင့်သက်ရှိုက်ရင်း ထိုင်ခုံမှာ ဝင်ထိုင်၏။ ပြီးမှ –

"ထိုင်ကြ၊ သမီးဆောင်း ဘဘရှေ့မှာထိုင်"

ဘဘလေသံတွေ တည်ငြိမ်လွန်းနေသည်။ ထိုင်ခုံမှာဝင်ထိုင် ရင်း ဆောင်းမျက်ဝန်းတွေက နန္ဒာ့ဆီ လှမ်းကြည့်၏။ နန္ဒာ မသိဟန် ဆောင်ရင်း ခေါင်းငုံ့ထားလိုက်၏။

"သမီး ဆောင်း ဘဘမေးတာ မှန်မှန်ဖြေနော်"

"ဟုတ် ဟုတ်ကဲ့ပါ ဘဘ"

"နေမင်းစံဆိုတဲ့ကောင်လေးနဲ့ သမီး မေတ္တာမျှနေတာ အမှန် ပဲလား"

"ဟို ဟို ဟုတ် ပါတယ် ဘဘ"

ဆောင်းနှုတ်က ရဲရဲဝံ့ဝံ့ ဝန်ခံလိမ့်မည်ဟု နန္ဒာ မထင်ထား



www.burmeseclassic.com

www.burmeseclassic.com



မိပါ။ အခုတော့ ဆောင်း ဘဘကို ဝန်ခံနေသည်။ ဘဘမျက်နှာကို နန္ဒာ မော့ကြည့်တော့ စောစောကလို ဒေါသငွေ့ ရှိမနေခဲ့ပါ။

ဘဘ ဒေါသတွေကို မျိုသိပ်ထားလိုက်နိုင်တာ အံ့ဩစရာ ကောင်း ကောင်းသည်။

''သမီး ဒီကိစ္စကို ဘဘ တော်တော်စိတ်ဆိုးတယ်၊ သမီးကို ဘဘ အများကြီးမျှော်လင့်ထားတာ၊ ဆရာဝန်မကြီးဖြစ်ပြီး သမီးဘဝ ကောင်းစားစေချင်လို့ ဘဘ လိုလေးသေးမရှိ စီမံပေးခဲ့တာ သမီး အသိပါ''

''ဟုတ်ကဲ့ ဘဘ သမီးသိပါတယ်''

''ဒါနဲ့တောင် အခုလို သမီးလုပ်သွားတာ ဘဘ မယုံနိုင်ဘူး။ နေမင်းစံဆိုတဲ့ ကောင်လေးကို ဘဘ သိတယ်၊ သူ့စိတ်ဓာတ်ကို ဘဘ သဘောမကျဘူး၊ ဟိုတုန်းကတည်းက ဘဘဆီလာ အမွေ တောင်းတဲ့ကောင်လေးပါ၊ ပြောရရင် သမီးတို့တွေရဲ့အဆင့်အတန်းနဲ့ တခြားစီပဲ၊ ဒီလိုကောင်ကို သမီး ဘာလို့ပတ်သက်ရတာလဲ''

ဆောင်း ဘာမှမဖြေနိုင်ဘဲ မျက်ရည်ရစ်ဝဲသောမျက်ဝန်းတွေ နှင့် ဘဘကိုပဲ ငေးကြည့်နေသည်။

''သမီးတို့ သံယောဇဉ်တွယ်သွားတာ ဘယ်လောက်ကြာပြီလဲ''

''ဟို ဟို မကြာသေးပါဘူး ဘဘ''





''အေး ဒါဆို သမီး သူ့ကို မေ့လိုက်တော့''

ဆောင်းကို စေ့စိုက်ကြည့်ရင်း ဘဘပြောသည်။ ဘဘမျက်ဝန်းတွေကို ရှင်မဆိုင်ရဲစွာ ဆောင်း ခေါင်းငုံ့လိုက်တာလား၊ ခေါင်း ညိတ်လိုက်တာလား မသေချာပါ။

''အေး ဘဘ သမီးကိုပဲ ဆုံးမချင်တယ်၊ ဟိုကောင်လေးကို ချမပြောချင်ဘူး။ သမီးက ဆရာဝန်လောင်းတစ်ယောက်၊ နောက် လုံးနှစ်လောက်ဆိုရင်ပဲ ဆရာဝန်မကြီးဖြစ်တော့မယ့်သူ၊ သမီးရဲ့ရည် မှန်းချက်တွေကို ဘာအကြောင်းနဲ့မှ မထိခိုက်သင့်ဘူး၊ ပြီးတော့ အခု သမီးအသက်က လာမယ့်အောက်တိုဘာဆို နှစ်ဆယ်တင်းတင်း ပြည့်ပြီ၊ အဲဒီကျရင် ဘဘက အမွေတွေ လွှဲပေးမှာ၊ ဒါပေမဲ့ ဘဘ စကားကို နားမထောင်ဘဲ ထင်ရာစိုင်းသွားရင် ဘဘရဲ့အမွေတွေကို လည်း မမျှော်လင့်နဲ့တော့''

ဘဘစကားတွေက ပြတ်သားသည်။ ဆောင်းခေါင်းလေးငုံ့ ငြိမ်သက်နေသလို နန္ဒာလည်း မျက်လွှာလေးပင့်ကြည့်ပြီး အကဲခတ် နေမိသည်။

ဘဘရဲ့အမွေတွေကို စွန့်ရမည်ဆိုတော့ ဆောင်းတုန်လှုပ် သွားမည်လား။ ဆောင်း ရင်ထဲကို နန္ဒာ မြင်ချင်လှသည်။

''အခု သမီးလုပ်လိုက်တဲ့ကိစ္စက ဘဘကို အတော်ပဲ စိတ် အနှောင့်အယှက်ဖြစ်စေတယ် သမီး၊ ဟောဟိုက မြေးလေး နန္ဒာ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ဘဘ ဒီလောက် မယိုနိုက် မခံစားခဲ့ရဘူး၊ သမီး ခင်ခြင်ပါ မနက်ဖြန်ဘဲ သမီးရန်ကုန်ပြန်ဖို့ စီစဉ်တော့''

''ရှင်''

''ဟုတ်တယ်၊ အဲဒါ ဘဘအစီအစဉ်ပဲ၊ ဒီအိမ်မှာ ဒီကောင်လေးရှိနေတော့ သမီးကို မရှိစေချင်ဘူး၊ အခု ကျောင်းပိတ်ရက်တွေမှာ သမီးကို ဘဘအနားမှာ ရှိစေချင်ခဲ့တာ၊ ဒါပေမဲ့ မဖြစ်သင့်တော့ဘူး၊ သမီးပြန်ဖို့ စီစဉ်ပါ၊ ကျောင်းပိတ်ရက်တွေကို သမီးမိဘတွေအရိပ်မှာပဲ ကုန်ဆုံးပါစေ၊ သမီး အသက်နှစ်ဆယ်တင်းတင်းပြည့်တဲ့အောက်တိုဘာလ ဆယ့်တစ်ရက်နေ့ကျ ဘဘတို့ ပြန်ဆုံတာပေါ့ကွယ်''

ဘဘရဲ့ ယတိပြတ်အမိန့်စကားတွေကို ဆောင်း ငြိမ်သက်စွာပဲ ခေါင်းညိတ်ရင်း မျက်ဝန်းမှာ မျက်ရည်စတွေ ဝဲနေသည်။

ဆောင်းရဲ့မျက်ရည်တွေက ဘဘအတွက် နောင်တမျက်ရည်တွေလား။ နေစံအတွက် ခံစားမှုမျက်ရည်တွေလား။

နန္ဒာ သိချင်လုတာတော့ အမှန်ပဲဖြစ်သည်။

✿ ✿ ✿



အခန်း (၁၂)

ဆောင်းမျက်ဝန်းတွေက ငိုကြွေထားမှန်း သိသာသည်၊ မျက်သားလေးတွေ ရဲရဲနီလျက် မျက်ခွံလေးတွေ နီရဲမို့အစ်နေ၏။

''ငါ့ တကယ် စိတ်မကောင်းပါဘူး ဆောင်းရယ်''

ဆောင်းနံဘေး ခုတင်ပေါ်မှာ အသာဝင်ထိုင်ရင်း နန္ဒာဆိုတော့ ဆောင်းက အသိအမှတ်ပြု ယဲ့ယဲ့ပြုံးသည်။

''နင် မနက်ဖြန် ပြန်တော့မှာပေါ့နော် ဆောင်း''

''အင်း ပြန်ရမှာပေါ့ဟာ၊ ဘဘက ပြန်ခိုင်းနေပြီလေ''

ဆောင်းမျက်ဝန်းတွေထဲ ငေးကြည့်ကာ နန္ဒာမေးတော့ ဆောင်း တိုးတိုးလေးပဲ ပြန်ဖြေသည်။ ဆောင်းရင်ထဲမှာ တကယ်ပဲ နေစံကို မေ့ပစ်လိုက်နိုင်သည်လား။ မမျိုသိပ်နိုင်သော သိချင်စိတ်တို့



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် နန္ဒာ ပင့်သက်လေးရှိုက်ရင်း –

"အင်း နှင့်အတွက်က ငါ စိတ်မကောင်းသလို နေစံအတွက်လည်း ငါ စိတ်မကောင်းဘူး ဆောင်းရယ်"

ဆောင်း ခေါင်းလေးမော့ကာ မျက်နှက်ဝန်းလေးတွေနှင့် စူးစူးလက်လက်ကြည့်သည်။

"နေစံ ဟုတ်လား၊ နန္ဒာ သူနဲ့တွေ့သေးလား"

"အင်း တွေ့တယ်၊ ဆောင်းနဲ့ဘာဘာကိစ္စ ပြောလိုက်တော့ သူ အတော်စိတ်မကောင်းဖြစ်သွားပုံပဲ၊ မျက်နှာလေးညှိုးကျပြီး ဘာမှတောင် ချက်ချင်းပြန်မပြောနိုင်ရှာဘူး"

ဆောင်းမျက်ဝန်းတွေထဲ အကဲခတ်ရင်း နန္ဒာ ပြောကြည့်သည်။ မျက်ရည်တွေ ချက်ချင်း ဝဲတက်လာတာကို မျက်တောင်ကော့ကြီးတွေနှင့် ဆောင်း ပုတ်ခတ်လို့သိမ်းသည်။

"ဆောင်း သူ့ကို နင်သိပ်ချစ်သလားဟင်"

မေးလိုက်မှ စုဖွဲ့နေသော မျက်ရည်တို့ ဆောင်းပါးပြင်လေး နှစ်ဖက်ပေါ်ကို ကြွေဆင်းလာသည်။ နန္ဒာ အံ့သြမယုံနိုင်အောင် ဖြစ်သွားမိသည်။

ကြည့်စမ်းပါဦး။ ကာလတိုလေးအတွင်းမှာ နေစံကို ဆောင်း နှလုံးသားက အလွယ်တကူ တွယ်ငြိသွားတာ ယုံနိုင်စရာတောင် မရှိပါလား။ ဆောင်းကပဲ သိမ်မွေ့နူးညံ့လွန်းတာလား။ နေစံကပဲ





ဆွဲမ်းထက်တုပ်နှောင်လွန်းတာလား မသိ။

"သူကတော့ နင့်ကို တော်တော်စွဲလမ်းနေပုံပဲဟ"

မုသားဝါဒကို နန္ဒာ ကျူးလွန်ပြီး ဆောင်းကို အကဲခတ်နေမိတာ ဆောင်းကတော့ သိရှာမည်မဟုတ်ပါ။

"ငါ မှားခဲ့တာပါ နန္ဒာရယ်၊ တကယ်ဆို နေစံကို ငါ မချစ်တိုက်သင့်ဘူး"

နှိုက်သံလေးဖွက်ကာ ဆောင်းဆိုတော့ နန္ဒာ ပြုံးပြုံးလေး ခေါင်းယမ်းရင်း –

"မဆိုင်ဘူးထင်တယ် ဆောင်းရဲ့"

"ဘာရယ် ဘယ်လို နန္ဒာ"

"ဟုတ်တယ်လေ၊ အချစ်ဆိုတာ ရင်ထဲက အလိုလိုမွေးဖွားလာတာမျိုးလေ၊ အဟင်း ငါက မကြုံဖူးပေမယ့် ခံစားပေးလို့ရတယ်၊ နင်နဲ့နေစံကိစ္စမှာ ဘယ်သူမှအပြစ်မရှိပါဘူး"

ဆောင်း နန္ဒာကို ငေးငေးလေးကြည့်ကာ အလေးအနက်ထားထောင်နေတော့ ဆောင်း ထပ်ပြောသည်။

"နင်ပဲ စဉ်းစားကြည့်လေ၊ နေစံက နင့်ကို အချိန်တိုလေးမှာ သံယောဇဉ်တွယ်ချစ်သွားတယ်၊ နင်လည်း အတူတူပဲပေါ့၊ ဒါ ရင်ထဲက ခံစားချက်တွေ ညီမျှသွားတာပါ၊ တို့တွေက သွေးမတော်သားမစပ်ကြဘူးဆိုတာ သိထားကြတာပဲ၊ ဒါပေမဲ့ ငါ့စိတ်က နေစံကို



www.burmeseclassic.com

www.burmeseclassic.com



မောင်လေးတစ်ယောက်လို ခင်တွယ်သံယောဇဉ်ရှိတယ်၊ နေစံကလည်း အတူတူပဲ၊ ထူးထူးခြားခြား နင့်အပေါ်ကျမှ အဲဒီမေတ္တာထက် ပိုမိုသွားတာ ရင်ထဲက ခံစားချက်ကြောင့်ပဲလေ၊ နင့်ကို သူ အမြဲဂရုစိုက်ယုယတတ်တာ ဒါကြောင့်မှန်း ငါ အခုမှသိတယ်၊

နန္ဒာရယ် ငါလည်းလေ မဖြစ်သင့်ဘူးဆိုတာ ဦးနှောက်က ငြင်းဆန်တွက်ဆပြီးလျက်နဲ့ သူ့စကားတွေကို ပျော်ဝင်ငြိတွယ်သွားခဲ့တာပါ''

ငါ လိုချင်တဲ့အဖြေက ဒါပဲလို့ နန္ဒာ ရင်ထဲက ရေရွတ်မိသည်။

ဆောင်းပခုံးလေးကို နန္ဒာ နားလည်နှစ်သိမ့်သလို ဖက်ထားရင်း –

''ငါ နားလည်နိုင်တယ် ဆောင်း၊ နေစံလည်း အတော်ခံစားနေရတာ သေချာတယ်''

''မပြောနဲ့တော့ နန္ဒာရယ်၊ တို့မကြားရဲလို့ပါ၊ ဘယ်လိုမှ မနီးစပ်သင့်တဲ့ဘဝတွေ ဒီမှာပဲ အဆုံးသတ်လိုက်တာ ကောင်းပါတယ်''

ဘဘရဲ့စကားကို နားထောင်ပြီး နှလုံးသားကို စွန့်ခဲ့သူအဖြစ် ဆောင်းသွေးခင်က ချီးကျူးခံချင်နေသည်လား။ ဟင့်အင်း ဒါမျိုးတော့ နန္ဒာ ဘယ်တော့မှ အဖြစ်မခံချင်တာ အမှန်။

''ဆောင်း နင် အလွယ်တကူမေ့နိုင်ပေမယ့် နေစံက မေ့နိုင်





မလား။ နင့်ကို သူ ဘယ်လောက်ချစ်သလဲဆိုတာ အသက်ကိုတောင် စွန့် သက်သေပြရဲတယ်တဲ့''

''ဟင်''

စိုးရိမ်မျက်ဝန်းလေးတွေ ပိုင်းစက်သွား၏။ နန္ဒာ့စကားတွေထဲမှာ ဆောင်း ရှောင်ထွက်မရုန်းနိုင်အောင် ပိတ်လှောင်မိနေတာတော့ သေချာပါသည်။

''နေစံက ငါ့ကိုပြောတယ်၊ နင့်ကို သူချစ်တာ နှလုံးသားကိုစွ သက်သက်ပဲတဲ့၊ ကျန်တဲ့မျှော်လင့်ချက် ဘာမှမပါဘူးတဲ့၊ သူ့ကို ဘဘ အထင်လွဲအမြင်မှားနေတာကို သူ သက်သေပြဝံ့တယ်တဲ့''

''အို နေစံ ဘာတွေလျှောက်လုပ်မလို့လဲမသိဘူး''

''သူက နင်နဲ့ငါ့ထက် ငယ်တယ်၊ ခံစားတတ်လွယ်တယ်၊ သူမဟုတ်တာတွေ လျှောက်လုပ်မှာစိုးလို့ ငါတောင် မနည်းချော့မော့ရသေးတယ်၊ ယောက်ျားတန်မဲ့ မျက်ရည်တွေကျနေတော့ ငါ တကယ်စိတ်မကောင်းဘူး''

''အဟင့် ဟင့် နေစံရယ်''

ဆောင်း မချုပ်ထိန်းနိုင်တော့ဘဲ တသိမ့်သိမ့်ရှိုက်ငိုတော့ နန္ဒာ ညင်သာစွာ ထွေးပွေ့ထားရင်း –

''ချစ်ခြင်းမေတ္တာဆိုတာ နှလုံးသားကိုစွပါ ဆောင်းရယ်၊ နင် တစ်သက်လုံး အသည်းကွဲ ကြေကွဲနေတာကို ငါ မမြင်ရက်သလို



www.burmeseclassic.com

www.burmeseclassic.com



နေစံလေးအတွက်လည်း သိပ်စိုးရိမ်တယ်''

''ငါ ငါ ဘာဆက်လုပ်ရမလဲဟင် နန္ဒာ''

မျက်ရည်စဖွေနှင့် ရင်ခွင်ထဲက ခေါင်းလေးမော့ကာ အကူ အညီတောင်းနေသော ဆောင်းသွေးခင်သည် အခုတော့ တကယ့် ကလေးလေးအ.ကိုင်းပါပဲလား။

ဆောင်းဟာ နန္ဒာဆိုတဲ့ သူမထက် မှတ်ဉာဏ်ကောင်း၊ အတွေးအခေါ်တွေ ကောင်းလို့ ဆယ်တန်းမှာတောင် ထူးချွန်စွာအောင် ခဲ့သူ။ ဆရာဝန်လောင်းမလေးဆောင်းရဲ့ ဦးနှောက်တွေ ဘာဖြစ်သွားတာ လဲ။

အချစ်ဆိုတာ အသိတရားအားလုံးကို အမှောင်ဖုံးစေသည် လား။

''နန္ဒာ ငါ ငါ ဘာလုပ်သင့်သလဲဟင်''

နန္ဒာ လက်မောင်းတွေကို ဆုပ်ကိုင်ဖျစ်ညှစ်ကာ ဆောင်း မေးနေတော့ နန္ဒာ ခေါင်းလေး တဆတ်ဆတ်ညိတ်ရင်း –

''အခု ဘဘက ပြန်ခိုင်းနေတော့ နင်ပြန်ရမှာပဲ၊ ဒါပေမဲ့ နေစံကိုတော့ နင် ရက်ရက်စက်စက်ကြီး ဥပေက္ခာမပြုသင့်ဘူး''

''နေစံကို ငါ မမုန်းပါဘူး၊ ငါ့ရဲ့အချစ်ဦးပါ နန္ဒာရယ်''

''သူက နင့်ကို သိပ်ချစ်တော့ အရိပ်လို နင့်နောက်မှာ ရှိနေ မှာ ငါယုံတယ်၊ ဘဘ မသိအောင် နင်တို့ ဆက်နေကြပေါ့ဟာ၊





ဘဘ စိတ်ဆိုးလည်း ခဏပေါ့၊ ငါလည်းရှိတယ်၊ မေမေလည်း ရှိ တာပဲ၊ နားဝင်အောင် တဖြည်းဖြည်းပြောမှာပေါ့''

ဆောင်း နန္ဒာပေးသည့်အကြံကို ခေါင်းလေးမော့ကာ နား ထောင်နေသည်။ ဆောင်းရင်ထဲမှာ ကြီးမားသော ဆုံးဖြတ်ချက်ကြီး တစ်ခုအတွက် တွေဝေနေတာလည်း နန္ဒာ နားလည်ပါသည်။

''ဆောင်း နင် နေစံကို ဥပေက္ခာပြုရက်သလားဟင်''

''ဟင့်အင်း၊ ငါ နေစံကို တကယ်ချစ်သွားခဲ့တာ ဝန်ခံပါတယ် ဟာ''

''ဒါဆို ပြီးပြီလေ၊ နှလုံးသားဆိုတာ သိပ်နုနယ်တယ်၊ တစ် သက်လုံး ဒဏ်ရာကြီးနဲ့ နင် မရှင်သန်စေချင်ဘူး။ နေစံရဲ့ နှလုံးသား လေးအတွက်ပါ နင် စဉ်းစားပေါ့''

ဆောင်း ခေါင်းလေးညိတ်သည်။ ညှိုးရိပ်သမ်းသော မျက် ဝန်းလေးတွေမှာ မျှော်လင့်ချက်တို့ တောက်ပကြည်လင်နေခဲ့သည်။

နန္ဒာ ကျေနပ်စွာ ပြုံးနေမိသည်။

အချစ်ဆိုတာ ဒီလောက်အထိ တန်ခိုးကြီးမားမှန်း နန္ဒာ မသိခဲ့ပါလား။ ဆောင်းရယ် နင့်ဆုံးဖြတ်ချက်ကို ဘဘ သိရင်တော့။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

"အခြေအနေကတော့ အကောင်းဆုံးဖြစ်နေပြီ နေစံ၊ အဲဒီ အတွက် မင်းကို တို့ ချီးကျူးပါတယ်"

နန္ဒာ့နှုတ်က ချီးကျူးစကားတွေကို နေစံ ခွန်းတုံ့မပြန်ဘဲ ငြိမ်သက်နေသည်။ ရှင်းသန့်ချောမောသော ရုပ်အသွင်နှင့် လိုက်ဖက် အောင် အမြဲဆင်ယင်ဝတ်စားထားတတ်သည့် နေမင်းစံသည် အမြဲတမ်း ရှင်းသန့်စမတ်ကျလွန်းနေသည်။

ဒါကြောင့်လည်း ဆောင်းသွေးခင် အချိန်တိုလေးမှာ ငြိတွယ် သွားတာဟု နန္ဒာထင်သည်။ နေစံချောမောရှင်းသန့်ပြီး စတိုင်လ်ကျ ပေမယ့် နန္ဒာကတော့ စိတ်ထဲမှာ တစ်စက်လေးတောင် အထင်မကြီး မိပါ။





နေမင်းစံရဲ့အဆင့်အတန်းက သူ့ရဲ့ရုပ်ရည်၊ စတိုင်လ်နှင့် တကယ့်ကို တခြားစီဆိုတာ သူမ အသိဆုံးလေ။ ဘာအလုပ်အကိုင် မှ မယ်မယ်ရရမရှိဘဲ လေလွင့်တေပေနေတဲ့ကောင်လေး။

အခုတော့ ငွေတစ်သိန်းဆိုတဲ့ မက်လုံးကြောင့် မိန်းမတစ် ယောက်ကို မာယာတွေ အလီလီသုံးပြီး ကြိုးပမ်းနေတဲ့ယောက်ျား။ ဘာပဲဖြစ်ဖြစ် နန္ဒာရဲ့စိတ်ကူးတွေတော့ မှန်ကန်သွားခဲ့၏။

"အခု ဆောင်းကို ဘာဘက ဒီမနက်ပဲ ပြန်ခိုင်းလိုက်ပြီလေ"

"ဗျာ မ မမ ပြန်သွားပြီ ဟုတ်လား"

နေမင်းစံ မယုံနိုင်သလို အလန့်တကြား ရေရွတ်သည်။ နန္ဒာ အပြုံးလေးနှင့် ခေါင်းညိတ်ပြရင်း –

"ဟုတ်တယ်လေ၊ ဒါတောင် မေမေက ဘာဘရဲ့ဒေါသတွေ ကို ဝင်ထိန်းနေလို့မို့ မလွယ်ဘူး၊ ဒီလောက်ထိ မြန်မြန်ကြီး မင်း အောင်မြင်မယ်လို့ တို့ မထင်ထားတာ ဝန်ခံတယ် နေစံ"

"ဟို ဟို မမ ရန်ကုန်ပြန်သွားတာလားဟင် မမနန္ဒာ"

"ဟုတ်တယ်၊ မင်းနဲ့ဝေးအောင် ဘာဘက စီစဉ်လိုက်တာ၊ ဒါပေမဲ့ တို့ သိထားသလောက် ဆောင်းက မင်းကို ငြိနေတယ်၊ ဒီတော့ မင်း ဆက်လုပ်ရှားဖို့ လွယ်ကူပါတယ်ကွာ"

နေမင်းစံ ခေါင်းကိုခါရမ်းသည်။ နန္ဒာ မျက်မှောင်ကုတ်သွား မိသည်။ ဘာသဘောလဲ။ နေစံ ဘာကြောင့် ငြင်းဆန်နေတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး မမနန္ဒာ၊ ကျွန်တော် မမဆောင်းကို ဒုက္ခတွေ ပေးချင်တာ မဟုတ်ပါဘူး"

"မင်း ဘာတွေပြောနေတာလဲ နေစံ၊ မင်းနဲ့တို့ သဘောတူညီချက်အတိုင်း ဖြစ်နေပါပြီ၊ ဒီအတွက် မင်းကို တို့ ငွေတစ်သိန်းပေးမှာပါ၊ မင်းဆက်လုပ်ရမှာက ရန်ကုန်ပြန်ပြီး ဆောင်းနဲ့တစ်လလောက် ဆက်ပတ်သက်နေပေးဖို့ပဲ"

နန္ဒာ့စကားတွေကို နေမင်းစံ မျက်မှောင်ကြီးကုတ်ကာ ငြိမ်သက်ငေးစိုက်နားထောင်နေသည်။ နေမင်းစံကို ဦးညွှတ်သွားစေဖို့ အစီအစဉ်ကိုလည်း နန္ဒာ စဉ်းစားစီစဉ်ပြီးပြီမို့ –

"ဒီတစ်ခါ မင်းဆက်လုပ်ရမယ့်အလုပ်က အရမ်းလွယ်ကူပါတယ်၊ ဆောင်းကို တစ်လလောက် ဆက်နွယ်ပေးရုံနဲ့ မင်းအတွက် နောက်ထပ်ငါးသောင်း တို့ပေးမယ်"

နေစံ မျက်ဝန်းတွေထဲကို စိုက်ကြည့်ပြီး နန္ဒာ ပိုင်ပိုင်နိုင်နိုင် ပြောသည်။ ဒါပေမဲ့ မှုန်ကုတ်ကုတ်မျက်ဝန်းတွေထဲမှာ နန္ဒာ မြင်လိုသော ရောင်စဉ်တို့ ကင်းစင်နေသည်။

"ကျွန်တော် အဲဒီငွေတွေကို မယူတော့ဘူး မမနန္ဒာ"

"ဟင် ဘာဘာရယ်"

"ဟုတ်တယ်၊ ကျွန်တော် မမဆောင်းကို တကယ်ချစ်သွားတာ"





"ဘယ်လိုကွ"

နန္ဒာ တအံ့တသြရေရွတ်ရင်း နေစံမျက်နှာကို ကြည့်နေမိသဲ၊ နေစံ ဘာတွေစိတ်ကူးပြောင်းသွားတာလဲ၊ ဒီချာတိတ် ရယ်စရာတွေ လာပြောနေပြန်ပြီ။

"ကျွန်တော့်စကားတွေကို မမနန္ဒာ ယုံချင်မှယုံမယ်၊ မမဆောင်းကို ကျွန်တော် သိပ်ချစ်သွားတယ်၊ ကျွန်တော့်ဘက်က မရိုးသားစိတ်တွေက ဘယ်လောက်ပဲရှိရှိ မမရဲ့မျက်ဝန်းတွေက ဖြူစင်တယ်၊ မမနှလုံးသားက ရိုးသားတယ်၊ အဲဒါကို ကျွန်တော် မြတ်နိုးသွားတာ"

"နေစံ၊ အချစ်ဝတ္ထုထဲက စကားလုံးတွေဖတ်ပြီး တို့ကို လာရွတ်ပြမနေနဲ့ မင်းလိုချင်တာ ဘာလဲ၊ တို့ပေးတာကို နည်းတယ်ထင်လို့ ထပ်မျှော်လင့်နေတာလား"

"ကျွန်တော်လိုချင်တာ၊ မမနန္ဒာပေးနေတဲ့ ငွေတွေကို မဟုတ်ဘူး။ မမဆောင်းရဲ့အချစ် မမဆောင်းရဲ့နှလုံးသားကိုပဲ"

နေမင်းစံမျက်ဝန်းတွေက တည်ငြိမ်လေးနက်စွာ ဆိုနေသည်။ နန္ဒာနှင့်စတွေ့တုန်းကလို ကျေနပ်အပြုံးတွေ နေစံ မျက်ဝန်းထဲမှာ ပျောက်ဆုံးနေ၏။ နေစံ ဘာအချိုးချိုးတာလဲ။

နန္ဒာ့အတွေးထဲ လှစ်ခနဲဝင်လာသော အတွေးတစ်ခုကြောင့်တော။ နန္ဒာ နှုတ်ခမ်းလေးမဲ့ကာ ပြုံးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ နေစံ၊ မင်းက ငါပေးမယ့်ငွေတွေထက် ဆောင်း ပိုင်ဆိုင်မယ့်အမွေးတွေကို မက်နေတာလား။ မမျှော်လင့်နဲ့နေစံ၊ မင်းရဲ့ ဆက်ပတ်သက်တာနဲ့ ဆောင်း ဘာမှခံစားခွင့်မှရမှာမဟုတ်ဘူး"

"မမနန္ဒာ ကျွန်တော် အဲဒီငွေတွေကိုလည်း မမက်မောဘူး"

"မင်းစိတ်ကို ငါမြင်တယ်နေစံ၊ အလိုကြီး အရနည်းတတ် တယ်တဲ့၊ ရွှေဥ ဥပေးနေတဲ့ ငန်းမကို သတ်မိလို့ သေရာပါနောင်တ တွေ ရသွားတဲ့ ငမိုက်သားကြီးလို မင်းဖြစ်မှာစိုးလို့ သတိပေးနေတာ"

"တော်တော့ မမနန္ဒာ၊ အချစ်ဆိုတဲ့ခံစားချက်ကို မမနန္ဒာ မခံစားတတ်တော့ ကျွန်တော် ဘာမှရှင်းမပြချင်ဘူး။ ကျွန်တော် ရန်ကုန် ပြန်တော့မယ်"

"မင်းပြန်မယ်ဆို တို့ငွေတစ်သိန်းပေးလိုက်မှာပါ။ အဲ နောက် ထပ် အစီအစဉ်အတွက်"

"ဆောရီးပဲ မမနန္ဒာ၊ ကျွန်တော် မမဆီက တစ်ပြားတစ်ချပ်မှ မယူပါဘူး။ အဲဒါ ဘာလို့လဲဆိုတော့ မမဆောင်းကို ကျွန်တော် မြတ် မြတ်နိုးနိုး ချစ်သွားလို့ ကျွန်တော့်ဘဝမှာ အလိုအပ်ဆုံးက မမဆောင်း ရဲ့အချစ်တစ်ခုပဲ"

စကားအဆုံးမှာ နေစံ လှည့်ထွက်သွားသည်။ နန္ဒာ မှင်တက် စွာကျန်ရစ်ခဲ့၏။ ရင်ထဲမှာတော့ အလိုမကျဒေါသတွေ စုပြုံကျပ်ခဲနေ သည်။





အခြေအနေတွေက သူမ တောင့်တသလိုဖြစ်ခဲ့သည်။ ဒါပေ မဲ့ မျှော်လင့်ထားသည်ထက်တောင် လွန်သွားတာကအမှန်။

နန္ဒာပေးမည့် ငွေတွေတောင် ငြင်းပယ်ပြီး နေစံ ရန်ကုန်ပြန် မည်တဲ့။ ဒါ ဆောင်းဆီကလွဲလို့ ဘယ်ကိုမှ မဖြစ်နိုင်ပါ။ ဒါဆို ဘာတွေဆက်ဖြစ်လာမှာလဲ။

ဆောင်းနှင့်နေစံကို မခွဲနိုင် မခွာရက်အောင် ချစ်သွားကြမည် လား။ ဒါဆိုရင်တော့ ဘဘရဲ့ဒေါသတွေ အထွဋ်အထိပ်ရောက်ကုန်မှာ မလွဲ။

ဆောင်းအတွက်တော့ ဘဘရဲ့အမုန်းတရားနဲ့အတူ အမွေ တွေကိုပါ ဆုံးရှုံးရတော့မည်။

နင် ဒီလောက်အထိ မိုက်မဲမှာလား ဆောင်း။ နေစံ နင်က ရော မျှော်လင့်ချက်တွေနဲ့ ဆောင်းကို အရယူဖို့ ကြံတာလား။ နင့် ဦးနှောက် ဒီလောက်အထိ စဉ်းစားချက် မမှဲ့လောက်ပါဘူး။

ဘဘဦးထွဋ်ခေါင်ဆိုတာ ဘယ်လိုလူစားမျိုးလဲ နင်သိပြီး သား။ ဒါနဲ့တောင် ဝါ့ဆီက ငွေကိုတောင် စွန့်သွားခဲ့တာဆိုတော့။

အချစ်အတွက်နဲ့ အမှောင်မိုက်ဆုံးတွင်းထဲခုန်ချဖို့ သတ္တိတွေ ရှိရင့်နေတာဆိုရင်လည်း –

ဇာတ်သိမ်းကို ငါစောင့်ကြည့်ချင်သေးတယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

ဆောင်း ပြန်သွားပြီး နောက်တစ်ရက်မှာပဲ နေမင်းစံ ပြန်သွားသည်ဆိုတော့ မေမေ နန္ဒာ့ကို စိုးရိမ်စွာ မေးခွန်းထုတ်လာ၏။

"ဒီကောင်လေး အလုပ်တွေပစ်ပြီး ပြန်သွားတာ မရိုးဘူးထင်တယ် သမီး"

"ဘယ်သူ့ကိုပြောတာလဲ မေမေ"

"နေစံလေးလေ၊ မေမေ့ကို နှုတ်ဆက်ပြန်သွားပြီ"

နန္ဒာ ယဲ့ယဲ့ကလေး ပြုံးရင်း -

"မဆန်းပါဘူး မေမေရယ်၊ နေစံဆိုတဲ့ကောင်က ကောင်းတဲ့ကောင်မှ မဟုတ်တာ၊ မေမေတို့ သမီးတို့ ထင်ထားသလို သူ ပြင်ဦးလွင်မှာ အလုပ်လာလုပ်တယ်ဆိုတာ ဘကယ်မဟုတ်ဘူး"





"ဘယ်လို သမီး"

"ဟုတ်တယ်၊ ဘာအလုပ်အကိုင်မှမရှိဘူး။ တည်းလို့ကောင်းအောင် ညာနေတာ၊ သမီးသိတာတောင် မကြာသေးဘူး"

"ဟင် ဟုတ်လား၊ ဒါဆို သူပြန်တာ ဆောင်း, ဆောင်းလေး နောက်ကို လိုက်နှောင့်ယှက်မလို့လားကွယ်"

မေမေ့စကားကြောင့် နန္ဒာ မျက်နှာလေးမဲ့ကျသွားအောင် မဲ့ချုပစ်ရင်း -

"နေစံ လိုက်နှောင့်ယှက်ချင်တိုင်း နှောင့်ယှက်လို့ရတာမှ မဟုတ်တာပဲ မေမေရယ်၊ အဓိက,က ဆောင်းပဲလေ၊ သူလက်မခံရင် နေစံတောင် ဒုက္ခရောက်သွားဦးမယ်"

"ဒါပေမဲ့ ဆောင်းလေးအတွက် မေမေစိတ်ပူတယ်၊ သမီးတို့ဘာ သိရင်လည်း စိတ်ဆင်းရဲဦးမှာ သေချာတယ်၊ ဒုက္ခပါပဲကွယ်"

"မေမေ ဘာလို့ ဒီလောက်အထိပူပန်နေရတာလဲဟင်၊ ဘာဘက ဆောင်းကို အပြတ်ပြော ဆုံးမထားတာပဲ၊ သူမိုက်ရင် သူခံရမှာပေါ့၊ မေမေ့ကြားက အနေသာကြီးပဲဥစ္စာ"

"ဒီလိုလည်း ဘယ်ဟုတ်မလဲ သမီးရယ်၊ ဆောင်းလေး ဒုက္ခရောက်မှာစိုးတယ်၊ ဒီကောင်လေးစရိုက်က မကောင်းဘဲ"

"ဆောင်းသွေးခင်က မေမေ့ရဲ့သမီးထက် တော်တယ်၊ ထက်ပါတယ်မေမေ၊ ဒါမှ ဆင်ခြင်တုံတရားကင်းမဲ့ရင် ဘာတတ်နိုင်



www.burmeseclassic.com

www.burmeseclassic.com



မှာလဲ''

နန္ဒာ မကျေမနပ်ကလေးပြောကာ ထွက်ခဲ့သည်။ မေမေ ပင့်သက်မောလေးရှိုက်ကာ ကျန်ရစ်ခဲ့မှန်း လှည့်မကြည့်ဘဲသိသည်။

ဆောင်းအပေါ် တူမတစ်ယောက်ထက်ပိုမိုသောသံယောဇဉ် တို့ မေမေ့မှာရှိတာ နန္ဒာ နားလည်ပါသည်။ ဒါက ဆောင်းရဲ့ရှေးဘ ကုသိုလ်ကံကောင်းမှုကြောင့်လားလို့ တစ်ခါတစ်ရံ နန္ဒာ ဝန်တိုမနာ လိုဖြစ်မိ၏။ အမှားတစ်ခုကို ဆောင်း ကျူးလွန်ခဲ့တာတောင် ဘဘက ဒေါသတို့ မျိုသိပ်ဆုံးမခဲ့သည်။ မေမေက ကာဆီးဖျောင်းဖျသည်။

ဆောင်းလိုအမှားမျိုး နန္ဒာ လွန်ကျူးခဲ့ရင်တော့ ဘဘ ခွင့် လွှတ်မည်လား။ မထင်ပါ။ နန္ဒာ့ကို ဆူပူကြိမ်းမောင်းမှာ သေချာလှ၏။

အခု ဘဘ ဆုံးမသတိပေးထားသည့်ကြားက ဆောင်း ထပ်ပြီး မှားခဲ့လျှင်ရော ဘဘ ဘယ်လိုဆုံးဖြတ်မည်လဲ။

သားအရင်းအချာဖြစ်သော ဆောင်းရဲ့အဖေ ဘဘသဘော မကျသော မိန်းကလေးနှင့် အိမ်ထောင်ပြုသွားတော့ ဘဘ ဥပေက္ခာ ပြုခဲ့တာ အခုအချိန်အထိဖြစ်သည်။

ဆောင်းကိုတော့ သားကိုယ်စား ဘဘ ချစ်ခဲ့သည့်ထင်၏။ ချစ်သောမြေးက အဖေ့ခြေရာနင်းကာ ဘဘရင်ကို ခွဲသွားလျှင် - ဆောင်း နှင့် ဘယ်လို ရွေးချယ်ဆုံးဖြတ်မလဲဆိုတာ။

✿ ✿ ✿



အခန်း (၁၅)

''ဘဘ ဆောင်း ဆောင်းလေး ယောကျ်ားနောက်လိုက်သွား ပြီ ဟုတ်လား''

ဘဘ ဖုန်းခန်း ထရပ်ကာ မယုံကြည်သလို ရေရွတ်သည်။ မဖြစ်မနေအသိပေးရသည့် မေမေ့မျက်နှာကလည်း သွေးဆုတ်ဖြူ ရော်နေ၏။

ထိုမျှလောက်အထိ လျင်မြန်စွာ ဖြစ်လာမည်ဟု ထင်မှတ် မထားမိသော နန္ဒာလည်း နှုတ်ဆိတ်လို့ ဘဘကို ငေးကြည့်နေမိဆဲ။

ဘဘ အံကြိတ်ကြိတ် လက်သီးတွေ တင်းတင်းဆုပ်လျက် မျက်နှာကြီး ရဲရဲနီနေသည်။

''ဖေဖေ ဖေဖေ စိတ်ထိန်းပါနော်''



www.burmeseclassic.com

www.burmeseclassic.com



မေမေက စိုးရိမ်စွာ တီးတိုးသတိပေးသည်။ ဘဘ ပင့်သက်ကြီးချလိုက်တော့ ခန္ဓာကိုယ်ပါ အရုပ်ကြိုးပြတ် ပုံလဲကျသွား၏။

"ဟင် ဖေဖေ ဖေဖေ လုပ်ပါဦး သမီး"

"ဟင် ဘဘ ဘဘ"

ဒီလောက်အထိ ဘဘ ခံစားသွားမည်ဟု နန္ဒာ မထင်ခဲ့မိပါ။ ဘဘကို စိုးရိမ်တကြီးထွေးပွေ့ထားသော မေမေ့ရင်ခွင်ထဲမှ လက်ကောက်ဝတ်သွေးကြောကို စမ်းကြည့်သည်။

"သတိလစ်သွားတာ မေမေ၊ သမီး ဆရာဝန်ကြီးကို ဖုန်းဆက်ခေါ်လိုက်မယ်နော်"

"မြန် မြန်မြန်ခေါ်သမီး ဖေဖေ ဖေဖေ"

မေမေ စိုးရိမ်စွာအသံတွေတုန်ခါနေခဲ့သည်။ နန္ဒာလည်း ဖုန်းဆက်ခေါ်နေပေမယ့် လက်ချောင်းလေးတွေ တုန်ခါနေခဲ့၏။ ဘဘကို ဘာမှမဖြစ်စေချင်တာ အမှန်။ နန္ဒာရည်ရွယ်တာ ဆောင်းအပေါ်မှာ ဘဘရဲ့အချစ်တွေ လျော့ပါးသွားစေချင်တာတစ်ခုပဲဖြစ်သည်။

ဘဘ ထိခိုက်နာကျင်စေလောက်အောင် ရည်ရွယ်ချက်မရှိခဲ့။ ဘဘ ဘာမှမဖြစ်ပါစေနဲ့။

✿





"နှလုံးရောဂါအခံရှိတော့ ဒီလိုပဲ စိတ်လှုပ်ရှားလွယ်တဲ့ကိစ္စတွေက အန္တရာယ်ရှိတယ်၊ ဒါမျိုးမဖြစ်အောင် ဂရုစိုက်ပါ၊ ပြောစရာစကားတွေဆိုလည်း သူ တဖြည်းဖြည်းခံစားနားလည်အောင် ပြောပြသင့်တယ်"

ဆရာဝန်ကြီးက လိုအပ်သမျှ ကုသပေးရင်း မေမေနှင့်နန္ဒာကို မှာကြားအကြံပေးသည်။ ဘဘ သတိပြန်ရလာတော့ မေမေနှင့်နန္ဒာ ဝမ်းသာစွာ ဘဘအနားမှာပဲ တစ်ဖဝါးမခွာ ရှိခဲ့ကြသည်။

"ဖေဖေ သက်သာတယ်နော်"

"အင်း သက်သာတယ်သမီး၊ မြေး ငါ့မြေးနန္ဒာ"

"ရှင် ဘဘ သမီးရှိပါတယ်"

"အေး ဘဘအနားမှာ သမီးတို့နှစ်ယောက်ရှိတာ ဘဘ ကျေးဇူးတင်ပါတယ်၊ ဘဘအပေါ်မှာ အနီးကပ် အမြဲတမ်းရှိခဲ့တာ သမီးတို့သားအမိပါပဲ၊ ဒါပေမဲ့ သမီးတို့ထက် ဆောင်းသွေးခင်အပေါ် ဘဘက သံယောဇဉ်ပိုခဲ့တယ်"

"ဖေဖေ အဲဒါတွေ မေ့ထားပါနော်"

မေမေက ကြားဝင်စိုးရိမ်စွာတားတော့ ဘဘက လက်ကာပြရင်း -

"ဖေဖေသိပြီသမီး သံယောဇဉ်တွေ ကြီးမားလွန်းတာ ဒုက္ခ



www.burmeseclassic.com

www.burmeseclassic.com



ကြီးပဲ၊ အကြီးကောင်အပေါ် ဖေဖေ ဥပေက္ခာပြုခဲ့သမျှ သူ့သွေးသား ဆောင်းသွေးခင်အပေါ် နှောင်တွယ်ခဲ့တယ်၊ အဲဒီနှောင်တွယ်မှုတွေ ကြီးမားလို့ ဖေဖေ ဒုက္ခရောက်ရတယ်၊ သောက၊ မောဟတွေ တိုးရ တယ်၊ ဖေဖေ ဆင်ခြင်နိုင်ပါပြီ သမီးရယ်''

ဘဘနှုတ်မှ သံဝေဂစကားတွေကို နားထောင်ရင်း နန္ဒာ ဘဘကို သနားမိသည်။ ဘဘအသက်က ရှစ်ဆယ်နားနီးပြီ သံယော ဇဉ်တွေနှင့် သမုဒယတွေထဲက ရုန်းမထွက်နိုင်ခဲ့။

ဆောင်းအပေါ်မှာ နှောင်တွယ်ဆုံးဆိုတာလည်း ဘဘရဲ့ နှုတ်က ဝန်ခံနေခဲ့၏။

''ဆောင်းလေးဘဝကို မြင့်မားတိုးတက်စေချင်လို့ ဖေဖေ အလေးထားဂရုစိုက်ခဲ့တယ်၊ ဒါကိုမှ သူ မနာခံနိုင်တော့ ရှိစေတော့ ဖေဖေ သံယောဇဉ်ဖြတ်လိုက်ပြီ၊ သမီးလေး နန္ဒာက လိမ္မာပါတယ်၊ သမီးမေမေ စိတ်ချမ်းသာအောင် နေပါလို့ ဘဘ မှာပါရစေကွယ် နော် သမီး''

''ဟုတ်ကဲ့ ဘဘ၊ ဘဘနဲ့မေမေ့စကားကို သမီး အမြဲနား ထောင်မှာပါ''

''လိမ္မာလိုက်တဲ့ မြေးရယ်၊ ငါ့မြေးလိမ္မာတာ ဘဘသိပါ တယ်၊ ဘဘကို အမြဲနားလည်ပေးခဲ့တဲ့ မြေးဆိုတာ ဘဘ အသိအ မှတ်ပြုပါတယ်ကွယ်''





နန္ဒာ့ကို ချီးမွမ်းစကားတွေဆိုရင်း နန္ဒာ ခေါင်းလေးကို ဘဘ ကြူလို့သောလက်ချောင်းလေးတွေနှင့် ပွတ်သပ်နေတော့ နန္ဒာ မျက် ရည်တွေတောင် ဝဲလာမိသည်။

ဘဘဆီက ဒီလိုယုယကြင်နာမှုမျိုး နန္ဒာ အများကြီးပိုင်ဆိုင် ချင်ခဲ့သည်။ အခုတော့ ဘဘရဲ့ယုယကြင်နာမှုတွေကို နန္ဒာ ရခဲ့ပြီ။

ဒါ ဆောင်းအနားမှာ မရှိတော့လို့လား။

ဆောင်းအပေါ် ဘဘ မုန်းတီးနာကြည်းသွားပြီလား။ တွေး ရင်း နန္ဒာ မလုံသလို ခံစားမိတာလည်း အမှန်။

တကယ်ဆို ဒီအခြေအနေတွေကို စတင်နိဒါန်းပျိုးခဲ့တာ သူမကိုယ်တိုင်ပါပဲ။ ဒါပေမဲ့ ဆောင်း နေစံကို မိုက်မဲစွာခိုးရာလိုက်သွား သည်အထိတော့ နန္ဒာ မရည်ရွယ်ခဲ့ပါ။

ဆောင်း နေစံနောက်ကို လိုက်သွားသည်ဆိုသောသတင်းကို ရန်ကုန်က ဆောင်းဖခင် အကြောင်းကြားတော့ နန္ဒာ လုံးဝမယုံခဲ့။

''တောက် သိပ်မိုက်တဲ့သမီး၊ ဖေဖေသိရင် ခွင့်မလွှတ်တာ ငါသိတယ် ညီလေး၊ သင်းကို ငါလည်း လုံးဝသေခန်းပြတ်ပဲ''

ဆောင်းဖေဖေ့ရဲ့ နာကြည်းဒေါသတွေကို မေမေက နန္ဒာ့ကို ပြန်ပြောပြခဲ့သည်။ တူမဖြစ်သူရဲ့ ဒုက္ခတွေကို မေမေတွေးရင်း ရင်မော နေခဲ့တာလည်း နန္ဒာ သိခဲ့သည်။

''ဆောင်းဘဝလေး သွားပြီကွယ်၊ နေစံလေးက အလုပ်



www.burmeseclassic.com

www.burmeseclassic.com



အကိုင်မရှိ၊ ဆောင်းလေးပညာရေးကလည်း တစ်ပိုင်းတစ်စနဲ့ နှမြော စရာပဲ၊ အစ်ကိုတို့ကလည်း အပေါ်စိတ်နာပြီး ပစ်ထားတယ် သမီး"

မေမေ့စကားတွေ နားထောင်ရင်း ဆောင်းကိုပါ နန္ဒာ သနား လာရပြန်သည်။ တကယ်တမ်း ဆောင်း ဒုက္ခတွေပေနေပြီဆိုတော့ လည်း နန္ဒာ မနေနိုင်ပါ။ ဟိုးငယ်ငယ်ကတည်းက အတူကြီးပြင်းလာခဲ့ တဲ့ ညီအစ်မတွေ၊ တစ်ဝမ်းကွဲဆိုပေမယ့် အရင်းအချာလို ရှိခဲ့ကြသည်။

နေစံဆိုသည့်ကောင်က ဆောင်းရဲ့အမွေတွေကိုမက်လို့ မရ ရအောင်ယူလိုက်တာ ဖြစ်မည်။ အခုလိုအခြေအနေတွေ ရင်ဆိုင်နေရ ပြီဆိုတော့ နေစံ မုန်းချက်နှင့်နှမ်းထွက်မကိုက်တော့ဘဲ ဆောင်းကို အနိုင်ကျင့်ရက်စက်နေတော့မှာ သေချာသည်။

ဆောင်းရယ် ငါ့ကို ခွင့်လွှတ်ပေးပါ။

✿ ✿ ✿



## အခန်း (၁၆)

ဘာဘာရော မေမေပါ နန္ဒာ ရန်ကုန်သွားသည်ဟု မသိပါ။ သူငယ်ချင်းတွေနှင့် ဘုရားဖူးထွက်သည်ဟုပဲ ယုံကြည်ထားကြ၏။

တကယ်တမ်းကျ နန္ဒာရောက်ခဲ့တာ ရန်ကုန်၊ ဆောင်းနှင့်နေစံ တို့သတင်းကို စုံစမ်းလိုက်တော့ မင်္ဂလာဒုံဘက်မှာ နေကြသည်ဟု ကြားသည်။

နန္ဒာ စုံစမ်းမေးမြန်းရင်းရောက်ခဲ့သည်က ဆောင်းတို့ ငှား နေကြသည်ဆိုသော အိမ်ခန်းလေးကိုဖြစ်သည်။ နှစ်ထပ်ပျဉ်ထောင် အိမ်ကြီးရဲ့အောက်ထပ်ကို ဆယ်ပေခန်းနှစ်ခွဲကာ အိမ်ရှင်တွေက ငှား ထားတာဖြစ်၏။

ကျဉ်းကျဉ်းမြောင်းမြောင်း အခန်းလေးထဲမှာ ဆောင်းကို



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရတော့ နန္ဒာတောင် မျက်ရည်ဝဲချင်သည်။

"ဟယ် နန္ဒာ နန္ဒာ"

ဆောင်း ဝမ်းသာအံ့ဩစွာ ရေရွတ်ရင်း နန္ဒာ့ကို ပြေးဖက်သည်။

"ဆော.င်း ဒါ နင်တို့အိမ်လားဟင်"

"အင်း အဲ ငါတို့ငှားနေကြတာလေဟာ၊ စပေါ်ငွေတော့ မပေးရဘူး၊ တစ်လ တစ်ရာနဲ့ သုံးလတစ်ခါပေးရတာ"

ဆောင်းမျက်နှာလေးက နန္ဒာမျှော်လင့်ထားသလို သောကရိပ်တွေ ရှိမနေခဲ့ပါ။ အခန်းလေးထဲကို နန္ဒာရောက်တော့ စိတ်ထဲမှာ မွန်းကျပ်လှောင်ပိတ်နေသလို ခံစားရ၏။

ဆောင်းနေထိုင်ခဲ့သော ပြင်ဦးလွင်က ခြံကြီးနှင့်ကတော့ နှိုင်းရက်စရာမရှိအောင် ကွာခြားသည်။ ဒီဘဝမှာ ဆောင်း ပျော်နေတာလား။

"ဆောင်းရယ်၊ ငါ စိတ်မကောင်းလိုက်တာ"

"အဟင်း နန္ဒာ စေတနာကို တို့နားလည်ပါတယ်၊ ဒါပေမဲ့ ဆောင်း နောင်တမရချင်တော့ဘူး၊ ရွေးချယ်ပြီးခဲ့ပြီပဲလေ"

"ဘယ်လို ဆောင်း ရွေးချယ်ပြီးပြီ ဟုတ်လား"

"ဟုတ်တယ်လေ၊ နှလုံးသားနဲ့ဦးနှောက် ရွေးချယ်မှုမှာ နှလုံးသားကို ဆောင်း ဦးစားပေးလိုက်တာပဲ"





"နင် နောင်တရနေပြီလားဟင် ဆောင်း"

"ဟင့်အင်း မရပါဘူး နန္ဒာရယ်၊ တစ်ခုပဲ ဝမ်းနည်းမိတာ၊ ဘဘနဲ့မေမေတို့ မကြည်ဖြူတဲ့ကိစ္စကို ဖွတ်တိုးမိတာအတွက်ပါ"

"ဆောင်း နေစံရောဟင်၊ သူရော နင့်ကို တကယ်ချစ်ရဲ့လား"

နန္ဒာမေးတော့ ဆောင်း ရှက်ပြုံးလေးနှင့် ခေါင်းညိတ်သည်။

"နေစံက ငါ့ကို တကယ်ချစ်တာ ငါယုံတယ်နန္ဒာ၊ ရန်ကုန်အထိ သူရောက်လာပြီး ငါ့ကို ဝန်ခံခဲ့တယ်"

"ဟင်"

နန္ဒာ့ရင်ထဲ ယိတ်ခနဲဖြစ်သွား၏။ နေစံ ဘာတွေဝန်ခံလိုက်တာလဲ။ နန္ဒာ စေခိုင်းခဲ့တာတွေကို ဆောင်း သိနေပြီလား။

"သူ့မှာ ဘာအလုပ်မှမရှိတဲ့အကြောင်း၊ ဒါပေမဲ့ ငါ့ကို တကယ်မြတ်နိုးတယ်ဆိုတာ သူ ကျိန်တွယ်ပြောတယ်၊ သူ့ရင်ထဲကို ငါ မြင်နိုင်တယ် နန္ဒာရယ်၊ ငါ့ကို သူ တကယ်ချစ်တယ်ဆိုတာယုံလို့ ငါ သူ့နောက်လိုက်ခဲ့တာ"

ဆောင်း အပြုံးမျက်နှာလေးနှင့် ပြောနေတော့ နန္ဒာ အံ့ဩနေမိ၏။ နေစံက အားလုံးကို ဖွင့်မပြောခဲ့တာပဲ ကျေးဇူးတင်ရတော့မလိုလို။

"အခု နေစံရောဟင် ဆောင်း"



www.burmeseclassic.com

www.burmeseclassic.com



"သူ အလုပ်သွားတယ်လေ နန္ဒာရဲ့၊ ကုမ္ပဏီလူယုံတော် မဟုတ်ဘူးနော်၊ အဟင်း အခု ဆောက်လုပ်ရေးဆိုဒ်မှာ လက်သမား လုပ်နေတာ၊ ညနေဘက်နဲ့ညပိုင်းမှာ ဆိုက်ကားနင်းတယ်"

"ဟင်"

"အံ့ဩသွားသလား နန္ဒာ၊ နေစံက သူ့အပင်ပန်းခံငွေရှာ နေတာ ငါ ကျောင်းဆက်တက်ဖို့တဲ့၊ လက်သမားလုပ်တာက တစ်နေ့ နှစ်ဆယ့်ငါးကျပ်လုပ်ခရတယ်၊ ညဘက်ဆိုက်ကားနင်းတာက တစ်ဆယ်လောက်တော့ ရတယ်ဟ၊ အခု ငါကျောင်းတက်ဖို့တဲ့ ငွေ စုထားတယ်"

ဆောင်းစကားတွေကို နားထောင်ရင် နန္ဒာ မယုံကြည်နိုင် အောင်ဖြစ်နေသည်။ နေစံက ဒီလောက်အထိ ပြောင်းလဲသွားသည် လား။ ဆောင်းအတွက် နေစံ ရည်ရွယ်ချက်တွေက ဒီလောက်အထိ ကြီးမားလွန်းသည်လား။

"ငါရွေးချယ်လိုက်တဲ့ဘဝလေးက ကျေနပ်စရာပါ နန္ဒာ၊ ဒါပေမဲ့ ဘဘနဲ့ဖေဖေတို့အပေါ်မှာတော့ ငါ အမှားကြီးကျူးလွန်ခဲ့တာ ပေါ့၊ နေစံကလည်း နားလည်ပါတယ်၊ အဟင်း၊ သူ့မိန်းမအတွက် သူ့ချွေးနဲ့ ဆရာဝန်ကြီးဖြစ်စေရမယ်တဲ့"

ဆောင်းစကားတွေကို နန္ဒာ မှင်တက်စွာ နားထောင်နေမိသ၊ နန္ဒာ စိုးရိမ်ပူပန်နေသည့်ဘဝမျိုး ဆောင်း ကြုံဆုံနေရတာ





မဟုတ်ပါလား။

"ဟော မောင် အဲ့ နေစံ ပြန်လာပြီ နင်ရောက်နေတာသိရင် သူ ဝမ်းသာသွားလိမ့်မယ်"

"မ မရေ မ ဟင် မမနန္ဒာ"

"ဟုတ်တယ် မောင်ရဲ့၊ နန္ဒာ ရောက်နေလို့"

"မသိပါဘူးကွာ၊ မ,ကို အိမ်ရှေ့မှာ မတွေ့တော့စိုးရိမ်သွား တာ၊ မမနန္ဒာ ဘယ်ကဘယ်လို ရောက်လာတာလဲဟင်"

"ဆောင်းကို သတိရလို့ တွေ့အောင်ရှာဖွေလာတာ နေစံ"

နေစံမျက်ဝန်းတွေက နန္ဒာကို မယုံသင်္ကာကြည့်ရင်း –

"ဘဘတို့ လွှတ်တာတော့ မဟုတ်ပါဘူးနော်၊ မယ်ဆောင်းကို ပြန်ခေါ်မသွားပါနဲ့နော်"

"တို့ ဒီကိုလာတာ ဘဘရော မေမေပါ မသိပါဘူး နေစံ ရယ်၊ ဆောင်းတို့ အဆင်မပြေရင် ကူညီချင်လို့ တို့ တွေ့အောင်ရှာဖွေ လာခဲ့တာပါ"

"ကျေးဇူးတင်ပါတယ် မမနန္ဒာ၊ ကျွန်တော်တို့ အဆင်ပြေ ပါတယ်၊ အဲ မချမ်းသာတောင် ပြည့်စုံအောင် ကျွန်တော် ကြိုးစားနေ ပါတယ်"

မာနရိပ်ထင်သော နေစံစကားကြောင့် နန္ဒာ ခေါင်းလေးပဲ ညိတ်ပြမိ၏။ ဘာပဲဖြစ်ဖြစ် ဆောင်းအပေါ်မှာ နေစံ့စိတ်ရင်းက ဖြူစင်



www.burmeseclassic.com

www.burmeseclassic.com



စွာ ချစ်ခဲ့တာဆိုတာကို နန္ဒာ ယုံကြည်မိ၏။

ထိုနေ့က နန္ဒာပြန်တော့ နေစံက ဆိုက်ကားနှင့် ကားဂိတ်အထိ လိုက်ပို့ပေးသည်။

''မမနန္ဒာ မမကို ဘာတွေပြောမိသေးလဲဟင်''

''တို့ ဘာမှမပြောဖြစ်ဘူး နေစံ''

''ကျေးဇူးပဲဗျာ၊ ကျွန်တော်တို့ကိစ္စ မမ မသိစေချင်ဘူး။ မမစိတ်မှာ ဒဏ်ရာဖြစ်သွားမှာစိုးလို့ပါ။ မမကို ကျွန်တော် တကယ်ချ တယ်ဆိုတာ မမနန္ဒာ ယုံပါ၊ ကျွန်တော်လိုချင်တာ မမရဲ့အချစ် တခု တည်းပါ၊ ဘာမှမလိုအပ်ဘူး၊ မမကိုလည်း ဆရာဝန်မကြီးဖြစ်တဲ့အထိ ကျွန်တော် တာဝန်ယူနိုင်ပါတယ်၊ မမနန္ဒာ ယုံပေးပါ''

''ယုံတယ် နေစံ၊ အရမ်းလည်း ကျေးဇူးတင်တယ်၊ တို့လာ တာ မင်းတို့လိုအပ်တာ ကူညီဖို့ပါ၊ ဒါပေမဲ့ တို့ယုံသွားပြီ၊ မင်းရင်ထဲကို တို့မြင်လိုက်လို့ပဲ''

''မမနန္ဒာ ယုံပေးတဲ့အတွက် ကျေးဇူးတင်တယ်ဗျာ၊ တကယ် ကျွန်တော် မမကို တစ်သက်လုံး မြတ်နိုးသွားမှာပါ''

နေစံမျက်ဝန်းတွေထဲမှာ တည်ကြည်သောစကားတို့အတွက် နိုင်မာစွာ ဆိုနေခြင်းဟု နန္ဒာ ယုံပါသည်။

''နေစံ တို့တွေ စိတ်စေရာအတိုင်း ပြုခဲ့တာကို သင်ပုန်းချေ လိုက်ကြစို့ကွာ၊ ဆောင်းနဲ့တို့က ညီအစ်မတွေဆိုတော့ မင်းကလည်း





တို့မောင်လေး ဖြစ်သွားပြီ''

နေစံ ကျေနပ်စွာ ပြုံးရင်း ခေါင်းညိတ်သည်။ နန္ဒာရင်းမှ အမုန်းတရားတို့သည်လည်း ပြယ်လွင့်ခဲ့ပြီဆိုတာ သေချာ၏။

ဆောင်းရဲ့နှလုံးသားလေးက ဘယ်အရောင်မှ အဆိုးမခံရ အောင်ကို ဖြူစင်လွန်းခဲ့တာပါ။ နေစံဆိုတဲ့ကောင်လေးရဲ့နှလုံးသား လေးတောင် ဖြူစင်သွားတဲ့အထိ ဆောင်းက ရိုးသားခဲ့သည်။

နန္ဒာ နှလုံးသားကသာ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

"ရှင် ဘယ်ကို မေမေ၊ ဆောင်းတို့ကို ဘဘက ပြန်ခေါ်နိုင်နေတယ် ဟုတ်လား"

နန္ဒာ ဘယ်လိုမှ မယုံကြည်နိုင်စွာ မေးမိတော့ မေမေ မထူဆန်းသလို ပြုံးကာ ခေါင်းလေးကို ညိတ်ပြသည်။

"ဟုတ်တယ် သမီးရဲ့။ မေမေတော့ ထင်ပါတယ်၊ မေမေ သူ့မြေးကို ဥပေက္ခာပြုမထားနိုင်ဘူးလို့၊ ဒါပေမဲ့ ဒီလောက်အထိ မြန်မြန်ဆန်ဆန်ကြီး ခေါ်မယ်လို့ မေမေလည်း ထင်မထားဘူး"

မေမေ အံ့ဩသည်ဆိုထားတက် နန္ဒာက ပိုလို့တောင် အံ့ဩမိတာ အမှန်။ ဆောင်းရဲ့လုပ်ရပ်အတွက် ဘဘ ခွင့်မလွှတ်နိုင်အောင် ခံခဲ့ရတာ နန္ဒာတို့ အသိဆုံးဖြစ်သည်။ အခုတော့ ဆောင်း ထင်ရ





နိုင်းသွားတာ တစ်လကျော်လေးပဲ ရှိသေး၏။

ဘဘ စိတ်ပြေသွားကာ ဆောင်းတို့လင်မယားကို ခေါ်နိုင်းနေသည်ဆိုတော့ ယုံနိုင်စရာတောင်မရှိ။

"ဘဘ ဘာလို့ ဒီလောက် စိတ်ပြောင်းသွားတာလဲ မေမေ၊ ဆောင်းကိုတင်မကဘူး နေစံကိုပါ ခေါ်နိုင်းတယ်ဆိုတော့ ဘာကြောင့်ပါဟင်"

"ကြည့် သမီးရယ်၊ ဆောင်းလေး ဒုက္ခရောက်နေမှာ ဖေဖေ တွေးမိမှာပေါ့ကွယ်"

ဆောင်းကို ဒုက္ခရောက်နေသည်ဟု ဘဘ ထင်နေသည်တဲ့လား။ ဆောင်းက နေစံနဲ့အတူ ကျေနပ်ပျော်ရွှင်နေတာကို နန္ဒာပဲ သိသည်။ ဘဘရော မေမေပါမသိတော့ ထင်ကောင်းထင်ကြမည်။

"အခု သမီးဘဘက သူတို့လင်မယားကိုခေါ်ပြီး အမွေတွေ ခွဲရေးဝင်လွှဲပေးမယ်တဲ့၊ မောင်နေစံကိုလည်း ဆောင်းလေးကို မယား မှတ်မှတ် ပေါင်းသင်းဖို့ သူကိုယ်တိုင် ဆုံးမ,စကားပြောချင်နေတယ်"

မေမေ့စကားတွေကို နားထောင်ရင်း နန္ဒာ့ရင်ထဲမှာ ခံရခက်ခက်ဖြစ်လာရသည်။ ဆောင်းနဲ့ပတ်သက်ရင် ဘဘရဲ့စိတ်က ဒီလောက်အထိ ပျော့ညံ့လွန်းနေသည်လား။

ဘဘ တားမြစ်ထားသည့်ကြားက ဆောင်း သူ့ဆန္ဒအတိုင်း လုပ်သွားခဲ့၏။ ဒါကို ဘဘက လွယ်ကူစွာပဲ မေ့ပစ်ခွင့်လွှတ်ခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com



သိပ်ကို မြန်ဆန်လွန်းသည်။

"သမီး အရမ်းအံ့သြတယ် မေမေ၊ ဘဘက ဆောင်းကို အဲဒီလောက်ထိအောင် အလွယ်တကူ ခွင့်လွှတ်လိုက်တာ"

"ဩော် သမီးရယ်၊ ဆောင်းလေးအတွက်တော့ ဝမ်းသာစရာပါကွယ်၊ ပညာရေး တစ်ပိုင်းတစ်စနဲ့ နှမြောဖို့ ကောင်းပါတယ်ကွယ်၊ သမီးဘဘကလည်း စွန့်၊ မိဘတွေကလည်း ဥပေက္ခာပြုတော့ သူတို့ဒုက္ခရောက်နေမှာ သေချာတယ်"

"မေမေကလည်း ဆောင်းကို သံယောဇဉ်ကြီးခွင့်လွှတ်ပေးနိုင်တယ်လား"

နန္ဒာ့အမေးကြောင့် မေမေ ခေါင်းလေးမော့ကာကြည့်ရင်း

"သမီးရယ် ဆောင်းလေးက မေမေ့ရဲ့တူမလေးပဲလေကွယ် သူ့ဒုက္ခရောက်နေတာတော့ ဘယ်မြင်ရက်မှာလဲ"

"မေမေတို့ထင်သလို ဆောင်းနဲ့နေစံ ဒုက္ခမရောက်ပါဘူး သူတို့ဘဝကို သူတို့ ပျော်နေကြတယ်"

"ဘယ် ဘယ်လိုသမီး"

မေမေ အံ့သြစွာ မျက်လုံးတွေ ပိုင်းစက်သွားရင် နန္ဒာကို မေးသည်။ ဆောင်းတို့အိမ်လေးကို နန္ဒာရောက်ခဲ့သမျှ ပြောပြတော့ မေမေ ခေါင်းလေးတညိတ်ညိတ် နားထောင်နေရာမှ –

"သမီးစကားအတိုင်းဆို နေစံလေး အတော်ပြောင်းလဲသွား





တာပေါ့၊ ဝမ်းသာစရာပါပဲကွယ်၊ သမီးဘဘ သိရင်တော့ ဝမ်းသာရှာမှာပါ"

နန္ဒာပြောပြလိုက်မှ မေမေက ဆောင်းအတွက် ကျေနပ်ဝမ်းသာနေပြန်၏။ မေမေရော ဘဘပါ ဆောင်းအပေါ်မှာ အမြဲတမ်း စေတနာတွေ ပြည့်ဝလွန်းနေတာ နန္ဒာ အမြဲသတိထားမိသည်။

ဆောင်းက သူမအကြောင်း အမြဲကံကောင်းလွန်းနေတာ အမှန်ပဲဖြစ်သည်။ အခု ဆောင်းလုပ်သလိုမျိုး နန္ဒာ ကျူးလွန်မိလျှင်ရော ဘဘ ခွင့်လွှတ်နိုင်ပါမည်လား။ ဆောင်းကို ခွင့်လွှတ်ပေးသလို ဘဘရဲ့ ခွင့်လွှတ်မှုမျိုး ပိုင်ဆိုင်ရမည်လား။

နန္ဒာ မသိပါ။ ဆောင်းနှင့်ယှဉ်လျှင် နန္ဒာက အမြဲတမ်း ရှုံးနိမ့်နေခဲ့ရတာပဲ ဖြစ်သည်။ အခုလည်းကြည့် ဆောင်းတို့လင်မယား ဒီအိမ်ကြီးပေါ်ကို ရောက်လာကြဦးမည်။

ဘဘရဲ့အမွေတွေကို ဆောင်းပိုင်ဆိုင်ခွင့် ပြည့်ဝစွာရသွားဦးတော့မည်၊ ဒါဆို နန္ဒာလုပ်ခဲ့သမျှ ဘာမှအကျိုးမရှိခဲ့တာကတော့ သေချာသွားပြီ။

တုံ့နှေးတွေးရင်း တစိမ့်စိမ့်တိုးလာသော ခံစားချက်တွေက နန္ဒာ့ရင်ထဲမှာ တဆစ်ဆစ်ပါပဲ။ ဆောင်း နှင်နဲ့ပတ်သက်ရင် ငါ ဘာလို့ အမြဲရှုံးနိမ့်နေရတာလဲ။ ကံကြမ္မာကို ငါ နာကြည်းတယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

ဒီမျက်ခွံတွေကို ရင်ဆိုင်ဖို့ နန္ဒာ မဝံ့ရဲလောက်အောင်ပဲ ဖြစ်နေသည်။ အထူးသဖြင့် နေစံကို ရင်ဆိုင်ဖို့ စိုးရွံ့နေသည်။

ဒီအိမ်ကြီးပေါ်ကို နေစံရောက်အောင် သူမပဲ ခေါ်ခဲ့သည်။ ပြီးတော့ ဆောင်းနှင့်ပတ်သက်သွားအောင် ကြိုးဆောင်ပေးခဲ့သည်။ ဒါတွေက ရည်ရွယ်ချက်တစ်ခုကြောင့်ဖြစ်သည်။

အခုတော့ ထိုရည်ရွယ်ချက်တွေလည်း ဘာတစ်ခုမှ ဖြစ်မလာခဲ့တော့ပါ။ ဘဘရဲ့သံယောဇဉ်တွေ ဆောင်းအပေါ်မှာပဲ ကြီးမားစွာရှိနေတာကိုတောင် နန္ဒာ ပိုလို့မြင်သိလိုက်ရသည့်အခြေအနေ။

"ဒေါ်လေးယု နန္ဒာ နန္ဒာရောဟင်"

"ရှိတယ် သမီး၊ အခန်းထဲမှာထင်တယ်"





"နေ နေ သမီးသွားခေါ်မယ်၊ ဒေါ်လေးယု နေပါ"

ဆောင်း အသံချိုချိုလေးကို နန္ဒာ ကြားနေရသည်။ ခုတင်ပေါ်ကဆင်းပြီး မှန်ထဲ ကိုယ့်ပုံရိပ်ကို ပြန်ကြည့်သည်။ ဖွာလန်ကျဲနေသော ဆံပင်တွေကို ကသောကမျော ဘီးနှင့်ကောက်ဖြီးသင်သည်။

တွန့်ကြေလိပ်တက်နေသော အင်္ကျီခါးစကို ဆွဲချသည်။ ဆောင်းရှေ့မှာတော့ နန္ဒာ့အသွင်ကို အကောင်းဆုံးဟန်ဆောင်ထားသင့်တာ သိနေသည်။

နင့်ကို ငါ ရှုံးနိမ့်ခဲ့တာသေချာပေမယ့် ငါ ဘယ်တော့မှ ခေါင်းငုံ့အရှုံးမပေးချင်ဘူး ဆောင်း။

"နန္ဒာ နန္ဒာ"

"ဆောင်း"

ခေါ်သံနှင့်အတူ အခန်းထဲဝင်လာသော ဆောင်းအသွင်က ဟိုးအရင်ကလိုပဲ လှပကျော့ရှင်းလို့နေမြဲ၊ မျက်နက်ဝန်းလေးတွေထဲအထိ အပြုံးရိပ်သန်းနေသော ဆောင်းသည် အပြာနုရောင် ဝမ်းဆက်လေးနှင့် ရိုးရိုးလေးလှနေ၏။

"မမြင်တာကြာလို့ထင်တယ်၊ ဆောင်း သိပ်လှတယ်"

မှယားမပါသောစကားကို စိတ်မပါဘဲ နန္ဒာဆိုတော့ ဆောင်း မျက်ခမ်းလေးတွေ ကော့နပ်စွာပြုံးသွားရင်း –

"နန္ဒာကလည်း လှပါတယ်ကွာ၊ အင်း နည်းနည်းပိန်သွား



www.burmeseclassic.com

www.burmeseclassic.com



သလိုပဲနော်''

''ထင်လို့ပါကွာ၊ တို့က ဒီဘော်ဒီပဲဥစ္စာ အဟင်း ဟင်း''

အရယ်မျက်နှာနှင့် ဆောင်းပန်းလေးကိုဖက်ကာ ဆိုလိုက်ရ ပေမယ့် နန္ဒာ ပိန်သွားတာတော့ ကိုယ်တိုင်ပဲသိသည်။ ဒီခြံကြီးကို ဆောင်းတို့ ပြန်လာမည်ဆိုကတည်းက စိတ်ဆင်းရဲနေခဲ့တာ နန္ဒာပဲ လေ။

မေမေနဲ့ဘဘကတော့ ညေ့ခန်းထဲမှာ နေစံနှင့်ထိုင်ရင်း စကားတွေ ကောင်းနေသည်။

''လာ လာ သမီးတို့လာကြ၊ ဒီနေ့တော့ ဘဘတို့မိသားစု တွေ စုံစုံညီညီ ထမင်းဝိုင်းလေး စားကြရမှာပေါ့ကွယ်''

ဘဘရဲ့အပြုံးတွေကိုမြင်တော့ နန္ဒာ့ရင်ထဲမှာ ဖျတ်ခနဲ ခံစား လိုက်ရသေးသည်။

နေစံကတော့ ဘဘရှေ့က မျက်နှာချင်းဆိုင် ထိုင်ခုံမှာ ပြုံး ပြုံးလေး ရှိနေသည်။ ဆံပင်တိုတို သေသေသပ်သပ်နှင့် နေစံအသွင် သည် နဂိုထက်တောင်ပိုပြီး နုပျိုချောမောလာသလိုရှိ၏။

ဒါပေမဲ့ အမူအရာတွေက တကယ့်ကို လူကြီးဆန်တည်ငြိမ် နေတာ သေချာသည်။

''မမနန္ဒာ နေကောင်းတယ်နော်''

''အင်း ကောင်းပါတယ် နေစံ၊ မင်းအသားတွေ နည်းနည်း





ညို့မှောင်သွားသလိုပဲနော်''

''ဟုတ်မယ်၊ အလုပ်က နေပူထဲမှာ လုပ်ရတာဆိုတော့ နေလောင်လို့ထင်တယ် မမနန္ဒာ''

နေစံက ရိုးရိုးသားသား ပြောသည်။ ဒါကိုကြားသည့်ဘဘက နေစံကို ကရုဏာသက်သော မျက်ဝန်းတွေနှင့်ကြည့်ရင်း –

''မင်း အခုလိုလိမ်မာပြီး သမီးလေးကို ရှာဖွေကျွေးမွေးနေ တာ သိရတော့ ဘဘ ဝမ်းသာတယ် သား။ မင်းအသက်က ငယ်သေး ပေမယ့် အိမ်ထောင်သည်တစ်ယောက်ဖြစ်ပြီဆိုတော့ ရင့်ကျက်သင့်ပြီ ပေါ့ကွယ်''

ဘဘနှုတ်က သားတွေဘာတွေခေါ်ကာ နေစံကို တရင်း တနှီး ပြောဆိုနေတာဖြစ်တော့ မဆောင်း ကျေနပ်အပြုံးလေးနှင့် ငေး နေသည်။ နန္ဒာကတော့ ညေ့ခန်းထဲက ထွက်သွားချင်လောက်အောင် ဖြစ်နေ၏။

အားလုံးရင်ထဲမှာ အပျော်တွေနှင့် မိသားစု ပြန်ဆုံရသည့်နေ့ လေးအဖြစ် ကျေနပ်နေကြမှာ သေချာ၏။

နန္ဒာ့ရင်ထဲမှာတော့ မနာလိုဝန်တိုခြင်းတွေ တရိပ်ရိပ်တိုးလို့ နေသည်။ တကယ့်ကို ရှက်စရာကောင်းလိုက်တဲ့ ရှုံးနိမ့်မှုကြီးပါပဲ။

ဘဘရဲ့အပြုံးတွေနှင့် မေတ္တာတွေကို ဆောင်း ပြန်လည်ရယူ ပိုင်ဆိုင်သွားခဲ့တာ နေမင်းစံဆိုသော ချာတိတ်ကလည်း ဘဘရဲ့ရှေ့



www.burmeseclassic.com

www.burmeseclassic.com



မှောက်မှာ ဆောင်းရဲ့ခင်ပွန်းလင်အဖြစ် ရှိနေခဲ့သောအဖြစ်တွေပာ။

✿

မနက်စာ စားသောက်ပြီးတော့လည်း နန္ဒာ ဒီလူစုထဲက ထွက်ခွာခွင့်မရသေးပါ။ ဘဘရဲ့အမိန့်ကြောင့်ပင် ဧည့်ခန်းထဲက အ ဝိုင်းမှာ ပြန်ထိုင်ရပြန်သည်။ ထမင်းဝိုင်းမှာတုန်းကလိုပဲ နန္ဒာ တိတ် ဆိတ်စွာ မေမေ့အနားမှာ ထိုင်နေမိသည်။

ဘဘက အားလုံးမျက်နှာတွေကို တစ်ယောက်ချင်း အ ခတ်ကြည့်နေပြီးမှ သံပုရာရည်ကို တစ်ကျိုက်မော့သောက်သည်။ ပြီးမှ ခွက်ကိုပြန်ချထားရင်း –

"မိသားစုညီတုန်းမှာ ဘဘရဲ့အစီအစဉ်ကို ပြောချင်တယ်၊ သမီးတို့ အသေအချာ နားထောင်ကြဦး"

ဘဘရည်ညွှန်းတာ အမွေကိစ္စပဲဖြစ်မှာ နန္ဒာသိတာမို့ ဆောင်းမျက်နှာကို လှမ်းကြည့်မိသည်။ ဆောင်းမျက်ဝန်းတွေက ဘဘကို ငေးရင်း တည်ငြိမ်တိတ်ဆိတ်နားစွင့်နေသည်။

"တခြားတော့မဟုတ်ဘူး၊ ဘဘရဲ့အမွေတွေကို ဘဘရဲ့မြေး နှစ်ယောက်ဆက်ခံဖို့ကိစ္စပါ၊ အရင်ကတည်းက စီမံထားတဲ့ကိစ္စဆိုတော့





သမီးတို့ သိပြီးသားပါ၊ ဘဘ ပြန်ရှင်းမပြချင်တော့ဘူး၊ အဲ အရေး ကြီးတာပဲ ပြောမယ်၊ အရင်က အမွေတွေကို ဆောင်းလေးတို့ အသက် နှစ်ဆယ်ပြည့်မှ တရားဝင်လွှဲပေးမလို့ပဲ၊ အခုတော့ ဘဘ အစီအစဉ် ပြောင်းလိုက်ပြီ"

စကားကိုရပ်ရင်း ဘဘက အားလုံးကို ဝေ့ကြည့်သည်။ ဘဘစကားမှာ ဆောင်းရော နန္ဒာပါ စိတ်ဝင်စားနားထောင်နေမှန်းသိမှ

"ဒီတစ်ပတ်အတွင်းမှာပဲ သမီးတို့အတွက် စီစဉ်ထားတဲ့အ တိုင်း အမွေတွေ လွှဲပေးဖို့ ဘဘ စီစဉ်ထားတယ်"

နန္ဒာ မျက်မှောင်လေးတွန့်သွား၏။ ဘဘက အမွေတွေကို အမြန်ဆုံး လွှဲပေးဖို့ စီစဉ်နေတာ ဆောင်းကြောင့်ပဲဟုထင်သည်။ နန္ဒာထင်မြင်ချက်ကို ဘဘပြောသောစကားတွေက ပိုမိုခိုင်မာသွားစေ သည်။

"အမှန်ဆို ပထမ ဘဘရဲ့အစီအစဉ်အတိုင်း သတ်မှတ်ချိန် ရောက်မှ လွှဲပေးဖို့ပါပဲ၊ ဒါပေမဲ့ အခြေအနေတွေက ပြောင်းကုန်ပြီလေ၊ သမီးလေးဆောင်းက မထင်မှတ်တဲ့ အိမ်ထောင်ကျသွားတော့ ဒီအခြေ အနေကို ပြောင်းဖို့ဖြစ်လာတာ၊ ဘဘလွှဲပေးတဲ့အမွေတွေကို ဘိုးဘွား အမွေဥစ္စာအဖြစ် သမီးတို့ ထိန်းသိမ်းပါ၊ တိုးပွားအောင် ကြိုးစားကြပါ၊ မောင်နေစံ မင်းလည်း အခုချိန်မှာ ဘဘရဲ့မြေးတစ်ယောက်ဖြစ်သွား ပြီဆိုတော့ ဘဘစကားကို နာခံပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ ဘဘ"

ဘဘက နေစံကို ဆုံးမစကားတွေ ဆိုနေသည်။ စကားပိုင်းထဲမှာ ထိုင်နေရပေမယ့် နန္ဒာ ဘာမှမကြားချင်တော့ပါ။

ရင်ထဲမှာ ဒေါသတွေ မကျေနပ်မှုတွေက လှိုင်းတွေလို တဖိုဖို ရိုပ်တိုးလို့လာကြသည်။

နောက်ဆုံးတော့ နန္ဒာပဲ အားလုံးကို ရှုံးနိမ့်ခဲ့ရတာပါပဲ၊

ဆောင်းကို စိတ်နာသည်ဆိုသော ဘဘသည် ဆောင်းအတွက်ပဲ အားလုံးကို စီမံပေးခဲ့တာဖြစ်သည်။

ငါ့မြေးလေး လီမ်မာတယ်ဆိုသောစကားလေးနဲ့ နန္ဒာကို နှစ်သိမ့်ခဲ့သော ဘဘရင်ထဲမှာ တကယ်ရှိနေတာ ဆောင်းသွေးခင်ပဲ ဆိုတာ။

နန္ဒာ ထင်ထင်ရှားရှား မြင်သိလိုက်ရသည့်အဖြစ်ဟာ။

✿ ✿ ✿



## အခန်း (၁၉)

ကတိပေးထားသည့် တစ်ပတ်အတွင်းမှာပဲ ရှေ့နေကြီးတွေနှင့် တရားဝင်အမွေတွေကို ဘဘ လွှဲအပ်ပေးခဲ့သည်။

သုံးပုံနှစ်ပုံဆိုသော အမွေစုကို ဆောင်းလက်မှတ်ထိုးယူချိန်မှာ နန္ဒာ အံကိုတင်းတင်းလေးပဲ ကြိတ်ထားမိသည်။ နန္ဒာအတွက်တော့ နောက်ဆုံးမှာ သုံးပုံတစ်ပုံပါပဲလေ၊

ငွေကြေးကွာခြားမှုထက် ဘဘရဲ့မေတ္တာမိုးတွေ ကွက်ကြားရွာခဲ့တာအတွက် ဒဏ်ရာတွေ နန္ဒာ့ရင်မှာ ဘယ်တော့မှ အကင်းသေမည် မဟုတ်ပါ။ ဆောင်းတို့လင်မယား နှုတ်ဆက်ကာန်တော့ပြန်သွားကြတော့ မျိုသိပ်နိုင်သော ဒေါသတွေနှင့် နန္ဒာ ရင်ဖွင့်မိတာ မေမေ့ကိုပြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီးရင်ထဲမှာ ဘာဘကို သိပ်မုန်းသွားပြီ မေမေ"

"အို ဘယ်လိုပြောလိုက်တာလဲ သမီးရယ်၊ ဒီလိုမပြောရဘူး လေ"

"သမီးခံစားရတဲ့ ခံစားချက်တွေကို မေမေမှ မမြင်နိုင်ဘဲ ဆောင်းနဲ့ပတ်သက်ရင် ဘာဘရဲ့မေတ္တာတွေပိုနေတာ သမီးအရမ်းခံစား ရတယ်၊ သမီးငွေတွေ အမွေတွေကို မမက်မောဘူး မေမေ၊ သမီး လိုချင်ခဲ့တာ ဘာဘရဲ့မေတ္တာနဲ့သံယောဇဉ်ကြီးမားမှုပါ၊ ဒါပေမဲ့ အဲဒါ သမီး ဘယ်တော့မှ မရနိုင်တဲ့အရာဆိုတာ ကောင်းကောင်း သိလိုက်ပြီ"

မျက်ရည်လေးဝဲကာ အံလေးကြိတ်ဆိုနေသော နန္ဒာကို ကြည့်ကာ မေမေလည်း မျက်ရည်တွေ ရစ်ဝိုင်းငြိမ်သက်တွေဝေနေ၏။

"မေမေ စဉ်းစားကြည့်ပါ၊ သမီးက ဘာဘရဲ့အနားမှာနေပြီး ဘာဘကို အရိပ်လိုပြုစုခဲ့ပေမယ့် ဘာဘက အဝေးရောက်နေတဲ့ ဆောင်း ကိုပဲ ခင်တွယ်နေတယ်၊ ဆောင်း ဘယ်လောက်ပဲ မှားခဲ့မှားခဲ့ ဘာဘ ခွင့်လွှတ်နိုင်စွမ်းက မယုံနိုင်အောင်ဘဲ၊ သမီးသာ ဆောင်းလို ဘာဘကို စိတ်ဆင်းရဲအောင်လုပ်ခဲ့ရင် ဘယ်လိုနေမလဲ၊ ဘာဘ ခွင့်လွှတ်ပေးမယ် ထင်သလား"

"သမီးရယ်"

မျက်ရည်စတွေနှင့် မေမေ နန္ဒာကို တင်းတင်းလေးဖွေ့ဖက်





ရင်း ရှိုက်ကြီးတငင် ငိုကြွေးတော့ အံကြိတ်ထားသည့်ကြားက နန္ဒာ မျက်ရည်တွေ ပေါက်ခနဲကြွေလွင့်သည်။

"အဟင့် ဟင့် သမီးရယ်၊ မေမေ အားလုံးကိုသိတယ်၊ မြင်တယ်၊ ဒါပေမဲ့ ဖေ့ဖေ့ကို မေမေ အပြစ်မတင်ချင်ပါဘူးကွယ်"

"မေမေက ဘာဘဘက်က ကာကွယ်ပေးနေတာသက်သက် ပဲ၊ သမီးရင်ထဲက ခံစားချက်တွေကိုတော့ မေမေ မမြင်ခဲ့ပါဘူး"

"အို ကလေးရယ်၊ ဘယ်လိုပြောလိုက်တာလဲ၊ မေမေ့ရဲ့သမီး လေးကို မေမေ အရိပ်ကြည့်ချစ်ခဲ့ရတာပါ၊ သမီးခံစားချက်တွေကို မြင်တယ်၊ နားလည်တယ်၊ ဒါပေမဲ့ မေမေ ဘယ်လိုနှစ်သိမ့်ရမလဲ၊ အနုန်တရားကို မေမေ ဘယ်လိုဝန်ခံပြောပြရမှာလဲ"

မေမေ့စကားကြောင့် နန္ဒာ မေမေ့ရင်ခွင်ထဲက ရုန်းထွက်ရင်း မေမေ့ကို စူးစိုက်ကြည့်မိသည်။

"မေမေ ဘာပြောလိုက်တာလဲဟင်၊ မေမေ့မှာ သမီးကို ဘာတွေလျှို့ဝှက်ထားသလဲ ဘာတွေဝန်ခံစရာရှိနေလို့လဲ"

နန္ဒာ့အမေးကို မေးခွန်းတုံ့မပြန်ဘဲ မျက်ရည်ဝိုင်းသော မျက်ဝန်းတွေနှင့်ပဲ ငေးမောကြည့်နေခဲ့သည်။

"ပြောပါ မေမေ၊ မေမေကိုယ်တိုင်က သမီးကို လျှို့ဝှက်ထား တာတွေ ရှိနေတာ ဘာကြောင့်လဲ၊ သမီးကို မေမေ ယုံကြည်မှုမရှိ ဘူးလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း မဟုတ်ဘူး လုံးဝမဟုတ်ပါဘူး သမီးရယ် မေမေ့သမီးလေးကို မေမေသိပ်ချစ်တာ သမီး အကြွင်းမဲ့ယုံပါ"

"သမီး ယုံချင်တယ် မေမေ"

မေမေ မျက်ဝန်းတွေထဲကို စူးစူးနစ်နစ်စိုက်ကြည့်ရင်း နန္ဒာ ဆိုတော့ မေမေ့နှုတ်ခမ်းတွေ တင်းတင်းစေ့ထားရင်း ခေါင်းကို ခါယမ်း သည်။

"သမီးရယ် အဲဒီသံသယမျက်လုံးတွေနဲ့ မေမေ့ကိုမကြည့် နဲ့၊ မေမေ မခံစားနိုင်လို့ပါ သမီးရယ်၊ သမီးလေးကို မေမေ ဘာ သိုဝှက်စရာမရှိဘူး၊ ဒါကြောင့် မေမေ ဘယ်တော့မှ မပြောဘူး ဆုံးဖြတ်ထားတဲ့စကားကို ပြောပြမယ်၊ သမီး နားထောင်ပေးပါ"

ရှိုက်သံတွေနှင့် မေမေက နန္ဒာ့ကို ရင်ခွင်ထဲ တင်းတင်း ပွေ့ဖက်ထားရင်းဆိုသည်။ နန္ဒာ သိချင်စိတ်တို့ကြောင့် ရင်ထဲ လှုပ်ခတ်နေခဲ့တာအမှန်။ မေမေက နန္ဒာ့ကို ရင်ခွင်ထဲက ညင်သာ ပခုံးလာဆွဲခွာရင်း စူးစူးနစ်နစ်လေးကြည့်၏။

"သမီး မေမေ့မျက်ဝန်းတွေထဲကိုကြည့်စမ်း၊ သမီးလေး မေမေ့ဘဝ မေမေ့ရဲ့အသက်ဆိုတာ သမီးယုံနော်"

"သမီးယုံပါတယ် မေမေရယ်"

"မေမေ့စကားတွေကြားရင် သမီးရင်ထဲမှာ သံသယတွေ မေမေ့ရဲ့အချစ်ကို ယုံကြည်မှု မဲ့သွားမှာစိုးတယ်၊ ဒါပေမဲ့ သိသင့်





အမှန်တရားကို သမီးသိရင် ဘာဘအပေါ်မှာ သမီး နားလည်နိုင်မယ် ထင်တယ်"

မေမေ ဘာကြောင့် နန္ဒာ့ကို စကားတွေနှင့် ကာကွယ်နေ တာလည်းမသိပါ။ မေမေ့မျက်ဝန်းတွေထဲက မျက်ရည်တွေကိုကြည့် ရင်း နန္ဒာ အနားလာမိ၏။

"မေမေရယ် မငိုပါနဲ့၊ မေမေ့မျက်ရည်တွေကို သမီး မမြင် ရက်ဘူး"

"သမီးလေး ခံစားနေရတာလည်း မေမေ မမြင်ရက်ဘူး သမီး၊ သမီးသိစေချင်တာက ဖေဖေက ဆောင်းလေးကို သမီးထက်ပို သံယောဇဉ်ကြီးတာ ဖြစ်သင့်ပါတယ်၊ ဘာလို့လဲဆိုတော့ ဆောင်းလေး က ဖေဖေ့ရဲ့မြေးအရင်းအချာလေ"

"ဘယ် ဘယ်လို မြေးအရင်းအချာ၊ ဒါဆို သ သမီးက"

"သမီးလေးက မေမေမွေးစားခဲ့တဲ့ မွေးစားသမီးလေးပါ"

"ရှင်"

နန္ဒာ မျက်ဝန်းတွေ ဝိုင်းစက်ကာ ပါးစပ်လေးအဟောင်းသား ဖြစ်သွားခဲ့သည်။ ဘယ်လိုမှ မျှော်လင့်မထားသောစကား။ နန္ဒာဆိုတာ မေမေ့ရဲ့မွေးစားသမီးတဲ့။ ဒါဆို ဘာဘရဲ့မြေးအရင်းအချာ မဟုတ်ဘူး ပေါ့။

"သမီးလေး သမီးလေးက မေမေ့ရဲ့မွေးစားသမီးဆိုပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



မေမေ အသက်လိုချစ်ခဲ့တာ သမီးပဲ့ပါ၊ မေမေကတော့ ဆောင်းလေး ကို သံယောဇဉ်ပိုချင်ပိုမယ်၊ ဒါပေမဲ့ မေမေကတော့ ဘဝပုံပြီး ချစ် တယ်''

နန္ဒာ့ဆံနွယ်တွေကို ညင်သာစွာ ပွတ်သပ်ပေးရင်း မေမေ ဆိုနေခဲ့သည်။ နန္ဒာကိုယ်က သွေးတွေ ရပ်ဆိုင်းသွားမလောက်အောင် နန္ဒာ အသက်ရှူဖို့ မေ့နေခဲ့တဲ့အထိပါပဲ၊ ရင်ထဲက ဒူးဂုနစ်နစ် ဝေဒနာ ကြီးနှင့်အတူ ဝမ်းနည်းကြေကွဲမှုတွေက တလိပ်လိပ်တိုးလာသည်။

မွေးစားသမီးတဲ့။ နန္ဒာက မေမေ့ရဲ့မွေးစားသမီးတဲ့လား။ ဒါဆို ဘဘရဲ့မြေးအရင်းအချာတစ်ယောက် မဟုတ်ခဲ့ဘူးပေါ့။

''မေမေဟာ အိမ်ထောင်မပြုဘဲ တစ်ယောက်တည်းနေခဲ့ပေ မယ့် အမိမဲ့သမီးလေးကို တွေ့လိုက်တဲ့အချိန်မှာ သိပ်ချစ်ခင်သွားခဲ့ တယ်၊ မေမေ့ရဲ့သမီးအဖြစ် မွေးစားဖို့ မေမေ ဆုံးဖြတ်လိုက်တဲ့အထိ ဖြစ်သွားခဲ့တာ၊ သမီးလေးဟာ မေမေ့နှလုံးသားက မွေးထုတ်ခဲ့တဲ့ သမီးလေးပါပဲကွယ်''

မျက်ရည်စတွေကြားက မေမေ တတွတ်တွတ်ပြောနေသည်။ နန္ဒာ့ရင်ထဲမှာတော့ မေမေ့ရဲ့စကားသံတွေထက် ခံစားချက်တွေနှင့်သာ ပြည့်နှက်နေခဲ့၏။

နန္ဒာဆိုတဲ့ သူမဘဝက မိဘမဲ့တစ်ကောင်ကြွက်မလေးပေါ့။ မေမေက စာနာသနားစိတ်နဲ့ မွေးစားခဲ့တာကြောင့် မေမေ့ရဲ့သမီးတစ်





ယောက်ဖြစ်ခွင့်ရတာ နန္ဒာ ကံကောင်းလွန်းတာလား။

ဟင့်အင်း ဆောင်းကသာ နန္ဒာထက် ကံကောင်းလွန်းခဲ့သူပါ။ ပါ သေချာတယ်။ ဘဘကလည်း သွေးသားရင်းချာမြေးကိုပဲ ပိုချစ် မှာပေါ့။ ဘယ်တော့မှမရနိုင်တဲ့ ဘဘရဲ့အချစ်ပိုမှုတွေကို နန္ဒာ မိုက် မိုက်မဲမဲကြီးကို တောင့်တနေခဲ့တဲ့အဖြစ်ပါလား။

''သမီးလေး မေမေ ဖွင့်ပြောလိုက်လို့ သမီးခံစားသွားရပြီ လားဟင်၊ မေမေ မပြောချင်ပါဘူး၊ သမီးရင်ထဲမှာ ငါ့ကို ဘယ်သူမှ မချစ်ကြဘူး၊ ဆောင်းလေးထက် အနိမ့်ခံရတယ်လို့ ခံစားရမှာစိုးလို့ ပါကွယ်၊ သမီးကို အချစ်ဆုံးက မေမေပဲ၊ သမီးဘဘကလည်း ချစ်တာ ပဲ့ပါကွယ်၊ သမီးအတွက် ဘဘက ထိုက်သင့်တဲ့ အမွေတွေတော့ ပေးခဲ့တာပဲလေ''

မေမေ နှစ်သိမ့်နေတာပါ။ ဘာပဲဖြစ်ဖြစ် ဘဘက မြေး အရင်းအချာကို နန္ဒာထက် ပိုမို့နေတာ အမှန်လေ။ ဒါပေမဲ့ -

နန္ဒာ နားလည်လိုက်ပါပြီ။ တကယ်ဆို နန္ဒာဆိုတဲ့သူမက ငယ်ငယ်ကတည်းက ကံမကောင်းခဲ့တာဆိုတာ နန္ဒာ သိလိုက်ပြီပဲ။ ဆောင်းရယ် ငါဟာ မပြိုင်ကတည်းက နင့်ကို ရှုံးနိမ့်နေခဲ့တာပါ။

ဒါကို နားလည်နိုင်ခဲ့ပေမယ့် ငါ့ရင်ထဲမှာတော့ အရမ်းဝမ်း နည်းတယ်။ ငါ့ရဲ့ကံကြမ္မာကိုက မလှပခဲ့တော့လည်း။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

အမှန်တရားတစ်ခုကို နန္ဒာ သိလိုက်ရပြီးသည့်နောက်ပိုင်းမှာ တော့ မေမေ့ကိုတော့ ပိုလို့အချစ်ပိုခဲ့တာ အမှန်ဖြစ်သည်။

မေမေသည် သွေးသားရင်းချာမဟုတ်သော သူမကိုတော့ သိပ်ချစ်ခဲ့တာတော့ မငြင်းနိုင်ပါ။ မေမေ့ရဲ့မေတ္တာတွေက နန္ဒာ့အပေါ်မှာ ကြီးမားခဲ့သည်။

မေမေ့ရဲ့အချစ်ကို တန်ဖိုးထားယုံကြည်စွာနှင့် နန္ဒာ မေမေ့ ရှေ့မှာတော့ ထိုကိစ္စကြီးကို မေ့ထားခဲ့သည်။ အရင်လိုပဲ မေမေနဲ့ နန္ဒာတို့ မေတ္တာတွေက နွေးထွေးစွာ ငြိခဲ့သည်။

ဒါပေမဲ့ ဘဘရှေ့ရောက်ရောက်တိုင်း နန္ဒာ့စိတ်တွေ တွေဝေ သိမ်ငယ်သွားခဲ့တာတော့ သေချာပါသည်။





''သမီးနန္ဒာ လာဦး''

''ဟုတ်ကဲ့ ဘဘ၊ ဘဘ ဘာခိုင်းမလို့လဲဟင်''

''ဘာမှခိုင်းစရာ မရှိပါဘူးကွယ်၊ သမီးနဲ့ ဘဘစကားပြောချင် လို့ပါ''

နန္ဒာ ခေါင်းလေးညိတ်ကာ ဘဘ ထိုင်နေသော ဒရင်းဘက် ခုံဘေးမှာ ကျုံ့ကျုံ့လေး ဝင်ထိုင်လိုက်သည်။ ဘဘရဲ့မျက်ဝန်းတွေက နန္ဒာ့ကို စိုက်ကြည့်ရင်း အတန်ကြာ ငြိမ်သက်နေသေး၏။ ပြီးမှ –

''သမီးအသက်လည်း မငယ်တော့ဘူးနော်၊ သမီး အိမ် ထောင်ပြုဖို့ ရည်ရွယ်ထားသလား ဘဘ သိချင်လို့''

ဘဘ ဘာကြောင့် ဒီစကားတွေ မေးနေတာလဲ နန္ဒာ မသိ ပါ။ ဒါပေမဲ့ အခုချိန်မှာ နန္ဒာ အချစ်ဆိုတာကိုလည်း မကြုံဖူးသေးပါ။ အစဉ်အမြဲ အိမ်မှာပဲ ရှိနေတတ်သော နန္ဒာ့အတွက် ချစ်သူရည်းစား ဆိုတာလည်း ရှိဖို့မှ မလွယ်ခဲ့ဘဲ။

''ဟင့်အင်း၊ သမီး အိမ်ထောင်ရေးကို စိတ်မဝင်စားဘူး ဘဘ''

ဘဘက ကျေနပ်သလိုပြုံးရင်း ခေါင်းတညိတ်ညိတ်ပြုသည်။ ပြီးမှ နန္ဒာ ခေါင်းလေးကိုလှမ်းကိုင်ရင်း –

''အင်း သောင်းလေးကတော့ အိမ်ထောင်ကျသွားပြီ ဘဘ တို့များက ခွဲသွားပြီ သမီးလေးပဲ ကျန်တော့တယ်၊ အင်းလေ သံယော



www.burmeseclassic.com

www.burmeseclassic.com



ဖဉ်ဆိုတာကြီးက တွေးကြည့်ရင် ကြောက်စရာကောင်းပါတယ်၊ မနှောင်တွယ်သင့်မှန်းသိပေမယ့် ဖြတ်ရခက်လွန်းတယ်''

နန္ဒာကိုစိုက်ကြည့်ရင်းဆိုနေမယ့် ဘဘမျက်နှာတွေထဲမှာ ဆောင်းကိုပဲ မြင်ယောင်နေသည်လား။ ဘဘ ရည်ညွှန်းနေခဲ့တာလည်း ဆောင်းကိုပဲဟု နန္ဒာ ထင်နေသည်။

''သမီးလေး အိမ်ထောင်ပြုမယ်ဆိုရင်လည်း ဘဘက ခွင့်ပြုပါတယ်၊ တစ်ခုပဲရှိတယ်၊ သမီးလေး မေမေကိုတော့ သမီး အထီးကျန်တစ်ယောက်တည်း မထားခဲ့ပါနဲ့၊ ဘဘကတော့ အသက်ကြီးပါပြီကွယ်၊ သမီးမေမေအတွက် သမီးလေးက သားသမီးတာဝန်ကျေအောင် ပြုစုစောင့်ရှောက်နော် သမီး''

မေမေ့အတွက် စိုးရိမ်စွာ ဘဘမှာနေတာဟု နန္ဒာ နားလည်ချင်လာသည်။ ဘဘက နန္ဒာ ဘာမှမသိသေးဟုပဲ ယုံကြည်ထားပုံပေါ်သည်။ တကယ်ဆို နန္ဒာ အားလုံးကို သိခဲ့ပြီးပြီလေ။

''စိတ်ချပါ ဘဘ၊ မေမေ့ကိုပဲ နန္ဒာ အချစ်ဆုံးပါ၊ နန္ဒာ တစ်သက်လုံး အိမ်ထောင်မပြုဘဲ မေမေ့ကိုပဲ စောင့်ရှောက်သွားမှာပါ''

''သာဓု သာဓု သာဓုပါ သမီးရယ်၊ ဘဘ မြေးလေးလိမ္မာ လွန်းတာ ဘဘ သိပါတယ်ကွယ်''

နန္ဒာ နာကျင်စွာ ယဲ့ယဲ့ပြုံးမိတာကို ဘဘကတော့ မမြင်နိုင် ပါ။ နန္ဒာ ဘယ်လောက်ပဲ ဘဘစကားတွေ နားထောင်လိမ်မာပါစေ





ဘဘရဲ့သံယောဇဉ်က ဆောင်းအပေါ်မှာထက် မပိုခဲ့တာ သေချာသည် ပဲ။

''ကဲ ကဲ သမီးသွားတော့၊ ဒီညနေ ဆောင်းလေးဆီက ဖုန်းလာမယ်ထင်တယ်၊ ဖုန်းလာရင် ဘဘကိုခေါ်လိုက်နော် သမီး''

တစ်ပတ်တစ်ခါလောက် ပုံမှန်ဖုန်းဆက်တတ်သည့် ဆောင်းဆီက ဖုန်းကို ဘဘမျှော်တတ်သည်။ နန္ဒာ ခေါင်းလေးညိတ်ပြကာ အခန်းထဲက ထွက်ခဲ့သည်။ ရင်ထဲမှာတော့ အလိုမကျမှုတွေ ငြိတွယ် နေဆဲဖြစ်သည်။

ဘဘကိုမြင်တိုင်း နန္ဒာ့ရင်ထဲက ဒဏ်ရာက အသစ်ပြန်ဖြစ် ရမြဲ။ ဘဘရဲ့မေတ္တာသံယောဇဉ်တွေ ဆောင်းအပေါ် နှောင်တွယ်လွန်း နေတာ တွေ့တိုင်း နန္ဒာ ကြေကွဲခံစားရစမြဲ။

နန္ဒာ့ဘဝရဲ့ကုသိုလ်ကံကိုတွေးကာ နာကျင်တတ်စမြဲ ဖြစ် သည်။

✿

နေ့လယ်ခင်း ညှိခန်းထဲမှာ နန္ဒာတစ်ယောက်တည်း ရှိနေ တုန်း ဖုန်းက မြည်လာသည်။ ဖတ်နေသော မဂ္ဂဇင်းစာအုပ်ကချကာ



www.burmeseclassic.com

www.burmeseclassic.com



နန္ဒာ ဖုန်းကိုလှမ်းကြည့်မိ၏။ ဘဘမှာထားတာကို အမှတ်ရသည်။

ဆောင်းဆီက ဖုန်းပဲ ထင်သည်။ ဘဘက သူ့အခန်းထဲမှာပဲ ဖြစ်ကာ မေမေကတော့ နေ့လယ်နေ့ခင်းမို့ တစ်ရေးအိပ်နေသည်။ ကိုင်မည့်သူကလည်း နန္ဒာ တစ်ယောက်တည်းမို့ ဖုန်းကို ပြေးကိုင် လိုက်ရ၏။

"ဟဲလို ပြောပါ"

"ဟယ် နန္ဒာ နှင်လား၊ ငါပါဟ ဆောင်းပါ"

ဆောင်းအသံလေးက ချိုရွှင်နေသည်၊ နေစံနှင့်ဆောင်းတို့ အိမ်ထောင်ရေးသာယာလိမ့်မည်ဟု နန္ဒာ မထင်ထားခဲ့ပေမယ့် ဆောင်း အရမ်းကံကောင်းလွန်းသည်။

နေစံက မထင်မှတ်လောက်အောင် ပြောင်းလဲသိမ်မွေ့သွား ခဲ့သည်။ နေစံလည်း ကံကောင်းပါသည်။ ဆောင်းရဲ့အမွေတွေ့ ပင်ပင်ပန်းပန်း အလုပ်လုပ်စရာမလိုတော့ပါ။ နေစံတို့ ဖွင့်ထားသော အထည်ဆိုင်က အဆင်ပြေအောင်မြင်သည်ဟု ကြားသည်။

"နန္ဒာ ဘာဖြစ်နေတာလဲ၊ နှင်နေမကောင်းဘူးလား"

"သြော် ဆောင်း၊ ကောင်းပါတယ်၊ နှင်ပြောတာ နားထောင် နေတာပါ၊ ဘဘကို သွားခေါ်ပေးရမလား"

"နေပါဦးဟာ၊ နှင်နဲ့စကားတွေ ပြောချင်သေးလို့၊ နန္ဒာ နှင် ရန်ကုန်ကိုလာလည်ပါလားဟင်"





"မဖြစ်သေးဘူး ဆောင်းရဲ့၊ အိမ်မှာ မေမေတစ်ယောက် တည်း မနိုင်ပါဘူး၊ ဘဘရဲ့တာဝန်လည်း ရှိသေးတယ်လေ"

"အင်း နှင်ကတော့ ကုသိုလ်တွေ အများကြီးရမှာပါဟာ၊ ငါက နှင့်လောက် ဘဘအပေါ်မှာ တာဝန်မကျေခဲ့ပါဘူး၊ ဒါနဲ့ ဘဘ နေကောင်းလားဟင်"

"အင်း ကောင်းပါတယ်၊ နှင်တို့လည်း အဆင်ပြေတယ်မို့ လား ဆောင်း"

"ပြေတယ် နန္ဒာ၊ နေစံဖွင့်ထားတဲ့ဆိုင်က အရမ်းအောင်မြင် လို့ အခု ငါတို့ထပ်ရင်းနှီးတိုးချဲ့ဖို့ စီစဉ်နေတယ်၊ ငါလည်း ကျောင်း တွေနဲ့ လုံးနေတာဟ၊ အဲ နှင် ဝမ်းသာစရာပြောရဦးမယ် အဟင်း"

ဆောင်းအသံတွေကတော့ တကယ့်ကို ကျွမ်းဝင်ရင်းနှီးလို့ နေပေမယ့် နန္ဒာ့ရင်ထဲမှာတော့ နောလိုဝန်တွေစိတ်တွေ ကြီးစိုးနေတာ ဖျောက်လို့မရပါ။

"နန္ဒာ သိလား၊ မကြာခင် နှင်လည်း တူလေးလား၊ တူမ လေးလား၊ ရတော့မယ် အဟင်း"

"ဘာရယ် ဆောင်း"

"ဟုတ်တယ်၊ ငါ့မှာ ကိုယ်ဝန်ရှိနေပြီ၊ နောက်ဆုံးနှစ်ကို ကောင်း ကိုယ်ဝန်ကြီးနဲ့ ကျောင်းတက်ရတော့မယ့်ကိန်း ဆိုက်နေပြီဟ ဟင်း ဟင်း"



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းအသံက စိတ်ပျက်နေတာမျိုး မဟုတ်ဘဲ ကျေနပ် ဝမ်းသာနေဟန်ရှိသည်။ နန္ဒာ အံ့သြသွားတာလည်းအမှန်။ ကျောင်းပြီးလို့ ဆရာဝန် မဖြစ်သေးခင် ဆောင်း ကလေးတစ်ယောက်မိခင် ဘဝ ပိုင်ဆိုင်ရတော့မည်။

"အင်း ကောင်းပါတယ် ဆောင်းရယ်၊ နင်မွေးဖွားတော့မှ ငါ လာခဲ့မယ်လေ၊ ကဲ ငါ ဘဘကို သွားခေါ်ဦးမယ်၊ ဘဘက နင့် ဖုန်းကို မနက်ကတည်းက မျှော်နေတာမှာ"

"အေး အေး ငါလည်း ဘဘနဲ့ ဖုန်းပြောချင်သေးတယ်"

စားပွဲပေါ်ကို ဖုန်းခွက်လေး အသာတင်ခဲ့ပြီး နန္ဒာ ဘဘ အခန်းထဲ သွားခေါ်ပေးလိုက်ရသည်။ ဆောင်းဆီက ဖုန်းဆိုတော့ ဘဘမျက်နှာ ဝင်းပသွားကာ အခန်းထဲက တက်တက်ကြွကြွခြေလှမ်းတွေနှင့် လှမ်းထွက်သွားသည်။

ဆောင်းနှင့်ဘဘတို့ စကားသံတွေကို နားမထောင်ချင်တာမို့ နန္ဒာကတော့ အခန်းထဲကို အသာပြန်ခဲ့သည်။ မတွေးဘူးဆိုပေမယ့် အတွေးထဲမှာ ဆောင်းစကားတွေက နေရာယူထားပြန်သည်။

အင်း ဆောင်းနဲ့နေစံတို့တော့ ရင်သွေးလေး ပိုင်ဆိုင်ရ တော့မည်တဲ့လား။

✿ ✿ ✿



## အခန်း (၂၁)

"တက်နေတဲ့ ဆေးကျောင်းက မပြီးသေးဘူး သားသမီးက ရတော့မယ်ဆိုတော့ မေမေ့စိတ်ထဲမှာ တစ်မျိုးပဲ သမီးရယ်၊ ဆောင်း လေးကို နှမြောသလိုလို ခံစားလိုက်ရတယ်"

ဆောင်းရင်သွေးလွယ်ထားပြီဆိုသော သတင်းကြောင့် ဘဘ က သူ့ခံစားချက်ကို ထုတ်ပြောသည်။ နန္ဒာကတော့ တိတ်ဆိတ်စွာ နှင့်ပဲ ငြိမ်ယက်နားထောင်နေမိ၏။ မေမေကတော့ အမြဲတမ်း ဘဘကို နှစ်သိမ့်ပေးပါးပေးစေသူပီပီ။

"မေမေကလည်း ဆောင်းလေးတို့ အိမ်ထောင်သက် ရင့် ကျက်တာည်ငြိမ်နေပါပြီ၊ မေမေ့အတွက် မြစ်တစ်ယောက်တိုးလာတာ ဝမ်းသာစရာပဲလေ၊ ပြီးတော့ မောင်နေစံလေးက တော်ပါတယ်၊

www.burmeseclassic.com



အခုဆို သူ့အထည်ဆိုင်က အတော့်ကို အဆင်ပြေအောင်မြင်နေတာ တဲ့''

"အင်း နေ့င်းစံကို ဒီလိုပြောင်းလဲသွားမယ်လို့တော့ ဖေဖေ မထင်ထားတာ အမှန်ပဲ သမီး၊ ဘာပဲဖြစ်ဖြစ် ဆောင်းလေး ကံကောင်းတဲ့အတွက် ဖေဖေ ဝမ်းသာပါတယ်''

ကြားနေရတာတွေကို နားထောင်ရင်း နန္ဒာ့ရင်ထဲမှာတော့ ခံစားရပါသည်။ တကယ်ဆို ဆောင်းနဲ့နေစံကို နီးစပ်အောင် စီစဉ်ခဲ့တာ သူမ ဒီလိုအခြေအနေကပဲ ဆောင်းကို ကံကောင်းစေမှု ဖြစ်သွားခဲ့သည်လား။

"သားသမီးဆိုတာလည်း ရတနာတစ်ပါးပဲ ဖေဖေ၊ မကြာခင် ဖေဖေ့ရဲ့မြစ်လေးကို ဖေဖေ တွေ့ရတော့မှာလေ အဟင်း''

ဆောင်း ပိုင်ဆိုင်ရရှိတော့မည့် ရင်သွေးလေးအတွက် ဝမ်းသာမျှော်လင့်နေသူတွေထဲမှာ မေမေလည်း ပါဝင်နေမှန်း နန္ဒာ သိလိုက်ရသည်။ မေမေ့မျက်နှာက ကျေနပ်ကြည်နူးခြင်းတို့ ဝေဖြာလျက်။

"ဆောင်းရဲ့သားသမီးဆိုတော့ မေမေ့ရဲ့မြေးပဲပေါ့၊ အဟင်း မေမေ့သမီးလေးတောင် အဒေါ်ခေါ်မယ့်သူတွေ ဘာတွေ ရတော့မယ်''

တိတ်ဆိတ်နေသော နန္ဒာကို လှည့်ကြည့်ရင်း မေမေဆိုတော့ နန္ဒာ ယဲ့ယဲ့လေးပဲ ပြုံးလိုက်မိသည်။ ဘာဘက မေမေ့စကားတွေကို ခေါင်းတညိတ်ညိတ်နားထောင်နေရင်း –





"ဟုတ်ပါတယ်လေ၊ သူတို့ မီးဖွားပြီးရင် ဖေဖေ့ဆီ လာကြဦးမယ်တဲ့၊ မကြာခင် လောကကြီးထဲရောက်လာမယ့် ဖေဖေ့မြေးဦးလေးအတွက် ဖေဖေ ကြိုဆိုရမှာပေါ့ သမီးရယ်''

ဘာဘရဲ့မျက်ဝန်းတွေထဲမှာ ကျေနပ်ကြည်နူးရိပ်တွေ ချက်ချင်း အရိပ်ထင်လာသည်။ မြစ်ဦးလေးတဲ့။ ဆောင်းရဲ့သွေးသားရင်းများလေးအတွက် ဘာဘ လောကကြီးထဲရောက်မလာခင်ကပင် သံယောဇဉ်နှောင်တွယ်နေခဲ့ပြန်ပြီထင်ရဲ့။

ဘာဘရဲ့ကြည်နူးခြင်းအရိပ်တွေက နန္ဒာ့အာရုံထဲအထိ ကပ်ငြိပါလာခဲ့သည်။ အဲဒီညက နန္ဒာ့အတွေးတွေထဲမှာ ဘာဘရယ်၊ ဆောင်းရယ်ပဲ ရှိနေသည်။

ဘာဘရဲ့သံယောဇဉ်မေတ္တာတွေက ဆောင်းအပေါ်မှာပဲ ပိုခဲ့သည်။ မကြာခင်မှာ ဆောင်းရဲ့သားသမီးလေးအပေါ် ငြိတွယ်ဦးမှာပေါ့သည်။

ဒါကိုတွေးမိတော့ နန္ဒာ့ရင်ထဲမှာ ဘယ်လိုမှ မျှဝေခံစားလို့ မရနိုင်တော့တာ အမှန်ဖြစ်သည်။

နန္ဒာ အမြဲတမ်း အရှုံးပေးနေရမည်လား။ ဟင့်အင်း နင့်ကို ငါ ရှုံးနိမ့်ခဲ့ပြီးပြီ ဆောင်း၊ နင့်ရဲ့သားသမီးလက်ထက်မှာလည်း ငါ ထပ်ရှုံးနိမ့်ရဦးမှာလား။

ဒါ မတရားဘူး။ ဘယ်လိုမှ မတရားဘူး။ ကံကြမ္မာကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



ငါ မယုံကြည်ရဲတော့ဘူး ဆောင်း။ တွယ်ရာမဲ့ ငါ့ဘဝလေးကို မေမေ့လက်ထဲအရောက်ပို့ပေးခဲ့ပြီး တစ်သက်လုံး နှင့်ကို ရှုံးနိမ့်နေအောင် ဖန်တီးခဲ့တာပဲ။ အဲဒီအတွက်တော့ ငါထပ်ပြီး အရှုံးမပေးနိုင်ဘူး ဆောင်း။

ကံကြမ္မာက နှင့်ကို ဘယ်လောက်ပဲ အသာပေးစမ်းပါစေ ငါ ရင်ဆိုင်ယှဉ်ပြိုင်မယ် ဆောင်း။

စောင့်ကြည့်လိုက် ဆောင်း။ ကံကြမ္မာကို ငါ ရင်ဆိုင်ပြီး နှင့်ကို ငါ ယှဉ်ပြိုင်ပြမယ်။ ငါ ထပ်ရှုံးနိမ့်မခံတော့ဘူး။

အဲဒါ ငါ့ရင်ထဲက နိုင်မာတဲ့ ဆုံးဖြတ်ချက်ပဲ။

✿ ✿ ✿



## အခန်း (၂၂)

"ဘာ ဘာရယ်၊ ဒီ ဒီကလေးလေးကို သမီးမွေးစားမှာ ဟုတ် ဟုတ်လား"

"ဟုတ်တယ် မေမေ၊ သမီး တရားဝင်မွေးစားဖို့ ခေါ်လာခဲ့တာ"

နန္ဒာ့ရင်ခွင်ထဲမှာ ချီပိုးထားသောကလေးကိုကြည့်ကာ မေမေ မယုံနိုင်သလို မှင်တက်ငေးကြည့်နေသည်။

ဖြူဖြူသွယ်သွယ်မျက်ဝန်းနက်နက်လေးတွေနှင့် ကလေးငယ်က နန္ဒာ့လည်ပင်းကို သိုင်းဖက်ထားသည်။

"သမီးရယ် မေမေ ဘာမှမသိရပါလားကွယ်၊ ဒီကလေးကို သမီး ဘယ်လို တွေ့လာတာလဲဟင်၊ မိဘတွေကရော ဘယ်သူတွေ



www.burmeseclassic.com

www.burmeseclassic.com



လဲ၊ ဘယ်ကလဲ၊ သမီး ဘယ်လိုရည်ရွယ်ချက်နဲ့ မွေးစားလိုက်တာလဲ ဟင်''

မေမေ့နှုတ်က မေးခွန်းတွေ တရစပ်ထွက်လာသည်။ အမေ ဒီလိုပဲ မေးလာလိမ့်မည်ဟု နန္ဒာ ကြိုတင်တွက်မိထားပြီး ဖြစ်၏။

''ဒီကလေးမှာ အဖေမရှိတော့ဘူး၊ သူ့ကို မမွေးခင်ကတည်းက ဆုံးပါးသွားခဲ့တာတဲ့ မေမေ၊ အခု သူ့အမေကလည်း လွန်ခဲ့တဲ့ ငါးရက်ကပဲ ဆုံးသွားပြီ မေမေ''

မေမေ ပင့်သက်မောကြီးရှိုက်ကာ နန္ဒာကို ကြည့်သည်။ နှုတ်ကတော့ ဘာစကားမှမဆိုပါ။

''သမီးသနားလို့ မွေးစားဖို့ ဆုံးဖြတ်လိုက်တာ မေမေ''

''သနားလို့ ဟုတ်လား သမီး၊ ကလေးတစ်ယောက်ကို မွေးစားတာ ဘယ်လောက်ထိ တာဝန်ကြီးသလဲဆိုတာ သမီး သိရဲ့လား''

''မေမေရယ် မေမေတောင် သမီးကို မွေးစားခဲ့လို့ ဒီအရွယ် အထိတောင် သမီး အရွယ်ရောက်ခဲ့တာပါ''

မေမေ့မျက်နှာ ကွက်ခနဲ ပျက်သွားသည်။ နန္ဒာ့မျက်နှာပေါ်မှာ အရိပ်တွေကို မေမေ အကဲခတ်ကြည့်နေရင်းမှ –

''သမီးကို မေမေမွေးစားခဲ့တာ၊ သမီးကို မေမေ မြင်မြင်ချင်း သံယောဇဉ်တွယ်သွားခဲ့လို့ပဲ သမီး၊ ပြီးတော့ မေမေ့ရဲ့ မေမေ တိုင်ပင်တယ်၊ သမီးအပျိုလေးက ကလေးမွေးစားမယ်ဆိုတော့





မေမေက ငိုးရိမ်သေးတယ်၊ ဒါပေမဲ့ မေမေက ဘယ်တော့မှ အိမ်ထောင်မပြုဘဲ သမီးကို သမီးရင်းချာလို မွေးစားခဲ့တာ''

''မေမေ ယုံပါ။ ဟောဒီသားလေးကို မေမေ သမီးကိုချစ်သလိုပဲ သမီးချစ်တာပါ၊ မေမေ့လိုပဲ သမီးလည်း တစ်သက်လုံး အိမ်ထောင်မပြုပါဘူး''

''သမီးရယ်၊ မေမေက သမီးကို အဲဒီလို လောကကြီးထဲမှာ သမီး အထီးကျန်နဲ့ မကျန်ရစ်ခဲ့စေချင်ပါဘူး''

''ဟင့်အင်း၊ သမီးတစ်သက်လုံး အိမ်ထောင်မပြုဘူး မေမေ၊ သားလေးကို သမီးတစ်သက်လုံး စောင့်ရှောက်ပြုစုသွားမှာ၊ မေမေ သမီးကို ပြုစုခဲ့သလိုမျိုးပေါ့၊ မေမေ့ကို သမီးကြိုတင်မတိုင်ပင် ဖြစ်တာတော့ စိတ်မဆိုးပါနဲ့ အခု ဒီကလေးမှာ မှီခိုအားကိုးစရာ ကင်းမဲ့တဲ့ ဘဝရောက်နေပြီလေ''

နန္ဒာ့ရင်ခွင်ထဲမှနေ၍ မေမေ့ကို ငေးကြည့်နေသော ကလေးငယ် မျက်ဝန်းတွေကိုကြည့်ကာ မေမေ ငြိမ်သက်သွားခဲ့သည်။

''ကလေးလေးအသက်က ဘယ်လောက်ရှိပြီလဲ သမီး''

''နှစ်နှစ်ကျော်ကျော်လေးပဲ ရှိသေးတယ် မေမေ၊ သမီးတောင် နာမည်ပေးထားပြီးပြီသိလား၊ သားသားနာမည်က နန္ဒမြင့်ခေါင်တဲ့''

မေမေ မျက်မှောင်တွေ တွန့်ကုတ်သွားခဲ့သည်။ နန္ဒထွဋ်ခေါင်



www.burmeseclassic.com

www.burmeseclassic.com



ဆိုသောအမည်ကို နှုတ်ခမ်းတွေလှုပ်ပြီး မေမေ ရေရွတ်နေခဲ့သည်။ ဘဘရဲ့အမည်အပြည့်အစုံ ပါဝင်နေတာမို့လည်း မေမေ အံ့ဩနေမှာ သေချာ၏။

"ဘယ်လိုလဲ မေမေ သားလေးနာမည်ကို မေမေ ကြိုက်ရဲ့လားဟင်"

"အင်း ကောင်းပါတယ်၊ ဒါ ဒါပေမဲ့ ဒီကိစ္စကို ဖေဖေသိရင် ဘာပြောဦးမလဲ မသိဘူး"

"မေမေ့တုန်းကတောင် ဘဘ ခွင့်ပြုခဲ့သေးတာပဲလေ၊ နန္ဒာ ဆန္ဒကိုလည်း ဘဘခွင့်ပြုမှာပါ၊ သမီးမွေးစားတဲ့ သားလေးဆိုတော့ ဘဘရဲ့ မြစ်ဦးလေးပဲပေါ့ မေမေရဲ့ အဟင်း ဟင်း"

ရင်ခွင်ထဲမှာ ပွေ့ချီထားသော သားငယ်လေးပါးပြင်ကို တရှိုက်မက်မက်နမ်းရှိုက်ရင်း နန္ဒာ ဆိုနေသည်။

သမီးရင်ထဲက ခံစားချက်တွေကို ဒေါ်ယုဝါလွင် အသေအချာ နားလည်နိုင်ဖို့ ခက်ခဲနေတာ အမှန်ပဲဖြစ်သည်။ ဒီကလေးလေးကို သမီးလေးက မွေးစားမည်တဲ့။

ဒါ ဘဘရည်ရွယ်ချက်ကြောင့်လဲ။ ဖေဖေ့အပေါ်မှာ သမီးလေးရဲ့ အမြင်တွေ၊ ခံစားချက်တွေ၊ သံသယတွေနဲ့ လုံးထွေးနေတာကို တော့ သူမ သိထားသည်။ အခုလည်းကြည့် သမီးလေး မွေးစားသော ကလေးအမည်က နန္ဒထွန်းခေါင်တဲ့။





ဘဘရဲ့မြစ်ဦးလေးတဲ့။ ဒါ သမီးရဲ့ရည်ရွယ်ချက်လား။ ဆောင်းလေးအပေါ်မှာ သမီးရဲ့ဝန်တိုစိတ်တွေ ဒီလောက်အထိ ကြီးမားနေခဲ့သလား။

မမေးရက်လို့ မမေးဖြစ်ပေမယ့် သူမရင်ထဲမှာတော့ မောဟိုက်သွားခဲ့တာ အမှန်ပဲဖြစ်သည်။ အခုတော့ သမီးလေးက သူမလိုပဲ မိမွေးဖမဲ့ သားတစ်ယောက်ကို မွေးစားဖို့ ဆုံးဖြတ်ပြီးနေပြီ။

အပြစ်ကင်းစင်သော ကလေးငယ်လေးကိုတော့ သမီးရဲ့ ခံစားချက်ထွက်ပေါက်တစ်ခုအဖြစ် မရှင်သန်စေချင်ပါ။ ဒါကို သမီး နားလည်နိုင်ပါ့မလား။

BURMESE CLASSIC .com

"ဘယ်လို သမီးက ကလေးတစ်ယောက်မွေးစားလိုက်တယ် ဟုတ်လား"

သူမ ထင်ထားသည့်အတိုင်း ဖေဖေက အံ့ဩမယုံနိုင်စွာ ထပ်မေးနေ၏။ ဒေါ်ယုဝါလွင် ခေါင်းညိတ်ပြရင်း သမီးဖြစ်သူ ပြောပြခဲ့သော ကလေးငယ်ရဲ့ရာဇဝင်ကို ရှင်းပြနေသည်။

ဒေါ်ယုဝါလွင်စကားတွေကို ငြိမ်သက်စွာ နားထောင်နေရင်း



www.burmeseclassic.com

www.burmeseclassic.com



ဦးထွဋ်ခေါင် ခေါင်းကိုခါယမ်းသည်။

"ဒါ အလွယ်တကူဆုံးဖြတ်ရမယ့်ကိစ္စ မဟုတ်ဘူး သမီး။ နန္ဒာက သမီးကို ဘာမှမတိုင်ပင်ဘဲ လုပ်လာတာလား"

"ဟို သမီးက သူ ဒီတစ်သက် အိမ်ထောင်မပြုဘူးလို့ အမြဲပြောဖူးတယ်၊ သူ့ဘဝ အထီးကျန်မဆန်ရအောင် ကလေးတစ်ယောက်မွေးစားမယ်လို့လည်း သမီးကို ပြောဖူးတယ် ဖေဖေ၊ အခု ဒီလိုစီစဉ်လာတာကိုတော့ သမီး နောက်ကျမှသိရတာပါ ကလေးရဲ့ အားကိုးရာမိခင်ကလည်း တိမ်းပါးသွားခဲ့တာကိုး"

မေမေကတော့ ဘဘအရှေ့မှာ စကားကိုဆင်ခြင်ပြောပြနေ မှန်း နန္ဒာ သိနေသည်။ အခန်းအပြင်လိုက်ကာအကွယ်မှ နားထောင် ရင်း နန္ဒာ ကျိတ်ပြုံးနေလိုက်သည်။

"သမီး ဖေဖေမေးတာ အမှန်ဖြေနော်၊ နန္ဒာလေးက သမီး သူ့ကို မွေးစားထားမှန်း သိသွားခဲ့တာလား"

"ဟို အင်း သိထားတယ် ဖေဖေ၊ သမီး ဖွင့်ပြောပြခဲ့တာ သိပ်မကြာသေးပါဘူး၊ သမီးလေး သိသင့်တဲ့ အမှန်တရားမို့ ပြောပြ တာပါ၊ ဒါပေမဲ့ ဒါကို သမီးက နားလည်ပါတယ်၊ အဲဒီကိစ္စနဲ့ အခုကိစ္စ မဆိုင်ဘူးထင်တယ်"

"ဆက်စပ်နေတာတော့ အမှန်ပဲသမီး၊ သမီးတောင် သူ့လေး ကို ဒီအရွယ်ထိ ချစ်ခင်သံယောဇဉ်ကြီးစွာရှိခဲ့တော့ သူကလည်း သမီး





လိုကလေးတစ်ယောက်ကို အလွယ်တကူ မွေးနိုင်မယ် ထင်ရှာမှာပေါ့"

"ဖေဖေပြောတာ ဖြစ်နိုင်တယ် ဖေဖေ၊ သမီးက ဆန္ဒတွေ အရမ်းပြင်းပြနေခဲ့တာ သေချာတယ်၊ ကလေးနာမည်တောင် ပေးထား ပြီးပြီတဲ့၊ နန္ဒထွဋ်ခေါင်တဲ့"

"ဘယ်လိုလဲ နန္ဒထွဋ်ခေါင်"

"ဟုတ်တယ် ဖေဖေ၊ သားယောကျ်ားလေးဆိုတော့ သူ့ အဘိုးနာမည်ကို ပါစေချင်တယ်ထင်ပါရဲ့"

ခန်းဆီးလိုက်ကာကြားမှ နန္ဒာဘဘရဲ့မျက်နှာကို ရူးရူးစိုက် စိုက် အကဲခတ်ကြည့်နေမိသည်။ မေမေပြောသည့်စကားတွေကို နား ထောင်ရင်း ဘဘရဲ့မျက်ဝန်းတွေက မေမေနံဘေးမှ သားလေးကို ငေးစိုက်ကြည့်နေခဲ့သည်။

"အင်း အင်း ကောင်းပါတယ်၊ သမီးလေးက တကယ်မွေး စားချင်တယ်ဆိုတော့လည်း ဖေဖေတို့ မတားတော့ပါဘူး၊ ကောင်လေး က ရုပ်ချောသန့်ပြန့်ပါတယ် သမီးရဲ့မြေးဆိုတော့ ကလေးကို သမီးပဲ တာဝန်ယူစောင့်ရှောက်ပေါ့ကွယ်"

နန္ဒာ လိုက်ကာစအကွယ်မှ အသာပြန်လှည့်ထွက်ခဲ့သည်။ ဘဘရဲ့နှုတ်က ဒီလောက်အထိ လွယ်ကူစွာ ခွင့်ပြုလိမ့်မည်ဟုတောင် ယုံကြည်မထားခဲ့ပါ။

ဒါပေမဲ့ နန္ဒာကိုယ်တိုင် အိမ်အထိခေါ်လာပြီးမှတော့ ဘဘနှင့်



www.burmeseclassic.com

www.burmeseclassic.com



မေမေတို့ ငြင်းဆိုဖို့ခက်မှာ အစောကြီးကတည်းက သိပြီးသားဖြစ်သည်။

တကယ်ဆို ဒီအစီအစဉ်ကြီးကို နန္ဒာ အချိန်ယူပြင်ဆင်ခဲ့ပြီးမှ အကွက်ကျကျ စီစဉ်ဖြစ်ခဲ့တာဖြစ်သည်။

ဆောင်းထက် ဦးစွာ ဘဘရှေ့မှောက်ကို ကလေးတစ်ယောက်အရောက်ခေါ်ဖို့ နန္ဒာ ရှာဖွေခဲ့သည်။ ကံကောင်းချင်သော့ ဒီကလေးငယ်ကို နန္ဒာ ရှာဖွေတွေ့ခဲ့သည်။ မေမေ့ကို ပြောပြခဲ့သလို ဖခင်က ဆုံးပါးတာကြာပြီ၊ မိခင်ကလည်း လွန်ခဲ့သော တစ်လလောက်ကတည်းက ဆုံးပါးသွားခဲ့၏။

ကလေးငယ်ရဲ့ဘဝက ရပ်ကွက်ငယ်လေးထဲမှ မုဆိုးမ အကြော်သည်မကြီး၏အရိပ်အောက်မှာ မှီခိုနေခဲ့ရတာဖြစ်သည်။

ရပ်ကွက်လူကြီးတွေနှင့် တိုင်ပင်ကာ သူမ မွေးစားမည်ဆိုတော့ စောင့်ရှောက်ပေးထားသော အကြော်သည်မိန်းမကြီးကပါ ကျေနပ်လက်ခံသည်။

တရားဝင်သားအဖြစ် မွေးစားဖို့ နန္ဒာဘက်ကလည်း အလွယ်တကူ ခေါင်းညိတ်စီစဉ်ခဲ့သည်။

အခုတော့ နန္ဒထွဋ်ခေါင်ဆိုသော ကလေးသည် သူမရဲ့သား မေမေ့ရဲ့မြေး ဘဘရဲ့မြစ်တစ်ယောက်အဖြစ် ဒီအိမ်ကြီးပေါ် ရောက်လာခဲ့ပြီလေ။





ဒီသတင်းကိုကြားလျှင် ဆောင်းတစ်ယောက် အံ့ဩသွားမည်လားမသိပါ။ ဆောင်းတမ်းထဲကရင်သွေး လောကကြီးထဲရောက်မလာခင် နန္ဒာရဲ့မွေးစားသား နန္ဒထွဋ်ခေါင် ဘဘအနားရောက်နေခြင်းအတွက် ဆောင်း ဘယ်လိုနေမှန်းမသိပါ။

နန္ဒာကတော့ သိပ်ကို ကျေနပ်ပါသည်။ ဘဘရဲ့မေတ္တာသံယောဇဉ်ကို နန္ဒာ မပိုင်ဆိုင်ခဲ့ရတောင်မှ ဆောင်းရဲ့ရင်သွေးလေးကိုတော့ မရစေချင်ပါ။

သားလေးကိုပဲ ဘဘရဲ့မေတ္တာသံယောဇဉ်တွေ ပိုင်ဆိုင်စေရမည်။ ချစ်စရာစကားလေးတွေ တွတ်တီးတွတ်တာဆိုတတ်သော သားလေးကို ဘဘ ဘယ်လိုမှ ဥပေက္ခာမပြုနိုင်ဘူးဟုတော့ နန္ဒာ အကြွင်းမဲ့ယုံသည်။

ဆောင်း ငါ တစ်သက်လုံး ခံစားခဲ့ရတဲ့ ဝေဒနာမျိုး နင့်သွေးသားက ခံစားရမှ နင် တနာတတ်လာလိမ့်မယ်။

ဒီတစ်ခါတော့ နင့်ကို ငါ အနိုင်ယူနိုင်ခဲ့ပြီဆိုတာ။

✿ ✿ ✿



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

"အေး အေး သမီးလေးတို့လားအမိ မီးထွက်ပြီးမှပဲ လာခဲ့ကြ ပါ၊ သွေးနုသားနုနဲ့ ခရီးပန်းမှာ ဘဘစိုးတယ်ကွဲ့"

" ... ... ... "

"အေး အေးပါကွယ်၊ ဘဘမြေးလေးကိုလည်း ဂရုစိုက်ကြ နော်၊ ဘဘ မြင်တွေ့ချင်ပေမယ့် မလာနိုင်ဘူးကွဲ့၊ သမီးတို့ရောက်လာ မှပဲ တစ်ဝကြီး ကြည့်ရတာပေါ့"

" ... ... ... "

"နေကောင်းတယ် သမီး၊ အေး နန္ဒာကတော့ ဘဘလုပ်သလဲ မမေးနဲ့ ဘဘကတော့ ဒီမြေးတွေကိုပဲ အချစ်ပိုနေရတာပေါ့၊ သမီးလေးတို့ရောက်လာမှ ဘဘတို့တွေ ပျော်ပျော်ပါးပါး ဆုံကြတာ





ပေါ့"

ဆောင်းနဲ့ဖုန်းပြောပြီးတော့ ဘဘမျက်နှာက ကြည်နူးမှုတွေ နဲ့ ဝင်းပကြည်လင်နေသည်။ ညှိုခန်းထိုင်ခုံမှာထိုင်နေသော နန္ဒာတို့ သားအမိကို ဘဘက အပြုံးမျက်နှာနှင့် လှည့်ကြည့်ရင်း –

"ဝမ်းသာစရာပဲ သမီးရေ၊ ဆောင်းလေးက သမီးမိန်းက လေး မွေးတယ်တဲ့ကွ"

ဆောင်း ကလေးမွေးပြီဆိုသောသတင်းကြောင့် ဘဘ ကျေ နပ်သွားမှန်း နန္ဒာ သိလိုက်သည်။ ရင်ထဲမှာလည်း ထိတ်ခနဲလှုပ်ရှား သွားမိ၏။ ဆောင်းက သမီးမိန်းကလေးမွေးသည်တဲ့လား။

"မအေတူသမီးလေးပဲဖြစ်မယ်ထင်တယ်ကွ၊ သူတို့မိသားစု ဘဘတို့ဆီ အရောက်လာကြမယ်လို့ ပြောတယ်၊ နှစ်ပတ်လောက် တော့ ကြာဦးမှာတဲ့"

"ဆောင်းက သမီးလေးမွေးတယ်တဲ့လား ဖေဖေ၊ ဝမ်းသာ လိုက်တာ"

ဘဘစကားတွေကို အခန်းထဲက ထွက်လာသော မေမေ ကြားကာ ဝမ်းသာအားရ ရေရွတ်နေသည်။ နန္ဒာကတော့ နံဘေးက သားကို ပေါင်ပေါ်ဆွဲပွေ့ချီလိုက်ရင်း –

"ဘဘတို့ကလည်း ဆောင်းသမီးလေး မွေးတာနဲ့ သားသား ကိုတောင် ဂရုမထားနိုင်ကြတော့ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



နန္ဒာ့စကားကြောင့် ဦးထွဋ်ခေါင်က သားသားကိုလှည့်ကြည့်ရင်း –

"ဟား ဟား ဘဘက မြစ်နှစ်ယောက်စလုံးကို ချစ်ပါတယ် သမီးရဲ့၊ ယောကျာ်းကလေးတစ်ယောက်၊ မိန်းကလေးတစ်ယောက်ဆို တော့ ဘဘဘဝ ပြည့်စုံသွားပါပြီကွာ"

ဘဘက သဘောကျစွာ ရယ်မောရင်းဆိုတော့ နန္ဒာ ကျေ ကျေနပ်နပ်လေး ပြုံးမိရင်း သားလေးကို ရွှတ်ခနဲနမ်းသည်။

"ကဲ သား ဘိုးဘိုးကြီးနဲ့အတူ ခြံထဲမှာ လမ်းလျှောက်နေ လိုက်ဦးနော်၊ မေမေ လုပ်စရာအလုပ်တွေ လုပ်လိုက်ဦးမယ်"

"ဟုတ်ကဲ့ မေမေ"

သားသားက ခေါင်းကလေးညိတ်ကာ ဘဘဆီကို ပြေးသွား သည်။ ဘဘရဲ့လက်ကို လှမ်းဆွဲထားရင်း –

"ဘိုးဘိုး သားသားနဲ့ ခြံထဲမှာ လမ်းလျှောက်ကြမယ်လေ"

"ဟေ အေး အေး လျှောက်ကြတာပေါ့ကွာ"

ဘဘနဲ့သားတို့ ခင်တွယ်သံယောဇဉ်ကြီးအောင် နန္ဒာ သား ကို အမြဲတမ်း ဘဘနဲ့အတူ ရှိနေစေခဲ့တာကြောင့် ဘဘကတော့ ခင်တွယ်နေခဲ့ပြီ။

မြေးအဘိုးနှစ်ယောက် ခြံထဲမှာ လမ်းလျှောက်ရင်း တော တွေ ပြောနေတာကိုမြင်တော့ နန္ဒာ သိပ်ကို ကျေနပ်သည်။ ဘဘ





ဖြစ်ဖြစ် နန္ဒာရဲ့သားသားလေးအပေါ်မှာတော့ ဘဘဆောင်းရဲ့သမီး လေးထက်တော့ သံယောဇဉ်ပိုမိုမှာပါ။

"သမီး ဘာတွေတွေးပြီး တစ်ယောက်တည်း ပြုံးနေတာလဲ"

ကိုယ့်အတွေးနဲ့ကိုယ် နန္ဒာ ပြုံးနေတာကိုမြင်တော့ မေမေ မေးလာသည်။

"သားသားအကြောင်း တွေးမိလို့ပါ၊ မေမေ့ကို မေးစရာရှိ တယ်၊ သမီးရဲ့သားသားကို မေမေချစ်ရဲ့လားဟင်"

နန္ဒာ့အမေးစကားကြောင့် မေမေ နွေးနွေးလေးပြုံးကာ ကြည့် ရင်း အနားကို လျှောက်လာသည်။ ပြီးတော့ နန္ဒာကြည့်နေသော ပြတင်းတံခါးမှ ခြံထဲကို လှမ်းကြည့်သည်။

ကံ့ကော်ပင်အောက် ခုံတန်းလေးမှာ သားသားနှင့်ဘဘ အတူထိုင်ကာ ဘာတွေပြောနေကြသည်မသိပါ။

"သမီးလေးရယ် မြေးလေးကို မေမေချစ်ပါတယ်ကွယ်၊ မေမေချစ်တဲ့ သမီးလေး မွေးထားတဲ့ကလေးပဲကွယ်"

နန္ဒာမွေးထားသည့်ကလေးမို့ မေမေချစ်သည်တဲ့လား။ မေမေ မွေးထားသော နန္ဒာ့ကို ဘဘ ချစ်သလိုမျိုးတော့ မဖြစ်ပေချင်ပါ။

သားသားဘဝမှာလည်း နန္ဒာခံစားခဲ့ရသလိုတော့ ခံစားစရာ အကြောင်းမရှိဟု ထင်သည်။ မေမေက နန္ဒာတစ်ယောက်တည်းပေါ်မှာ ပဲ အချစ်တို့ ပုံခဲ့တာဖြစ်သည်။ နန္ဒာလည်း သားလေးအပေါ်မှာပဲ



www.burmeseclassic.com

www.burmeseclassic.com



အချစ်တွေပုံဖို့ ဆုံးဖြတ်ထားသည်။

ဆောင်းရဲ့သမီးလေးထက်တော့ သားသားနန္ဒတွင်ပေါ်
ကံကောင်းသူလေး ဖြစ်စေချင်သည်။

ဒါ နန္ဒာ့ရင်ထဲက အပြင်းပြဆုံးဆန္ဒပဲလေ။

✿

ကံကြမ္မာသည် ဘဘကို မမျှော်လင့်ဘဲ လောကကြီးထဲက
အခုလို ခေါ်ထုတ်သွားလိမ့်မည်ဟု နန္ဒာ မထင်ခဲ့ပါ။

အခုတော့ ဘဘဆုံးရှာပြီ။ ဆောင်းတို့မိသားစုလေး ရောက်
လာမှာကိုတောင် ဘဘ မစောင့်နိုင်ရှာခဲ့ပါ။ တစ်ညနေမှာ ဘုရားဝတ်
ပြုရင်း ဘဘ သတိလစ်လဲကျနေတာကို မေမေ မြင်တွေ့မှ နန္ဒာကို
အထိတ်တလန့် အော်ခေါ်သည်။

ဆရာဝန်ကြီးကိုပင့်ကာ ခေါ်ပေမယ့် ဘဘကို အသက်မမီ
တော့ပါ။ ရုတ်တရက် သွေးတွေတိုးကာ ဘဘ အသက်ဆုံးပါးခြင်းဟု
ဆရာဝန်ကြီးက မှတ်ချက်ပေးသည်။

တစ်လတောင် မပြည့်တတ်သေးသည့် သမီးလေးနှင့်အတူ
ဆောင်းတို့သားအမိသုံးယောက် အိမ်ကိုရောက်လာကြသည်။





မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျပြီး ဆောင်းနန္ဒာကို
ဖက်ကာ ရှိုက်ကြီးတငင် ငိုကြွေးသည်။

"နောက်တစ်ပတ်ဆိုရင် ငါတို့ ဘဘဆီ လာကြတော့မလို့
မှာရယ်။ အဟင့် ဟင့် အခုတော့ ဘဘ တို့တွေကိုတောင် စောင့်
မသွားနိုင်ဘူးနော်"

"သမီးတို့လာမှာကို ဖေဖေ မျှော်နေရှာတာပါကွယ်၊
ဖေဖေက မိသားစု စုံစုံညီညီပြန်ဆုံကြမယ့်နေ့ကို မျှော်နေခဲ့တာ"

မေမေက ရှိုက်သံတွေနှင့် ဆောင်းကို ပြောပြနေသေးသည်။
ငြိမ်သက်နေသော ဘဘကိုကြည့်ကာ နန္ဒာကိုယ်တိုင်လည်း မျက်ရည်
တွေ ရစ်ဝဲနေခဲ့၏။ ဘဘအပေါ်မှာ နန္ဒာ အလိုမကျစိတ်ကွက်ခဲ့မိ
တာ ဆောင်းနဲ့ပတ်သက်ပြီး ခံစားနာကျင်မိတာကြောင့်ပဲဖြစ်သည်။
ဒါပေမဲ့ –

ဘဘကို နန္ဒာ သိပ်ချစ်ခဲ့တာ အမှန်ပဲလေ။ မေမေ့ရဲ့မွေးစား
သမီးဆိုပေမယ့် ဘဘက ထိုက်တန်တဲ့အမွေတွေတော့ ပေးခဲ့သည်။
ဒါ နန္ဒာ့အပေါ်မှာ ထားခဲ့တဲ့ ဘဘရဲ့မေတ္တာသံယောဇဉ်ပဲလေ။

ပြီးတော့ နန္ဒာရဲ့သားလေးအပေါ်မှာလည်း ဘဘ သိပ်ချစ်
တာ နန္ဒာ့အမြင်ပဲဖြစ်သည်။ အခုတော့ ဘဘ သူချစ်သောသူအားလုံး
ကို စွန့်ခွာသွားခဲ့ပြီဆိုတာတော့ သေချာခဲ့ပြီ။

"ဘဘအပေါ်မှာ တကယ်တမ်း တာဝန်မကျေနိုင်ခဲ့သူက



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းပါ၊ ဒေါ်လေးယုရော နန္ဒာပါ ဘဘအပေါ်မှာ တာဝန်ကျေ
ခဲ့ကြသူတွေပါ၊ ဒီအတွက် ဆောင်း အမြဲတမ်း နောင်တရနေမှာ
အဟင့် ဟင့်''

ဆောင်း ကြေကြေကွဲကွဲလေး ပြောရှာသည်၊ သမီးငယ်လေး
ကို ရင်ခွင်မှာ ပွေ့ပိုက်ထားသော နေစံကတော့ စိတ်မကောင်းသော
မျက်နှာနှင့် ငြိမ်သက်လို့။

ဘဘရဲ့ ရက်လည်ကိစ္စတွေ ပြီးပြတ်သွားသည်အထိ ဆော
တို့မိသားစု ရှိနေခဲ့ကြသည်။ ဘဘမရှိပေမယ့် ငယ်ဘဝလေးကို ...
မောကာ ဆောင်း တစ်ပတ်လောက် ဆက်နေမည်ဆိုတော့ နေ
နားလည်စွာ ခေါင်းညိတ်သည်။

''ဆောင်း နေချင်နေလေ၊ ကိုယ်တော့ ဆိုင်ကိစ္စတွေ
တော့ ရန်ကုန်ပြန်မှဖြစ်မယ်''

''မောင်နေစံရယ် မင်းကလည်း ရောက်တုန်းရောက်
နေပါဦးလား''

မေမေကားတော့ နေစံက တောင်းတောင်းပန်ပန်ရှင်းပြ
၏။

''နေချင်ပါတယ် ဒေါ်လေးယုရယ်၊ ဒါပေမဲ့ ဘဘကို
မထင်မှတ်ဘဲဖြစ်သွားတော့ ဟိုမှာ ဘာမှမစီစဉ်နိုင်ဘဲ လွှယ်
ပစ်ထားခဲ့ရလို့ပါ၊ ဆောင်းတို့သားအမိ နေလိမ့်မယ်လေ၊ ကျွန်





တစ်ပတ်လောက်နေရင် ပြန်လာခဲ့မယ်''

နေစံကိုကြည့်ကာ နန္ဒာ မယုံနိုင်အောင် အံ့ဩမိသေးသည်။
ဟိုးအရင်က နေစံနှင့် လုံးဝမတူတာတော့ အမှန်။ တည်တည်ငြိမ်ငြိမ်
နှင့် စီးပွားရေးကို အောင်မြင်စွာ ဦးဆောင်နေနိုင်သော နေစံရဲ့ပြောင်း
လဲမှုတွေက အံ့ဩစရာပင်။

ဆောင်းကို ချစ်သောစိတ်နဲ့ နေစံ ပြောင်းလဲသွားခဲ့ခြင်းဟု
နန္ဒာ ယုံပါသည်။ ဆောင်းတို့သားအမိကို ထားရစ်ခဲ့ကာ နေစံပြန်
သွားသည်။

နီတာရဲ့ ဆောင်းရဲ့သမီးလေးကိုကြည့်ကာ သားသားက
တော့ အနားက မခွာနိုင်ဖြစ်နေသည်။

''သားသားက ညီမလေးကို ချစ်လို့လား''

''ချစ်တာပေါ့ ဒေါ်ဒေါ်လေးရဲ့၊ ညီမလေးကို သားတို့ဆီမှာ
ပဲ ထားခဲ့ပါလား''

သားသားစကားကြောင့် ဆောင်းသဘောကျစွာ ရယ်နေ
သည်။ ပြီးတော့ နန္ဒာကို လှည့်ကြည့်ရင်း -

''နန္ဒာရေ နင့်သားကတော့ ညီမလေး ထပ်လိုချင်နေတယ်
ဟ၊ ငါ့သမီးကို နင်မွေးစားမလား အဟင်း ဟင်း''

''နင် တကယ်ထားရက်တယ်ဆိုရင် ထားခဲ့လေ ဆောင်း၊
ငါ့သားသားအတွက် အဖော်ရတာပေါ့ဟာ''



www.burmeseclassic.com

www.burmeseclassic.com



"မလုပ်ပါနဲ့ဟယ်၊ နေစံက သူ့သမီးကို ခွဲနိုင်တာ မဟုတ်ဘူး၊ အခုတောင် ငါက နေခဲ့ချင်တယ်ဆိုလို့ သူခွင့်ပြုတာ၊ သမီးက သူ့အသည်းကျော်လေ"

ဆောင်းစကားကြောင့် နန္ဒာ ပြုံးမိသည်၊ အဖေလိုပဲ နှာတံလေးတွေ၊ နှုတ်ခမ်းလေးတွေ လှပချစ်စရာကောင်းသော ဆောင်းသမီးလေးက မျက်ဝန်းလေးတွေကတော့ အမေတူပါပဲ။

အဖေတူ အမေတူ သမီးလေးဆိုတော့ ဆောင်းရော နေစံပါ သည်းသည်းလှုပ်တုန်နေအောင် ချစ်မှာတော့ သေချာ၏။

"ဒါနဲ့ သမီးလေးနာမည်က ဘယ်သူလဲဟင်ဆောင်း"

"ဆောင်းကဏ္ဍီပါ . . . တဲ့ နန္ဒာရဲ့"

"ဆောင်းကဏ္ဍီပါ"

နန္ဒာ အသံလေးထွက်ရေရွတ်ရင်း ဆောင်းရင်ခွင်ထဲက ကလေးငယ်လေးကို ငေးစိုက်ကြည့်မိသည်။

နာမည်လေးက ချစ်စရာကောင်းသလို ရုပ်လေးကလည်း ချောမောမှာတော့ သေချာသည်။ သွေးအသားအရင်းချာဆိုတော့ ဆောင်းတို့ အရမ်းချစ်ကြမှာပေါ့။ သူမတောင် အရင်းအချာမဟုတ်ပါပဲ သားသားကို နှောင်တွယ်သွားခဲ့မိတာ၊

သားသားကို မွေးစားခဲ့တုန်းကတော့ ဆောင်းလိုပဲ ကလေးတစ်ယောက်ကို နန္ဒာ ပိုင်ဆိုင်ချင်တာကြောင့်ဖြစ်သည်။ ဘဘရဲ့အပေါ်





မှာ သားလေးရဲ့နှောင်ကြိုးတွေ ရစ်ပတ်သွားစေလိုတာကြောင့်ပါ။

အခုတော့ နန္ဒာကိုယ်တိုင် သားလေးအပေါ်မှာ နှောင်တွယ်နေမိသည့် သံယောဇဉ်တို့က ခိုင်မာနေခဲ့ပြီ၊

"နန္ဒာ နင် ကလေးတစ်ယောက်မွေးစားလိုက်တယ်ဆိုတော့ ငါ အရမ်းအံ့သြသွားတာ၊ နေစံတောင် တကယ်မယုံဘူးဖြစ်နေတာ"

ဆောင်းက နန္ဒာ့ကို ငေးငေးလေးကြည့်ကာပြောတော့ နန္ဒာ ကျေကျေနပ်နပ်လေး ပြုံးရင်း –

"သားသားကို ငါ မြင်မြင်ချင်း သံယောဇဉ်တွယ်သွားတာကြောင့်ပါဟာ"

"နင် ဘယ်တော့မှ အိမ်ထောင်မပြုတော့ဘူးလားဟင် နန္ဒာ"

"ဟင့်အင်း၊ ငါ့ဘဝက ငါ့သားလေးအတွက်ပဲ ငါရှင်သန်မှာ"

"အင်း သံယောဇဉ်ဆိုတာ ရန်ဖွဲ့ချည်နှောင်တတ်တဲ့ ကြိုးတစ်ချောင်းပဲ၊ ငါတို့လည်း ဒီသမီးလေးအတွက် အခုကတည်းက ရည်မှန်းချက်တွေ ထက်နေတာဟ၊ နေစံက သမီးလေးအတွက်တဲ့ စီးပွားရေးကို မနားမနေ ကြိုးစားနေတာ၊ ငါကတော့ သမီးလေးကို ပညာဝန်မကြီးပဲ ဖြစ်စေချင်တာလေ"

ဆောင်းက ရင်ခွင်ထဲမှ သမီးလေးကို ငုံ့ကြည့်ကာ ပြောနေသည်။ သားသမီးအတွက် ဆောင်းတို့တွေ့မှာလည်း ရည်ရွယ်ချက်တွေနဲ့ပါလား။



www.burmeseclassic.com

www.burmeseclassic.com



သားလေးအတွက်လည်း နန္ဒာ့ရင်ထဲမှာ မျှော်လင့်ချက်တွေတော့ ထားရမည်။ ဆောင်းရဲ့သမီးလေးထက် သားသားလေးက ပိုပြီးထူးချွန်ထက်မြက်ရမည်။

နန္ဒာ့စိတ်ထဲက ကြိမ်းဝါးမိတာကို ဆောင်းကတော့ ကြားမည် မဟုတ်။

✿ ✿ ✿



## အခန်း (၂၄)

ရာသီစက်ဝန်းတို့ အကြိမ်ကြိမ်လည်ပတ်ပြီးခဲ့ပြီ။ နှစ်ပေါင်းနှစ်ဆယ်ကျော်ဆိုသောကာလအတွင်းမှာ အပြောင်းအလဲတွေက အများကြီးရှိလိမ့်မည်။

ဒါပေမဲ့ ဒေါ်ယုနန္ဒာ ရင်ထဲက ခံစားချက်အကြိတ်အခဲလေးတွေကတော့ တည်ရှိနေဆဲပဲဖြစ်သည်။

သားအတွက် နန္ဒာ့ရင်ထဲက ကြီးမားစွာ ရည်ရွယ်ထားသည့်အတိုင်း ဆရာဝန်တစ်ယောက်ဖြစ်အောင် သူမ လမ်းကြောင်းပေးနိုင်ခဲ့သည့်မို့ ဒေါက်တာနန္ဒထွဋ်ခေါင်ဟူသော ဂုဏ်ပုဒ်ကိုတော့ ပိုင်ဆိုင်နိုင်ခဲ့သည်။

သားက လိမ်မာပြီး သူမစကားကို နားထောင်သော သား



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ဖြစ်ခဲ့၏။ အသက်လေးဆယ်ငါးနှစ်ဆိုသောအရွယ်မှာ သူမဘဝက ပိုမိုရင့်ကျက်တည်ငြိမ်ခဲ့သလို မေမေသည်လည်း ခုနစ်ဆယ်နီးပါး ရှိခဲ့ပြီမို့ အိမ်ထဲက အပြင်မထွက်သလောက် ရှိနေပြီ။

နန္ဒာကတော့ ပြင်ဦးလွင်မှာပဲ ရွှေဆိုင်တစ်ဆိုင်ဖွင့်ဖြစ်ခဲ့သည်။ အခုတော့ သူမရဲ့ရွှေဆိုင်က အောင်မြင်နေခဲ့တာလည်း အမှန်။ သားက တာဝန်ကျနေသော ဆေးရုံနှင့် ဖွင့်ထားသောဆေးခန်း ဟိုသည်ပြေးရင်း လည်ပတ်နေ၏။

နန္ဒာတို့ဘဝလေး တည်ငြိမ်စွာရှင်သန်လည်ပတ်နေသလို ရန်ကုန်က ဆောင်းတို့မိသားစုသတင်းကိုလည်း ကြားရပါသည်။

နန္ဒာ့လိုပဲ ဆောင်းက သမီးလေးတစ်ယောက်ပဲမွေးခဲ့ကာ နောက်ထပ် သားသမီးမရခဲ့တော့တာမို့ သမီးကိုပဲ ဆောင်းတို့လင်မယား အချစ်ပိုခဲ့ကြသည်။

ရန်ကုန်က ဆေးရုံတစ်ခုမှာပဲ ဆောင်းက တာဝန်ထမ်းဆောင်နေဆဲဖြစ်ကာ နေစံကတော့ အရောင်းကုန်တိုက်ကြီးတစ်ခုတည်ထောင်ထားသည်အထိ စီးပွားရေးမှာ အောင်မြင်နေခဲ့သည်တဲ့။

သားသား ရန်ကုန်မှာ ဆေးကျောင်းတက်နေတုန်းကတော့ နန္ဒာ တစ်ခေါက်ရောက်ဖူးခဲ့သည်။ ဆောင်းကတ္တီပါဆိုသော နေစံရဲ့ အရောင်းကုန်တိုက်က ရန်ကုန်မှာတော့ နာမည်ကြီးဖြစ်သည်။

သမီးကို ဆရာဝန်မကြီးဖြစ်စေချင်သည်ဆိုပေမယ့် ဆောင်း





ရဲ့ရည်ရွယ်ချက်တွေတော့ ဖြစ်မလာခဲ့ပါ။ ဆောင်းကတ္တီပါဆိုသော ဆောင်းသွေးခင်ရဲ့သမီးက ဂါသနာပါသော လမ်းကိုပဲ ရွေးခဲ့သည်တဲ့။

ဗိသုကာပညာဘွဲ့ရခဲ့သော အင်ဂျင်နီယာမလေးတစ်ဦးဟု နန္ဒာသိခဲ့၏။ နန္ဒာ ကြိုတင်တွက်ဆထားသလိုပါပဲ။ ဆောင်းကတ္တီပါလေးရဲ့အလှက အဖေအမေတို့ရဲ့အလှတွေကို ပေါင်းစပ်ပိုင်ဆိုင်ထားတာမို့ ငေးလောက်အောင်ချောမောသည်။

ရန်ကုန်နှင့်ပြင်ဦးလွင် ဝေးကွာလှတာ မဟုတ်ပေမယ့် အလည်အပတ်ရောက်ဖို့ ခက်ခဲသောလုပ်ငန်းတာဝန်တွေကြောင့် မဆုံဖြစ်ကြသလောက်ရှိခဲ့သည်။

ဆောင်းနှင့်နန္ဒာတို့တွေကတော့ တစ်ယောက်နှင့်တစ်ယောက် ဖုန်းဆက်သွယ်မှုတွေတော့ မပြတ်ခဲ့ကြပါ။

ရင့်ကျက်ရင်ဆိုင်ခဲ့ရသော အတွေ့အကြုံနှင့် သားအပေါ်ခင်တွယ်သော သံယောဇဉ်နှင့်ပင် မေမေ့ရဲ့မေတ္တာစိတ်ကို နန္ဒာ ပိုလို့နားလည်နိုင်ခဲ့၏။ တကယ်ဆို သားသားကို နန္ဒာ မွေးစားခဲ့တာ နှစ်နှစ်သားအရွယ်မှာဖြစ်သည်။

ဒါပေမဲ့ အခုချိန်မှာ ရင်မှလွယ်မွေးသော သားအရင်းအချာပမာ နန္ဒာ သားကိုချစ်သည်။ မေမေက သူမကို မွေးကင်းစအရွယ်လောက်ကတည်းက မွေးစားခဲ့တာမို့ မေမေ့ရဲ့မေတ္တာကို နန္ဒာ ပိုလို့ တနားနားလည်နိုင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်လည်း အသက်အရွယ်ကြီးရင့်လာသော မေမေ့ကို တော့ နန္ဒာ အမြဲတမ်း စိတ်ချမ်းသာအောင် ဂရုစိုက်ပါသည်။

"မေမေ ဆေးသောက်ပြီးပြီလားဟင်"

"ပြီးပါပြီ သမီးရဲ့၊ သမီး ဒီနေ့ နောက်ကျတယ်နော်"

"ဟုတ်တယ် မေမေ၊ ဒီနေ့ ဆိုင်မှာ ဝယ်နေကျဖောက်သည် တွေ ကျနေလို့ပါ၊ ဒါနဲ့ သားပြန်မလာသေးဘူးလား မေမေ"

"မြေး ဆေးရုံကနေ ဆေးခန်း ဆက်ဝင်မယ်လို့ မနက်က တည်းက ပြောသွားတယ်လေ သမီးရဲ့"

"ဟုတ်သားပဲ၊ ဆောရီး သမီးမေ့နေလို့၊ ကဲ သမီးရေမိုးချိုး လိုက်ဦးမယ်နော် မေမေ"

"မြန်မြန်ဆန်ဆန်လေး ချိုးနော် သမီး"

စိုးရိမ်စွာ သတိပေးမှာသော မေမေ့စကားကို သူမ ခေါင်း လေးညိတ်ပြမိရင်း အခန်းထဲဝင်ကာ အဝတ်အစားလဲလိုက်သည်။ ရေမိုးချိုးဖို့ တဘက်လေးလွှားကာ အခန်းထဲကအထွက်မှာ အိမ်ဖော် မလေး မိစိမ့်နှင့်တိုး၏။

"မေ ယူ ဖုန်းလာနေတယ်ရှင့်"

"ဘယ်ကလဲ မစိမ့် သားဆီကလား"

"မဟုတ်ဘူးရှင့်၊ ရန်ကုန်ကတဲ့၊ ဒေါ်ဆောင်းသွေးခင်တဲ့ မေယု"





နန္ဒာ ရင်ထဲ ထိတ်ခနဲလှိုက်ခါသွားခဲ့ကာ ညှော်ခန်းထဲက ဖုန်းဆီ ခပ်သွက်သွက်လေးလှမ်းခဲ့သည်။ ဆောင်းဆီက ဖုန်းမလာတာ ကြာပြီ။

စားပွဲပေါ်မှာ အသာချထားသော ဖုန်းခွက်ကို နန္ဒာ ကောက် ယူလိုက်၏။

"ဟဲလို နန္ဒာပါ"

"နန္ဒာ ငါပါ ဆောင်း။ နင်တို့မိသားစု နေကောင်းရဲ့လား"

"အင်း ကောင်းပါတယ် ဆောင်း၊ နင်တို့လည်း နေကောင်း ကြတယ် မဟုတ်လား"

"အားလုံးကောင်းပါတယ်၊ ငါ အခု ဖုန်းဆက်တာ သမီးလေး ကိစ္စကြောင့်ဆက်တာ သမီးက အခု ပြင်ဦးလွင်ကို လာမလို့တဲ့"

နန္ဒာ မျက်မှောင်လေးကြုတ်သွားမိ၏။ ပြင်ဦးလွင်ကို ဆောင်းရဲ့သမီး လာမည်တဲ့။

"သမီးတို့ကုမ္ပဏီက တာဝန်ယူပြီး ပြင်ဦးလွင်မှာ ဟိုတယ် ဆောက်မယ့်စီမံကိန်းတစ်ခု ရှိနေတယ်၊ အဲဒီမှာ သမီးက တာဝန်ယူ ထားတော့ သူ ပြင်ဦးလွင်မှာနေရမှာ နန္ဒာရဲ့"

"အင်း ငါသဘောပေါက်ပြီ ဆောင်း၊ နင်ရော လိုက်မလာ ဘူးလား"

"သမီးလာတဲ့နေ့တော့ ငါလိုက်ပို့ဖြစ်မှာပါ၊ ဒါပေမဲ့ ငါ ကြာ



www.burmeseclassic.com

www.burmeseclassic.com



ကြာနေလို့မရဘူး၊ ဆေးရုံက ခွင့်ရက်တိုပဲရမှာလေ၊ နေ့စံကလည်း စီးပွားရေးလောဘတွေတက်နေတော့ အားတာမဟုတ်ဘူး၊ ဝါနဲ့သမီး လာခဲ့မယ်''

''လာခဲ့လေ ဆောင်း၊ အဲဒီနေ့ကျ ငါလာကြိုပေးရမလား''

''မကြိုနဲ့ နန္ဒာ၊ သမီးရဲ့ကားနဲ့ပဲ လာကြမှာ၊ လာမယ့်နေ့ ရင် ငါ ထပ်ဖုန်းဆက်မှာပေါ့ဟာ၊ ကဲ ဒါပဲနော် နန္ဒာ၊ ငါတို့ဆုံမှ စကားတွေ တစ်ဝကြီးပြောကြတာပေါ့''

ဆောင်းဖုန်းချသွားခဲ့တော့ နန္ဒာ မှင်တက်တက်လေး ရပ် မိဆဲရှိသည်။ ဆောင်းရဲ့သမီးက သူမတို့အိမ်မှာ လာနေမည်တဲ့ ဘယ်လိုမှ မမျှော်လင့်သောကိစ္စကြီး ဖြစ်သည်။

နန္ဒာ ရန်ကုန်ရောက်တုန်းက မြင်တွေ့ခဲ့ဖူးသော ဆောင်း ကတ္တီပါလေးရဲ့မျက်နှာလေးကို အာရုံထဲမှာ မြင်ယောင်လာသည်။ အဲဒီတုန်းက ဆောင်းကတ္တီပါ အထက်တန်းကျောင်းသူဘဝလေး ရှိသေးသည်။

ဝင်းဝင်းနှစ်နှစ် အသားအရေလေးနှင့် မွတ်နေအောင် သောမျက်နှာလေးက အပျိုစင်အလှပန်းဖူးလေးလိုပဲ ရှိသေး၏။ တော့ ဆောင်းကတ္တီပါဆိုသော မိန်းကလေးသည် နုဖပ်ဝင်းစက်နေ သေချာသည်။

သူမရဲ့အိမ်အရိပ်မှာ လာနေမည်ဆိုတော့ သားနဲ့မဖြစ်





ဆုံစည်းပတ်သက်တော့မှာ သေချာ၏၊ အခုချိန်အထိ ရည်းစားမရှိ၊ အတွဲမရှိ မိခင်နဲ့အဘွားအပေါ်မှာပဲ သံယောဇဉ်အပြည့်ရှိနေသော သားကိုတော့ သူမ နှမြောပါသည်။

ဒါပေမဲ့လည်း ဆောင်းရဲ့သမီးလေးနဲ့ဆိုလျှင်တော့ ဘာမှ မျက်နှာစရာအကြောင်းမရှိ။

ဆောင်းနဲ့နေ့စံတို့ရဲ့တစ်ဦးတည်းသောသမီးဆိုတော့ ဆောင်း နှင့်နေ့စံတို့ ပိုင်ဆိုင်သမျှတွေသည် ဆောင်းကတ္တီပါလေးအတွက်ပဲ ဖြစ်၏။ ဥစ္စာရော အသည်အချင်းဂုဏ်ဒြပ်မှာပါ ပြည့်စုံသည့်မိန်းကလေး။

သားအတွက် ကံကြမ္မာက ဖန်တီးလာတာကို နန္ဒာ ဘာလို့ ငြင်းပယ်ပစ်ရမှာလဲ။

အတွေးတွေနဲ့ နန္ဒာ ကျေကျေနပ်နပ်ကလေးပဲ ပြုံးလိုက်မိ သည်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

တစ်ဦးတည်းသော သမီးချောလေးကို ဦးနေမင်းစံ တစ်မှိ
စိမ့်ထိုင်ကြည့်နေမိတာ ကြာပြီ။ စက္ကန့်ပေါင်းများစွာ ကုန်လွန်သွားပေ
မယ့် ကြည့်ရတာ အားမရနိုင်သေး။

တစ်ဦးတည်းသော သမီးလေးမို့ သူ့ အသက်မကချစ်သည်။ သမီးလေးအတွက်ပဲ သူကြိုးစားရှာဖွေခဲ့တာဖြစ်သည်။

အခုတော့ သမီးလေးက အလုပ်တာဝန်တွေနှင့် ပြင်ဦးလွင်ကိုသွားမည်ဆိုတော့ သူ့ရင်ထဲမှာ စိုးရိမ်မိတာအမှန်။

"သမီးကို ဖေဖေ စိတ်မချတာအမှန်ပဲ"

သူ့နှုတ်က ထွက်လာသော စကားကြောင့် သမီးက နှာခေါင်းလေး ရှုံ့သည်။ ဆောင်းကလည်း မျက်မှောင်လေးကြုတ်ကာ လှည့်





ကြည့်ရင်း –

"ရှင်က ဘာကို စိတ်မချဖြစ်နေတာလဲ၊ သမီးက ကလေးလေးမှ မဟုတ်တော့တာ၊ ပြီးတော့ အခုသွားမယ့် ပြင်ဦးလွင်မှာ နန္ဒာတို့ ဒေါ်လေးယုတို့ပါ ရှိနေတယ်လေ"

ဆောင်းက အလိုမကျစွာ ဝင်ပြောသည်။ သမီးကလည်း မိခင်ဖြစ်သူရဲ့လေသံအတိုင်း –

"ဟုတ်သားပဲ ဖေဖေရဲ့၊ သမီးရဲ့အဒေါ်တွေရှိနေတဲ့နေရာဆိုတော့ သမီးအတွက် ပိုတောင်အဆင်ပြေသေးတယ်၊ ဟို ဒေါ်လေးမှာလည်း သားတစ်ယောက်ရှိတယ်ဆိုတော့ သမီးကို စောင့်ရှောက်ပေးမယ့် အစ်ကိုတောင် ရှိနေတာပဲ"

သမီးက နန္ဒာရဲ့မွေးစားသား နန္ဒထွဋ်ခေါင်ကို ရည်ရွယ်ပြောနေတာဖြစ်သည်။ ဦးနေမင်းစံ ပင့်သက်ရှိုက်မိသည်။ သူ့ရင်ထဲမှာ စိုးရိမ်နေတာ ဒါကြောင့်လို့ ပြောချင်ပေမယ့် သမီးရှေ့မှာ နှုတ်ကမထွက်ပါ။

"သမီးပြောတာမှန်တာပဲ စံရယ်၊ ဘာမှအသိအကျွမ်း ဆွေမျိုးသားချင်းမရှိတဲ့နေရာဆိုရင် ထားပါတော့၊ အခုတော့ ပြင်ဦးလွင်ဆိုတော့ ကျွန်မ စိတ်ချမ်းသာသွားတာ အမှန်ပဲ၊ နန္ဒာကိုလည်း ဖုန်းဆက်ပြောပြီးပြီ"

"ဟုတ်ပါတယ်ကွာ၊ ကိုယ်က ကိုယ့်သမီးအချောအလှလေးမို့ စိတ်ပူမိတာပဲ၊ မတော်တဆရော်တွေနဲ့ ဆုံသွားမှာစိုးလို့ကွ"



www.burmeseclassic.com

www.burmeseclassic.com



ဦးနေစံ ရင်ထဲက ခံစားချက်ကို ဖွင့်ဟပြောတော့ နန္ဒာ သဘောကျစွာ ခေါင်းလေးငုံ့ပြီး ရယ်နေသေးသည်။

"အဟင်း ဟင်း ဖေဖေကလည်း အလကားစိုးရိမ်နေပြန်ပြီ သမီးအသက်က နှစ်ဆယ်တောင်ပြည့်တော့မယ်၊ ဗိသုကာပညာရှင် အင်ဂျင်နီယာတစ်ယောက်လေ ဖေဖေရဲ့"

"ဖေဖေ သမီးလေး တော်တာ,ထက်တာ ဖေဖေ သိပါ တယ်၊ ဒါပေမဲ့ စိုးရိမ်တာက သမီးကို ချစ်လို့ပါ"

"စိတ်ချ သမီးကလည်း ဖေဖေနဲ့မေမေ့ကိုချစ်တယ်၊ ဘယ် တော့မှ စိတ်ဆင်းရဲအောင်မလုပ်ပါဘူး၊ အခု ပြင်ဦးလွင်ကို သွားတာ လည်း သမီးရဲ့အလုပ်ကိစ္စကြောင့်ပဲလေ၊ ဘာမှဝေးတာမှမဟုတ်ဘဲ၊ အလုပ်ခွင့်ရက်တွေကျရင်လည်း သမီးအိမ်ကို ပြန်လာမှာပါ ဖုန်းလည်း အမြဲဆက်မယ်"

သမီးက ကတိစကားတွေပေးကာ စိတ်မပူဖို့ ပြောနေတော့ သူ ကျေနပ်ရပြန်ပါသည်။ ကိုယ့်မှာသာ မလုံမခြုံစိတ်ကြီးနှင့် စိုးရိမ် တွေ ပိုနေမိတာ သမီးလေးက လိမ်မာလွန်းသည်။

ဘယ်တုန်းကမှ သူတို့လင်မယား စိတ်ဆင်းရဲအောင် မလုပ်ခဲ့ ဖူးသလို ကျောင်းမှာတုန်းကလည်း ပညာရေးကလွဲလို့ ဘာကိုမှ စိတ် မဝင်စားခဲ့ပါ။

"ကဲ သမီး ပြင်ဆင်စရာရှိတာ သွားပြင်ဆင်ဦးမယ်၊ ကုမ္ပဏီ





ကိုလည်း သတင်းပို့စီစဉ်ရဦးမယ်"

"အေး အေး သွား သွားသမီး၊ ညနေတော့ စောစောပြန် နော်၊ မေမေတို့ လက်ဆုံထမင်းစားကြရအောင်"

"စိတ်ချ မေမေ၊ သမီး စောစောပြန်ရောက်မှာပါ၊ အပြန် ကျရင် ဖေဖေကြိုက်တဲ့ ဘဲကင်ပါ ဝင်ဝယ်ခဲ့မယ် တာတာ့ဖေဖေ"

သမီးက လက်ကလေးပြနှုတ်ဆက်ကာ ထွက်သွားသည်။ ပန်းရောင့်ရောင်ဝတ်စုံလေးနှင့် လက်ကိုင်အိတ်ဖြူလေး ဝှေ့ယမ်းထွက် သွားသော သမီးကိုကြည့်ကာ ဦးနေမင်းစံရင်မှာ မောဆို့ဆို့တော့ ဖြစ်နေမိတုန်း။

"စံ ရင်ကြည့်ရတာ ဘာဖြစ်နေတာလဲ၊ သမီးအတွက် ဒီ လောက်စိတ်ပူပန်နေလွန်းနေတာ မကောင်းဘူး"

"ဟာ ခေတ်ကလည်း ကိုယ့်သမီးလေးက ဒီတစ်ယောက် ရှိတာဆိုတော့ စိုးရိမ်တာပေါ့"

"အမလေး စံရယ်၊ သမီးက ဆောင်းရဲ့သမီးပါပဲ၊ ဒါပေမဲ့ ဒါလောက်ထိ စိုးရိမ်လောက်အောင် သမီးက မလိမ်မာတာမှ မဟုတ် တာတဲ့"

"သမီးက ကလေးမဟုတ်တော့ဘူးလေ၊ ပြီးတော့ ကိုယ်တို့ မျက်ကွယ်အရပ်မှာဆိုတော့ တစ်ခုခုများမှာ ကိုယ်စိုးရိမ်တယ်"

"အဟင်း ဟင်း ဒါတော့ စံရယ်၊ အချိန်တန်ရင် သမီးချစ်သူ



www.burmeseclassic.com

www.burmeseclassic.com



တွေ့မှာ မဆန်းပါဘူး၊ သမီးရွေးချယ်နိုင်မှာပါ၊ ဆောင်းနဲ့စံတို့တော
ကိုယ့်အနာဂတ်ကို ကိုယ်ဆုံးဖြတ်ရွေးခဲ့ကြတာပဲလေ''

ဆောင်းက အတိတ်ကို ပြန်တွေးမိကာ ပြုံးပြုံးလေးပြော
မယ့် နေမင်းစံရင်ထဲမှာတော့ စိုးရိမ်မိပါသည်။ တကယ်ဆို ဆော
တုန်းကလည်း သူ ချဉ်းကပ်ကြိုးစားခဲ့တာ ရည်ရွယ်ချက်တစ်ခုကြော
နောက်ပိုင်းကျမှ ဆောင်းရဲ့ဖြူစင်သောနှလုံးသားလေး
သူ မြတ်နိုးနှောင်တွယ်သွားခဲ့တာဖြစ်သည်။

သူ့ရဲ့အချစ်ကို ဆောင်း ယုံကြည်ခဲ့ပေမယ့် မမယုနန္ဒာ
တော့ မယုံမရဲဖြစ်ခဲ့သေးသည်။ မမနန္ဒာရဲ့စိတ်ဓာတ်ကို သိနေခဲ့သေ
သူ့သမီးအတွက် စိတ်မချနိုင်တာလည်း အမှန်ဖြစ်သည်။

ဒါက မမယုနန္ဒာရဲ့မွေးစားသား နန္ဒထွဋ်ခေါင် ရှိနေ
ကြောင့်လည်း ပါသည်။ သမီးက အစ်ကိုရင်းချာဟု ယုံကြည်နေ
မယ့် နန္ဒထွဋ်ခေါင်က ဘာမှသွေးမတော်သားမစပ်သူ ဖြစ်သည်။

သူနဲ့ဆောင်းတုန်းကလည်း ဒီလိုပဲ မမနန္ဒာက ရည်ရွယ်ချ
နှင့် နီးစပ်အောင် စီမံခဲ့သည်။ ဒါတွေကို ဆောင်းမသိတော့ အခ

''ဆောင်း''

သူခေါ်တော့ သတင်းစာကို ငုံ့ဖတ်နေရာမှ ဆောင်း မေ
ကြည့်သည်။ ရွှေကိုင်းမျက်မှန်လေးတပ်ကာ လေးဆယ်ကျော်အရွ
စွန်းခဲ့ပေမယ့် ဆောင်းသည် နုပျိုလှပဆဲဖြစ်သည်။





''မမနန္ဒာရဲ့မွေးစားသားက အခု ပြင်ဦးလွင်မှာပဲနေတာလား''

''ဟုတ်တယ်လေ စံရဲ့၊ ပြင်ဦးလွင်ဆေးရုံမှာတာဝန်ကျနေ
တာ ကိုယ်ပိုင်ဆေးခန်းလည်း ဖွင့်ထားတယ်တဲ့၊ ကောင်လေးက
လိမ္မာပုံပါပဲ''

''ဘာပဲဖြစ်ဖြစ် သမီးနဲ့က သွေးသားမတော်စပ်ဘူးလေ၊
ဒါကို သမီးလေးကို ကြိုအသိပေးထားသင့်တယ်ထင်တယ်''

နေမင်းစံစကားကြောင့် ဆောင်း မျက်မှန်လေးချွတ်ကာ
လက်ထဲက သတင်းစာကို စားပွဲပေါ်လှမ်းတင်သည်။

''ဒါကို သမီးကို ဆောင်း အသိပေးထားပြီးသားပါ၊ ဒါပေမဲ့
သမီးကတော့ အစ်ကိုလို့ပဲ သတ်မှတ်ထားတာပဲလေ စံရဲ့၊ နေပါဦး
စံက ဒါကို စိုးရိမ်နေတာလား''

''အင်း သမီး အမှန်တရားကိုသိထားတော့ ခင်ခြင်နိုင်အောင်
လေး ပတ်ဝန်းကျင်က ပြောတာတွေ မခံစေချင်လို့ပါ''

''စံရယ်၊ သောကများပါဒတွေက ကြီးလိုက်တာ၊ နန္ဒလေးက
လူပေလူတေလေးမဟုတ်ပါဘူး၊ ဆရာဝန်တစ်ယောက်ပါ၊ ငယ်ငယ်
ကတည်းက သမီးလေးကို သူ့ညီမလေးလို ချစ်တာပါ၊ ကဲ စံ စိုးရိမ်
တာတွေကို ဖြေထားလိုက်စမ်းပါ၊ စံမှာလည်း အလုပ်တွေနဲ့ နစ်နေ
တာ''

''ကိုယ့်အလုပ်တွေ ပိနေတာမှန်ပေမယ့်၊ သမီးသွားတဲ့နေ့



www.burmeseclassic.com

www.burmeseclassic.com



ကျရင်တော့ ကိုယ်ပါ ဆောင်းနဲ့လိုက်မှာပါ"

"ဟင် အစကတော့ စံပဲ မအားဘူးဆို၊ ဒါကြောင့် ဆော... ခွင့်ယူလိုက်ရတာ၊ အခုမှ ဘယ်လိုစိတ်ကူးပြောင်းသွားတာတုံး"

"သမီးကိုရော ဆောင်းကိုပါ စိတ်မချလို့ စီစဉ်လိုက်တာ... ကိုယ်တို့ ဟိုမှာ အကြာကြီးနေလို့တော့ မရဘူးနော်၊ သုံးရက်လော... နေပြီး ပြန်ကြတာပေါ့ကွာ"

"အင်း စံ့လိုက်တာ ကောင်းပါတယ်၊ နန္ဒာတို့ ဒေါ်လေး... တို့နဲ့ပါ မတွေ့တာကြာပြီ"

သူပါ ပြင်ဦးလွင်အထိ လိုက်ဖြစ်မည်ဆိုတော့ ဆောင်း... ဝမ်းသာကျေနပ်သွားခဲ့သည်။

တကယ်ဆို သူလိုက်ဖြစ်ခဲ့တာ အဓိက,က သမီးအတွ... ကြောင့်ပဲ ဖြစ်သည်။ မမနန္ဒာကို သူ မယုံချင်ပါ။ ဟိုးအရင်တုန်း... လို စိတ်ဓာတ်မျိုး မမနန္ဒာမှာ မရှိတော့ဘူးလို့ ဘယ်သူပြောနိုင်မှာ... ပြီးတော့ –

မမနန္ဒာရဲ့မွေးစားသား နန္ဒထွဋ်ခေါင်ကိုလည်း သူ ခုံ... အကဲခတ်ကြည့်ချင်သေးပါသည်။

သမီးအတွက် စိုးရိမ်စရာအခြေအနေဆိုရင်တော့ မမနန္ဒာ... အိမ်မှာထားလို့ မဖြစ်ပါ။ သမီးအတွက် အဆင်ပြေအောင် တစ်ခု... စီစဉ်ပေးရမည်။





သမီးနဲ့ ...ပတ်သက်လာတော့လည်း မရိုးသားခဲ့ဖူးသော ...စိတ်တွေက ဦးနေမင်းစံကို ပြန်ခြောက်လှန့်နေသည်။ နှလုံးသား ...လေး ဖြူစင်ခဲ့သော ဆောင်းကတော့ အေးချမ်းလိုက်တာ။

မမနန္ဒာကိုယ်တိုင်ရော ဘယ်လိုနေမည်ဆိုတာ သူ မသိသေး ပါ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

"ညီမလေးက သားတို့အိမ်မှာ နေမလို့လား။ ကောင်းပါတယ် မေမေ၊ ဒေါ်လေးဆောင်းရော မပါဘူးလား"

"အင်း ဆောင်းတို့လင်မယားက လိုက်ပို့ပေးမယ်တဲ့၊ သူတို့က အလုပ်တာဝန်တွေနဲ့ဆိုတော့ တစ်ရက်နှစ်ရက်ပဲ နေဖြစ်ကြမှာလေ"

"ဒေါ်လေးဆောင်းနဲ့ မဆုံဖြစ်တာတော့ ကြာပြီ၊ သားဘွဲ့ယူ တဲ့နေ့က နောက်ဆုံးပဲ၊ ကျောင်းတက်နေတုန်းကလည်း သား သုံး ကြိမ်လောက်ရောက်တယ်၊ ဦးလေးနေစံရော ညီမလေးကိုပါ တစ်ခါမှ မတွေ့ခဲ့ရဘူး"

သားကပြောတော့ နန္ဒာ ခေါင်းတညိတ်ညိတ် နားထောင်ရင်း အကဲခတ်ကြည့်နေမိသည်။ သားရဲ့မျက်ဝန်းတွေထဲမှာတော့ ဆောင်း





ကတ္တီပါလေး ရောက်လာမည့်အတွက် ဝမ်းသာကျေနပ်နေတာတော့ ထင်ရှားသည်။

"အင်း ညီမလေးကို သားတွေ့ချင်နေတာ ကြာပြီ၊ သားတို့ မဆုံဖြစ်ကြတာ ဆယ့်ငါးနှစ်လောက် ရှိပြီထင်တယ်၊ ညီမလေး ငယ် ငယ်က အိမ်ကိုလာလည်ရင် ခြံထဲမှာ ကစားခဲ့ကြတာတွေ ကျွန်တော် မှတ်မိနေတုန်းပဲ မေမေ"

ဆောင်းကတ္တီပါလေးနှင့် ပတ်သက်ပြီး ငယ်ငယ်တုန်းက ပုံရိပ်လေးတွေကို သားမှတ်မှတ်ရရ ရှိနေသည့်အတွက်တော့ သူမ ကျေနပ်မိသည်။ သားက ဆောင်းရဲ့သမီးလေးအပေါ် သံယောဇဉ် ရှိနေတာတော့ သေချာသည်။

"သားက ဆောင်းကတ္တီပါလေးကို ခင်တွယ်တယ်ပေါ့"

"ခင်တွယ်ပါတယ် မေမေ၊ ဟိုးငယ်ငယ်ကတည်းက သားရဲ့ ညီမလေးကို သားခင်တွယ်ခဲ့တာပဲလေ"

"ဒါပေမဲ့ သားအသိထဲမှာ ထည့်ထားဖို့ တစ်ခုလိုအပ်တယ်"

"ဘာများလဲ မေမေ"

"ဆောင်းကတ္တီပါလေးက သားနဲ့ ဘာမှသွေးသားမတော်စပ် ဘူးဆိုတာလေ"

သူမစကားကြောင့် သားမျက်နှာ ကွက်ခနဲပျက်သွားသည်။ ကာယ်ဆို သားကိုယ်တိုင်က သူမရဲ့မွေးစားသားတစ်ယောက်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



သိထားခဲ့ပေမယ့် ထိုက်စွကို သားအမိတွေ ဘယ်တော့မှမပြောဖြစ်ခဲ့ကြပါ။

အခုတော့ သူမနှုတ်က ဖွင့်ဟသတိပေးလိုက်မိခြင်းအတွက် သာ သတိရခံစားသွားခဲ့ရပုံပေါ်သည်။

''ကျွန်တော် နားလည်ပါတယ် မေမေ။ ဒါပေမဲ့ မေမေက ကျွန်တော့်ရဲ့အမေပါပဲ''

''သား စိတ်မကောင်းဖြစ်သွားတာလား။ အဲဒီအတွက် မေမေ စိတ်မကောင်းဘူးသား။ အမှန်တရားတစ်ခုကို မေမေ မလိမ်ညာချင်လို့ သားကို မေမေသာ လူမှန်းသိတတ်ကတည်းက ဖွင့်ပြောခဲ့တာပါ။ ဒီအတွက် သားအပေါ် မေမေရဲ့အချစ်တွေ ဘယ်တော့မှ လျော့ပါး မသွားခဲ့တာကိုလည်း သားသိပါတယ်''

သားက ခေါင်းညိတ်လိုက်တာလား၊ ခေါင်းငုံ့လိုက်တာလား မသိပါ။ သူမစကားတွေကိုတော့ တိတ်ဆိတ်စွာ နားထောင်နေခဲ့သည်။

''မေမေကလည်း သားဘွားဘွားရဲ့မွေးစားသမီးတစ်ယောက်ပဲသား။ ဒါကို မေမေ အတော်အရွယ်ရောက်မှသိခဲ့ရတာ၊ အဲဒီတုန်းက မေမေ အတော်ခံစားခဲ့ရတယ်။ ဒါပေမဲ့ မေမေ့အပေါ်ထားတဲ့ သားဘွားဘွားရဲ့မေတ္တာတွေကို မေမေ အကြွင်းမဲ့ယုံကြည်တယ်၊ သားကို မွေးစားခဲ့ပေမယ့် မေမေ ဘယ်လောက်ချစ်သလဲဆိုတာသိတော့ ခံစားနားလည်နိုင်ခဲ့တယ်၊ အခု သားကို မေမေ ဘာကြောင့် သတိပေးသလဲ





သား သိသလား''

ငုံ့ထားသောခေါင်းကို မော့ကာ သားက ကြည့်သည်။ ဆံပင်တိုတို သေသေသပ်သပ်ဖြီးသင်လျက် အစဉ်အမြဲ ရှင်သန့်လွန်းသော မျက်နှာလေးက နုနယ်ပေမယ့် တည်ငြိမ်မှု အမြဲတမ်းရှိနေသည်။

မျက်ခုံးလေးတွေတန်းလျက် တိုစိပ်စိပ် မျက်တောင်တွေနှင့် မျက်ဝန်းတွေက ဆရာဝန်ပီပီ နူးညံ့ကြင်နာမှုတို့ အပြည့်ရှိနေတတ်သည်။

နှာတံစင်းစင်းအောက်က နှုတ်ခမ်းဖိုလှဲ့လှဲ့လေးတွေမှာလည်း အမြဲလိုလို အပြုံးဖိုပ်တို့ ခိုတွယ်နေတတ်သော သားသည် အခုတော့ သူမကို အံ့ဩရိပ်တွေနှင့် ငေးကြည့်နေခဲ့၏။

''မေမေ ပွင့်ပွင့်လင်းလင်းပဲ ပြောမယ်သား။ ဆောင်းကတ္တီပါလေးကို မေမေ သဘောကျတယ်''

''ဗျာ''

''ဟုတ်တယ် သား။ သူ မကြာခင် မေမေ့တို့အိမ်ကြီးကို ရောက်လာတော့မယ်၊ သားက မေမေ့ဆန္ဒရှိတဲ့အတိုင်း ကြိုးစားဖို့ လိုတယ်''

''ဗျာ မေမေ၊ မေမေ ဆိုလိုတာက''

''ရှင်းနေတာပဲ သား။ ဆောင်းကတ္တီပါလေးကို မေမေ့ရဲ့ချွေးမအဖြစ်ပဲ မေမေ မြင်တွေ့ချင်တယ်''



www.burmeseclassic.com

www.burmeseclassic.com



ဖြူနုသောမျက်နှာလေး ရဲသွားသည်အထိ နှုတ်ခမ်းတွင်း၌ ရှက်ရိပ်တို့ဖြာသွားတာ သူမ မြင်သည်။ သားသည် ဆရာဝန်တစ်ယောက်ဖြစ်နေပေမယ့် မိန်းကလေးတွေနဲ့ပတ်သက်လျှင် အတွေ့အကြုံကင်းစင်သည်။

ဖြူစင်သော သားနှလုံးသားက ချစ်ခြင်းမေတ္တာကို မမွေးဖွားတတ်သေးတာ သူမနားလည်သည်။

"ဒီအတွက် ဆောင်းတို့ကလည်း ဘာမှပြောင်းစရာအကြောင်းရှိမှာ မဟုတ်ဘူးလေ"

"ဟို ဒါ ဒါပေမဲ့ သားနဲ့ ဆောင်းကတ္တီပါက မောင်နှမ"

"အဲဒါ တကယ်မှမဟုတ်ဘဲ သား။ ဒါကို အားလုံးသိတယ်၊ သားလည်း အသိဆုံးပဲ၊ ကတ္တီပါလေးလည်း သိထားမှာပါ"

"အမှန်ဝန်ခံရရင် မေမေပြောသလို သားကြိုတင်မခံစားထားဖူးဘူး မေမေ၊ ဆောင်းကတ္တီပါကို သား ညီမလေးအဖြစ်ပဲ ကြိုဆိုမျှော်လင့်ထားခဲ့တာပါ"

"အခု မေမေ ပြောပြီးပဲ သားရယ်၊ မေမေ့သားကို ဆောင်းကတ္တီပါနဲ့ မေမေ အခင်ပြေချင်တယ်၊ သားက ယောကျ်ားလေးပဲလေ ဒါကို သားဘက်ကပဲ ကြိုးစားဖန်တီးရမှာပေါ့"

"မေမေပြောတာ သားသဘောပေါက်ပါပြီ၊ ဟို ဆောင်းကတ္တီပါဘက်က တုံ့ပြန်မှုကို သား မသိသေးတော့"





"သိစရာမလိုဘူးလေ၊ သားဘက်က တွယ်ငြိအောင် ကြိုးစားရမှာ၊ ကိုယ့်အနားမှာတောင် လာနေမှာပဲသားရယ်၊ မင်း ဒီလောက်အဖြစ်မရှိဘူးလား။ ပြီးတော့ မင်းတို့ကြားမှာ သံယောဇဉ်က ရှိနိုင်မှာပြီးသားပါ"

မေမေကတော့ လိုချင်တာကိုပဲ တစ်ဖွတ်ထိုး ဆိုနေခဲ့သည်။ ဒီအတွက်လည်း သူ့မှာ ဘာမှငြင်းတုံ့ပြန်ဖို့ မရှိခဲ့ပါ။

ဟိုးငယ်ငယ်ကတည်းက မေမေစေခိုင်းသည့်အတိုင်း ခေါင်းညိတ်နာခံတတ်ခဲ့သလို မေမေ ဖြစ်စေချင်တာကို ကြိုးစားဖို့ပဲ သူ့ဘက်က အသင့်ရှိခဲ့၏။

ဆရာဝန်တစ်ယောက်ဖြစ်လိုသော မေမေ့ရဲ့ဆန္ဒအတိုင်း ကြိုးစားခဲ့သော သူ့ဘဝမှာ အချစ်ဆိုတာလည်း အာရုံမရှိခဲ့ပါ။ အခုတော့ မေမေက သူ့ဘဝအနာဂတ်အတွက် စီမံနေပြီ၊ ဆောင်းကတ္တီပါတဲ့။ အာရုံထဲမှာ သူ မှတ်မိနေသောပုံရိပ်သည် ဝဝဝေါ်းဝါးမျှသာဖြစ်သည်။

မျက်ဝန်းလေးတွေ ဝိုင်းဝိုင်း ပါးရဲလေးတွေ မို့မို့နှင့် ချစ်စရာကောင်းသော ညီမလေးကို သူ ကျွမ်းဝင်ခဲ့တာ ဟိုးငယ်ငယ်တုန်းကဖြစ်သည်။

ဒီအချိန်မှာ တစ်ခါမှမမြင်ဖူးသေးသော ဆောင်းကတ္တီပါကို သူ မကြာခင်ဆုံတွေ့ရတော့မည်။ မေမေပြောသလို ကြိုးစားဖို့ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ကတော့ လွယ်ကူပါ့မည်လားမသိ။

ဒါ နုလုံးသားနှင့်ဆက်နွယ်သောအရေးကိစ္စ။

ဆရာဝန်တစ်ယောက်ဖြစ်အောင် ကြိုးစားခဲ့သလို ကြိုးစားလို့ ရနိုင်ပါ့မည်လား။ ဒါပေမဲ့ –

မေမေ စေခိုင်းသမျှ မငြင်းတတ်ခဲ့သော သူ့ အနုလည်း မင့်ရဲစွာနှင့်ပဲ ခေါင်းညိတ်ကတိပေးခဲ့မိပြန်သည်။

✿ ✿ ✿



## အခန်း (၂၇)

ဝတ်ဆင်ထားတာက ပေဒါရောင်ဝမ်းဆက်ကလေးမို့ နုဖပ် ဝင်းအိနေသော အသားအရေလေးတွေကို ပိုလို့ပေါ်လွင်စေသည်။

ကုပ်ဝဲဆံထိုလေးက နီညိုရောင်ဆိုးထားသည်။ နားမှာ ပလက်တီနမ်ကွပ်စိန်ပွင့်နားဆွဲလေးနှင့် လည်တိုင်ရှင်းရှင်းလေးမှာလည်း စိန်ပွင့်လော့ကက်သီးလေးနှင့် ပလက်တီနမ်ကြိုးပျော့လေးပဲ ဆင်ထားသည်။

အိမ်ထဲကို လှမ်းဝင်လာကတည်းက ဆောင်းကတ္တီပါလေးရဲ့ အလှမှာပဲ ဒေါ်ယုနန္ဒာ နှစ်မျောအကဲခတ်သွားမိတာဖြစ်သည်။

မျှက်ခုံး၊ မျက်ဝန်း၊ နှာတံ၊ နှုတ်ခမ်း ဘာမှအပြစ်ဆိုစရာ မရှိအောင် မျက်နှာလေးက ဝင်းကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်သူဆိုတော့ ကာလာရောင်စုံတွေနဲ့လှပနေမည် ထင်
ထားမိတာအားလုံး လွဲချော်ကုန်သည်။ စိမ်းလဲ့ဝင်းဖန့်နေသော ပါးပြ
လေးတွေပေါ်က အကြောစိမ်းလေးတွေတောင် မြင်နေရ၏။

နှုတ်ခမ်းမို့မို့လေးမှာ ပန်းနုဖျော့ဖျော့လေး ခြယ်သထားတ
ကလွဲလို့ ဘာမှပြင်ဆင်မထားသည့် မိန်းကလေး၊ နေစံနဲ့ဆောင်းရဲ့
သွေးပါသအောင် ချောမောလွန်း၏။

"ဒီထက် စောစောရောက်ဖို့ပဲ နန္ဒာရဲ့၊ မထင်မှတ်တဲ့ ခံက
လိုက်ခဲ့မယ်ဆိုလို့ နောက်ကျသွားတာလေ"

"ကောင်းတာပေါ့၊ နေစံကလည်း စီးပွားရေးထဲ နစ်
ဒီကို မရောက်တာ ကြာပြီလေ၊ မေမေဆို အမြဲမေးနေတာ"

"တောင်းပန်ပါတယ် မမနန္ဒာရယ်၊ အလုပ်တွေက ပစ်ထား
လို့မရအောင်ဖြစ်နေတာ၊ ပြီးတော့ ကိုယ်တိုင်ဦးဆောင်မှုဖြစ်တဲ့ကိ
ကြီးဆိုတော့ နားရက်မရှိသလောက်ဘဲ"

"သိပါတယ် နေစံရယ်၊ ဘာလဲ အခုလည်း သမီးကို စိတ်မ
လို့လား၊ ဆောင်းကို စိတ်မချလို့လား"

သူမစကားကြောင့် ဆောင်းက လှှင်လှှင်ကလေးရယ်သည်
နေစံက ရက်ပြုံးကြီးနှင့် ငြိမ်သက်နေပေမယ့် ဆောင်းကတွေ့ပါလေ
ချစ်စဖွယ်ပြုံးရင်း -

"ဖေဖေက အရမ်းစိုးရိမ်ကြီးတာ အန်တီယုရဲ့၊ သမီးအတွက်





ရော မေမေ့အတွက်ပါ ပူတတ်လွန်းတယ် အဟင်း ဟင်း"

ချစ်စရာမျက်နှာလေးနှင့် ဖခင်ဖြစ်သူကို စနေသေးသည်။
ဘတယ့်ကို သွက်သွက်လက်လက်ကလေးပါလားဟု နန္ဒာစိတ်က
မှတ်ချက်ပြုမိ၏။

နေစံမျက်ဝန်းတွေ အိမ်ခန်းထဲကိုပဲ မကြာခဏဝေ့ဝဲအကြည့်
ရောက်နေတာမို့။

"မေမေလား နေစံ၊ ဒီနေ့ ဥပုပ်နေ့ဆိုတော့ ဘုန်းကြီး
ကျောင်းသွားပြီး သီလယူနေတယ်၊ ညနေဆို ပြန်လာမှာပါ"

"ဟုတ်လား။ အင်းနော် ဒေါ်လေးယုလည်း အသက်ကြီးပြီ
ပဲ"

"တို့တွေတောင် လေးဆယ်ကျော်လို့ သားတွေသမီးတွေနဲ့
ဖြစ်နေပြီလေ နေစံရဲ့"

"အင်း နန္ဒာပြောမှပဲ အသက်တွေကို သတိထားမိတော့
တယ်၊ ဒါနဲ့ နှင့်သားသားကော နန္ဒာ"

ဆောင်းက မေးတော့မှ နေစံကျေနပ်သွား၏။ ရောက်က
တည်းက ဒီချာတိတ်ကို မမြင်တာမို့ သူတွေ့ချင်နေသည်။

"သားက ဆေးရုံကနေ ဆေးခန်း ဆက်ဝင်နေရတယ်လေ
ဆောင်းရဲ့၊ ညနေတော့ ဒီနေ့ စောပြန်မှာပါ၊ သူ့အဘွားကို ကြိုပြီး
ပြန်လာလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



“ဪ ဟုတ်လား၊ အင်း နန္ဒာလေး ဆရာဝန်တစ်ယောက် ဖြစ်နေတာ ဆောင်းတော့ ဝမ်းသာတယ်၊ သမီးတုန်းက ဆေးအမှတ် မှီရက်နဲ့ ဝါသနာမပါလို့ဆိုပြီး ငြင်းတုန်းက ဆောင်း အတော်စိတ်မ ကောင်းဖြစ်ခဲ့တာ”

“မေမေကလည်း သမီးဆိုရင် ဒါပဲ အမြဲပြောနေတာ”

နှုတ်ခမ်းလေးစူကာ ပြောပုံလေးက ကလေးလေးအတိုင်းမို့ နန္ဒာ ငေးကြည့်နေလိုက်သည်။ ဆောင်းက သမီးဖြစ်သူ ပခုံးလေးကို ပွေ့ဖက်ရင်း –

“မေမေ ခံစားခဲ့ရတာကို ပြောပြတာပါကွယ်၊ ဘာပဲဖြစ်ဖြစ် မေမေ့သမီးလေးက တော်ပါတယ်၊ အခုလို အင်ဂျင်နီယာ ဗိသုကာ ပညာရှင်ကြီးဆိုတဲ့ဘဝကိုလည်း မေမေကျေနပ်ပါတယ် သမီးရဲ့ အဟင်း ဟင်း”

ဆောင်း နှစ်သိမ့်ရင်း ချီးကျူးပြန်တော့ ကျေနပ်သွားကာ ညီညာသွယ်တန်းသွားလေးတွေပေါ်အောင် ပြုံးသည်။

“ဒါနဲ့ သမီးလေးက ဒီမှာတာဝန်ကျတာဆိုတော့ ဘယ် လောက်အထိ ကြာမှာလဲဟင်”

“ဟိုတယ်ကြီးပြီးတဲ့အထိဆိုတော့ အနည်းဆုံး ခြောက်လ လောက်ကြာမယ်၊ အန်တီယု စီမံကိန်းက ခြောက်လလေ”

“ဪ ကောင်းတာပေါ့၊ ဒေါ်လေးတို့အိမ်မှာ သမီး သာ





သားမနာနဲ့နော်၊ ဒီအိမ်က သမီးဘိုးဘိုးနေခဲ့တဲ့အိမ်ကြီး၊ သမီးမေမေနဲ့ ဒေါ်လေးတို့အတူနေခဲ့ကြတာ၊ သမီးရဲ့အိမ်လို့ပဲ သဘောထားသိလား”

နန္ဒာက သိပ်ကို ဖော်ရွေလွန်းနေသည်။ ဦးနေမင်းစံ နှုတ် ဆိတ်စွာပဲ ငြိမ်သက်နေလိုက်သည်။ ဆောင်းကတော့ နန္ဒာရဲ့လိုလား ဖော်ရွေမှုတွေကြောင့် ကျေနပ်ကြည်နူးနေတာ အထင်အရှားပါပဲ။

“ကျေးဇူးတင်တယ် နန္ဒာရယ်၊ ငါကတော့ သမီးကို နင်တို့ ရှိနေလို့ စိတ်ချပြီးသား၊ ပူနေတာက စံလေ၊ သူ့သမီးကို စိတ်မချနိုင် မခွဲနိုင်ဖြစ်နေတယ်”

“နေစံရယ် ဘာစိတ်မချစရာရှိသလဲ ဒီအိမ်မှာ ငါတို့သားအမိ သုံးယောက်တည်းနေတာပါ၊ သားကလည်း သမီးလေးရောက်လာမှာ မို့ ဝမ်းသာနေတာ၊ ဟိုးငယ်ငယ်ကပဲ ဆုံဖူးပြီး ကြီးမှ မဆုံဖြစ်ကြဘူး လေ”

“အင်း ဟုတ်ပါတယ်၊ မနန္ဒာတို့ အိမ်မှာမို့ စိတ်ချပါတယ်၊ နန္ဒာလည်း ရှိတာပဲ၊ သမီးရဲ့အစ်ကိုပါရှိတော့ သမီးအတွက် ဖေဖေ စိတ်ချပါတယ်”

နေစံ အလိုက်သင့်ပြောနေပေမယ့် မျက်ဝန်းထဲက စိုးရိမ်မှု တွေကို တော့ သို့ဝှက်မထားနိုင်ခဲ့ပါ။

“ဟဲ့ အပေါ်ထပ်မှာ နင်တို့နားဖို့ ငါ စီစဉ်ပေးထားတယ် ဆောင်း၊ ပစ္စည်းတွေထားခဲ့၊ မိစိမ့်နဲ့ကိုလှဦးတို့ သယ်လာလိမ့်မယ်၊



www.burmeseclassic.com

www.burmeseclassic.com



လာ အနားယူကြဦး ညနေကျမှ မိသားစုစုံစုံညီညီ ယမင်းဆိုင်းလေးမှာ တွေ့တာပေါ့''

မမနန္ဒာကိုယ်တိုင် သူတို့မိသားစုကို အိမ်အပေါ်ထပ်အထိ လိုက်ပို့ပေးသည်။ နှစ်ရက်ခန့်နေဦးမည့် သူတို့လင်မယားအတွက် တစ်ခန်း၊ သမီးအတွက် တစ်ခန်းစီစဉ်ထားသည်။

''ကဲ နင်တို့ ခရီးပန်းလာတာ နားကြဦးနော်''

''အေး ကျေးဇူးပဲ နန္ဒာ''

မမနန္ဒာ ပြန်သွားတော့ သမီးနှင့်ဆောင်းက အခန်းထဲဝင်ကာ ပစ္စည်းတွေ သိမ်းဆည်းနေရာချနေသည်။ သူနှင့်ဆောင်းအတွက်က တော့ ဘာမှပြဿနာမရှိပါ။ ဒီအိမ်မှာ ကာလရှည်နေမည့် သမီးအ တွက်ပဲ အဝတ်အစား အသုံးအဆောင်တွေကို ယူဆောင်ခဲ့ကြတာ ဖြစ်သည်။

နေစံ အခန်းထဲလိုက်မဝင်ဖြစ်ဘဲ ဝရန်တာလေးကနေ ခြံထဲ ငေးမောကြည့်မိသည်။

နှစ်နှစ်ဆယ်ကျော်ဆိုသောကာလကြီးမှာ ခြံကြီးက အတော်ပြောင်းလဲသွားခဲ့တာ နေစံ မျက်မြင်ပါပဲ။

ဟိုးအရင်တုန်းကထက် ခြံထဲမှာ ပန်းပင်တွေက ပိုလို့လှ ဝေဆာနေသည်။ ကြက်တောင်ကစားကွင်းလေးပါ ရှိနေတာမို့ သမီး ကစား ဝါသနာထုံသော သမီးကတော့ သဘောကျမှာ သေချာပါ





ပြီးတော့ ရေကူးကန်လေးကလည်း လှလှပပလေးရှိနေ၏။

ဒီခြံကြီးကို မမနန္ဒာစိတ်တိုင်းကျပြင်ဆင်ထားခဲ့ပုံရသည်။ ဟိုစဉ်တုန်းက ဆောင်းအပေါ်မှာ ဘာဘကြောင့် ဝန်တိုစိတ်တွေထားခဲ့ သော မမနန္ဒာရင်ထဲမှာ ထိုစိတ်ရိုင်းတွေမရှိပါစေနှင့်ဟုပဲ နေစံ ဆု တောင်းမိသည်။

ဘာဘလည်း မရှိတော့သလို အားလုံးရဲ့ဘဝတွေကလည်း တည်ငြိမ်ပြည့်စုံနေပြီပဲ။

ဆောင်းပြောသလို မမနန္ဒာရဲ့မွေးစားသားနန္ဒနှင့်သမီးလေးတို့ နှောင်းတွယ်သွားခဲ့ရင်လည်း ကြီးမားသောပြဿနာတော့ မရှိနိုင်ပါ။ မနန္ဒာရဲ့အမွေစား အမွေခံသားတစ်ယောက်ဖြစ်သလို ဆရာဝန်တစ်ဦး ဆိုသော ဂုဏ်ပုဒ်ကလည်းရှိသည်။

အရေးကြီးတာက သမီးလေး စိတ်ချမ်းသာဖို့ပဲ ဖြစ်သည်။ ဖြူစင်သောသမီးလေးဘဝမှာ မာယာတွေနှင့် အကျည်းတန်သော အဖြစ်တွေတော့ မကြုံဆုံစေချင်ပါ။

ဘာပဲဖြစ်ဖြစ် နန္ဒာဆိုသော ကောင်လေးရဲ့စိတ်ထားကိုတော့ သူ မပြန်ခင် အကဲခတ်သွားရဦးမှာပဲဖြစ်သည်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

ရုပ်ပြာကွက်ကို လက်မောင်းရင်းအထိ သေသေသပ်သပ်
ခေါက်တင်ကာ နက်ပြာပုဆိုးကွက်နှင့်တွဲဝတ်ဆင်ထားသည်။

မြင့်မြင့်မားမားအရပ်အမောင်းက ယောကျ်ားပီသခန့်ထည်
သလို တည်ကြည်သောမျက်နှာကလည်း ချောမွေ့ပါသည်။

ဆရာဝန်တစ်ယောက်ဆိုတော့ ဂုဏ်ပြပ်ကြောင့် နုနယ်သော
မျက်နှာလေးက ပိုလို့တည်ကြည်ခန့်ညားနေသလားတော့မသိ
ဘာပဲဖြစ်ဖြစ်ချာတိတ်ရဲ့မျက်နှာချိုချိုလေးကိုတော့ ဦးနေမင်းစံ သဘော
ကျသွားသည်။

"ဦးပါ ပါလာမှန်း မေမေပြောမှသိတာ၊ ကျွန်တော် ရန်ကုန်
က အိမ်ကို ရောက်ဖူးပေမယ့် ဦးနဲ့ မဆုံဖြစ်တာများတယ်"





"အေးကွ၊ ဦးက တနင်္ဂနွေပိတ်ရက်မျိုးတောင် နားချင်မှ
နားရတာလေ၊ အခုတောင် သမီးတို့ကို စိတ်မချလို့ သုံးရက်လောက်
မှားခွင့်ရအောင် စီမံခဲ့ရတာ"

"ဟုတ်ကဲ့ ခင်ဗျ၊ ညီမလေးဆောင်းကတ္တိပါအတွက်တော့
အစစအရာရာ စိတ်ချပါ၊ ငယ်ငယ်တုန်းကပဲ ဆုံတွေ့ပြီး မတွေ့တာ
ကြာတော့ ကျွန်တော် အရမ်းတွေ့ချင်နေတာ၊ ဒေါ်လေးဆောင်းလည်း
ကျန်းမာတယ်နော်"

နန္ဒကတော့ အားလုံးကို ရင်းရင်းနှီးနှီးခင်မင်နေတာ သေချာ
သည်။ အပြုံးချိုချိုလေးတွေက တည်ငြိမ်သော မျက်နှာပေါ်မှာ ခိုတွယ်
နေခဲ့၏။

"ကျန်းမာပါတယ်သား၊ လက်ရှိလည်း ဒေါ်လေးက အလုပ်
တာဝန်နဲ့ဆိုတော့ အကြာကြီးနေချင်ပေမယ့် မလွယ်တူးကွဲ၊ သမီးလေး
ကိုတော့ မင်း စောင့်ရှောက်ကူညီပေးပါနော်"

"စိတ်ချပါ ဒေါ်လေးဆောင်း၊ ညီမလေးက လိမ်မာမယ့်ပုံ
ပါ၊ ကျွန်တော် ခေါင်းခေါက်ဆုံးမစရာ မလိုဘူးထင်တယ်၊ အဟွန်း
ဟွန်း၊ ဆောရီးနော်၊ ညီမလေး အပျော်စတာပါ"

"စိတ်မဆိုးပါဘူး ကိုကိုရဲ့၊ အဲ တကယ်ခေါင်းခေါက်ရင်
တော့ ထိုင်ငိုပစ်လိုက်မှာ အဟင်း ဟင်း"

နန္ဒက ရယ်ရယ်မောမောနောက်ပြောင်သလို သမီးကလည်း



www.burmeseclassic.com

www.burmeseclassic.com



ခင်ခင်မင်မင်နှင့် ပြန်စနေတော့ ဦးနေစံတို့တွေ ကျေနပ်စွာ ရယ်မိ[ကြ]သည်။

ဥပုသ်သီလစောင့်ထားသော ဒေါ်လေးယု မပါပေမယ့် ထမင်း ဝိုင်းလေးကတော့ ပျော်စရာကောင်းနေခဲ့သည်။

မမနန္ဒာကိုယ်တိုင်က သူတို့ပန်းကန်တွေထဲ ဟင်းတွေခပ်ထည့်ပြီး ကျွေးမွေးဧည့်ခံသည်။ ဆောင်းကတော့ ငယ်စဉ်ကတည်းက သူမ နေထိုင်ခဲ့သောခြံလေးကို ပြန်ရောက်နေတာမို့ ငယ်သွေးသွမ်းက ပျော်နေ၏။

မမနန္ဒာကိုယ်တိုင်လည်း အပျော်တွေနှင့် သမီးလေးကို ဂရုတစိုက်ရှိနေတာမြင်တော့ ဦးနေစံ ကျေနပ်ဝမ်းသာမိသည်။

ဘာပဲဖြစ်ဖြစ် သမီးလေးအတွက်သာ ရင်ထဲက စိုးရိမ်သောကတွေ ကင်းစေခဲ့တာ သေချာသည်။

✿

ဒီမှာ နှစ်ရက်နေဖြစ်သည့်ကာလလေးမှာ ဦးနေမင်းစံ စိတ်ကျေနပ်ခဲ့ရတာတော့ အမှန်ပဲဖြစ်သည်။

နန္ဒလေးက စိတ်ထားဖြူစင်ရိုးသားတာ တည်ကြည်သော





ယောက်ျားတစ်ယောက်မို့ သူ ပိုလို့စိတ်ကျေနပ်ချမ်းသာခဲ့သည်။ တကယ်ဆို သူစိုးရိမ်ထားသလို မဟုတ်ခဲ့တာ သေချာ၏။

နန္ဒက သမီးလေးအပေါ် ပြောဆိုဆက်ဆံနေတာ ညီမလေးတစ်ယောက်လို ရိုးသားသည်။ သူတို့လင်မယားကိုလည်း မအားလပ်သည့်ကြားက ပြင်ဦးလွင်အနှံ့ လိုက်ပို့ဂရုစိုက်ရှိခဲ့၏။

"သမီးကတော့ လိမ်မာပြီးသားပါ၊ ဒါပေမဲ့ အစစအရာရာ သားကိုပဲ ဒေါ်လေးခေတင်း အပ်ခဲ့တယ်နော်"

"စိတ်ချပါ ဒေါ်လေး၊ ကျွန်တော့်ဘဝမှာ ဒီညီမလေးတစ်ယောက်ပဲရှိတာကို အမြဲအမှတ်ရပါတယ်၊ သူ့အတွက် ဒေါ်လေးတို့ စိတ်ချလက်ချနေပါ၊ သူတို့ ကုမ္ပဏီရုံးခန်းက ကျွန်တော် ဆေးရုံသွားတဲ့လမ်းနဲ့ သင့်ပါတယ်၊ လိုအပ်ရင် ကျွန်တော် ကြိုပို့ပေးနိုင်တယ်"

"ဒါဆိုရင် ပိုအဆင်ပြေတာပေါ့ မောင်နန္ဒရယ်၊ သမီးအတွက် ကားထားခဲ့ပေမယ့် ဦး သိပ်စိတ်မချဘူး"

"အဟွန်း ဦးကလည်း ကတ္တီပါက ရန်ကုန်မှာတောင် ကိုယ်တိုင်မောင်းလာတာပဲ ဒီမှာက ရန်ကုန်ထက် လမ်းကြောင်းရှင်းပါတယ်၊ မပူပါနဲ့၊ ကျွန်တော်လည်း ရှိပါတယ်"

တကယ်ဆို သမီးထက် နှစ်နှစ်ကျော်ခန့်ကြီးသော နန္ဒက ပိုလို့ရင့်ကျက်တည်ငြိမ်သူတစ်ယောက်ဟု ဦးနေစံ သိလိုက်သည်။

တစ်ရက်က ဆေးခန်းလိုက်သွားရင်း နန္ဒသတင်းတွေကို



www.burmeseclassic.com

www.burmeseclassic.com



လည်း သူ နားစွင့်ခဲ့ဖူးသည်။ လူနာတွေအပေါ်မှာထားရှိသော နန္ဒရဲ့ စေတနာစိတ်ထားတွေက လေးစားကြည်ညိုစရာကောင်းသည်။

ငွေကြေးဆိုတာထက် မေတ္တာစေတနာစိတ်နှင့် ဆေးခန်း လေး ဖွင့်ထားသော နန္ဒရဲ့စိတ်ဓာတ်လေးကို ဆောင်းကတော့ သဘော အကျကြီးကျနေ၏။

"နန္ဒလေးက တော်ရှာတယ်စံ၊ တကာယ်ဆို တကာယ့်ဆရာ ဝန်တစ်ယောက်ရဲ့အလုပ်တွေကို သူလုပ်နေတာပဲ၊ ဆောင်းတုန်းက တော့ ဒီလိုအခြေအနေမျိုး ရှိမလာခဲ့ဘူး၊ စောစောစီးစီး အိမ်ထောင် ကျသွားခဲ့တာကိုး"

"ဆောင်း နောင်တရနေလို့လား၊ အခုလည်း ဆောင်း စေတ နာစိတ်နဲ့ ဆေးခန်းဖွင့်ချင်တယ်ဆို ကိုယ် ကူညီနိုင်ပါတယ်"

"ဒီအသက်အရွယ်ရောက်မှ မလုပ်နိုင်တော့ပါဘူး စံရယ်"

"ဘာလို့လဲ ဆောင်းရဲ့၊ အခုမှ ဆောင်း အသက်လေးဆယ် ငါးတောင် မပြည့်သေးဘူး၊ အနောက်တိုင်းစကားပုံအရဆိုရင် လေး ဆယ်ကျော်မှ လူ့ဘဝစ,တာတဲ့"

"တော်ပါတော့ စံရယ်၊ လေးဆယ်ကျော်မှ ငယ်မူငယ်သွေး တွေ ပြန်မနေနဲ့တော့"

ဆောင်းမျက်စောင်းလေးခဲ့ကာ ပြောတော့ နေစံ သဘော ကျစွာ ရယ်နေသေးသည်။





ရင်ထဲက နိုးရိမ်စိတ်တွေနဲ့ ပြင်ဦးလွင်ကို တစ်ခါက်ပြန်ရောက် ခဲ့ရပေမယ့် အခုတော့ သမီးအတွက် သူ အကြွင်းမဲ့စိတ်ချနိုင်ခဲ့ပြီ။ ဆောင်းကလည်း သူ့လိုပဲဖြစ်သည်။

"နန္ဒလေးက သမီးကို စောင့်ရှောက်မှာပါ၊ သမီးလေးအပေါ် ထောင်နမလိုပဲဖြစ်ဖြစ်၊ မေတ္တာသက်ဝင်စိတ်ကြောင့်ပဲဖြစ်ဖြစ် ဆောင်း ကတော့ ကျေနပ်နိုင်တယ် စံ"

"ဟင် ဆောင်းကိုယ်တိုင်က သမီးကို အိမ်ထောင်ကျစေချင် နေပြီလား"

"ကြော် စံရယ်၊ သမီးလေးက ကလေးမှ မဟုတ်တော့ဘဲ"

"ဒါပေမဲ့ ကိုယ့်အတွက်တော့ သမီးက ငယ်ငယ်လေးပဲ"

"အတ္တတွေ သိပ်ကြီးလွန်းနေပါလား စံရယ်၊ စံနဲ့ဆောင်း တုန်းကရော၊ ဆောင်းပညာရေးတောင် ဆုံးခန်းမတိုင်ဘဲ နှလုံးသား အရေးကို ဦးစားပေးခဲ့ကြတာလေ"

"အဟွန်း ဒါကတော့ မမဆောင်းသွေးခင်ဆိုတဲ့ ဆောင်းကို ရှုံ့လွှတ်ရမှာစိုးလို့ပေါ့ဗျ"

"အို မကြီးမငယ်နဲ့ သမီးလေးတို့ မြင်တွေ့သွားပါဦးမယ်"

ဆောင်းက သူ့ရင်ဘတ်ကိုတွန်းပြီး စိုးရိမ်သလိုပြောသည်။ နေစံ သဘောကိုဝေ့ဝဲကြည့်ရင်း ပြုံးပြုံးကြီးဖြစ်သွား၏။

တစ်ခါတုန်းက ဒီခြံထဲမှာပဲ ဆောင်းအပေါ်မှာ သူ မြတ်နိုး



www.burmeseclassic.com

www.burmeseclassic.com



စိတ်တွေ ဖြစ်တည်ခဲ့ရသည်။ သမီးလေးရဲ့နှလုံးသားလေးမှာ ချစ်ပန်း
တို့ ဝေဆာပွင့်ဖူးခဲ့မည်ဆိုရင်လည်း –
ဆောင်းလိုပဲ သူ ကျေနပ်နိုင်ခဲ့ပြီလေ။

✿ ✿ ✿



အခန်း (၉)

တာဝန်ကျသည့်ဆိုဒ်ထဲမှာ ကတ္တီပါ အလုပ်ဝင်ဖို့ တစ်ပတ်လောက်လိုအပ်သေးတာမို့ နားရက်တွေ ကောင်းကောင်းကြီး ရနေသည်။

အန်တီယုတို့ခြံကြီးက ကျယ်ဝန်းပြီး နေချင်စဖွယ်ကောင်းတာ မေမေ မကြာခဏပြောပြဖူးသည်။ အခုတော့ ကတ္တီပါ လက်တွေ့ရောက်နေခဲ့ပြီ။ ကတ္တီပါအတွက် ပိုလို့ သဘောကျနှစ်မြို့က်စရာ ဖြစ်လာတာက ခြံကြီးထဲမှာ အန်တီယု စိတ်ကူးပုံဖော် ပြင်ဆင်ထားတာတွေကြောင့်ဖြစ်သည်။

"အရင်ကဆို ခြံကြီးထဲမှာ စားပင်သီးပင်တွေနဲ့ အရိပ်ပင်ကြီးတွေနဲ့ အုံ့ဆိုင်းနေတာ သမီးရဲ့၊ အန်တီက အပင်ကြီးတွေ ရှင်းလင်း



www.burmeseclassic.com

www.burmeseclassic.com



ပြီး ရေကူးကန်လေးနဲ့ ကစားကွင်းလေး ဖန်တီးလိုက်တာ၊ ဟောဟို ပန်းခင်းကြီးကလည်း အန့်တီ ပြန်စိုက်ပျိုး ပြုပြင်ထားတာပေါ့"

"အန့်တီယှ စိတ်ကူးသိပ်ကောင်းတာပေါ့၊ မေမေတော် အတော်သဘောကျသွားတာ"

"ဆောင်း ပြောပါတယ်၊ သမီးက သဘောကျရဲ့လား"

"လုံးဝသဘောကျတာပေါ့၊ ရေကူးကန်လေးကလည်း ကောင်းတယ်၊ ကြက်တောင်ကွင်းလေးလည်း သဘောကျတယ်"

"သမီးက အားကစားဝါသနာပါလို့လား"

"ပါတာပေါ့၊ အိမ်မှာလည်း ကြက်တောင်ကွင်းရှိတယ်၊ ဖေဖေနဲ့ကတ္တီပါက ပြိုင်ဘက်ပေါ့၊ ဒါပေမဲ့ ဖေဖေက နောက်ပိုင်းမှာ မရိုက်ဖြစ်သလောက်ပဲ၊ ကတ္တီပါကတော့ သူငယ်ချင်းတွေခေါ်ပြီး ရိုက်ဖြစ်တယ်၊ အလုပ်ဝင်ပြီးတာတောင် နားရက်တော့ ရိုက်ဖြစ်တုန်းပဲ"

"ဒါဆို သမီးကစားပေါ့၊ ညနေကျရင် ကစားကွင်းကို အန့်တီ ပြန်ရှင်းလင်းခိုင်းလိုက်မယ်၊ မကစားတာကြာတော့ နည်းနည်းရှင်းလင်း ဦးမှလေ"

"အရင်က ဘယ်သူတွေ ကစားလို့လဲဟင်"

"သားနဲ့အန့်တီ အမြဲကစားနေကျပေါ့၊ ဒါပေမဲ့ အန့်တီလည်း နောက်ပိုင်း မကစားဖြစ်တော့ပါဘူး၊ သားကတော့ သူ့မိတ်ဆွေတွေနဲ့ ကစားတတ်တယ်၊ တစ်ပတ်တစ်ကြိမ် နှစ်ပတ်တစ်ကြိမ်လောက်ပဲ





ကစားဖြစ်ရှာတာပါ၊ ဆေးခန်းက တစ်ဖက်လေ"

"ဟာ ဒါဆို အဖော်ပြီပေါ့၊ မနက်ပိုင်းဆို ကိုကို အားတာပဲ၊ အားတဲ့အချိန်တော့ ကစားနိုင်မှာပေါ့"

"အင်း ကစားဖော်ရှိရင် သားက ကစားမှာပါ"

ဆောင်းကတ္တီပါက သားနှင့်အတူ ကြက်တောင်ရိုက်ကစားမည်ဆိုတော့ ဒေါ်ယုနန္ဒာ ပိုလို့ကျေနပ်သွားသည်။ ဒီလိုနီးစပ်မှုမျိုးကိုပဲ သူမ လိုချင်ခဲ့တာဖြစ်သည်။

ဆောင်းကတ္တီပါလေးကို မြင်တွေ့လိုက်ကတည်းက သားနှင့် နီးစပ်စေချင်သော သူမရဲ့စိတ်တွေ ပိုလို့ ခိုင်မာလာခဲ့သည်။ အရင်က တော့ သားကို သူမလိုပဲ လူပျိုကြီးပဲဖြစ်စေချင်ပေမယ့် ခုချိန်မှာ သားနဲ့ ကတ္တီပါလေးတို့ရဲ့ဘဝလှလှလေးကို သူမ မြင်ချင်သည်။

နုပျိုပြီး ချစ်စရာကောင်းသော ကတ္တီပါလေးက ထက်မြက် သွက်လက်သည်။ သားကတော့ သိပ်ကိုတည်ကြည်လွန်းတာမို့ သူမ အားမရနိုင်ပါ။

အခုလည်းကြည့် ကတ္တီပါလေး နားရက်ရထားသည့်တစ်ပတ် မှာ သားက ဆေးရုံနှင့်ဆေးခန်း ချာလည်နေတာ သူမ အလိုမကျပါ။

"သားရဲ့ဆေးခန်းကို ဒီရက်တွေမှာ ခဏပိတ်ထားလို့ မဖြစ် ဘူးလား"

"ဟာ ဘယ်ဖြစ်မှာလဲ မေမေရဲ့၊ သားနဲ့လက်ရှိ ကုသနေတဲ့



www.burmeseclassic.com

www.burmeseclassic.com



အရေးကြီးလူနာတွေရှိတယ်လေ၊ သူတို့ ကျန်းမာရေးကို သား တာဝန်ယူထားရတာပဲ"

သားစိတ်ကိုတော့ နန္ဒာ သိပါသည်။ ဒီဆေးခန်းလေးဖွင့်ခွင့်ကို သားကပဲ တောင်းဆိုခဲ့တာဖြစ်သည်။

နောက်တော့ သားရဲ့စိတ်စေတနာကို သူမ သိခဲ့ရသည်၊ ငွေကြေးထက် သားက စေတနာစိတ်နှင့် ကုသပေးနေခဲ့တာမို့ပါပဲ။

"မေမေက ဘာဖြစ်လို့ ဆေးခန်းကို ခဏပိတ်ခိုင်းတာလဲ ဟင်"

"ကတ္တီပါလေးအတွက်ပေါ့ သားရယ်"

"ဗျာ ကတ္တီပါအတွက်၊ ကတ္တီပါ ဘာကိစ္စရှိလို့လဲ မေမေ"

"ကတ္တီပါလေး ဒီတစ်ပတ် နားရက်ရထားတယ်လေ၊ မင်း သူနဲ့ နီးစပ်ရင်းနှီးအောင် မေမေရှိစေချင်တာ"

သူမစကားကြားတော့ သားမျက်နှာကြီးနီမြန်းကာ ခေါင်းကို ငုံ့သွားတတ်သည်။ ဒီလောက်အထိ သား ရှက်ရွံ့နေတာကိုလည်း သူမ အလိုမကျနိုင်ပါ။

"သား မင်းကို မေမေ ရည်ရွယ်ထားတာ မမေ့ပစ်လိုက်ပါဘူးနော်"

"ဟုတ်ကဲ့၊ ကျွန်တော် သိပါတယ် မေမေ"

"အေး ဒါဆို သားဘက်က ကြိုးစားနေတာကို မေမေ





မြင်ချင်တယ်"

"လာမယ့်ဆန်းဒေး ကျွန်တော် အိမ်မှာရှိမှာပါ မေမေ"

"ကောင်းပြီ သား၊ အဲဒီနေ့ကျရင် ကတ္တီပါလေးကို အပြင်ခေါ်သွားပေါ့ကွယ်၊ သူသွားချင်တဲ့နေရာအနှံ့ သားလိုက်ပို့ပေးလိုက်၊ လိုအပ်တာတွေလည်း ဝယ်ခြမ်းပေးလိုက်"

"ဟို ကျွန်တော် ဘာတွေဝယ်ပေးရမှာလဲ မေမေ၊ ကတ္တီပါမှာ အားလုံးအပြည့်အစုံပါလာတာပဲ၊ ဦးလေးစံက ကုန်တိုက်ကြီးပိုင်တာလေ၊ အဝတ်အစားအသုံးအဆောင် သူ့မှာ အပြည့်ပဲ"

"သား မင်း အဲဒီလောက်အထိ မတုံးအစမ်းပါနဲ့၊ ကတ္တီပါလေးအပေါ်မှာ မင်းဘက်က ယုယုယယ ကြင်ကြင်နာနာရှိဖို့ မေမေပြောနေတာ၊ အရေးကြီးတာ ကတ္တီပါလေး ဒီမှာရှိနေတဲ့ကာလလေးမှာ သားဘက်က မေမေ့ရည်ရွယ်ချက်အတိုင်း ဖြစ်အောင်လုပ်ဖို့ပဲ"

သူမရဲ့ယတိပြတ်စကားတွေကို သား ခေါင်းညိတ်ပေမယ့် သွေးအေးတည်ငြိမ်လွန်းနေတာ အားရစရာတစ်ချက်မရှိ။

သူမ မျှော်လင့်ထားသလို ဖြစ်မလာခဲ့ရင်ဟူသောအတွေးက သားကိုမြင်တိုင်း စိုးရိမ်ပူပန်မိသော ခံစားချက်ပဲ ဖြစ်သည်။

သားအတွက် အကောင်းဆုံးကို သူမ ရည်ရွယ်ထားသည်။ ဒါ ဘယ်လိုနည်းနဲ့မှ အပျက်မခံနိုင်ပါ။ သူမတုန်းက အမြဲတမ်း ရှုံးနိမ့်ခဲ့ရတာတွေ သားကိုတော့ မဖြစ်စေချင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ကတ္တီပါလေးနှင့်သားတို့ ဘဝလေးပေါင်းဆုံဖြစ်လျှင်တော့ ဒီမိသားစုမှာ သွေးဝေးစရာအကြောင်း မရှိတော့ပါ။

သားစဉ်မြေးဆက် သွေးသားရင်းချာတွေအဖြစ် တော်... သွားရမည့်အခြေအနေတစ်ခုကို ဘယ်လိုအကြောင်းနဲ့မှ သူမ အ... အရှုံးမခံနိုင်ပါ။

ဒါ သားရဲ့အနာဂတ်အတွက်■ ပြီးတော့ လောကကြီးထဲက မထွက်ခွာသွားခင်မှာ ယုန္နာဆိုသော သူမ စိတ်ကျေနပ်ချမ်းမြေ့စွာ ထွက်ခွာသွားခဲ့ချင်ပါသည်။

ဆောင်းရယ်၊ နေစံရယ်၊ သူမရယ် သားနဲ့ကတ္တီပါလေးတို့ ကြောင့် နှောင်တွယ်မှုတစ်ခုတော့ တစ်သက်တာ ရှိစေချင်သည်။

ဒါတွေကို သား နားလည်နိုင်ပါ့မလား။

✿ ✿ ✿



## အခန်း (၃၀)

"ဒုန်း ဒုန်း ကိုကို ကိုကို မနိုးသေးဘူးလား ဒုန်း ဒုန်း"

အခန်းတံခါးကို တဒုန်းဒုန်းထုရိုက်ပြီး အော်ခေါ်နေသည့် ကတ္တီပါ့အသံကြောင့် နိုးပြီးနေပေမယ့် အသာမှိတ်ထားသော မျက်လုံးတို့ ပြူးကျယ်ကာ သူ ခုတင်ပေါ်က ဆင်းလိုက်ရ၏။

"နိုးပြီ နိုးပြီ ခဏလေး"

"ခဏလေး မလုပ်နဲ့လေ၊ ကြက်တောင်ရိုက်ကြမယ်၊ ပြီးရင် ကိုကိုက ဆေးရုံသွားရဦးမှာ၊ အချိန်က ရှေ့ထက်တန်ဖိုးရှိနေတယ် ထတော့"

အသံစူးစူးလေးနှင့် ကတ္တီပါ ပြောနေတာမို့ သူ ညဝတ်အင်္ကျီ ခါးကြိုးကို တင်းတင်းလေး ပြန်ချည်နှောင်ပြီး အခန်းတံခါးကို ဖွင့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

အခန်းအပြင်ဘက်မှာ မတ်တတ်လေးရပ်နေသော ကတ္တီ

လက်ထဲမှာက ဘတ်တံလေးနှစ်ချောင်းပါ ကိုင်ထားသေး၏။

တစ်ချောင်းကြိုးချိုင်းပြတ်အင်္ကျီပြာလွင်လွင်လေးက ကတ္တီ

ရဲ့ခန္ဓာကိုယ်လေးပေါ်မှာ ချပ်ချပ်ရပ်ရပ်လေးပေမယ့် ဝင်းမွတ်ပြည့်

သောပခုံးသားလေးတွေနှင့် လည်တိုင်ကျော့ကျော့လေးက အ

အကွယ်မဲ့နေတာမို့ သူ့ရင်တွေ လှုပ်ခတ်သွားခဲ့၏။

မကြည့်ရဲလို့ အကြည့်တွေကို ခေါင်းငုံ့ရှောင်လွှဲတော့

ကတ္တီပါဝတ်ဆင်ထားတာက အရောင်တူအံ့ပြာနုစကတ်ဖားဖား

ဖြစ်သည်။

ကြက်တောင်ရိုက်ကစားမည်ဆိုတော့ စကတ်လေးက

လယ်ခန့်လောက်ပဲ ရှိသည်။ သွယ်တန်းသော ပေါင်တံသွယ်သွယ်

ဆီက အကြည့်တို့ကို ကသောကမျော သူပြန်ရုပ်သိမ်းတော့

နှုတ်ခမ်းလေးတွေနှင့် ကတ္တီပါ မကျေမနပ်ကြည့်နေ၏။

"တော်တော် အိပ်ပုတ်ကြီးတာပဲ၊ လာသာမနှိုးရင်တော့

ထမှာတောင် မဟုတ်ဘူး"

"နိုးနေပါပြီ ကတ္တီပါရဲ့၊ ထတော့မလို့ပါ"

"ဟုတ်ပါပြီ၊ ဟုတ်ပါပြီ၊ ကဲ မြန်မြန်မျက်နှာသစ်၊ အ

အစားလဲတာလည်း တမေ့တမော မလုပ်နဲ့ဦး။ လာလေ ဘာလုပ်





တာလဲ၊ မျက်နှာသစ်ပါဆို"

စိတ်မရှည်စွာပြောရင်း လက်တစ်ဖက်ကလည်း သူ့လက်ကို

ဆွဲခေါ်နေတာမို့ သူ ရေချိုးခန်းဘက်အထိ ပါလာရ၏။

"မြန်မြန်သစ်လေ၊ ဈေးထွက်အောင်တော့ သုံးပွဲလောက်

ကစားမှဖြစ်မှာ"

"အင်း ကစားမှာပါ ကတ္တီပါရဲ့၊ သွားလေ သွေးပူလေ့ကျင့်

ခန်းလုပ်ရင်း စောင့်နေ ကိုယ်လာခဲ့မယ်"

"မြန်မြန်လုပ်နော်၊ ကတ္တီပါက ဘာမှမဖြစ်ဘူး၊ ကိုကိုက

အေးရှုံးသွားရဦးမှာ မမေ့နဲ့"

"အေးပါကွာ၊ သိပါတယ်၊ တစ်နာရီခွဲလောက် အချိန်ရတာ

ပဲ၊ စိတ်ချ တစ်နာရီလောက် ကစားချိန်ရမှာပဲ"

သည်တော့မှ ကတ္တီပါ ခေါင်းလေးညိတ်ကာ ရေချိုးခန်း

အရှေ့က ထွက်သွားသည်။ ကျော့ကျော့ရှင်းရှင်း ကတ္တီပါရဲ့နောက်ပိုင်း

အလှလေးတွေကို ပင့်သက်ရှိုက်ကြည့်ရင်း ရေချိုးခန်းထဲဝင်ခဲ့သည်။

ကသောကမျော မျက်နှာသစ်ပြီးထွက်ခဲ့တော့ မီးဖိုခန်းထဲက

ထွက်လာသော မေမေနှင့်ဆုံသည်။ ဘာကြောင့်မှန်းမသိ သူ့မျက်နှာ

ထူထူပူပူနှင့် မေမေ့ကို မလိုအပ်ဘဲ ရှင်းပြမိသေး၏။

"ကတ္တီပါနဲ့ ကြက်တောင်ရိုက်မလို့ မေမေ"

သူ့စကားကြောင့် မေမေ့မျက်နှာ ကျေနပ်စွာပြုံးသွားရင်း



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းကို ညိတ်သည်။

"မေမေသိတယ်သား။ ကစားလိုက်ပါကွယ်၊ သားတို့ပြီး

လောက်မှ မေမေ နန်းကြီးသုပ်ပေးမယ်၊ သမီးက နန်းကြီးသု

ကြိုက်တယ်ဆိုလို့ မေမေကိုယ်တိုင် စီစဉ်နေတာ"

ကတ္တီပါနှင့်ပတ်သက်ပြီး မေမေ ဂရုတစိုက်ရှိနေတာကို

နားလည်ပါသည်။ သူ့ကိုလည်း မေမေက ဒီလိုပဲ ရှိနေစေချင်

ဖြစ်၏။

သူကိုယ်တိုင်ကတော့ ကတ္တီပါလေးနဲ့ ဒီလိုရှင်သန်နေရ

ကို ကျေနပ်နေမိသည်လားမသိ။ အခန်းထဲဝင်ကာ တီရှပ်လက်တို

ထည်နှင့် သရီးကွာတာဘောင်းဘီတစ်ထည်ကို အမြန်ဝတ်လိုက်ရ

ခြံထဲက ကစားကွင်းလေးဆီ သူ လျှောက်ခဲ့တော့ က

ကွင်းထဲမှာ ကတ္တီပါ အကြောလျှော့လေ့ကျင့်ခန်းလုပ်နေသည်။ သူ့ကို

မြင်တော့ လက်ကလေးတစ်ဖက် မြှောက်ပြသည်။

ခြေဖျားက ခေါင်းအဆုံး ဝင်းစက်နေသော အသားအ

လေးတွေက ထိရက်စရာမရှိအောင် နုညက်လွန်းသည်။

ဆံညိုတိုတိုလေးကို အဖြူရောင်နဖူးစည်းမျှော်ကြိုးပြား

နှင့် ရှင်းနေအောင် သပ်တင်သိမ်းထားတာမို့ မျက်နှာလှလှလေး

အတားအဆီးမဲ့ လှချင်တိုင်း လှလို့နေသည်။

"ကိုကို ဆယ့်ငါးမှတ်ဂိမ်း သုံးပွဲကစားကြမယ်နော်"





"အင်း ကစားလေ ရပါတယ်"

"အလကားကြေးတော့ မရဘူး၊ လောင်းကြေးတော့ ပါရ

မယ်၊ နို့မို့ ကစားပွဲက အသက်မဲ့တယ်"

"ကတ္တီပါက ဘာလောင်းကြေးထပ်မလို့လဲ၊ ကျန်းမာရေး

အတွက်ပဲ ဆိုက်တာကိုး"

"ကျန်းမာရေးက ကျန်းမာရေးလေ၊ လေးလေးနက်နက်

ကစားစေချင်လို့ ဒီလိုလုပ် ဆန်းဒေးကျရင် ကိုကို့နားရက်ဆို၊ ရှုံးတဲ့

သူ တစ်ခုခုလိုက်ကျွေးမွေးကြေးတော့လုပ်ပေါ့"

ကတ္တီပါပြောတော့ သူ ခေါင်းလေးပဲ ညိတ်ပြလိုက်သည်။

သုံးလေးမှတ်ကစားပြီးချိန်မှာပဲ သူ အကဲခတ်လိုက်မိသည်။

ကတ္တီပါ၏လက်ရည်ကို လျှော့တွက်လို့မရပေ။ ရိုက်ချက်တွေက ကျွမ်း

ကျင်သည်။

"ကိုကိုနော် ရှုံးရင် ရှက်ဖို့ကောင်းတယ်၊ နိုင်အောင် ရိုက်စမ်း

ပါ"

သူ မခံချင်အောင် ကတ္တီပါက စ,နေသေးသည်။ ပထမတစ်ပွဲ

ပြိုင်ကစားကြည့်ရုံနှင့် သူ သိလိုက်သည်။

ကတ္တီပါ၏လက်စွမ်းက သူတောင် ခက်ခက်ခဲခဲယှဉ်ပြိုင်ရမည့်

လက်ရည်မျိုးဖြစ်သည်။

"ဒီပွဲ ကိုကို ရှုံးတယ်နော်၊ မဆိုးပါဘူး၊ သုံးမှတ်အကွာနဲ့ပဲ

www.burmeseclassic.com



ရှုံးတာဆိုတော့ ဒီပွဲနိုင်အောင်တော့ ရိုက်ပေါ့၊ ကဲ စ,ရအောင်''

ဒုတိယပွဲရိုက်တော့ သူ နည်းနည်းတော့ ဂရုစိုက်ကစားသည်၊ ဒါပေမဲ့ ကတ္တီပါ ခက်ခက်ခဲခဲ လိုက်ရိုက်ရအောင်တော့ သူ မကစား ပါ။

''ကိုကိုနော် လက်ရည်တွေ လျှို့မထားနဲ့''

''မလျှို့ပါဘူးကွာ၊ ကတ္တီပါကို တကယ်တော်တာပါ''

သူ့ရိုက်ချက်တွေကို လှလှပပ ဆယ်မပြီး ရိုက်ချက်ပြင်းပြင်း လေးတွေနှင့် ပြန်တုံ့ပြန်ရိုက်နေသော ကတ္တီပါရဲ့လှုပ်ရှားမှုလေးတွေကို သူ ငေးမဝနိုင်အောင်ပါပဲ။

သူ့အာရုံတွေပဲ ပျက်စီးကုန်တာကြောင့်ထင်သည်။ ဒုတိယ ပွဲမှာ ငါးမှတ်အကွာနဲ့ ထပ်ရှုံးနိမ့်၏။

''နှစ်ပွဲပြတ်ဆိုတော့ ကတ္တီပါ နိုင်ပြီး ကိုယ် ရှုံးတယ်''

သူဆိုတော့ ကတ္တီပါ ပြုံးပြုံးလေး လျှောက်လာရင်း ခုံတန်း လေးပေါ်မှာ ခေါက်တင်ထားသည့် တဘက်လေးကို ကောက်ယူသည်၊ ချွေးစလေးတွေနှင့် စိုလက်တောက်ပနေသော ကတ္တီပါ အသားရောင် လေးက ရွှေရည်ဖြန်းပက်ထားသလို ဝင်းပလို့နေသည်။

''ကိုကို့လက်ရည်အကုန်မဟုတ်သေးတာ ကတ္တီပါ သိတာ ပေါ့၊ နောက်နေ့တွေကျရင် ခကျေပွဲထပ်နွှဲဦးမယ်''

''ကတ္တီပါ့လက်ရည်က တော်တော်ကောင်းပါတယ်၊ ကတ္တီပါ





ကြက်တောင်ရိုက်တာ ကြာပြီလား''

''အင်း အိမ်မှာလည်း ကြက်တောင်ကွင်းရှိတယ်၊ အထက် တန်းကျောင်းသူဘဝတုန်းက ပြိုင်ပွဲတွေ ဝင်ဖူးတယ်၊ ကိုးတန်းအထိ ဆုတွေရဖူးတယ်၊ ဆယ်တန်းကျမှ မေမေက ပညာရေးထိခိုက်မှာ စိုးလို့တဲ့၊ မပြိုင်နိုင်းတော့တာ''

''ကြည့်စမ်း ကတ္တီပါက ပြိုင်ပွဲဝင်တဲ့အဆင့်ပဲ၊ ဒါဆို အခု ကိုယ်နဲ့ယှဉ်တာ ကတ္တီပါ့အတွက် လေ့ကျင့်ခန်းသဘောလောက်ပဲပေါ့''

ကတ္တီပါက ပြုံးပြုံးလေးခေါင်းညိတ်ပြရင်း –

''ကိုကို့လို့ပဲပေါ့၊ လက်ကုန်ထုတ်စရာမလိုသေးဘူးလေ၊ နောက်နေ့တွေကျရင် ကိုကိုနဲ့ကတ္တီပါ ပြိုင်ပွဲတစ်ခုလို ယှဉ်ပြိုင်မယ်၊ ပွဲကိုတော့ လက်ရည်စမ်းပွဲလို့ပဲ သဘောထားလိုက်ပါ''

''မဟုတ်ပါဘူးကွာ ကတိအတိုင်းပဲပေါ့၊ ဆန်းဒေးကျရင် ကတ္တီပါ စားချင်တာ ကိုယ်လိုက်ကျွေးမယ်၊ ဘယ်သွားချင်လည်း ပြောလိုက် ပို့ပေးမယ်၊ ညနေခေတ္တခန်းမဖွင့်ခင်အထိတော့ ကိုယ်အား ပါတယ်''

''အဲ့ကော ဒါဆိုရင် ပြင်ဦးလွင်မြို့အနှံ့တော့ လည်ချင်တယ်''

''စိတ်ချ၊ ကိုယ် လိုက်ပို့ပေးမယ်၊ ကဲ ကတ္တီပါ ရေမိုးချိုး လိုက်ဦး၊ မေမေကတော့ ကတ္တီပါ့အကြိုက် နန်းကြီးသုပ်ကျွေးမလို့တဲ့''

''ကိုကိုအရင်ချိုးလေ၊ ကိုကိုက ဆေးရုံကို သွားရဦးမှာလေ''



www.burmeseclassic.com

www.burmeseclassic.com



"ကဗ္ဗီပါ အရင်ချိုးပါ"

"ကိုကိုပဲ အရင်ချိုးပါ၊ ကဗ္ဗီပါက ကိုယ်လက်လေ့ကျင့်ခန်း ယူဦးမှာ"

ကဗ္ဗီပါက ဘတ်တံလေး နံပေါ်တင်ကာ ခါးလေးပေါ်လက် ထောက်ပြီး လေ့ကျင့်ခန်းယူနေတာမို့ သူ ခေါင်းညိတ်ပြကာ လှည့် ထွက်ခဲ့၏။

"ကိုကို ရေမချိုးခင် ဒွေးတွေသုတ်လိုက်ဦးနော်၊ တော်ကြာ ဆရာဝန်ကြီး ဖျားနေမှ ဒုက္ခရောက်မှာစိုးလို့ အဟင်း ဟင်း"

အသံချိုချိုလေးနှင့် ရယ်မောရင်း ကဗ္ဗီပါ စိုးရိမ်စွာသတိ ပေးတော့ သူပြုံးမိသေးသည်။ ဘာပဲဖြစ်ဖြစ် ဒီကောင်မလေး စိုးရိမ် ပေးတတ်တာလေးက သူ့ရင်ကို ကြည်နူးစေရဲ့။

ချစ်စရာကောင်းသော ဒီကောင်မလေးကို သူ မြင်မြင်ချင်းပဲ ခင်တွယ်သံယောဇဉ်ဖြစ်မိသည်။ သွေးမတော်သားမစပ်ပေမယ့် ကိုယ့် ရဲ့ညီမလေးဟုပဲ စိတ်က သတ်မှတ်ထားခဲ့မိသည်။ ဒါပေမဲ့လည်း -

မေမေရဲ့စကားတွေက သူ့ရဲ့ခေါင်းထဲ ရောက်လာတိုင်း သူ လိပ်ပြာမလုံသလိုဖြစ်မိသည်။ မရိုးသားသောစိတ်တွေနဲ့ ကဗ္ဗီပါ့အပေါ် သူ မဆက်ဆံချင်ပါ။ ကိုယ့်ကို ခင်တွယ်နေသည့် ကောင်မလေးရဲ့ စိတ်ထားလေးကို အရောင်မဆိုးချင်ပါ။

ဒါကို မေမေသိရင် ကျေနပ်မှာမဟုတ်။ မေမေပြောသလို





သူ့နှုတ်က ဖွင့်ဟထွက်ဖို့ဆိုတာလည်း -

ကဗ္ဗီပါရဲ့မျက်ဝန်းလေးတွေ အရောင်ပြောင်းသွားမှာ သူစိုး ရိမ်နေသည်။ ကောင်မလေးရယ် ကိုယ့်အပေါ် မင်းလေးမျက်ဝန်းတွေ ယုံကြည်ကိုးစားစွာပဲ အမြဲရှိနေပါကွယ်။

ကိုယ့်ကြောင့် အမြူးရောင်ဆက်ဆံမှုလေးတွေ ဘယ်တော့မှ မပြောင်းလဲသွားစေရဘူး။ ဒါ ကိုယ့်ရင်ထဲက ဆန္ဒတစ်ခုပါ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

ကတ္တီပါနှင့်သူ မြို့ထဲလည်ကြမည့်ဆိုတော့ ကျေနပ်နေသူက မေမေပဲဖြစ်သည်။

အနက်ရောင်ကိုယ်ကျပ်အင်္ကျီလေးနှင့်အနက်ပေါ်မှာ ငွေခြည်လေးတွေဖောက်ရက်ထားသော စကပ်ဂါဝန်ရှည်လေးနှင့် ကတ္တီပါလည်း သိပ်လှနေသည်။

လည်ကတုံးရှပ်ဖြူလက်ရှည်နှင့် အပြာရင့်ပုဆိုးကွက်စိပ်ကလေးကိုပဲ ရိုးရိုးလေးဝတ်ထားသောသူ့ကို မေမေက မျက်မှောင်ကုတ်ကြည့်ရင်း –

"မေမေ့သားကတော့ တကယ့်လူကြီးဝိုက်ကြီးဖြစ်နေတာပဲ၊ တစ်ခါတလေ လူငယ်ဆန်ဆန်ဝတ်စားပါဦးကွယ်"





"ဘာလို့လဲမေမေ၊ ကျွန်တော် ဒီလိုပဲ အမြဲဝတ်တတ်တာ မေမေသိရက်နဲ့"

"မဟုတ်ဘူးလေကွယ်၊ အခု သားသွားမှာ ဆေးရုံဆေးခန်းမှ မဟုတ်တာဘဲ၊ ဟိုမှာကြည့်စမ်း သမီးလေးဝတ်ထားတာ ဘယ်လောက်ချစ်စရာကောင်းသလဲ"

မေမေက ကတ္တီပါရဲ့အလှကို သူ သတိထားမိအောင် တမင်ပြောနေသည်လားမသိပါ။ ကတ္တီပါကတော့ ကျေကျေနပ်နပ်လေးပြုံးကာ သူ့ကို ခြေဆုံးခေါင်းဖျား အကဲခတ်ကြည့်နေသေး၏။

"ကိုကိုက ဘာဝတ်ဝတ် လိုက်ဖက်ပါတယ် အန်တီယုရဲ့၊ အဟင်း ကိုကိုက စတိုင်လ်ကျပြီးသားပါ"

ကတ္တီပါ့နှုတ်က ချီးကျူးစကားဆိုတော့ သူ မျက်နှာထူပူသွားကာ ရှက်အမ်းအမ်းကြီးဖြစ်သွားသည်။ မေမေကတော့ ကျေနပ်စွာပြုံးလို့နေသည်။

"ကဲ ကဲ သွားကြ၊ သမီးလေး သွားချင်တဲ့နေရာအနှံ့ လိုက်ပို့လိုက်နော် သား"

"ဟုတ်ကဲ့ပါ မေမေ"

ခြင်ဝင်းအောက်က ကားလေးဆီ လျှောက်ခဲ့တော့ ကတ္တီပါ့ဆီက သင်းပျံ့ပျံ့ရေမွှေးရနံ့လေးကို သူ ရှူရှိုက်မိသည်။

"ကဲ ကတ္တီပါ ဘယ်ကိုသွားချင်တာလဲ ပြော"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် မသိဘူးလေး ကိုကိုရဲ့၊ ကတ္တီပါက ငယ်ငယ်တုန်းကပဲ ပြင်ဦးလွင်ရောက်ဖူးတာကို"

"ဟာ ဟုတ်သားပဲ၊ ဒါဆို ပြင်ဦးလွင်ရဲ့အထင်ကရနေရာတွေကို ကိုယ် အနှံ့လိုက်ပို့ပေးမယ်၊ လောလောဆယ်တော့ ဟိုနေက ရှုံးပွဲအတွက် ကတ္တီပါ့ကို ကိုယ်ကျွေးမွေးရဦးမယ်"

"ရှုံးပွဲမပြောပါနဲ့နော်၊ ကိုကို တမင်မကစားတာလည်း ကတ္တီပါ သိပါတယ်"

"ကတ္တီပါကိုက တော်ပြီးသားပါ"

ပြောရင်း သူ့ကားလေးကို စားသောက်ဆိုင်လေးဆီကိုပဲ ဦးတည်မောင်းနှင်ခဲ့သည်၊ လကတော့ ငြိမ်ငြိမ်သက်သက်လေးပြုံးကာ နေသည်။

နုစက်ဝင်းမွတ်နေသော မျက်နှာလေးက အပြစ်ဆိုလို့ ဆိုရက်စရာမရှိအောင်ပဲ ကတ္တီပါ လှသည်။ နာမည်လေးနဲ့လိုက်ဖက်အောင် အသားအရေလေးတွေက နူးညံ့နေ၏။

ပြတင်းတံခါး အပြင်ဘက်က မြင်ကွင်းတွေကို ကတ္တီပါ ငေးငေးလေးကြည့်နေတာမို့ သူ နောက်ကြည့်မှန်ထဲက ခိုးကြည့်လို့ မဝနိုင်ပါ။

ဘေးစောင်းလေးမြင်နေရသော မျက်နှာလေးမှာ စိမ်းမြမြ သွေးကြောလေးတွေကိုတောင် မြင်နေရတဲ့အထိ ကြည်လင်နေ၏။





မျက်တောင်ရှည်ကြီးတွေက ကော့ညွှတ်လို့ နှာတံလေးက ချွန်မြနေတာ မဟုတ်ပါဘဲ စင်းစင်းကလေးနဲ့ ပေါ်လွင်တာဖြစ်သည်။ ပန်းသွေးရောင်ဆိုးထားသော နှုတ်ခမ်းလေးက နှင်းဆီငုံဖူးလေးလို ခွဲမက်စရာကောင်းသည်။

ပင့်သက်မောတစ်ခု ကတ္တီပါ မကြားအောင်ခိုးရှိုက်ပြီး သူ့အကြည့်တို့ လွှဲလိုက်မိပေမယ့် ရင်ထဲစွဲထင်ကျန်ရစ်ခဲ့သော အရိပ်လေးက ပျောက်မသွားခဲ့ပါ။

✿

ကံထူးကံသာဘုရားကိုလည်း ကတ္တီပါကို သူလိုက်ပို့ဖြစ်သည်။ မွေးကောက်ရေတံခွန်ကိုလည်း ရောက်ခဲ့သည်။

ကတ္တီပါကတော့ ကျေနပ်စွာ ပြုံးပျော်နေခဲ့တာ ကလေးတစ်ယောက်အတိုင်း ကိုကိုနဲ့ အမှတ်တရဓာတ်ပုံရိုက်ရအောင်ဆိုတော့ သူ ကတ္တီပါအလိုကျ ခေါင်းညိတ်ပြန်သည်။

သူ့လက်မောင်းလေးကို ကတ္တီပါ ဆုပ်ကိုင်ကာ ဓာတ်ပုံရိုက်ဖြစ်သည်။ ကတ္တီပါရဲ့အပြုံးလေးတွေ ရွှင်မြူးနေသလို သူ့ရင်ထဲမှာလည်း ကျေနပ်နေခဲ့တာတော့ ဝန်ခံရမည်။



www.burmeseclassic.com

"ကိုကို ဆေးခန်းသွားရဦးမှာမို့လား"

"ညနေခြောက်နာရီမှ ဖွင့်မှာပါကွ၊ ကလွှီပါ ဘယ်ကိုသွားချ
သေးလို့လဲ"

"မဟုတ်ပါဘူး၊ ပြန်ရင် ဘွားဘွားနဲ့ အန်တီယုအတွက် စ
စရာတစ်ခုခု ဝယ်သွားချင်လို့"

ကလွှီပါက ဘွားဘွားနှင့်မေမေအတွက် သတိတရဖော
သည်။ သူကလည်း မေမေ မှာထားခဲ့သော စကားအတိုင်း ကလွှ
အတွက် စတိုးဆိုင်လေးမှာ အမှတ်တရလက်ဆောင်ဝယ်ပေးဖို့
သည်။

ကောင်တာတွေလျှောက်ကာ သူရှာတော့ ကလွှီပါက အ
မှာကပ်လိုက်လာသည်။ တကယ်တမ်းကျ ကလွှီပါအတွက် ဘာဝ
ပေးရမှန်း စဉ်းစားတွေးတောမရခဲ့ပါ။

ကလွှီပါမှာ အဝတ်အစားတွေ အများကြီးရှိတာသိသည်
အလှကုန်ပစ္စည်းတွေ ဝယ်ပေးရအောင်လည်း ကလွှီပါက အလှ
မပြင်တတ်တာ သူသိသည်။ ပေါင်းဒါလေးဖို့ နှုတ်ခမ်းနီလေးဆိုး
လောက်ပဲ တွေ့ဖူးထား၏။

"ကိုကို ဘာဝယ်ချင်လို့လဲ၊ ဆိုင်ထဲမှာ လျှောက်နေတ
ကြာပြီ"

"ဟို ကလွှီပါအတွက် တစ်ခုခုဝယ်ပေးမလို့ အဲဒါ ဘာဝ





ပေးရမှန်းမသိဘူးဖြစ်နေတာ"

"ဟာ ဒါများ ခြေတိုအောင် ပတ်နေသေးတယ်၊ ဟောဟို
ဝက်ဝံရုပ်လေး ဝယ်ပေး၊ ကလွှီပါ သဘောကျလို့"

အဖြူရောင်ဝက်ဝံလေးကို လက်ညှိုးထိုးကာ ကလွှီပါ ပြော
တော့ သူ ချက်ချင်းပဲ ငွေရှင်းကာ ဝယ်ဖြစ်သည်။

ဝက်ဝံရုပ်လေးကို ကလွှီပါက ပွေ့ပိုက်လိုက်တော့ ချစ်စဖွယ်
အသံလေး ထွက်လာ၏။

♫ I Love You - I Love You ♫

ကလွှီပါ တအံ့တသြ မျက်လုံးလေးတွေ ဝိုင်းသွားသလို
သူလည်း အံ့တိုးအမ်းတမ်းကြီးဖြစ်သွား၏။ ကောင်တာက မိန်း
ကလေးက ပြုံးပြုံးလေးကြည့်ရင်း ရှင်းပြသည်။

"ဝက်ဝံရုပ်လေးရဲ့ ဝမ်းဗိုက်မှာ ဓာတ်ခဲထည့်ပြီး ဒီအသံလေး
ထွက်လာအောင် လုပ်ထားတာလေ၊ အသာကလေးဖျစ်လိုက်တာနဲ့
ဝက်ဝံလေးက အော်တော့တာ အဟင်း ဟင်း"

ကလွှီပါ ကျေနပ်စွာ ပြုံးသွား၏။ တစ်လမ်းလုံး ဝက်ဝံလေး
ကို ဖျစ်ညှစ်ကာ ခဏခဏအော်ခိုင်းနေသည်။

အိုင်လပ်ဗ်ယူ မင်းကို ငါချစ်တယ်ဆိုသော ဝက်ဝံလေးရဲ့
အော်သံလေးက သူ့ကို ထူပူစေသည်၊ ကလွှီပါကတော့ သဘောကျ
မဆုံး။



www.burmeseclassic.com

www.burmeseclassic.com



"ချစ်စရာလေးနော် ကိုကို၊ ကိုကို့လက်ဆောင်လေးက ကတ္တီပါ သဘောကျသွားပြီ အဟင်း ဟင်း"

ကတ္တီပါက ရိုးရိုးသားသားလေးပြောကာ ကြည်နူးရယ်မော ပေမယ့် သူကတော့ ကတ္တီပါ့မျက်နှာကိုတောင် ရဲရဲမကြည့်ရဲပါ။

မေမေ မေးလာလျှင်တော့ ကတ္တီပါကို ဝက်ဝံရုပ်လေး ဝယ် ပေးခဲ့တာကို သူ မပြောရဲပါ။ ကတ္တီပါ လိုချင်တာကိုပဲ ဝယ်ပေးဖြစ်ခဲ့ တာပါ။ ဒါပေမဲ့ ဒီလိုအော်တတ်မှန်း သူ မသိခဲ့တာအမှန်။

တော်တော်ဆိုးတဲ့ ဝက်ဝံကလေးပါလား။

✿ ✿ ✿



## အခန်း (၃၂)

ဒီနေ့ ဆေးခန်းပိတ်ရက်မို့ သူ သွားစရာမလို။ ဂျူတီချိန် လည်း စောစောပြီးတာမို့ သူ အိမ်ကို လေးနာရီမထိုးခင် ပြန်ရောက် သည်။

မေမေကတော့ သူ့ရွှေဆိုင်ကတောင် ပြန်မရောက်သေးပါ။ ဆေးရုံက ဂျူတီကုတ်ကို လဲလှယ်ပြီး ကတ္တီပါကို သူရှာသည်။ ဘွားဘွား အခန်းမှာလည်း မရှိ။ မီးဖိုထဲမှာလည်း မရှိ။

ကတ္တီပါရဲ့အခန်းရှေ့ကိုရောက်တော့ တံခါးက ခပ်ဟဟလေး ပွင့်လျက်သားမို့ သူခေါ်ကြည့်တော့ တုံ့ပြန်သံမကြားရပါ။

အခန်းတံခါးဖွင့်ကြည့်တော့ သေချာသွားသည်။ ကတ္တီပါ မရှိပါ။ သူ ဝယ်ပေးထားသော ဝက်ဝံရုပ်ကလေးကတော့ ခုတင်ဘေး



www.burmeseclassic.com

www.burmeseclassic.com



ဖျ

က စားပွဲလေးပေါ်မှာ ငုတ်တုတ်လေး ရှိနေသည်။

သူ အပေါ်ထပ်က ပြန်ဆင်းခဲ့တော့ ညှော်ခန်းမှာ မိစိမ့်
တွေ့သည်။

"မိစိမ့် ကတ္တီပါရော"

"မမလေးလား၊ စောစောကပဲ ရှိတယ်၊ ခြံထဲကို သွားတယ်
ထင်တယ် အစ်ကိုလေး"

သူ ခြံထဲကိုဆင်းခဲ့သည်။ ပန်းခင်းတွေဘက်မှာ ကတ္တီပါ
မရှိပါ။ ကြက်တောင်ကစားကွင်းဘက်မှာလည်း ကတ္တီပါ မရှိ။ ရေ
ကန်ဘက်က ဒရင်းဘက်လေးပေါ်မှာ ကန်ဘက်ကို ဦးတည်လာခဲ့
သူ တုံ့ခနဲပြန်သတိရကာ ခြေလှမ်းတို့ ရပ်ပစ်မိသည်။

ကတ္တီပါ ရေကူးနေတာမို့ သူ သွားလို့မသင့်တာ တွေး
ပြန်အလှည့်မှာပဲ –

"ကိုကို ဒီနေ့ပြန်တာ စောလှချည်လား"

သူ့ကို လှမ်းနှုတ်ဆက်သော ကတ္တီပါ့အသံလေးကြောင့် သူ
ပြန်လှည့်ကြည့်မိသည်။ ရေကူးပြီး ကန်ထဲမှ ပြန်တက်လာသော
ကတ္တီပါရဲ့အလှတရားတွေက သူ့ကို ကမ္ဘာကသီပဲ မျက်နှာလွှဲမိစေ
ထင်ထားတာက အနီရဲရဲ ရေကူးဝတ်စုံကလေးမို့ ဝင်းဝါ
သော အသားစိုင်လေးတွေက သူ့ရင်တွေကို လှုပ်ခတ်သွားစေ
အထိ၊ တပ်မက်ခြင်းစိတ်ရိုင်းတို့ကြောင့် မဟုတ်ပေမယ့် ရင်ခုန်သံတွေ





ကတော့ ကြမ်းရှနေခဲ့သည်။

"ကိုကို စောစောပြန်လာမယ်မှန်းသိရင် ရေမကူးပါဘူး။
ကြက်တောင်ရိုက်ဖို့ စောင့်တယ်"

သူ့မှာသာ ရင်တွေလှုပ်ခတ်ပြီး မလုံမခြုံဖြစ်နေခဲ့တာ။
ကတ္တီပါကတော့ ဒရင်းဘတ်လေးဆီ ရွရွလေးလျှောက်သွားကာ ပန်းနု
ရောင်တဘက်လေးကို ခါးမှာရစ်ပတ်နေသည်။

ခြေလှမ်းတို့ မရွေ့ဘဲ နှုတ်ဆိတ်စွာ ရပ်နေသော သူ့အနားထိ
ကတ္တီပါ လှမ်းလျှောက်လာတော့ မတည်ငြိမ်သော ရင်ခုန်သံတွေကို
သူ ကြိုးစားထိန်းချုပ်နေမိဆဲ။

တကယ်ဆို သူ ဒီလောက်အထိ ရင်ခုန်လှုပ်ခတ်နေတာ
မဖြစ်သင့်ပါ။ ကတ္တီပါကတော့ တကယ့်ကို ရိုးသားစွာ သူ့ကို အစ်ကို
တစ်ယောက်လို သတ်မှတ်ထားပါလျက်နဲ့ သူ့စိတ်က ဘာကြောင့်
မရိုးသားရတာလဲ။

"ဘာဖြစ်နေတာလဲ ကိုကို၊ နေမကောင်းဘူးလားဟင်"

သူ့ရှေ့မှာရပ်ကာ ကတ္တီပါ စိုးရိမ်သံလေးနှင့်မေးတော့ သူ
ကသောကမျော ခေါင်းကိုခါရမ်းပြရင်း –

"ကောင်းပါတယ်၊ ဟို ဒီနေ့ ကိုယ်ကုသပေးနေတဲ့ လူနာ
တစ်ယောက် ဆုံးသွားလို့ပါကွာ"

မှသားဆွက်သောစကားဖြင့် သူ ဖုံးကွယ်မိသည်၊ တကယ်ဆို



www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံမှာ သူကုသနေရင်း သံယောဇဉ်ဖြစ်နေကာမှ ဆုံးသွားသော
လူနာတွေဆိုတာ အများကြီး ကြုံခဲ့ဘူးခဲ့ပြီးပြီ။

"စိတ်မကောင်းဖြစ်နေတာလား ကိုကို၊ ဘယ်တတ်နိုင်မှာလဲ
ကိုကိုက အကောင်းဆုံးပြုစုကုသပေးခဲ့တာပဲလေ၊ ဖြေသိမ့်လိုက်ပါ
နော်"

သူ့မုသားစကားကိုပဲ တကယ်ထင်မှတ်ကာ ကတ္တီပါက နှစ်
သိမ့်စကားလေးနှင့် ဖေးမနေပြန်သည်။

ရှည်လျားကော့ပျံနေသော မျက်တောင်နက်နက်လေးတို့မှာ
ခိုတွဲနေသော ရေသီးလေးတွေကို သူ မြင်နေရတာ နီးနီးကပ်ကပ်
ကတ္တီပါ မျက်ဝန်းလေးတွေထဲမှာ သူ့ကို စာနာစိတ်တို့ ပြည့်နေခဲ့တာ
အသေအချာ။

"အင်း ကိုယ့်အတွက် ဒါက မကြာခဏ ကြုံတဲ့ကိစ္စပါ၊
ကိုယ်ဖြေသိမ့်နိုင်ပါတယ်၊ ကတ္တီပါ အိမ်ထဲဝင်တော့လေ၊ ရေစိုကြီး
နာဖျားနေဦးမယ်"

သူဆိုတော့ နှုတ်ခမ်းလေးတွေ ပြုံးကာ ခေါင်းလေးကို ဖြည်း
ဖြည်းလေး ခါယမ်းသည်။

"ဟင့်အင်း ကတ္တီပါ ဘာမှမဖြစ်ပါဘူး၊ ရန်ကုန်မှာဆို တစ်
နာရီလောက်တောင် ရေကူးရင် ကြာတတ်တယ်"

"ဒါက ရန်ကုန်မဟုတ်ဘူးလေ ကတ္တီပါရဲ့၊ ရာသီဥတုက





အေးတယ်ကွ"

စိုးရိမ်စိတ်လေးနှင့် သူ ကရုဏာဒေါသောလေးဆိုတော့
ကတ္တီပါ ပခုံးသားလုံးလုံးလေးတွေကို တွန့်ရင်း –

"နေမကောင်းလည်း ပြဿနာမရှိဘူးလေ၊ အိမ်မှာ ဆရာဝန်
ကြီးတစ်ယောက်လုံး ရှိနေတာပဲ ကိုကိုရဲ့ အဟင်း ဟင်း"

"ကတ္တီပါနော် နောက်မနေနဲ့၊ မြန်မြန်သွား၊ ဆံပင်တွေလည်း
ရေစိုနေပြီ၊ မနက်ဖြန်ပဲ အလုပ်ဆင်းရတော့မှာ၊ ကိုယ်က မဆင်းနိုင်
မှာစိုးလို့ ပြောနေတာ"

"ဟုတ်ကဲ့ပါ ကိုကိုရဲ့၊ အခုပဲ သွားမှာပါ၊ စိတ်ချ ကတ္တီပါ
ဘာမှမဖြစ်ပါဘူး"

မျက်စောင်းလေးထိုးကာ ကတ္တီပါ သူ့ရှေ့က ခပ်သုတ်သုတ်
လေးထွက်သွားသည်။ အကာအကွယ်မဲ့သော ကျောပြင်လေးက ဝင်း
ဝင်းမွတ်မွတ်ကလေး။

မလုံမခြုံရစ်ပတ်ထားသော ခြုံလွှာလေးကလည်း ဒူးအဆက်
ပိုင်းလောက်အထိပဲရောက်တာမို့ ခြေသလုံးသား ဝင်းဝင်းလေးတွေက
ပေါ်နေသေးသည်။ သူ ပင့်သက်ခိုးလေး ချမိပြန်သည်။

ကတ္တီပါရယ် ကြာရင် တကယ်မလွယ်ပါလား။ ဖြူစင်တဲ့
ချစ်ခြင်းတွေနဲ့ပဲ မင်းလေးကို ကိုယ်နှောင်တွယ်ချင်တယ်။ ဒါပေမဲ့
မေမေ့ရဲ့ဆန္ဒကြီးက ကိုယ့်ခေါင်းထဲ ဝင်လာတတ်တော့ –



www.burmeseclassic.com

www.burmeseclassic.com



ရင်ခုန်နေတတ်တဲ့ နှလုံးသားက မှိုက်မဲလွှန်းနေခဲ့ပြီလား။ ဘာပဲဖြစ်ဖြစ် မင်းလေးရဲ့ အဖြူရောင်သံယောဇဉ်လေးတွေကို ရင်ခုန်ခြင်းတစ်ခုတည်းကြောင့် ဘယ်တော့မှ ကိုယ် အရောင်မဆိုးပါဘူး။

အဲဒါ ကိုယ့်နှလုံးသားက သစ္စာစကားပါ ကတ္တီပါ။

✿ ✿ ✿



## အခန်း (၃၃)

"သားရေ လုပ်ပါဦး၊ ဒီမှာ သမီးလေး ဖျားနေပြီ"

မနက် သူ ကော်ဖီပိုင်းရောက်တော့ မေမေက ပြောသည်။ ကတ္တီပါက မပုံမရဲလေးမော့ကြည့်ရင်း လက်ကိုင်ပဝါလေးအုပ်ကာ သူ့ရှေ့မှောက်မှာ ဟာန်မဆောင်နိုင်စွာ နှာတွေချေနေပြန်၏။

"ဘယ်နှယ့်လဲ၊ မနေ့က ရေကူးတယ်၊ ပြီးတော့ ရေချိုးခန်းဝင်နေတာလည်း အကြာကြီးဆိုတော့ ဖျားပြီမဟုတ်လား"

သူ ကရုဏာဒေါသောလေးဆိုရင်း ကတ္တီပါ နဖူးလေးကို အသာစမ်းကြည့်တော့ ကိုယ်ပူရှိန်ကတော့ သိပ်ရှိပုံမရ။

"ညတုန်းကတည်းက ဖျားနေတာလား၊ ဘာလို့ ကိုယ့်ကို မပြောတာလဲ၊ ညကတည်းက ကြိုပြီးဆေးသောက်သင့်တာ"



www.burmeseclassic.com

www.burmeseclassic.com



သူ့နှုတ်က အပြစ်တင်စကားတွေ တရစပ်ထွက်လာတော့ မေမေက အလိုမကျသလိုကြည့်နေရင်း -

"သားကလည်း ဘာဖြစ်လို့ အပြစ်တင်နေတာလဲ"

"မဟုတ်ဘူး မေမေ၊ မနေ့ကတည်းက ကျွန်တော်ပြောတာကို သူ နားမထောင်လို့"

"အာ ကိုကိုကလည်း ကတ္တီပါ ရေကူးတာ ဆယ့်ငါးမိနစ်လောက်ပဲကြာတယ်၊ အဲ ရေချိုးရင်း ခေါင်းပါလျှော်လိုက်လို့ နှာချေတာပါ၊ လူက ဖျားတာမှမဟုတ်ဘဲ"

"မဖျားဘူး မပြောနဲ့၊ ကတ္တီပါ အဖျားသွေးကတော့ ရှိနေတာ သေချာတယ်"

ဖျတ်ခနဲ ကတ္တီပါ လက်ကောက်ဝတ်က သွေးကြောလေးကို စမ်းကြည့်ရင်း သူဆိုတော့ မေမေ ကြားက ဝင်ပြောပြန်၏။

"ဒါဆိုလည်း သမီးကို ဆေးလေးဘာလေး စပ်ပေးဦးလေ သားရဲ့၊ သမီးက အလုပ်သွားရမှာ"

"ဘယ်ဖြစ်မှာလဲ၊ နေမကောင်းဘဲသွားရင် ပိုဆိုးမှာပေါ့"

"မသွားလို့မဖြစ်ဘူး ကိုကို၊ ဒီနေ့မှ စဆင်းတာကို ပျက်လို့ကို မဖြစ်ဘူး။ ပြီးတော့ လုပ်ငန်းအစည်းအဝေးရှိတယ်၊ ကတ္တီပါ မဖြစ်မနေသွားရမှာ၊ ပျက်လို့မရ ဟတ်ချိုး ဟတ်ချိုး"

စကားတို့ပင် မဆုံးနိုင်ဘဲ လက်ကိုင်ပဝါလေး ကသော





ကမျောအုပ်ကာ ကတ္တီပါ နှာတွေချေနေပြန်၏။

"သမီးကို မေမေတားပြီးပြီ၊ အလုပ်က မဖြစ်မနေသွားရမှာတဲ့၊ သား သက်သာအောင်ပဲ ဆေးစပ်ပေးလိုက်ပါကွယ်၊ အလုပ်မှာ မသက်သာရင်လည်း အစည်းအဝေးပြီးတာနဲ့ သမီး ပြန်ခဲ့ပေါ့"

မေမေ့စကားကိုတော့ ကတ္တီပါ ခေါင်းလေးညိတ်၏။ သူစိတ်ညစ်စွာ ခေါင်းကိုခါယမ်းပြီး ကော်ဖီခန်းထဲက ခပ်သုတ်သုတ်လှည့်ထွက်ခဲ့ရပြန်၏။

ကတ္တီပါမှာ အပူရှိန်မရှိသေးတာ မှန်ပေမယ့် အဆုတ်အအေးမိသွားပုံတော့ရသည်။ လိုအပ်သောဆေးတွေကို သုံးရက်စာစပ်ယူပြီး သူ ကော်ဖီဝိုင်းကို ပြန်ခဲ့၏။

"ကဲ အခု အစာစားပြီး တစ်ခွက်သောက်လိုက်၊ ကျန်တဲ့ဆေးတွေထည့်ယူသွား၊ ငါးနာရီခြားတစ်ခွက်သောက်နော် ကတ္တီပါ"

"ဟင် ကိုကို့ဆေးတွေက များလိုက်တာ"

"များတယ်မလုပ်နဲ့လေ၊ ဒီသောက်ဆေးနဲ့မှ မပျောက်ရင် ဆေးထိုးရမှာ"

"ဟင့်အင်း၊ ဆေးတော့ မထိုးချင်ပါဘူး"

ပန်းလေးတွန့်ပြောရင်း သူပေးသော ဆေးတွေကို ကတ္တီပါ ရှုံ့မဲ့မဲ့မျက်နှာလေးနှင့် လှမ်းယူသည်။

"ဆေးပတ်လည်အောင်တော့ သုံးခွက်စလုံးသောက်နော်၊



www.burmeseclassic.com

www.burmeseclassic.com



သက်သာတယ်ဆိုပြီး ပေါ့ပေါ့မလုပ်နဲ့၊ အခု တစ်ခွက်ရှေ့မှာ အရင် သောက်လိုက်"

သူ လေသံမာမာလေးနှင့် အမိန့်ပေးနေတော့ မေမေက ဘာမှဝင်မပြောပါ။ ဆော့င်းသောက်ဖို့ ရေတစ်ခွက်ခပ်ပေးသည်။ ကတ္တီပါက ဆေးတစ်လုံးဆီ အာခေါင်ထဲအထိ ကိုင်ထည့်ကာ သောက်သည်။

ဆေးလေး လေးလုံးကို ရေတစ်ဖန်ခွက်ကုန်သည်အထိ ရှုံ့မဲ့ကာ သောက်နေတော့ သူရယ်ချင်ပေမယ့် မရယ်ဖြစ်ဘဲ။

"ဆေးသောက်မှာတော့ ကြောက်တယ်၊ ဖျားမှာတော့ ဂရုမစိုက်ဘူး၊ ကဲ အဝတ်အစားလဲချင်လဲတော့ ဒီနေ့ ကတ္တီပါကို ကိုယ် လိုက်ပို့ပေးမယ်၊ နေမကောင်းဘဲနဲ့ ကားမမောင်းနဲ့"

"သားပြောတာဟုတ်တယ်၊ သားပဲ ပို့ပေးလိုက်၊ အပြန်ရော ကြိုလို့ဖြစ်ရဲ့လား သား"

"ကတ္တီပါ ပြန်မယ်ဆို ကိုယ့်ဆေးရုံကို ဖုန်းဆက်လိုက်ပေါ့၊ လာကြိုပေးမယ်၊ ဒီနေ့ ဆေးရုံမှာ တာဝန်တော့ သိပ်မရှိပါဘူး"

ကတ္တီပါ ခေါင်းလေးညိတ်ကာ အဝတ်အစားလဲဖို့ ထွက်သွားမှ သူ ကော်ဖီကို ကသောကမောသောက်ရသည်။

"သား မုန့်စားလေ၊ ဒီမှာ ကြက်ဥပေါင်မုန့်ကြော်"

ဝမ်းထဲမှာ ဆာလောင်စိတ်တို့ မရှိပေမယ့် မေမေ ကျွေနပ်





အောင်တော့ သူ စားလိုက်သည်။

ညည့်ခန်းထဲမှာ ငါးမိနစ်တောင် မစောင့်လိုက်ရပါ။ အဖြူရောင် ခါးရှည်အင်္ကျီနှင့် အပြာရင့်ရင့် ကုမ္ပဏီဝတ်စုံပေါ်မှာ အနက်ရောင် ဂျင်းဂျက်ကက်ခါးတိုလေးထပ်ဝတ်ကာ ကတ္တီပါ ထွက်လာ၏။

ဘာမှခြယ်သမထားသော မျက်နှာလေးက နဂိုအတိုင်းလည်း ကြည့်ကောင်းနေသည်။

"ကိုကို ဆေးရုံချိန်မီပါ့မလား"

"မီပါတယ်ကွာ၊ ကိုယ့်အတွက်မပူနဲ့၊ ကတ္တီပါပဲ ဆေးတွေ သောက်ဖို့ မမေ့နဲ့နော်၊ နှစ်ခွက်စာကျန်တယ်"

ကတ္တီပါ ခေါင်းလေးညိတ်ကာ ကားတံခါးလေးဖွင့်ဝင်ထိုင်သည်၊ ဆေးအရှိန်ကြောင့်တော့ နည်းနည်းသက်သာသွားပုံရ၏။

"မှန်တံခါးတွေ ပိတ်ထားလိုက် ကတ္တီပါ၊ လေတိုးရင် ထပ် အအေးမိနေဦးမယ်"

ဒီတစ်ခါတော့ သူ့စကားကို ကတ္တီပါ ခေါင်းလေးညိတ်ကာ နာခံသည်။ သူ့အပြစ်နဲ့သူဆိုတော့လည်း ကတ္တီပါ သူ့ကို ကလန် ကဆန်တွေ မလုပ်ရှာပါ။

"ဘယ်လိုလဲ နောက်ဆို ရေကူးဦးမှာလား"

"နေကောင်းရင် ကူးမှာပေါ့ ကိုကိုရဲ့"

"ကြည့်၊ မမှတ်သေးဘူးထင်တယ်၊ ဟုတ်လား၊ ဒီတစ်ခါ



www.burmeseclassic.com

www.burmeseclassic.com



ဘာဆေးမှမတိုက်ဘဲ ဆေးထိုးမှာနော်"

"တစ်ခါကြုံဖူးသွားပြီလေ၊ အကြာကြီးမကူးတော့ပါဘူး ကိုကိုရဲ့"

အပြုံးလေးနဲ့ သူ့ကို ကတ္တီပါခိုသည်။ ဒီလိုကျတော့လည်း တကယ့်ကလေးလေးအတိုင်းပါပဲ၊ ကုမ္ပဏီဝတ်စုံလေးနဲ့ အင်ဂျင်နီယာ မလေးကိုတောင် ထင်ရက်စရာမရှိ။

ထိုနေ့က ဆေးရုံမှာ သူ နားစွင့်မျှော်နေမိတာ ကတ္တီပါရဲ့ ဖုန်းခေါ်သံလေးကို ဖြစ်သည်။ ဒါပေမဲ့ ဖုန်းခေါ်သံလေးက နေ့လယ် ထမင်းစားချိန်အထိ ပေါ်မလာတော့ မနေနိုင်ဘဲ သူကပဲ ဆက်သွယ်ရ ၏။

"ဘာလို့ ဖုန်းမခေါ်တာလဲ၊ ကတ္တီပါ့ဖုန်းကို ကိုယ်မျှော်နေ တာ"

"ကိုကိုအလုပ် အနှောင့်အယှက်ဖြစ်မှာစိုးလို့ပါ၊ ကတ္တီပါ လည်း သက်သာသွားပြီ ကိုကို့ဆေးကြောင့်ထင်တယ်၊ ချွေးတွေ လာလို့ အနွေးထည်တောင် ချွတ်ထားရတယ်"

"ချွေးငုပ်ပြီး ထပ်ဖျားနေဦးမယ်၊ ဆယ့်နှစ်နာရီလောက်ကျ ရင် နောက်တစ်ခွက်ထပ်သောက်နော်၊ အစာတစ်ခုခုစားပြီးမှသောက်"

"ဟင် သက်သာနေပြီပဲ ကိုကိုကလဲ ဆေးသောက်ရဦးမှာ လား"





"ဆေးပတ်လည်အောင် သောက်ရမှာပေါ့ကွ၊ ကိုယ့်စကား ကို နားထောင်နော်၊ ကတ္တီပါလေးက လိမ္မာပါတယ်"

သူ ချော့ချော့မော့မော့လေးပြောမှ မအင်းချင်၊ အင်းချင်နှင့် အင်းဆိုသော အသံလေးကို ကြားသည်။

"အစည်းအဝေးက ပြီးပြီလား၊ ကိုယ် ဘယ်အချိန်လာကြို ရမှာလဲ ကတ္တီပါ"

"မနက်ကတည်းက ပြီးပြီကိုကိုရဲ့၊ ညနေမှပဲ ပြန်တော့မယ်၊ ဘာမှ ပင်ပင်ပန်းပန်းလုပ်ရတာမှမဟုတ်တာ၊ ရပါတယ်"

"ဒါဆို ညနေ ကိုယ်လာကြိုမယ်၊ ဆေးတော့ သောက်နော် ကတ္တီပါ"

"ဟုတ်ကဲ့ပါ ဒေါက်တာဦးနန္ဒထွန်းခေါင်"

ခပ်နောက်နောက်လေး အပြောနှင့်အတူ ဖုန်းကလေးပါ ပိတ် သွားတော့ သူ စိတ်ဆိုးရအခက်နှင့် ပြုံးတုံ့တုံ့ဖြစ်ရပြန်၏။

တော်တော်ဆိုးတဲ့ ကောင်မလေး။ သူ့ကိုတောင် ရွတ်နောက် နောက်ကလေး ပြောင်သွားသေးရဲ့။

ဘယ်လိုပဲဖြစ်ဖြစ် ကတ္တီပါအတွက် စိုးရိမ်စိတ်လေးတွေ ပြေ ကာ သူ့ရင်ထဲမှာ နွေးနွေးကလေး ကျေနပ်နေခဲ့မိကြောင်းပါ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

သူ့အလုပ်နားရက်နှင့် ကတ္တီပါရဲ့နားရက်တိုက်ဆိုင်နေတော့ နှစ်ယောက်သား စောစောစီးစီးထကာ ကြက်တောင်ပွဲလေးယှဉ်ဖြစ်သည်။

အနက်ရောင်ချိုင်းပြတ်အကျပ်ဝတ်စုံလေးနှင့် ဘောင်းဘီတို အနက်လေးကို ဝတ်ဆင်ထားသော ကတ္တီပါက ဝင်းမွတ်မွတ်ကလေး လှပကျော့ရှင်းနေသည်။

အနက်ရောင်လျှာထိုးဦးထုပ်လေးကိုလည်း နောက်ပြန်လှန် ဆောင်းကာ နဖူးပြေပြေလေးပေါ်က ဆံပင်တွေကို စုသိမ်းထားတာမို့ နဖပ်သောမျက်နှာလေးက ဝင်းဝင်းပပ ရှိနေ၏။

"ကိုကိုနော် အလျှော့မပေးစတမ်းပြိုင်နော် ကတ္တီပါကတော့





လုံးဝအလျှော့မပေးဘူးသိလား"

သူ ခေါင်းလေးညိတ်ပြီးပြုံးလိုက်သည်။ ကတ္တီပါရဲ့လက်ရည် ထက်မြက်တာကို သိထားပေမယ့် သူ ပြိုင်ပွဲတစ်ခုလို အားစိုက်မယှဉ်ပါ။

ကတ္တီပါ ထိနိုက်ဒဏ်ရာအနာတရဖြစ်သွားမှာစိုးသည်။ ဒါကြောင့်လည်း မမီမကမ်း ခက်ခက်ခဲခဲလိုက်ရအောင် သူ မရိုက်ပါ။

"ဒီရိုက်ချက်တွေလောက်တော့ သနားသေးတယ်၊ ချွေး တောင်မစို့ဘူး"

"ညှို့လိုက်တဲ့ ဆားကစ်တွေပဲ ကိုကိုရာ၊ ဒါ လက်ကုန်ပဲလား အမောင်း ဟင်း"

သူ မခံနိုင်အောင် ကတ္တီပါ တမင်ပြောနေမှန်း သိပေမယ့် သူအပြုံးမပျက်ဘဲ ဆက်ကစားနေတုန်းမှာ ကားဟွန်းသံကို ကြား သည်။ ကစားပွဲကို ရပ်ကာ သူကြည့်တော့ ခြံထဲကို မောင်းဝင်လာ တာ မြတ်မင်းခန့်ရဲ့ကားဖြစ်၏။

"ကိုကို ညည်းသည်လား"

"ဟုတ်တယ် ကျောင်းနေဘက်သူငယ်ချင်းလေ"

ကတ္တီပါကို သူ ပြောနေတုန်းမှာပဲ အသစ်စက်စက် ပါဂျဲရိုး ကားပြာကြီး ထိုးရပ်ကာ တံခါးဖွင့်ဆင်းလာသည့် မြတ်မင်းခန့်က အဖြူရောင်ရှပ်လက်တိုနှင့် အပြာနုရောင်ဘောင်းဘီတိုနှင့်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



လက်ထဲမှာလည်း ဘတ်တံအိတ်ကို ဆွဲကိုင်ထားေ၏။

"သူလည်း ကြက်တောင်သမားလား ကိုကို"

"အင်း ကျောင်းတုန်းကတည်းက ကိုကိုနဲ့ ရိုက်ဖော် ဒီကောင် သင်္ဘောတက်ပြီး ပြန်လာတာ ရက်ပိုင်းပဲ ရှိသေးတယ်"

"ဟား နန္ဒ အတော်ပဲပေါ့၊ ငါလည်း မင်းနဲ့လက်ရည်စမ်းချင် လို့ လာခဲ့တာ၊ မင်း ဒီနေ့ ဂျူတီနားရက်ဆိုတော့ ရှိမယ်ထင်ပြီးသာ ကွ"

မင်းခန့်က သူတို့ရှိနေသော ကစားကွင်းလေးအထိ လှမ်းလာ ရင်း ပြောသည်။ အကြည့်တွေက ကတ္တီပါဆီ စူးစူးနစ်နစ်ရောက်နေ တာလည်း သူ သတိထားမိသည်။

"လာကွာ ကိုခန့်၊ ဒီမှာ ငါတို့ပွဲက မပြတ်သေးဘူး ခဏ စောင့်"

"သူက ဘယ်သူလဲ နန္ဒ၊ မိတ်ဆက်ပေးဦးလေ"

ကတ္တီပါဆီမှာ အကြည့်တို့မခွာသေးဘဲ မြတ်မင်းခန့် ရဲရဲတင်း တောင်းဆိုနေသည်။ သူငြင်းလို့မရနိုင်တာမို့ မိတ်ဆက်ပေးလိုက် ရ၏။

"ရန်ကုန်ကရောက်နေတဲ့ ငါ့ညီမဝမ်းကွဲပါ၊ ဆောင်းကတ္တီပါ တဲ့၊ ကတ္တီပါ သူက မြတ်မင်းခန့်"

"ဟုတ် တွေ့ရတာဝမ်းသာပါတယ်"





မြတ်မင်းခန့် အပြုံးတွေ ဖောဖောသီသီဖြေရင်း လက်ကမ်း ပေးတာကို ကတ္တီပါ မျက်မှောင်လေးကုပ်ကြည့်ရင်း –

"ဝမ်းသာပါတယ် ကိုမြတ်မင်းခန့်၊ ဆောရီးနော်၊ ကတ္တီပါ့ လက်မှာ ချွေးတွေနဲ့၊ ဟို ကဲ ကိုကို ပွဲပြန်ဆက်ရအောင်လေ"

ကတ္တီပါ လှလှလေး ငြင်းဆန်လိုက်တာကြောင့် မြတ်မင်းခန့် ဒီလည်လည်နှင့် သစ်ရိပ်အောက်ကခုံတန်းလေးမှာ ဝင်ထိုင်သွား၏။

ကတ္တီပါနှင့်မပြီးသေးသော ကစားပွဲကို ဆက်ကစားနေရပေ မယ့် သူ့စိတ်တွေက မြတ်မင်းခန့်ဆီပဲ ရောက်နေ၏။ ထိုင်ခုံမှာ အကျ အနေထိုင်ကာ ကတ္တီပါရဲ့လှုပ်ရှားမှုတိုင်းကို မျက်တောင်မခတ်တမ်း ကြည့်နေသော မြတ်မင်းခန့်မျက်လုံးတွေကို သူ ဝန်တိုနေမိသည်။

အမှတ်အပြတ်အသတ်နှင့် ကတ္တီပါ အောင်ပွဲခံသွားတော့ မြတ်မင်းခန့်က ချီးကျူးလက်ခုပ်တီးရင်း –

"မင်းညီမက ကြက်တောင်စတားထင်တယ်၊ မင်း အမှတ် အပြတ်အသတ်နဲ့ရှုံးတာတော့ ဆိုးတယ်ကွာ၊ မင်းလက်ရည် ဒီလောက် ညံ့နေပြီလား"

မြတ်မင်းခန့်က ကတ္တီပါ့ကို ချီးကျူးရင်း သူ့ကိုပါ နှိပ်ကွက် စကားဆို၏။ ကတ္တီပါက ပိုက်တန်းမှာ လွှာထားသော တဘက်လေးနှင့် ချွေးစတို့သုတ်ရင်း နှုတ်ဆိတ်နေ၏။

"ငါ အလေ့အကျင့်ပျက်နေတာကြာပြီ ကိုခန့်ရ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် မင်း ငါ့ကို ရှုံးမှာ သေချာနေပြီ၊ ငါက သဘော ပေါ်မှာတောင် နေ့တိုင်း လက်သွေးဖြစ်နေတာကွ၊ မင်းနဲ့လက်ရည် သိပ်ကွာနေရင် ပွဲက ကောင်းမှာမဟုတ်ဘူး အဟွန်း"

ကျောင်းမှာကတည်းက အပြောကြီးသော မြတ်မင်းခန့် အကြောင်းကို သိထားသူပီပီ သူ ခပ်ပြုံးပြုံးပဲ ငြိမ်သက်နေမိပေမယ့် ကတ္တီပါက စကားဝိုင်းထဲ ဝင်လာ၏။

"ကိုမြတ်မင်းခန့်က ကိုကို့ထက်တော်တယ်ဆိုရင် ကတ္တီပါ့ တစ်ပွဲလောက် နွဲကြည့်ရအောင်လေ"

သူတားမြစ်ချိန်မရလိုက်ခင်မှာပဲ မြတ်မင်းခန့်က ကျေနပ်မှု ပြုံးလို့ ခေါင်းညိတ်လက်ခံပြီးဖြစ်နေသည်။

"နောက်ကြုံမှ ကစားကြပါလား၊ ကတ္တီပါက သုံးပွဲတောင် ကစားထားတော့ ပင်ပန်းနေပြီလေ"

"ရပါတယ် ကိုကိုရဲ့၊ ကတ္တီပါ ကစားချင်သေးတယ်"

"မင်းညီမနဲ့ ငါ ကစားချင်လို့ နန္ဒရာ၊ မှတ်မှတ်ရရလေးပေါ့ စိတ်ချ ငါက လက်ရည်စမ်းပွဲလောက်ပဲ ကစားမှာပါ"

"မဟုတ်သေးဘူး ကိုမြတ်မင်းခန့်၊ ကတ္တီပါက ပြိုင်ပွဲတစ်ခု လိုပဲ ယှဉ်ချင်တာ၊ ကတ္တီပါ့ကို ရှင်မနိုင်နိုင်ဘူးထင်ရင် မကစားတာ ပိုကောင်းမယ်၊ ရှုံးနိမ့်ခြင်းဆိုတာ ခံစားတတ်ရင် ရက်စရာကြီးလေ"

ကတ္တီပါ့စကားကြောင့် မြတ်မင်းခန့် မျက်နှာရှုံ့မဲ့သွားသည်။





ပြီးမှ ကတ္တီပါ စကားကို လက်ခံသလို ခေါင်းတညိတ်ညိတ်ပြုံးရင်း–

"အိုခေ ကတ္တီပါ့စိတ်ဓာတ်ကို သဘောကျသွားပြီး ကိုယ်တို့ ယှဉ်ကြတာပေါ့၊ နန္ဒ နင်း ဒိုင်လုပ်ပေးပေါ့ ဟုတ်လား"

ကတ္တီပါကို မျက်နှာရိပ်မျက်နှာကဲပြကာ သူ တားပေမယ့် မရတော့ပါ။ ကစားကွင်းထဲကို ဘတ်တံလေးကိုင်ကာ လှမ်းသွားသည်။

ပြိုင်ပွဲစကတည်းက ကတ္တီပါရဲ့ဆားပစ်ရိုက်ချက်တွေက ပြင်းသည်၊ ရမှတ်နှစ်မှတ်လောက်အထိ ကတ္တီပါ ဆက်တိုက်ရယူသွားတော့ ပြုံးနေသော မြတ်မင်းခန့်မျက်နှာ အပြုံးတို့ ကင်းစင်သွားသည်။

ကတ္တီပါကို လျှော့မတွက်တော့ဘဲ မြတ်မင်းခန့် တုံ့ပြန်ကစားသည်။ သူတစ်ပြန် ကိုယ်တစ်လှည့်နှင့် ပွဲက အရှိန်မြင့်လာသည်။ မြတ်မင်းခန့်က ကစားကွင်း ဘယ်ညာမောင်းကာ ကတ္တီပါ အပြေးလိုက်ရိုက်ရအောင် ကစားသည်။

ကတ္တီပါကလည်း တစ်ချက်လေးတောင် အလျှော့မပေးဘဲ အရအမိလိုက်ဆယ်မ,ကာ တုံ့ပြန်ရိုက်သည်။

ရိုက်ချက်ပြင်းပြင်းနှင့် ကတ္တီပါရဲ့ရိုက်ချက်တစ်ချက်ကို မြတ်မင်းခန့် ဆယ်မ,ကာ လိုက်စည်းနား ကပ်ချမည့်ဟန်ပြပြီး နောက်စည်းဘက် ခပ်ဆဆလေးအကွက်ချတော့ ဟန်ချက်ပျက်သွားသည့် ကတ္တီပါ ခြေလှမ်း ဆုတ်လိုက်ဆယ်ရင်း ခွေခနဲလဲကျသွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ကတ္တီပါ"

သူ စိုးရိမ်စွာနှင့် ကတ္တီပါ့အနား ရောက်သွားချိန်မှာ မခံချင်စိတ်နှင့် ဆတ်ခနဲ ချက်ချင်းထရပ်သည့် ကတ္တီပါမျက်နှာလေး ရှုံ့မဲ့ကာ တစ်ချက်ငြီးသည်။

"အ အ"

"နေဦးလေ၊ သိပ်အားပြုမထောက်နဲ့ ကတ္တီပါ၊ ညာဘက်ခြေဆစ် ခေါက်သွားတာထင်တယ်"

"အင်း ဟုတ်မယ်ထင်တယ် ကိုကို"

ငိုသံလေးနှင့်ဆိုရင်း ကတ္တီပါ သူ့ပခုံးကို အားပြုလှမ်းကိုင်သည်။

"ဆောရီး ကတ္တီပါ၊ သိပ်နာနေသလား၊ ကိုယ် မရည်ရွယ်ပါဘူးကွာ"

"ပြဿနာမရှိပါဘူး ကိုမြတ်မင်းခန့်၊ ဒီပွဲမှာ ကတ္တီပါ ရှုံးတာ ဝန်ခံပါတယ်"

"စာ မင်း မရှုံးပါဘူး၊ ဆယ်မှတ် ဆယ့်တစ်မှတ်ဆိုတော့ ကတ္တီပါကတောင် တစ်မှတ်သာနေတာပဲ ကိုယ် ရှုံးနေတာပါ"

"ပွဲက မပြီးသေးဘူးလေ၊ ကတ္တီပါ ဆက်မကစားနိုင်တော့ ရှုံးတာ ဝန်ခံပါတယ်"

"နိုး ဒီစည်းကမ်းက ကတ္တီပါရဲ့သတ်မှတ်ချက်လေ၊ ကိုယ်





လက်မခံပါဘူး၊ ဘာပဲဖြစ်ဖြစ် ကတ္တီပါ့လက်ရည်ကိုတော့ ကိုယ် ဦးကျိုးတယ်၊ ဒဏ်ရာသက်သာတော့မှ ကိုယ်တို့တွေ ကစားကြသေးတာပေါ့"

သူ မြတ်မင်းခန့်ကို အတော်ပဲ ဒေါသဖြစ်နေသည်။ ဒါပေမဲ့ အသိတရားနဲ့ပဲ ထိန်းသိမ်းရင်း –

"တို့တွေ အေးဆေးမှ ဆုံကြတာပေါ့ ကိုခန့်၊ လာ ကတ္တီပါ ကိုကို့ကို တွဲလျှောက်နော်၊ ဒဏ်ရာကို ဆေးလိမ်းပတ်တီးစည်းဖို့တော့ လိုမယ်"

ကတ္တီပါ အံလေးကြိတ်ကာ ခေါင်းညိတ်နေကတည်းက ဝေဒနာပြင်းထန်တာ သူသိနေသည်။ မြတ်မင်းခန့် နှုတ်ဆက်ပြန်သွားတော့ သူ့မကျေနပ်စိတ်တွေ ကတ္တီပါ့အပေါ် စုပုံကုန်၏။

"ကိုယ်တားနေရက်ကြားက ဘာလို့ ကိုခန့်နဲ့ ကစားရတာလဲ ကတ္တီပါ"

"သူက ကိုကို့ကို စိန်ခေါ်နေတာ မခံနိုင်လို့"

"ဟာကွာ၊ ကတ္တီပါနဲ့မှ မဆိုင်တာ"

"အ နာတယ် ကိုကို၊ ဖြည်းဖြည်း"

အလိုမကျစိတ်တွေနှင့် ပတ်တီးကို သူတင်းတင်းလေး စည်းနှောင်တော့ ကတ္တီပါ့မျက်နှာလေး ရှုံ့မဲ့ကာ ညည်းသည်။

မျက်နက်ဝန်းလေးတွေထဲမှာ မျက်ရည်စတွေနှင့် နဖူးပြေ



www.burmeseclassic.com

www.burmeseclassic.com



ပြေလေးမှာ ချွေးစလေးတွေ စို့တွယ်နေသည့် ကတ္တီပါကို သူ သနား သွားမိသည်။

ကတ္တီပါရယ် ကြာရင် ထိန်းချုပ်ထားတဲ့ ကိုယ့်သဘာတရား တွေ ကြေပွဲကုန်မယ်ထင်ရဲ့။ မင်းလေးနဲ့ ပတ်သက်ပြီး ကိုယ်ဝန်တို နေတတ်တာ ရိုးသားတဲ့ခံစားမှုကြောင့် မဟုတ်နိုင်တာ သေချာတယ်။

ဒါပေမဲ့ နှလုံးသားက ဆန္ဒတွေကို ပေါက်ကွဲဖွင့်ထုတ်ပစ်ရ အောင် ကိုယ်က လူငယ်လေးတစ်ယောက်မှ မဟုတ်ဘဲ။

ဘယ်အချိန်တုန်းက ပွင့်ဖူးသွားခဲ့မှန်းတောင် မသိလိုက်တဲ့ ကိုယ့်ရဲ့ချစ်ခြင်းအတွက်တော့ အသိတရား၊ သိက္ခာတရားတွေနဲ့ ဆင်ခြင်သိမ်းဆည်းထားမှာပါ။

အဲဒါ မင်းလေးကို မြတ်နိုးချစ်တဲ့စိတ်ကြောင့်ပါ ကလေး ရယ်။

✿ ✿ ✿



## အခန်း (၃၅)

မမြင်ချင်သော မြတ်မင်းခန့်မျက်နှာကို ကတ္တီပါရဲ့ခြေထောက် ဒဏ်ရာကို အကြောင်းပြု၍ နေ့စဉ်လာနေတာမို့ မြင်နေရပြန်သည်။

ခက်တာက သူငယ်ချင်းအရင်းအချာတွေဆိုတော့ သူ့မှာ ရှောင်းထုတ်ရခက်ခက်ပါပဲ။ ဒီကောင့်မျက်ဝန်းတွေထဲက မရိုးသားမှု တွေကိုလည်း သိနေခဲ့သည်။

သူ တစ်ယောက်လုံး ရှိနေလျက်နဲ့ ဒဏ်ရာကို လိမ်းဖို့ဆေး တွေ ယူလာပေးနေတာက ခံရခက်စရာကောင်းသည်။

ပြောလို့မကောင်းတာမို့ သူ အီလည်လည်နဲ့ လက်ခံနေရ သလို ကတ္တီပါကလည်း အလိုက်အထိုက်ဆက်ဆံနေရတာ သူ နား လည်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုခန့် မင်းပြန်မှာလား၊ ငါ ဆေးရုံသွားမလို့"

"သွားလေ၊ ငါ ခဏနေဦးမယ်"

မျက်နှာပြောင်တိုက်ပြီး မြတ်မင်းခန့် ကျန်နေရစ်တတ်၏။ အလိုမကျဒေါသတွေကို မျိုသိပ်ရင်း သူ ဆေးရုံလာခဲ့ရသည့်တစ်လမ်းလုံး အံတွေတကြိတ်ကြိတ် သက်ပြင်းတွေ တရှိုက်ရှိုက်။

ဆေးရုံရောက်တော့ ဖုန်းလေးထုတ်ကာ ကတ္တီပါဆီ ဆက်မိပြန်၏။

"ကိုခန့် ပြန်သွားပြီလား ကတ္တီပါ"

"အခုလေးပဲ ပြန်သွားတယ် ကိုကို၊ ဘာဖြစ်လို့လဲဟင်"

ဒီကောင်ရှိနေတာ မကြိုက်လို့ဟု စိတ်ထဲက ပြောမိပေမယ့် ကတ္တီပါ့ကို တကယ်တမ်း ပြောမိတာက -

"ဘာမှမဟုတ်ပါဘူးကွာ၊ ဒီကောင်ကြီးကို မေးစရာတစ်ခု သတိရလို့၊ ထားလိုက်တော့ ကတ္တီပါ၊ ဆေးသောက်ဦးနော်၊ တစ်ယောက်တည်း ခြံထဲဆင်းမလျှောက်နဲ့ မိစိမ့်ကိုခေါ်၊ ကဲ ဒါပဲ ကတ္တီပါ"

သူ ကတ္တီပါကို မှာပြီး ဖုန်းကိုပိတ်လိုက်သည်။ မြတ်မင်းခန့်ကိုတော့ လျှော့တွက်လို့မရပါ။ ကတ္တီပါ ဒဏ်ရာမြန်မြန်သက်သာပြီး အလုပ်ဆင်းနိုင်မှအေးမည်။ နို့မို့ ဒီကောင် နေ့တိုင်း ချောင်းပေါက်မတတ် လာနေမှာ သိနေ၏။

သူ့စိုးရိမ်မှုတွေ မများကြောင်း ညနေဆေးရုံကအဆင်းမှာ





လာစောင့်နေသည့် မြတ်မင်းခန့်ကြောင့် သိလိုက်သည်။

"ဟာ ကိုခန့် ဘယ်လာတာလဲ"

"မင်းဆီ တမင်လာတာ၊ ငါတို့ မဆုံတာကြာပြီလေ၊ မင်း ဒီနေ့ ဆေးခန်းပိတ်တာသိလို့ ပြုစုမလို့"

"ရပါတယ်ကွာ၊ ငါလည်း မအားဘူး၊ ပေးရှင့်တစ်ယောက် အိမ်ကို သွားကြည့်ပေးရဦးမယ်"

"ခဏလေးလိုက်ခဲ့ကွာ၊ ပြီးမှသွားပါ၊ မကြာဘူး၊ နာရီဝက် အလွန်ဆုံးပဲ၊ ငါ မင်းနဲ့ဆွေးနွေးစရာလေးရှိလို့"

ဇွတ်ငြင်းလို့မကောင်းတော့။ မြတ်မင်းခန့်ခေါ်ဆောင်ရာ စားသောက်ဆိုင်လေး လိုက်ခဲ့ရပြန်သည်။

"ငါ မသောက်ဘူးနော် ကိုခန့်"

"ငါသိပါတယ်ကွ၊ ငါလည်း ဘီယာပဲ နည်းနည်းသောက်မှာ၊ မင်းက အစားပဲစားပေါ့"

စိတ်မပါပေမယ့် ကြေးအိုးဆီချက်တစ်ပွဲမှာကာ သူ တို့ကနန်း ဆိတ်ကနန်း စားလိုက်ရသည်။ မြတ်မင်းခန့်က ဘီယာကို အရသာခံ စုပ်ရင်း -

"နှန္ဒ ကတ္တီပါက မင်းရဲ့ညီမဝမ်းကွဲလား"

"အင်း"

"ဒီလောက်ချောတဲ့ညီမရှိမှန်း ငါ အခုမှသိတယ်၊ တကယ်



www.burmeseclassic.com

www.burmeseclassic.com



ကွာ အပြစ်ဆိုရက်စရာမရှိဘူး။ ရုပ်ရည်အဆင့်အတန်းနဲ့ အင်ဂျင်နီယာဆိုတဲ့ ဂုဏ်ပုဒ်နက်ကတော့ မြင့်တယ်ကွ''

''ဟော့ကောင် ဘာတွေလာပြောနေတာလဲ''

သူ မျက်နှာထားတည်တည်နှင့် ပြောတော့ မြတ်မင်းခန့် ရယ်ကျဲကျဲလုပ်ကာ သူ့ပခုံးကို လှမ်းပုတ်၏။

''စိတ်မဆိုးနဲ့ကွာ၊ ငါ သူလေးကို တကယ်စိတ်ဝင်စားသွားတာပါ''

''ကိုခန့် ဒါ ငါ့ညီမဝမ်းကွဲနော်၊ မင်း ပတ်သက်ဖူးတဲ့ ကောင်မလေးတွေလို မသတ်မှတ်လိုက်နဲ့''

''နိုး နိုး အဲဒါတွေက ပြီးသွားပြီ၊ ကျောင်းသားဘဝက အတိတ်တွေ မပြောကြေး နန္ဒ၊ ငါ မင်းကိုဝန်ခံတာ အသိပေးခွင့်တောင်းနေတာပါ၊ ကတ္တီပါလေးကို ငါ တကယ် Right ဖြစ်တာ''

နားထောင်နေရင်း သူ ဒေါသတွေဖြစ်လာတာမို့ မျက်နှာကြီးထူပူနီမြန်းနေသည်။ ဒါကိုပဲ အလိုက်ကမ်းဆိုးမသိသော မြတ်မင်းခန့်က -

''ညီမအကြောင်း အစ်ကိုရှေ့မှာ ပြောရတာ မျက်နှာပူတယ်ကွာ၊ အဟဲ၊ ဒါပေမဲ့ ငါ မင်းကို အသိပေးတာပါ။ မာမီတို့ကလည်း ကတ္တီပါလေးဆိုရင် သဘောတူကျေနပ်မှာသေချာတယ်၊ ငါ ကြိုးစားမယ်ကွာ''





''ကိုခန့် မင်း အဲဒါတွေ ငါ့ကိုမပြောသင့်ဘူး၊ အမှန်ပြောရရင် ကတ္တီပါလေးက ငါ့အဒေါ်ရဲ့သမီး။ ရန်ကုန်ကနေ ဒီမှာ ခဏလာနေတာ၊ ငါက စောင့်ရှောက်ပေးနေရတာ''

''ရက်စ် ရက်စ် ငါ ဒါကို သဘောပေါက်တယ်၊ ငါ့ဘက်ကလည်း တကယ်စွဲလမ်းသွားလို့ မင်းကို အသိပေးတာပါကွာ၊ ကတ္တီပါလေးကို ငါ့ဘာသာ ကြိုးစားမှာပါ၊ သူလက်ခံရင် ဒီတစ်ခေါက်သဘော်ပြန်မတက်ခင် ခမ်းခမ်းနားနားလက်ထပ်သွားဖို့အထိ ငါ ဆုံးဖြတ်ထားတယ်ကွာ''

မြတ်မင်းခန့်စကားလုံးတွေက သူ့နှလုံးသားကို ဆုပ်ကိုင်ခြေမွနေသလိုပါပဲ။ ဒေါသတွေကိုသာ ဖွင့်ထုတ်ပေးမိလျှင် မြတ်မင်းခန့်မျက်နှာကို သူ လက်သီးချက်တွေနဲ့ တုံ့ပြန်မိမှာ သေချာသည်။

အခုတော့ အံကြိတ်သည်းခံပြီး သူ့ရဲ့လူနာကို သွားကြည့်ရဦးမည်ဟုပဲ အကြောင်းပြ နှုတ်ဆက်ပြန်ခဲ့ရသည်။

''ကျေးဇူးတင်တယ် နန္ဒ၊ ငါ့ကို နားလည်ကွာ၊ ငါ့ကံကောင်းဖို့ မင်း ဆုတောင်းပေးဦးနော်''

လဲသေလိုက်စမ်းလို့ သူ့စိတ်ထဲက ကြိမ်းဝါးရင်း ဆိုင်ထဲကချာခနဲလှည့်ထွက်ခဲ့သည်။

ရင်ထဲမှာ ဒေါသတွေ၊ ပူလောင်မှုတွေ၊ စိုးရိမ်ထိတ်လန့်ခြင်းတွေက တနင့်နင့်လောင်မြိုက်နေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကားလေးကို ခြံထဲမောင်းဝင်လာခဲ့တော့ တုတ်ကောက်လေး နှင့် တစ်ယောက်တည်း လမ်းလျှောက်နေသော ကတ္တီပါ။

"ဟာ ကတ္တီပါ ဘာလို့တစ်ယောက်တည်း လျှောက်နေတာ လဲ၊ ချော်လဲရင် ပိုဆိုးကုန်တော့မှာပေါ့"

"မိစိမ့်နဲ့ နေ့လယ်က လျှောက်ပါတယ် ကိုကိုရဲ့၊ အခု တစ်ယောက်တည်း စမ်းလျှောက်ကြည့်နေတာ"

"ဒီလို မရဲစမ်းပါနဲ့ ကတ္တီပါရယ်၊ ကဲ လာ ကိုယ်နဲ့ခဏ လောက် တွဲလျှောက်ပြီးရင် ပြန်ဝင်တော့နော်၊ ဒဏ်ရာနဲ့ ကြာကြာ လျှောက်တာလည်း မကောင်းဘူးကွ"

ကတ္တီပါကို ဖေးမတွဲကာ သူဆင်ဝင်အောက်လမ်းလေးမှာ အတူလျှောက်ပေးလိုက်သည်။ အိမ်အပေါ်ထပ် ဝရန်တာလေးမှာ သူတို့ နှစ်ယောက် လမ်းလျှောက်နေတာကို မေမေ လှမ်းကြည့်နေတာ ဘယ် အချိန်တုန်းကတည်းကမှန်း သတိမထားမိလိုက်ပါ။

မေမေ ကျေနပ်ပြုံးနေမည်လား။ သူ့မှာတော့ မြတ်မင်းခေ စကားတွေကို ပြန်ကြားကာ အံကိုတင်းတင်းကြိတ်ထားမိ၏။

"ကိုကို ဘာဖြစ်နေတာလဲ"

သူ့မျက်နှာကို မော့ကြည့်ကာ ကတ္တီပါမေးတော့ သူ့ဒေါသ တွေကို သိုဝှက်သိမ်းဆည်းရင်း –

"ဘာမှမဖြစ်ပါဘူးကွာ၊ ကဲ အိမ်ထဲဝင်ကြစို့နော်၊ ပြီးရင်





ဆေးလူးပြီး ပတ်တီးအသစ် ကိုယ် လဲပေးမယ်နော်"

ခေါင်းလေးညိတ်ကာ ကတ္တီပါ နာခံရှာသည်။ ဖေးမဆုပ်ကိုင် ထားသော ကတ္တီပါရဲ့လက်ချောင်းလေးတွေ သူ့လက်ဖဝါးထဲက လွတ် ထွက်သွားမှာကို သူ သိမ်ကြောက်နေခဲ့သည်။

ကတ္တီပါရယ် မင်းလေးကို ဆုံးရှုံးရမှာ ကိုယ်သိပ်ကြောက် နေတယ်။ ဒါကို မပြောဘဲနဲ့ မင်းလေး သိနိုင်ခဲ့ရင် ဘယ်လောက် ကောင်းမလဲ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၆)

"မင်း မဝန်ခံပေမယ့် မေမေ ရိပ်မိတယ်သား၊ အခုချိန်ထိ မင်းနဲ့ကတ္တီပါလေးတို့ ဘာမှမဖြစ်သေးဘူးမို့လား"

"ဟုတ်ပါတယ် မေမေ"

သူဝန်ခံတော့ မေမေ စိတ်မသက်သာသလို ပင့်သက်ြ ရှိုက်သည်။ ပြီးတော့ သူ့ကို ငေးကြည့်နေရင်း ခေါင်းကို ခါယမ်းေ

"သား မေမေ ထင်ထားတာထက်တောင် မင်းညံ့တယ် မေမေ မင်းကို အစောကြီးကတည်းက မေမေ့ဆန္ဒကို ပြောပြီးသာ နော်"

မေမေပြောသမျှ သူ ခေါင်းညိတ်တိတ်ဆိတ်နေမိသည် မေမေရဲ့ဆန္ဒက အခုချိန်မှာ သူ့နှလုံးသားက တောင့်တမှုနှင့် တူ





နေခဲ့တာ ဝန်ခံချင်သည်။ ဒါပေမဲ့ ကတ္တီပါ့မျက်နှာလေးကို မြင်တိုင်း သူ ဖွင့်မပြောရက်ပါ။

ကတ္တီပါရဲ့ရိုးသားဖြူစင်သော သံယောဇဉ်တွေကို စော်ကား လိုက်သလိုဖြစ်မှာ သူ စိုးပါသည်။ သူတို့အရိပ်မှာ လာနေရသော ကတ္တီပါကို သူ ဖွင့်ပြောဖို့ ဦးနှောက်က လက်မခံနိုင်။

ဒါကို မေမေ နားလည်နိုင်မည်မထင်ပါ။

"မေမေ့ဆန္ဒကို မင်းသိရက်နဲ့ မြတ်မင်းခန့်ဆိုတဲ့ ချာတိတ် ကို မင်း ဘာလို့အခွင့်အရေးတွေ ပေးနေတာလဲ"

"ဟင်"

"မေမေ အကဲခတ်ပြီးသားပါ သားရယ်၊ ဒီကောင်လေးမျက် လုံးတွေက ကတ္တီပါလေးအပေါ် မရိုးသားတာ အမှန်ပဲ၊ သူ အိမ်ကို မကြာခဏ လာနေတာ မေမေ လုံးဝမကြိုက်ဘူး"

မေမေက မြတ်မင်းခန့်နှင့်ပတ်သက်ပြီး ပွင့်လင်းစွာဆိုနေ သည်။ သူလည်း လက်မခံနိုင်ပေမယ့် ငြင်းရခက်နေတာ မေမေ မသိပါလား။

"မင်းရဲ့သူငယ်ချင်းမို့ မင်း ငြင်းရခက်နေတာလား သား"

မေမေရဲ့ ထိုးဖောက်သိမြင်မှုအပေါ်မှာတော့ သူ အံ့သြမိ သည်။ မေမေ့မျက်ဝန်းတွေကို ငေးကြည့်ရင်း သူ အံ့သြနေတော့ မေမေ့နှုတ်ခမ်းလေးတွေ လှုပ်ခတ်ရုံ ပြုံးသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းစိတ်ကို မေမေ မြင်တယ်သား။ မေမေ့ရဲ့သားအကြောင်း မေမေ အသိဆုံးပေါ့ကွယ်၊ မင်းသိရက်နဲ့ မြတ်မင်းခန့်ကို ခွင့်ပြုပေးနေတာ သိပ်မှားတယ်၊ ကတ္တီပါလေးကို သား စွန့်လွှတ်နိုင်သလား"

သူ ယောင်ယမ်းပြီး ခေါင်းခါပြမိတာ မဟုတ်ပါ။ မေမေ့စကားကြောင့် စိုးရိမ်စွာ ဝန်ခံလိုက်မိတာဖြစ်သည်။ မေမေ့အပြုံးတွေကို မြင်တော့ သူ ရှက်ရွံ့ထူပူရပြန်၏။

"မေမေသိတာပေါ့ သားရယ်၊ သား ကတ္တီပါလေးကို သံယောဇဉ်ကြီးပါတယ်၊ ဆုံးရှုံးရမှာ ကြောက်နေတာ သားရဲ့ခံစားချက်ပဲလေ၊ မေမေလိုချင်တာ ဒါပဲ၊ မြတ်မင်းခန့်ကိစ္စကို မေမေ ဖြေရှင်းပေးမယ်သား"

"ဟို မေမေ ဘယ်လိုရှင်းမှာပဲ၊ ကိုခန့်နဲ့ ကျွန်တော်က ငယ်သူငယ်ချင်းတွေနော်"

"သူငယ်ချင်းဆိုတာ သွေးသားရင်းညီအစ်ကို မဟုတ်ပါဘူး သားရယ်၊ သွေးရင်းညီအစ်ကိုတွေတောင် အချစ်တွေကြောင့် နှလုံးသားကို စတေးကြရင် ခံစားပူလောင်မှုတော့ ရင်ဆိုင်ကြရတာပဲ သား ကြားဖူးမှာပေါ့၊ ရာဇဝင်ထဲက လက္ခဏာမင်းသားတောင် အစ်ကို ရာမအတွက် သီတာဒေဝီကို နောက်ဆုတ်စွန့်ခွာခဲ့တာလေ၊ သူ မမြတ်နိုး မနှစ်သက်လို့ မဟုတ်ဘူးလေ၊ ဒါကြောင့် ရင်ထဲမှာ တနုံ့နုံ့ခံစား ရရှာမှာပဲ၊ မေမေ သားကိုတော့ အဲဒီလို ဘယ်တော့မှ မခံစားစေချင်





ဘူး"

"သား ဝန်ခံပါတယ် မေမေ၊ ကတ္တီပါကို သား မစွန့်လွှတ်ရဲအောင် မြတ်နိုးသွားခဲ့တာပါ"

"သား ဝန်ခံတာ မေမေ ကျေနပ်တယ်၊ မြတ်မင်းခန့်ကို မေမေ ပွင့်ပွင့်လင်းလင်းပဲ ပြောမှာပါ၊ သားနဲ့ကတ္တီပါလေး ဘာမှ သွေးမတော်ဘူးဆိုတာနဲ့ မေမေတို့ လူကြီးချင်း သဘောတူထားတယ် ဆိုတာ အသိပေးလိုက်ရင် သူ နောက်ဆုတ်သွားမှာပါ"

"ကောင်းပါ့မလား မေမေ၊ သူသိထားတာ သားတို့က မောင်နှမတော်တယ်လို့ သိထားတာ၊ ပြီးတော့ လူကြီးချင်းဆိုတာလည်း မဟုတ်သေး"

"ရိုးသားမှုဆိုတာ ကောင်းတဲ့စိတ်ထားပါ သား၊ ဒါပေမဲ့ အမြဲတမ်း နေရာတိုင်းမှာ ရိုးသားနေလို့ မရဘူး"

မေမေ့စကားတွေကို သူလက်ခံဖို့ခက်ခက် ဖြစ်ရ၏။ ကတ္တီပါကို သူ့ဘက်က ဘာမှဖွင့်ပြောရသေးတာ မဟုတ်ပါဘဲ မေမေက အပိုင်ပြောနေတာတော့ သူ လိပ်ပြာမလုံချင်ပါ။

"သား မင်းရင်ထဲ ခံစားချက်ကို မေမေ သိပြီဆိုတော့ ဒီကိစ္စကို မေမေ ဆက်စီမံမယ်၊ သား စိတ်အေးလက်အေးနေတော့ ဟုတ်လား"

မေမေ ရဲရဲကြီးကတိပေးနေသည်။ မေမေ့ရဲ့အစီအစဉ်တွေက



www.burmeseclassic.com

www.burmeseclassic.com



ဘာတွေလဲ။ သူ လိုက်မမီပါ။

ဒါပေမဲ့ မြတ်မင်းခန့် ပြဿနာကြီး အေးချမ်းသွားမှာကိုတော့ သူ ကျေနပ်သည်။ မေမေပြောသလိုပါပဲ ကတ္တီပါကို သူ ဘယ်လိုမှ ဆုံးရှုံးမခံနိုင်တာ သေချာမှတော့ –

သောကတွေနဲ့ မပူလောင်ချင်ပါ။

အချစ်ဆိုတာ အချစ်ပါပဲ။ အရေးကြီးဘာ ကတ္တီပါကို သူ အနှောင့်အယှက်ကင်းစွာ မြတ်နိုးချစ်ခွင့်လေးပဲ ရှိနေချင်သည်။

မေမေ့ရဲ့စာနာသိတတ်ပေးမှုအတွက်တော့ –

ကျေးဇူးပါ မေမေရယ်။

✿ ✿ ✿



## အခန်း (၃၇)

"ကိုကို ကိုကို"

တိုးတိုးအုပ်အုပ် ခေါ်သံလေးကြောင့် သူ ထိတ်ခနဲဖြစ်သွားသည်၊ ရေးလက်စ ဒိုင်ယာရီစာအုပ်လေးကို ဖျတ်ခနဲပိတ်ရင်း သေချာအောင် နားစွင့်ကြည့်တော့ အခန်းတံခါးဆီက ခေါ်သံတိုးတိုးလေးက ကတ္တီပါရဲ့အသံဆိုတာ သေချာသွားခဲ့၏။

"ဟင် ကတ္တီပါလား"

"ဟုတ်တယ် ကိုကို၊ ခဏလောက်"

သူ နာရီကို လှမ်းကြည့်တော့ ညဉ့်ဆယ့်တစ်နာရီကျော်နေပြီ။ အချိန်မတော်ကြီး ကတ္တီပါ ဘာလို့ လာနိုးသည်မသိ။ တံခါးကို ဖွင့်ပေးဖို့ သူ ထ,ထွက်ပြီးမှ ဒိုင်ယာရီစာအုပ်လေးကို သတိရကာ



www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာအောက်ထိုးသွင်းထားလိုက်ရသည်။

ရင်ထဲက ခံစားချက်တွေကို ဒီစာအုပ်လေးနှင့်ပဲ ရင်ဖွင့်နေ

မိတာကို ကတ္တီပါ မသိစေချင်ပါ။

အခန်းတံခါးကို သူ ဆွဲဖွင့်လိုက်တော့ ကတ္တီပါ့မျက်နှာလေး

ရှုံ့မဲ့ကာ ခါးလေးကိုင်း ရပ်နေ၏။

"ဘာ ဘာဖြစ်တာလဲ ကတ္တီပါ၊ ဘာဖြစ်လို့လဲ"

"ဗိုက် ဗိုက်အောင့်လို့ ကိုကို၊ အိပ်ပျော်စပဲ ရှိသေးတယ်၊

ထိုးပြီးအောင့်လာလို့ ကိုကို့ဆီ ဆေးလာတောင်းတာ"

ဗိုက်လေးကို ဖိနှိပ်ထားရင်း ကတ္တီပါ မျက်နှာလေး ရှုံ့မဲ့

နေတော့ သူ စိုးရိမ်သွားမိသည်။

"သိပ်အောင့်နေသလား ကတ္တီပါ၊ ဘယ်နေရာကလဲ၊ အ

အိမ်က အောင့်တာလား"

"ဟုတ်တယ် ကိုကို၊ ဟိုလေ ညက မိစိမ့် သုပ်ပေးတဲ့လက်

ဖက်သုတ်တွေ ကတ္တီပါ စားလိုက်မိတာကြောင့် ထင်တယ် အ ကျွတ်

ကျွတ်"

"ဟာ ဒါကြောင့်ပေါ့၊ အစာမကြေဘဲ လေအောင့်တာဖြစ်

မယ်"

ဝေဒနာကို ကတ္တီပါ ခံစားနေရတာမြင်တော့ သူ အပြင်းထန်

ရက်တော့ပါ။ ခြေထောက်ဒဏ်ရာ အရှင်းမပျောက်သေးဘဲ အပေါ်





ထပ်မှ သူနေသော အောက်ထပ်အခန်းထိ ဆင်းလာတာကပဲ သနား

စရာကောင်းနေ၏။

"ဟဲ လာ ကိုယ့်မှာ ဒိုင်ဂျင်းဆေးပြားတွေရှိတယ်၊ သောက်

လိုက်ရင် သက်သာသွားမှာပါ"

ကတ္တီပါလက်မောင်းလေးကိုတွဲခေါ်ကာ သူ့အခန်းထဲက

ထိုင်ခုံမှာပဲ ထိုင်ခိုင်းရ၏။ ပြီးတော့ ဒိုင်ဂျင်းဆေးပြားနှစ်ပြားယူကာ

ရေတစ်ခွက်ပါ စပ်ပေးလိုက်၏။

"ဝါးစားလိုက်၊ ဒီဆေးက မခါးဘူး၊ ချိုတယ် ဟုတ်လား"

ဆေးကြောက်တတ်သည့်ကောင်မလေး ဒီတစ်ခါတော့

ဆေးပြားတွေကို ဝါးစားသည်။ သူကမ်းပေးသော ရေတစ်ခွက်မော့

သောက်၏။

"ခဏလေး ထိုင်နေလိုက်ဦးနော်၊ နည်းနည်းသက်သာမှ

ပြန်၊ ကိုယ်လိုက်ပို့ပေးမယ်"

ခေါင်းလေးညိတ်ကာ ကတ္တီပါ ထိုင်ခုံလေးမှာ ထိုင်နေတော့

သူ ခုတင်ပေါ်မှာထိုင်လိုက်ရင်း –

"အစားအသောက်ကို မဆင်ခြင်ရင် ခံရတာပေါ့၊ ဘယ်လို

လဲ အောင့်သေးလား"

"အင်း နည်းနည်းတော့ သက်သာသွားပြီ၊ ဟို ကတ္တီပါ

အခန်းထဲ ပြန်လှဲနေလိုက်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"နေဦးလေ၊ ဒဏ်ရာအရှင်းမပျောက်သေးဘဲ အောက်ထပ်အထိ တစ်ယောက်တည်း ကတ္တီပါ ဆင်းလာသလား"

"အင်း ဟို ဟို ဗိုက်အရမ်းအောင့်နေတော့ အားတင်းပြီး ဆင်းလာတာ"

"ဖြစ်ရမယ်၊ ကဲ ထ ကိုယ်လိုက်ပို့ပေးမယ်"

ကတ္တီပါလက်ကလေးကိုဆွဲကာ သူတွဲခေါ်ခဲ့သည်။ လေအောင့်နေတုန်းက ခြေထောက်ဝေဒနာကို မေ့နေခဲ့သူက အခုမှ ထော့နဲ့ ထော့နဲ့ဖြစ်နေ၏။

"ခြေခတ်ဒဏ်ရာက နာနေပြီမဟုတ်လား"

"ဟို နည်းနည်းနာတယ်၊ အလာတုန်းက နာတာကို မေ့နေအောင်ကို ဗိုက်က ထိုးအောင့်နေတာ ကိုကိုရဲ့"

ရှုံ့မဲ့မဲ့မျက်နှာလေးနှင့် ကတ္တီပါပြောတော့ သူ အပေါ်ထပ်လှေကားထစ်တွေကို တက်ရမည့်အဖြစ်ကိုတွေးကာ ခေါင်းယမ်းမိရင်း–

"မဖြစ်ဘူး၊ ကတ္တီပါကို ကိုယ် ပွေ့ချီခဲ့မယ်"

"အို ကိုကို ရ ရပါတယ်"

ကတ္တီပါ အငြင်းစကားလေးမဆုံးခင် ကတ္တီပါ ခန္ဓာကိုယ်လေးကို သူစွေ့ခနဲ ပွေ့ချီပြီး ဖြစ်နေသည်။

ပန်းနုရောင် ညဝတ်ဂါဝန်လေးကိုပဲ ကတ္တီပါမျက်နှာလေးရှက်သွေးတွေ ဖြာသွားခဲ့ပေပယ့် သူ ဥပေက္ခာပြုထားလိုက်သည်။





ကတ္တီပါကို ပွေ့ချီရင်း လှေကားထစ်တွေအတိုင်း သူ လှမ်းတက်ခဲ့သည်။

"ရ ရပြီကိုကို၊ ကတ္တီပါဘာသာ ဆင်းလျှောက်ပါ့မယ်"

လှေကားထိပ်ရောက်တော့ ကတ္တီပါ အသံတုန်တုန်ယင်ယင်လေးနှင့်ပြောသည်။

"အခန်းထဲအထိ အရောက်ပို့ပေးမယ်၊ စိတ်ချ ကိုယ့်ကိုယုံပါ"

ကတ္တီပါ ရှက်မျက်နှာလေးနှင့် ထပ်ပြီး မငြင်းရဲတော့ပါ။ ပွင့်နေသော အခန်းတံခါးအတိုင်း ကတ္တီပါကို သူ ပွေ့ချီခေါ်လာမိချိန်အထိ ရင်ခုန်နှုန်းတို့ စည်းချက်ညီနေတုန်းပဲဖြစ်သည်။

ကတ္တီပါ့အပေါ် စာနာသနားစိတ်ဖြင့်သာ သူ့အာရုံတို့ ဖြူစင်နေခဲ့တာ အသေအချာ။

ပန်းနုရောင် အိပ်ရာလေးပေါ် ကတ္တီပါကို ညင်သာစွာ ချအပေးမှာ ကံကြမ္မာက လျှပ်စစ်မီးအိမ်တွေကို တိုက်ဆိုင်စွာ ပြတ်တောက်စေခဲ့တာဖြစ်သည်။

"ကိုကို"

အထိတ်တလန့် အော်သံလေးနှင့် ကတ္တီပါ့လက်အစုံက သူ့ပခုံးတွေကို ဆွဲကိုင်တော့ အရှိန်လွန်ကာ သူ ကတ္တီပါနှင့် ရင်ချင်းအပ်ပြီးလဲကျသွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ပိန်းပိတ်နေသော အမှောင်ထုထဲမှာပဲ သူ့ဝင်သက်ထွက်သက်တို့ နိုးနားမိတာ ကတ္တီပါရဲ့ လည်တိုင်နုနုလေးဟု စိတ်က သိနေတော့ ရင်ခုန်သံတွေက ခါလှုပ်ခံလိုက်ရသလို ဖြစ်သွားခဲ့၏။

အမှောင်ကိုကြောက်သော ကတ္တီပါ့လက်ဖဝါးလေးတွေရဲ့ အထိအတွေ့ ရင်ငွေ့နွေးနွေးနှင့် သင်းပျံ့သောကိုယ်သင်းရနံ့လေးတွေရဲ့ ဖြားယောင်းမှုထဲမှာ သူ့ အသိတရားတွေပါ တဒင်္ဂတော့ မှောင်မိုက်သွားခဲ့၏။

မှုတ်မှုတ်သိပ်သိပ်အနမ်းတွေ ကတ္တီပါမျက်နှာလေးအနှံ့ ခြွေချနေမိတာ ဘယ်လောက်ကြာသွားခဲ့သည်မသိ မောဟိုက်တုန်ယင်သောကတ္တီပါရဲ့အသက်ရှူသံလေးတွေကြားမှ သူ သတိဝင်လာ၏။

မိနစ်ဝက်သာသာမျှသာ ပြတ်တောက်သွားသော မီးတွေပြန်လင်းလာတော့ ကတ္တီပါမျက်ဝန်းလေးတွေ အလင်းဒဏ်မခံနိုင်ဘဲ မှိတ်ကျသွားခဲ့သည်။ သူ လွတ်ထွက်သွားတော့မည့်အသိတွေကို ပြန်ချုပ်ထိန်းရင်း ဆတ်ခနဲ ခန္ဓာကိုယ်ကို ရုန်းထွက်ရပ်လိုက်မိ၏။

မျက်တောင်ရှည်ကြီးတွေ ပုတ်ခတ်ငေးကြည့်နေသော ကတ္တီပါ့မျက်နှာလေး ရဲရဲနီနေသည်။

''ဆောရီး ကတ္တီပါ၊ ကိုယ် တောင်းပန်တယ်ကွာ၊ ကိုယ် သွားတော့မယ်''

သူ့ရင်ခုန်သံတွေ မုန်တိုင်းထန်သော ပင်လယ်ပြင်လို လှိုက်





ခါပြီး အသံလှိုင်းတွေ တုန်တုန်နှင့် ဘာတွေပြောမိမှန်းတောင်မသိ။

အခန်းထဲက ချာခနဲလှည့်ထွက်ခဲ့မိသည့်တိုင် ငေးငေးလေးကြည့်နေသည့် ကတ္တီပါ့မျက်ဝန်းလေးက သူ့အာရုံထဲ စွဲငြိပါလာတုန်းပဲ ဖြစ်သည်။

ဟင့်အင်း ဒီလိုမဖြစ်သင့်ဘူး။ မဖြစ်ခဲ့သင့်ဘူး ကတ္တီပါရယ်။ ကိုယ် တကယ်ပဲ တောင်းပန်ပါတယ်။

မင်းလေးကို ကိုယ့်နှလုံးသားက မြတ်နိုးခဲ့တာပါ။ သွေးသား ဆာလောင်မှုတွေနဲ့ ပိုင်ဆိုင်လိုခဲ့တာ မဟုတ်ပါဘူး။

အခုတော့ ကိုယ့်ရဲ့ဖြူစင်မြတ်နိုးမှုတွေ အရောင်ညစ်ညစ်တွေ စွန်းထင်သွားခဲ့ပြီလား။

ကိုယ့်ကို ခွင့်လွှတ်ပေးပါ ကတ္တီပါရယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

မေ့ပစ်လို့ရအောင်လည်း အိပ်မက်တစ်ခုမဟုတ်။ ကြုံဆုံခဲ့ရသောအဖြစ်တွေသည် ကတ္တီပါလေးနှင့် မျက်နှာချင်း မဆိုင်ရဲလောက်အောင် သူ့ကို ထူပူနေစေခဲ့တာမို့ သူ ကတ္တီပါနှင့်မဆုံဖြစ်အောင် ရှောင်မိသည်။

တကယ်ဆိုလျှင် ကတ္တီပါအပေါ်မှာ သူ မြတ်နိုးဖြူစင်စွာပဲ ချစ်ခဲ့တာဖြစ်သည်။ အခုတော့ ထိုဖြူစင်မှုအားလုံးသည် တခဏလေးမှာပဲ အားလုံးပျက်စီးသွားခဲ့သည့်အဖြစ်။

အဲဒီညက လွင့်စဉ်ထွက်သွားခဲ့သော သူ့ရဲ့အသိတရားတွေကို သူ လုံးဝမချုပ်ထိန်းလိုက်နိုင်ခဲ့ပါ။ ကတ္တီပါလေးရဲ့ဖြူစင်သောမျက်ဝန်းတွေကို ရင်ဆိုင်ဖို့ သူ သိပ်ကိုကြောက်ရွံ့နေခဲ့သည်။





ကော်ဖီဝိုင်းမှာ ကတ္တီပါနှင့် မဆုံနိုင်အောင် ကြိုးစားသည်။ ကတ္တီပါကလည်း သူနှင့်မျက်နှာချင်းဆိုင်ဖို့ ရှောင်နေပုံရပါသည်။

"သားနဲ့ကတ္တီပါလေးတို့ ဘာဖြစ်ကြတာလဲ"

မေမေမေးလာတော့ သူ့မျက်နှာ ထူပူနီမြန်းကာ ခေါင်းကိုပဲ ခါယမ်းမိသည်။

"ဟင့်အင်း၊ ဘာမှမဖြစ်ပါဘူး မေမေ"

"မသိပါဘူး၊ တမင်ရှောင်နေကြသလားလို့၊ သားကလည်း နေ့တိုင်း ဆေးရုံက ဆေးခန်းတန်းသွားတယ်၊ သမီးလေးကလည်း မနက်ဆို ကော်ဖီတောင် မသောက်တော့ဘဲ အလုပ်ကိုတန်းသွားနေတာ သုံးရက်ရှိပြီ"

မေမေက သံသယတွေနဲ့ဆိုနေတော့ သူ ဘာဖြေရှင်းရမှန်း မသိအောင် ယောင်အအ ဖြစ်နေခဲ့သည်။ မေမေဟာ သူ့ရင်ထဲကို တောင် မြင်တွေ့ဖတ်ရှုနိုင်တတ်တာ သူသိပါသည်။

ကြာရင် သူနဲ့ကတ္တီပါတို့အရေးကိစ္စတွေကို မေမေ မရိပ်မိဘဲ မရှိနိုင်တာ သူသိသည်။ ပြီးတော့ –

တစ်အိမ်တည်းနေတဲ့ ကတ္တီပါလေးကို သူရော ဘယ်လောက်အထိတောင် ရှောင်နိုင်မှာလဲ၊ မြင်တွေ့နေကျ မျက်နှာလေးနှင့် ကြားနေကျ စကားသံလေးတွေကို မကြားရတာတောင် သုံးရက်ပြည့်ခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



သူ့စိတ်ကိုတင်းပြီး ကတ္တီပါလေးနှင့် ဆုံနိုင်ဖို့ ကြိုးစားချင်သည်။ ကတ္တီပါလေး ကျေနပ်အောင် သူ တောင်းပန်ချင်သည်။

တကယ်ဆို ဖြစ်ပျက်သွားခဲ့သမျှဟာ စွဲလမ်းတပ်မက်မှုကြောင့် မဟုတ်တာ ကတ္တီပါလေး သိချင်သည်။ အထိအတွေ့နှင့် မရည်ရွယ်သော ပတ်ဝန်းကျင်ရဲ့ဖြားယောင်းမှုတွေမှာ သူ့အသိတွေ မှိုင်းမိသွားခဲ့တာပဲဖြစ်သည်။

ကတ္တီပါရယ် ဒီအတွက် မင်းလေး ကိုယ့်ကို အထင်သေးရွံရှာသွားခဲ့မယ်ဆိုရင် ကိုယ် ကျေနပ်တဲ့အထိ တောင်းပန်ချင်တယ်။

တစ်ခါတလေမှာ မြတ်နိုးချစ်ခြင်းတွေကို မျိုသိပ်ထားရင်းမှားယွင်းပူလောင်စေတတ်တာလည်း အချစ်ဆိုတဲ့ စိတ်ရိုင်းကြောင့်ပါပဲ။ ဒါပေမဲ့ ဖြူစင်တဲ့နှလုံးသားလေးက ရှိုးသားခဲ့တယ်။

ဒါကို ကတ္တီပါ နားလည်နိုင်မယ်ဆိုရင်။

✿

ဘာပဲဖြစ်ဖြစ် သူ ကျူးလွန်ခဲ့သော အပြစ်တစ်ခုအတွက်တော့ ကတ္တီပါလေးကိုတော့ တောင်းပန်ဖို့ ဆုံးဖြတ်ထားခဲ့သည်။ ဒါကြောင့်လည်း သူ ဒီနေ့တော့ အိမ်ကို စောစီးစွာ ပြန်ခဲ့သည်။





ကတ္တီပါနှင့် မျက်နှာချင်းဆိုင်မဆုံခဲ့တာ လေးရက်မြောက်ခဲ့ပြီ။ ဆက်ပြီး ဒီအခြေအနေတွေကို သူ ရင်မဆိုင်ရဲတော့တာ ကတ္တီပါကို ရိုးသားစွာပဲ ဝန်ခံပြောပြချင်သည်။

ခြံတံခါးကို ဦးလှဦး လာဖွင့်ပေးစဉ်မှာပဲ မမျှော်လင့်သော သတင်းကို သူသိလိုက်သည်။

"ကတ္တီပါလေးမိဘတွေရောက်နေတယ် မောင်နန္ဒ"

"ဟာင်"

သူ အံ့ဩသွားမိသည်။ ကတ္တီပါရဲ့မိဘတွေ ရောက်နေသည်တဲ့။ အကြောင်းမကြား၊ ဘာမကြား ဘာကြောင့်ရောက်လာခဲ့ကြတာလဲ။ ဆင်ဝင်အောက်မှာ နက်ပြာရောင် ပရာဒိုကားကြီးက ရှိနေသည်။

သူ ကားပေါ်က ဆင်းလာတာကို ဧည့်ခန်းထဲက လှမ်းကြည့်နေသောမျက်ဝန်းတွေက သုံးစုံတောင်ဖြစ်သည်။ မေမေနဲ့အတူ ရှိနေကြတာ ဒေါ်လေးဆောင်းတင်မဟုတ်ဘဲ ဦးနေစံပါ ရှိနေ၏။

"ဟော သား ပြန်လာပြီလား"

"ဟုတ်ကဲ့ မေမေ၊ ဦးစံနဲ့ဒေါ်လေးဆောင်း ဘယ်တုန်းက ရောက်လာကြတာလဲဟင်၊ ဖုန်းမဆက် ဘာမဆက်ပါလား"

သူ့ကို စူးစိုက်ကြည့်နေသော ဦးနေစံအပြုံးတွေက အသက်မဲ့နေသလို ဖျတ်ခနဲ အကြည့်တို့ ရှောင်လွှဲသွား၏။ ဒေါ်လေးဆောင်းကတော့ နှုတ်ဆက်အပြုံးလေးနှင့် -



www.burmeseclassic.com

www.burmeseclassic.com



"သားမေမေ ဖုန်းဆက်ခေါ်လိုက်လို့ ဒေါ်လေးဆောင်းတို့ ထွက်လာခဲ့ကြတာ သား၊ ဒီနေ့ ဆေးခန်းပိတ်တယ်ဆို"

"ဟုတ်ကဲ့ ဒေါ်လေးဆောင်း၊ မေမေ ကတ္တီပါ ပြန်မလာသေးဘူးလားဟင်"

"မလာသေးဘူး သား၊ သမီးလေးက လေးနာရီခွဲဆို ပုံမှန်ရောက်တာပဲ၊ ဆယ်မိနစ်တောင် လိုသေးတယ်လေ၊ ကဲ သား အဝတ်အစားလဲ ရေမိုးချိုးလိုက်ဦးနော်၊ ထမင်းဝိုင်းကျမှ ဆုံကြတာပေါ့"

မေမေ့စကားကို ခေါင်းညိတ်ကာ သူ အခန်းထဲဝင်ကာ အဝတ်အစားလဲလိုက်သည်။ မေမေ ဖုန်းဆက်ခေါ်လို့ ဒေါ်လေးဆောင်းတို့ ရောက်လာတာတဲ့။ မေမေ ဘာကြောင့် လှမ်းခေါ်တာလဲ သူ စဉ်းစားမရ။

ရေချိုးဖို့ တဘက်တစ်ထည်လွှားပြီး ရေချိုးခန်းဘက် ထွက်ခဲ့စဉ်မှာပဲ မေမေနဲ့ ထပ်ဆုံ၏။ .

"မေမေ"

"သားမေးချင်နေတာ မေမေသိတယ်၊ ဆောင်းတို့ကို မေမေ ခေါ်လိုက်တာ သားနဲ့သမီးလေးအတွက်ပါ"

"ဗျာ၊ သားတို့အတွက် ဟုတ်လား"

"ဟုတ်တယ် သား၊ သားနဲ့ကတ္တီပါတို့ကို အမြန်ဆုံး လက်ထပ်ပေးဖို့ မေမေနဲ့ဆောင်း စီစဉ်လိုက်တာ"





"ဗျာ"

သူ ဘယ်လိုမှ မယုံနိုင်စွာ အံ့သြနေမိသည်။ မေမေကတော့ သူ့ကို ပြုံးပြုံးလေးကြည့်နေဆဲ။

"မေ မေမေ့အစီအစဉ်တွေကို ကတ္တီပါရော သိရဲ့လားဟင် ဟို ကျွန်တော် ဘာမှမသိပါလား"

"သား အခုသိပြီပဲလေ၊ သမီးလေးကိုလည်း ဆောင်းက ပြောပြမှာပေါ့ကွယ်၊ ကဲ ရေချိုးတော့သား"

"ဟုတ်ကဲ့ မေမေ"

သူ့ရင်ထဲမှာ အံ့သြခြင်းနှင့်ဝမ်းသာခြင်းတို့ လွှမ်းခြုံလို့နေခဲ့သည်။ မေမေ နောက်ပြောင်နေတာတော့ မဟုတ်နိုင်ပါ။ ညှော်ခန်းထဲမှာတုန်းက ဦးနေစံ သူ့ကို ခပ်တန်းတန်းဖြစ်နေတာ ဒါကြောင့်ထင်သည်။

ဒေါ်လေးဆောင်းကတော့ ပြုံးပြုံးရွှင်ရွှင်ပါပဲ။

"သား အပျော်လွန်ပြီး ရေချိုးခန်းထဲမှာ ကြာမနေနဲ့ဦးနော်၊ ဖျားနားနေမှာစိုးလို့ကွဲ့၊ အဟင်း"

"ဟာ မေမေကလည်း"

သူ့မျက်နှာကြီးထူပူကာ လှည့်ထွက်ခဲ့ပေမယ့် ကြည်နူးစိတ်တွေနဲ့ ရင်တစ်ခုလုံး ကတုန်ကယင်တောင်ဖြစ်နေခဲ့သည်။

ကံကြမ္မာက ကံကောင်းစေခဲ့တာလား။ ဟင့်အင်း မေမေက



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ကူညီပေးလိုက်တာဖြစ်မည်။ ကတ္တီပါကရော လက်ခံသည်ပေါ့။ ကတ္တီပါရဲ့မိဘတွေတောင်ရောက်လာပြီဆိုတော့။

ဒါ အိပ်မက်မဟုတ်နိုင်သော အိပ်မက်လှလှလေးကို သူ မက်နေတာပဲဖြစ်လိမ့်မည်။

✿ ✿ ✿



## အခန်း (၃၉)

"ဘယ် ဘယ်လိုမေမေ၊ သမီးနဲ့ကိုကို့ကို လက်ထပ်ပေးမလို့ ဟုတ်လား"

ကတ္တီပါ မျက်ဝန်းလေးတွေ ဝိုင်းစက်ကာ မယုံနိုင်သလို မေးမိသည်။ ငေးငေးလေးစိုက်ကြည့်နေသော မေမေ့ရဲ့အပြုံးတွေကိုတောင် ကတ္တီပါ ရှက်ရွံ့စွာ ခေါင်းကိုငုံ့ထားမိ၏။

"သမီးလေး မငြင်းဘူးမဟုတ်လား၊ သမီးနဲ့မောင်နန္ဒကြားမှာ နိုင်မြဲတဲ့နှောင်ကြိုးတွေ ရစ်ပတ်နေပြီ မဟုတ်လား"

မေမေ မေးနေတာကို ကတ္တီပါ့နှုတ်က မဖြေရဲအောင် တုပ္ပနေခဲ့သည်။ မေမေတို့မှာ သူမနဲ့ကိုကို အနာဂတ်အတွက် အစောကြီးကတည်းက ရည်ရွယ်ချက်တွေ ရှိခဲ့ကြသည်လား။



www.burmeseclassic.com

www.burmeseclassic.com



ဒါတွေကို ကိုကိုလည်း ရိပ်မိသိထားသည်ထင်ရဲ့။ ဒါကြောင့် ကိုကိုရဲ့နှုတ်က စကားတွေ တိတ်ဆိတ်နေခဲ့တာထင်သည်။ သိပ်ကို လည်တဲ့ ကိုကို။ ကိုကိုရဲ့မျက်ဝန်းတွေက ဟန်မဆောင်တတ်တာ ကတ္တီပါ သိတာပေါ့။

"အခု သမီးတို့ရဲ့ မင်္ဂလာပွဲကို ဒီမှာပဲ အကျဉ်းသဘောစီစဉ် ပေးဖို့ မေမေတို့ရောက်လာတာ သမီး"

"ဟင်"

ဒီလောက်အထိ မြန်ဆန်လွန်းနေတာကိုတော့ ကတ္တီပါ အံ့ဩ မိသည်။ ဘာကြောင့် မေမေတို့ လောနေခဲ့ကြတာလဲ။

"သမီးတို့ဆန္ဒရှိရင် ရန်ကုန်မှာ ခမ်းခမ်းနားနားထပ်ပြီး မင်္ဂလာ ဆောင်ပေးမှာပါ။ အခုတော့ သမီးဖေဖေရော နန္ဒာကပါ သမီးတို့နှစ် ယောက်ကို အမြန်ဆုံးလက်ထပ်ပေးချင်နေတယ်"

"ဟို ဟို မမြန်လွန်းဘူးလား မေမေ"

ရှက်မျက်နှာလေးနှင့်ပဲ ကတ္တီပါ တိုးတိုးလေးမေးတော့ မေမေ ငွေးငွေးလေးပြုံးကာ ကတ္တီပါ့ပခုံးလေးကို သိုင်းဖက်သည်။

"မေမေ သိီးလေးက မေမေတို့အတွက် ကလေးလေးပါပဲ ဒါပေမဲ့ သမီးအသက်က နှစ်ဆယ့်နှစ်နှစ်တောင်ရှိပြီ၊ မောင်နန္ဒက နှစ်ဆယ့်လေးနှစ်ကျော်ပြီ၊ သမီးတို့ ရင့်ကျက်နေတာ မေမေ နားလည် ပါတယ်ကွယ်"





ကြည့်စမ်း။ ဒီပွဲကို မြန်ဆန်အောင် ကိုကိုပဲ တွန်းအားပေးခဲ့ တာလား။ အန်တီယုကို ကိုကို ပူဆာခဲ့သည်ထင်ရဲ့။ တကယ်ဆို ချစ်တယ်ဆိုတဲ့စကားလေးဆိုဖို့တောင် ကိုကို့နှုတ်က တွန့်ဆုတ်နေတာ ကတ္တီပါ အလိုမကျချင်ပါ။

ဒါပေမဲ့ ကိုကို့မျက်ဝန်းတွေနဲ့ ဟိုတစ်ညက ပွင့်ထွက်ခဲ့တဲ့ ယုယကြင်နာမှုတွေက သက်သေပါပဲ။

ကတ္တီပါ့နှလုံးသားကလည်း ကိုကို့အပေါ် ဘယ်အချိန်က တည်းက တွယ်ငြိသွားခဲ့တယ် မသိလိုက်တာ ဝန်ခံချင်သည်။

ကိုကိုရဲ့ ဂရုစိုက်ယုယမှုတွေ၊ ကြင်နာမှုလေးတွေအောက်မှာ နှလုံးသားအချစ်ကို ခံစားတတ်ခဲ့တာ ထင်ပါရဲ့။

"သမီး"

"ရှင် မေမေ"

အတွေးလွန်သွားသော ကတ္တီပါ အထိတ်တလန့်လေးဖြစ် သွားတော့ မေမေ စာနာစွာပြုံးရင်း –

"သမီးလက်ခံတယ် မဟုတ်လားဟင်၊ မေမေတို့ ဒီမှာ တစ် ပတ်လောက်ပဲ နေနိုင်မယ်၊ သမီးအရေးကိစ္စမို့ လာခဲ့ရတာ၊ မေမေရော သမီးဖေဖေပါ အလုပ်တွေ ပိနေကြတာ"

"သမီး နားလည်ပါတယ် မေမေ"

"မေမေလည်း နားလည်တယ် သမီး၊ သမီးဖေဖေကတော့



www.burmeseclassic.com

www.burmeseclassic.com



သမီးကို ချစ်စိတ်နဲ့ နှမြောနေတာတော့ အမှန်ပဲ၊ ဒါ သဘာဝတရား တစ်ခုဆိုပေမယ့် သမီးဖေဖေက သိပ်ခံစားလွယ်လို့ပါ''

ကတ္တီပါ ခေါင်းလေးညိတ်ကာ ငေးငေးလေးဖြစ်သွား၏။ ဖေဖေ့ရဲ့ကြီးမားသော သံယောဇဉ်ကို ကတ္တီပါ သိပါသည်။ ပြင်ဦးလွင်ကို လာမည်ဆိုကတည်းက ဖေဖေ ပူပန်နေခဲ့တာပဲလေ။

အခုတော့ ဖေဖေ စိုးရိမ်သလို အချစ်ကို ကတ္တီပါ ခံစားတတ်သွားခဲ့တာ ကိုကို့ကြောင့်ပါ။ ကြင်နာတတ်တဲ့ ကိုကို့ရဲ့မျက်ဝန်းတွေအောက်မှာ ကတ္တီပါ့နှလုံးသားလေး ချစ်တတ်သွားခဲ့တာ ဝန်ခံချင်ရဲ့။

''နန္ဒာကလည်း သမီးတို့ကိစ္စကို အမြန်ဆုံးစီစဉ်ချင်တယ်၊ မနက်ဖြန်မှာပဲ လူကြီးစုံညီစွာနဲ့ အကျဉ်းသဘောလက်ထပ်ပေးမယ်၊ ပြီးရင် သမီးစိတ်တိုင်းကျ မင်္ဂလာပွဲ စီစဉ်ပေးမယ်တဲ့၊ ဒါပေမဲ့ မေမေတို့က သမီးလေးဆန္ဒအတိုင်းပဲ ဖြစ်စေမှာပါ''

''ဟင့်အင်း မေမေတို့ဆန္ဒကိုပဲ သမီးနားထောင်မှာပါ''

ကတ္တီပါ့စကားကြောင့် မေမေ ကျေနပ်စွာပြုံးရင်း ကတ္တီပါ ခန္ဓာကိုယ်လေးကို တင်းတင်းလေးပွေ့ဖက်ထားတာအတော်ကြာသည်။

တကယ်ဆို မေမေကိုယ်တိုင်လည်း ကတ္တီပါအတွက် နှမြောတသခံစားနေမှာ ကတ္တီပါ သိပါသည်။ ဒါပေမဲ့ ကိုကို့ကိုချစ်မိတဲ့ အချစ်တွေက အင်အားကြီးမားနေခဲ့တော့လည်း။

✿ ✿ ✿



## အခန်း (၄၀)

အားလုံးဟာ ကိုကို့ရဲ့မေမေ အန်တီယု အစီအမံတွေသာ ဖြစ်လိမ့်မည်ဟု ကတ္တီပါ ယုံသည်။ ကသုတ်ကရိုက် စီစဉ်လိုက်ရပေမယ့် မင်္ဂလာပွဲလေးက ညှော်ခန်းတစ်ခုလုံး အပြည့်စည်ကားနေခဲ့၏။

ကိုကို့ရဲ့ဆေးရုံက ဆရာဝန်၊ ဆရာမ အယောက်သုံးဆယ်ကျော်နှင့်ကတ္တီပါရဲ့ကုမ္ပဏီက ဝန်ထမ်းက နှစ်ဆယ်နီးပါး။ အန်တီယုရဲ့ အသိမိတ်ဆွေက နှစ်ဆယ်ကျော်ဆိုတော့ တစ်ရာနီးပါးလောက် ဖြစ်သွားခဲ့၏။

ညှော်ခန်းထဲမှာတင် ကျွေးမွေးညှော်ခံလို့မရတော့၊ ခြံထဲမှာပါ စားပွဲရှည်ကြီးတွေချ ညှော်ခံရသည်။

အန်တီယု ဖိတ်ကြားထားသော တရားသူကြီးရှေ့မှောက်မှာ



www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်စာချုပ်လေးကို လက်မှတ်ထိုးကြတော့ ကတ္တီပါ့ရင်တွေ တလှပ်လှပ်။ ကိုကိုလည်း မျက်နှာကြီးနီလို့ ရှက်နေတာ ဘာစကားမှ မဆိုနိုင်။

နှံ့သာရောင်တိုက်ပုံ၊ နှံ့သာရောင်ပုဆိုးနှင့် ကိုကိုသည် ရှင်းသန့်တည်ကြည်လွန်းနေသည်။ လူငယ်ပေမယ့် ရှပ်လက်တိုလက်ရှည်တွေနှင့် ပုဆိုးကိုသာ စွဲမြဲစွာဝတ်ဆင်တတ်သော ကိုကို့ပုံရိပ်ကို စမြင်ကတည်းက ကတ္တီပါ သဘောကျခဲ့တာပါ။

ကိုကို့လက်မောင်းလေးကိုချိတ်ကာ ဧည့်ပရိသတ်တွေကို ကတ္တီပါ ပြုံးပြုံးလေး ဧည့်ခံနေမိ၏။

အဝါနုနုမြန်မာဆန်ဆန် ဝတ်စုံလေးနှင့် စိန်ရတနာတွေကိုပဲ ဆင်မြန်းထားသော ကတ္တီပါကို ကိုကို့သူငယ်ချင်းမိတ်ဆွေက ချီးကျူးမဆုံး။ ကိုကို့ကိုလည်း နောက်ပြောင်မဆုံး။

"တို့လူပျိုဆရာဝန်လေးက မျက်လုံးပြူလိုက်တာထင်တယ်၊ တကယ့်နတ်သမီးလေးကို ရွေးချယ်လိုက်တာပေါ့လေ"

"နန္ဒ မင်း တော်တော်လျှိုတဲ့ကောင်ပဲ၊ ဒီလောက်ချစ်စရာကောင်းတဲ့ချစ်သူရှိနေတာ ဆေးရုံကိုတောင် တစ်ခေါက်ခေါ်မလာဘူး"

"တို့ အံ့သြသွားအောင် ဒေါက်တာနန္ဒလုပ်လိုက်တာပေါ့လေ၊ ဘာပဲဖြစ်ဖြစ် ရန်ကုန်မှာဆောင်မယ့်ပွဲလည်း အရောက်လာမှာနော်၊ ဒါပဲ"





အားလုံးရဲ့ ဝိုင်းဝန်းချီးမွမ်းသံတွေ၊ နောက်ပြောင်မှုတွေထဲမှာ ကိုကို့ရဲ့ ရှက်မျက်နှာကြီး နီနေတာကိုကြည့်ပြီး ကတ္တီပါ ရယ်လည်း ရယ်ချင်သည်။ တကယ်ဆို ချစ်တယ်ဆိုသောစကားကို ကိုကို့နှုတ်က ကတ္တီပါ အခုချိန်ထိ ကြားခွင့်မရသေးတာသိရင် ဘယ်သူယုံနိုင်မှာလဲ။

ဒါပေမဲ့ ကိုကို့ဆီက ဒီနေ့တော့ ကြားရမည်ဟု ကတ္တီပါ ယုံသည်။ ကိုကို ဖွင့်ဟပြောလာမှ ကိုကို့ရင်ခွင်ထဲ တိုးဝင်ကာ မျိုသိပ်ထားနိုင်လွန်းတဲ့လူကြီးကို ကတ္တီပါ ကောင်းကောင်းကြီး ရန်တွေ့ပြလိုက်ဦးမယ်။

ဧည့်ခံပွဲလေးပြီးတော့ ဆယ့်တစ်နာရီကျော်နေပြီ။ မင်္ဂလာဦးထမင်းဝိုင်းလေးကို ဘယ်သူမှ ဟုတ်တိပတ်တိ မစားနိုင်ခဲ့ကြပါ။

"ဒီမှာ သားနဲ့သမီးအတွက် မေမေ့ရဲ့မင်္ဂလာလက်ဖွဲ့"

အန်တီယုက စိန်ပွင့်လက်စွပ်လေးနှစ်ကွင်းကို ယွန်းဘူးလေးထဲ ထည့်ကာပေးတော့ မေမေက ကိုကို့ကို ကိုယ်တိုင်စွပ်ပေး၏။

အန်တီယုက ကတ္တီပါရဲ့ဘယ်လက်သူကြွယ်လေးမှာ စွပ်ပေးသည်။

"ဒီနေ့ကစပြီး သားနဲ့သမီးက အိမ်ထောင်သည်ဖနီးမောင်နှံဘဝရောက်သွားပြီ၊ မေမေ အရမ်းဝမ်းသာတယ်၊ သားတို့နှစ်ယောက် သေတပန်သက်တစ်ဆုံး ကြင်နာချစ်ခင်သွားမယ်လို့ မေမေ ယုံကြည်ဆုတောင်းပေးပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



အန်တီယုက ကျေနပ်ပြုံးရွှင်စွာ ဆုတောင်းပေးတော့ မေမေကလည်း အပြုံးရိပ်တွေ ဖြာဝေစွာကြည့်ရင်း –

''မေမေကလည်း ဒီသမီးနဲ့ဒီသားလေးတို့ ရာသက်ပန်နိုင်မြဲပါစေလို့ ဆုတောင်းပေးပါတယ်ကွယ်''

''ပေးတဲ့ဆုနဲ့ ပြည့်ပါရစေ မေမေ''

ကိုကိုရော ကတ္တီပါ,ပါ ရှက်မျက်နှာတွေနှင့် ခေါင်းလေးတွေငုံ့ဆိုမိကြသည်။ တစ်ချိန်လုံး နှုတ်ဆိတ်ငြိမ်သက်နေသော ဖေဖေက ကတ္တီပါကို ငေးငေးလေးစိုက်ကြည့်ရင်း –

''ဖေဖေ့သမီးလေး စိတ်ချမ်းမြေ့နေလို့ ဖေဖေ ကျေနပ်ဝမ်းသာပါတယ် သမီး၊ ဘဝတစ်ခုကို မပျက်မယွင်းအောင် တစ်ယောက်ကိုတစ်ယောက် အနစ်နာခံချစ်ခင်သွားပါလို့ ဖေဖေ မှာချင်တယ်၊ လောလောဆယ်တော့ သမီး ဒီမှာပဲ နေခဲ့ပါဦး၊ သမီးအလုပ်ကိစ္စပြီးရင် ရန်ကုန်ကိုလာခဲ့ကြဦး၊ သမီးတို့လိုအပ်သမျှ ဖေဖေ ကူညီပေးဖို့အသင့်ပဲ''

''ကျေးဇူးတင်ပါတယ် ဖေဖေရယ်''

ကတ္တီပါ မျက်ရည်လေးဝဲကာဆိုတော့ ကိုကို့လက်ဖဝါးလေးက ကတ္တီပါ့လက်ဖဝါးလေးကို ဆုပ်ကိုင်ကာ အားပေးနှစ်သိမ့်သည်။

တကယ်တမ်း ဖေဖေရဲ့ခံစားချက်တွေကို မြင်နေရတော့ ကတ္တီပါ အရမ်းသနားသည်။ ဖေဖေ့ရဲ့ကြီးမားသော သံယောဇဉ်တွေ





ကို ကတ္တီပါ ဘယ်တော့မှ မမေ့ပါဘူး ဖေဖေရယ်။

✿

''ဘယ် ဘယ်လိုမေမေ၊ သမီးနဲ့ကိုကို့အခြေအနေကို အန်တီယုက မေမေ့ကို လှမ်းအသိပေးတယ် ဟုတ်လား''

ကတ္တီပါ မျက်မှောင်လေးတွေ ပုတ်ခတ်ပြီးမေးမိတော့ မေမေ ခေါင်းလေးညိတ်ကာ စက္ကူအိတ်လေးထဲက ဓာတ်ပုံတွေကို ထုတ်ပြ၏။

''မေမေတို့လက်တွေ့ယုံကြည်အောင် နန္ဒာက ဟောဒီဓာတ်ပုံလေးတွေ ပို့ပေးလိုက်တာ သမီး''

မေမေ ကမ်းပေးနေသော ဓာတ်ပုံနှစ်ခုကို ကတ္တီပါ ယူကြည့်လိုက်တော့ –

''အို''

ရှက်သွေးတွေကြောင့် ကတ္တီပါ မျက်နှာလေး ထူအမ်းသွားခဲ့သည်၊ ဓာတ်ပုံတွေက ကတ္တီပါကို ပွေ့ချီပြီး ကိုကို အပေါ်ထပ်လှေကားထစ်တွေကို လှမ်းတက်နေသည့်ပုံ။ ပြီးတော့ ခြံထဲမှာ ကတ္တီပါ ပခုံးလေးကို ဖေးမတွဲကာ ကိုကိုနဲ့ လမ်းလျှောက်နေပုံတွေ –

''သမီးတို့အခြေအနေတွေကို သိလိုက်တော့ မေမေရော



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေပါ သမီးအတွက် သိပ်ပူပန်သွားခဲ့ကြတာလေ၊ နန္ဒာကလည်း သမီးတို့ချစ်နေတာ သူ သိတယ်တဲ့၊ သမီးက မိန်းကလေးဆိုတော့ မနစ်နာစေချင်ဘူးတဲ့၊ ဒါကြောင့် သမီးကို အမြန်ဆုံး လက်ထပ်ဖြစ် အောင် မေမေတို့ စီစဉ်လိုက်ကြတာပဲ သမီး''

ကတ္တီပါ မေမေ့စကားတွေကို နားထောင်ရင်း ဘယ်လိုမှ မယုံကြည်နိုင်အောင် ဖြစ်နေမိသည်။ အန်တီယု ဒီဇာတ်ပုံတွေကို ဘယ်လိုဖန်တီးခဲ့တာလဲ။ ဘာရည်ရွယ်ချက်နဲ့ မေမေတို့လက်ထဲ ပို့ခဲ့ တာလဲ။

ဒါတွေဟာ မေမေတို့ထင်သလိုမဟုတ်ဟု ကတ္တီပါပဲ အသိ ဆုံး။ ဒါ ကိုကိုနဲ့ကတ္တီပါတို့ရဲ့ရိုးသားမှုတွေကို တစ်စုံတစ်ယောက်က ရည်ရွယ်ချက်တစ်ခုနဲ့ ဖန်တီးရိုက်ထားခဲ့တာပဲဖြစ်မည်။

မေမေ့ဆီကို အန်တီယု ပို့ခဲ့သည်တဲ့၊ ပြီးတော့ မင်္ဂလာပွဲကို ကသုတ်ကရက်စီစဉ်ခဲ့တာတွေ။

တွေးရင်း ကတ္တီပါ့ရင်ထဲမှာ လှိုက်ဖိုဝမ်းနည်းလာသည်။ ဝဲတက်လာသော မျက်ရည်တွေက တားမရ။

''အို မငိုနဲ့လေသမီး၊ မေမေ သမီးကို နားလည်တယ်၊ အပြစ်တင်နေတာမဟုတ်ဘူး၊ မောင်နန္ဒလေးနဲ့ သမီးကို မေမေတို့ ကြည်ဖြူပြီးသားပါ၊ မေမေနဲ့ဖေဖေ တစ်ခုပဲ စိတ်မကောင်းဖြစ်မိတာ၊ သမီးလေးရဲ့မင်္ဂလာပွဲကို ခမ်းခမ်းနားနားမစီစဉ်လိုက်ရတာကြောင့်ပါ





သမီးရယ်''

ဟင့်အင်း မဟုတ်ဘူးလို့ ကတ္တီပါ အော်ဟစ်ငြင်းပစ်လိုက်ချင် သည်။ ဒါပေမဲ့ စကားသံတွေအစား မျက်ရည်တွေပဲ ကျလာ၏။ မေမေကတော့ တသိမ့်သိမ့်ငိုနေသော ကတ္တီပါ့ခန္ဓာကိုယ်လေးကို ပွတ် သပ်နှစ်သိမ့်နေခဲ့။

''သမီး စိတ်မကောင်းအောင် မေမေ ပြောလိုက်မိပြီလား ကွယ်၊ မငိုပါနဲ့ကွယ်၊ မေမေတို့သမီးလေးကို မေမေတို့ သိပ်ချစ်တယ်၊ အခုချိန်မှာ သမီးပျော်နေတာကို မေမေတို့ မြင်ချင်တယ်''

သမီးပျော်နေတာမြင်ချင်သတဲ့လား။ ဟင့်အင်း အပျော်တွေ အားလုံး ချက်ချင်းသေဆုံးသွားခဲ့တာပါ မေမေ။

ကတ္တီပါ့ဘဝကို အန်တီယု လှည့်စားသိမ်းပိုက်ခဲ့ကာ။ ကိုကို ကရော ဘာထူးသေးလဲ၊ နှုတ်က ဝန်ခံစကားလေးတောင်မဆိုဘဲ မိခင်စီစဉ်သမျှ ခေါင်းညိတ်လိုက်တာပဲပေါ့။

ကတ္တီပါ့နှလုံးသားကပဲ မိုက်မဲခဲ့တာပေါ့။ ကိုယ့်ကို ချစ်စကား တစ်ခွန်းမဖွင့်ဟသေးတဲ့ ယောကျ်ားတစ်ယောက်ကို ယုံလွယ်စွာ ခေါင်း ညိတ်ကျေနပ်ခဲ့တာလေ။

ကိုကို သိပ်ရက်စက်တယ်။ တကယ်ဆို ကတ္တီပါ့နှလုံးသား က အချစ်ကို တောင်းခံဖို့လေးတောင် ဝန်လေးနေခဲ့သလား။ မာနတွေ၊ သိက္ခာတွေနဲ့ သိုလှောင်ထားခဲ့နိုင်သလား။



www.burmeseclassic.com

www.burmeseclassic.com



အချိန်တန်ရင် ငါ့ရင်ခွင်ထဲရောက်လာမှာပဲဆိုတဲ့ အပိုင်တွက်ဆမှုတွေနဲ့ အချစ်တစ်ခုကို လွယ်ကူစွာ ကိုကို သိမ်းပိုက်ခဲ့တာ ကတ္တီပါ နာကျင်ခံစားရတယ် ကိုကိုရယ်။

"သမီး တိတ်တော့နော်၊ သွားတော့ သမီး၊ မောင်နန္ဒ သမီးကို မျှော်နေလောက်ပြီပေါ့"

"ဟင့်အင်း ဟင့်အင်း အဟင့် ဟင့်"

"အို ဒီလိုမလုပ်နဲ့လေ သမီး၊ သမီးဖေဖေသိရင် ပိုစိတ်ဆင်းရဲမှာပေါ့၊ သမီးကျေနပ်လို့ သူ ဖြေသာနိုင်တာ၊ ဖေဖေ့ကို သမီးချစ်ရင် မေမေ အခုအသိပေးပြောပြခဲ့တာတွေကို မခံစားနဲ့နော်၊ မေ့လိုက်တော့နော် သမီး၊ သမီးအတွက် အရေးကြီးတာ သမီးတည်ခဲ့တဲ့ အိမ်ထောင်ရေးလေး နိုင်မြဲဖို့ပါ၊ ကျန်တာတွေက ဘာမှအရေးမကြီးဘူး"

ဘာမှအရေးမကြီးဘူးတဲ့လား။ ကိုကို့ကို လက်ထပ်ဖို့ ကတ္တီပါ ခေါင်းညိတ်ခဲ့တာ နှလုံးသားရဲ့တောင်းဆိုချက်ကြောင့်ပါ။ ဒါပေမဲ့ ကိုကိုတို့လုပ်ရပ်တွေက –

"မေမေ"

"ဘာလဲသမီး ပြောလေ"

"ဓာတ်ပုံတွေ သမီးကို ပြန်ပေးပါနော်"

"အင်း ယူလေသမီး၊ သမီးလက်ထဲ ပြန်ပေးမလို့ မေမေ သမီးကို ခေါ်လိုက်တာပါ၊ မျက်ရည်တွေသုတ်တော့ ကလေးရယ်၊





မင်္ဂလာဦးနေ့မှာ မငိုရဘူးသမီးရဲ့ အဟင်း ဟင်း"

မေမေ ကလေးတစ်ယောက်ကို ချော့မော့သလို ချော့နေတော့ ကတ္တီပါ ပိုလို့ နာကျင်ခံစားရ၏။

ချစ်တတ်နေပြီဖြစ်သော ကတ္တီပါရဲ့နှလုံးသားနုနုလေးမှာ ဒဏ်ရာတွေနဲ့ နာကျင်အောင် ဖန်တီးလိုက်တာ အဓိကတရားခံက ကိုကိုပဲလေ။

ဝန်ခံတောင်းဆိုစကားလေးတောင်မဆိုဘဲ ကတ္တီပါ့ဘဝကို ရယူလိုက်တာ ကိုကိုရဲ့အချစ်တဲ့လား။

ဟင့်အင်း ကတ္တီပါ ဘယ်တော့မှ မျက်ရည်မကျစေရဘူး။ ချစ်တတ်တဲ့နှလုံးသားကို ထာဝရသော့ခတ်လိုက်ပြီကိုကို။

စိတ်ချ။ ကတ္တီပါဆိုတဲ့မိန်းမတစ်ယောက်ဆီက ကိုကိုပိုင်ဆိုင်ရမှာ အချစ်တွေမဟုတ်ဘူး။

နားလည်ချက်တွေ၊ အမုန်းတွေပဲ ဖြစ်စေရမယ်။

ဒါ ကတ္တီပါ့ရဲ့ သစ္စာတရားပဲ ဒေါက်တာနန္ဒထွဋ်ခေါင်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၁)

အခန်းထဲကို ကိုကို ဝင်လာပြီဟု စိတ်က အလိုလိုသိနေသည်။ လှည့်မကြည့်ပါဘဲ ကတ္တီပါ အံလေးကြိတ်ထားမိဆဲ။

ကျောပေးကာ တစောင်းလေး ငြိမ်သက်နေသော ကတ္တီပါ့ကို ရှင် ကျေနပ်ပီတိနဲ့ အရသာခံကြည့်နေသလား ကိုကို။ ဟင့်အင်း ကတ္တီပါ ဘယ်တော့မှ မရှုံးနိမ့်စေရဘူး။

"ကတ္တီပါ"

တိုးညင်းသော ခေါ်သံတိုးတိုးမှာ ကြင်နာရိပ်တွေ ပါနေသည်လား။ အံကလေးတင်းကြိတ်ထားသည့် ကတ္တီပါ ဆတ်နဲ့ ခုတင်ပေါ်က လျှောဆင်းပြီး မျက်လုံးစူးစူးတွေနဲ့ ရင်ဆိုင်ပစ်လိုက်၏။

"က ကတ္တီပါ"





"မခေါ်နဲ့၊ ကျွန်မနာမည်ကို ရှင်မခေါ်နဲ့ ကိုနန္ဒထွဋ်ခေါင်"

"ဟင် ကတ္တီပါ ဘာတွေဖြစ်တာလဲ၊ ကိုယ် ဘာလုပ်မိလို့လဲ"

စိတ်ရှိတိုင်း ကတ္တီပါ ပေါက်ကွဲပစ်, အော်ပစ်လိုက်ချင်ပေမယ့် မေမေတို့ ကြားမှာစိုးတာကြောင့် အံလေးကြိတ်ထားရင်း ခေါင်းဦးအောက်က ဓာတ်ပုံနှစ်ပုံကို ဆွဲထုတ်ယူသည်။

ပြီးတော့ ကိုကို့ရဲ့ရင်ဘတ်ကို ပစ်ပေါက်လိုက်ရင်း –

"ဒါတွေ ရှင်ကြည့်လိုက်၊ လိမ်ညာလှည့်စားမှုတွေနဲ့ ကတ္တီပါရဲ့ဘဝကို ရှင်သိမ်းပိုက်လိုက်တာပဲ"

ဓာတ်ပုံတွေကို ကောက်ယူကြည့်ပြီး သူလည်း မျက်လုံးတွေပြူးကာ အံ့ဩသွားခဲ့သည်။

"ဒါ ဒါတွေ ဘယ်ကရတာလဲ၊ ကိုယ် ကိုယ် ဘာမှမသိဘူး"

"ကျွန်မ မယုံဘူး၊ ရှင့်မေမေကိုယ်တိုင် ရန်ကုန်က မေမေတို့လက်ထဲအရောက်ပို့ပြီး ဒီမင်္ဂလာပွဲကြီးဖြစ်အောင် ဖန်တီးလိုက်တာပေါ့"

"ဟာ"

"ငြင်းမလို့လား ကိုနန္ဒထွဋ်ခေါင်၊ သိပ်ရွံစရာကောင်းတဲ့လုပ်ရပ်ကြီးပဲ၊ ရှင်ကလည်း ဂုဏ်ပုဒ်တွေ၊ မာနတွေနဲ့ ရှင့်မေမေရဲ့လုပ်ရပ်မှာ ခေါင်းလေးညိတ်နာခံလိုက်ရုံနဲ့ ကတ္တီပါ့ဘဝကို ပိုင်လိုက်တာပေါ့"

"ဟာ မ မဟုတ်ပါဘူး ကတ္တီပါ၊ ကိုယ် ဒါတွေ ဘာမှမသိ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ဘူး''

''ကျွန်မလည်း ဘာမှမသိဘဲ မိုက်မဲစွာ ခေါင်းညိတ်ခဲ့ရပြီးပြီလေ၊ စာရွက်ထဲမှာကော့ ကျွန်မဘဝကို ရှင်ပိုင်သွားပြီ၊ ဒါပေမဲ့ ကျွန်မဘဝ ကျွန်မနှလုံးသားကို ရှင် ဘယ်တော့မှ မရနိုင်တော့ဘူး။ သေချာတယ် ဒေါက်တာနန္ဒထွဋ်ခေါင်၊ ယောက်ျားမဆန်တဲ့စိတ်ဓာတ်နဲ့ ရှင် ကျွန်မ သွေးသားကိုတော့ ယူချင်တယ်ဆိုရင်''

''တော် တော်ပါတော့ ကဗ္ဗီပါ၊ ကိုယ် တောင်းပန်ပါတယ်၊ မင်းစကားတွေကို ကိုယ် မကြားပါရစေနဲ့''

သူ ထိတ်လန့်တုန်လှုပ်စွာ လက်တွေကာတားမြစ်သည်။ ပြီးတော့ ကဗ္ဗီပါ့ကိုကြည့်ရင်း ပင့်သက်မောတွေရှိုက်သည်။ ခေါင်းကို အကြိမ်ကြိမ်ခါယမ်းရင်း အံကိုတင်းတင်းကြိတ်သည်။

''က ကဗ္ဗီပါ ကိုယ် အရမ်းမှားသွားပြီ တကယ်ဆို မင်းဆီက လက်ထပ်ခွင့်ကို ကိုယ် တောင်းခဲ့သင့်တာ၊ အခုတော့ စိတ်ချ ကဗ္ဗီပါ၊ မင်းကို ကိုယ် ကွာရှင်းပေးပါ့မယ်''

''အဲဒါ ရှင်ပေးတဲ့လျော်ကြေးလား၊ ဒီနေ့ပဲ လက်ထပ်ဖြစ်ခဲ့ကြတယ်၊ မနက်ဖြန် ကွာရှင်းခံလိုက်ရတယ်ဆိုတဲ့ မိန်းမတစ်ယောက်ဘဝကို ရှင် ကျွန်မကို ပို့ဆောင်မလို့လား၊ ဆောရီးပဲ ကိုနန္ဒထွဋ်ခေါင်၊ ကျွန်မကြောင့် မေမေတို့ သိက္ခာတွေ မထိပါးစေရဘူး၊ ကျွန်မဘဝကို ရှင်ဆိုင်ခံစားမယ့် အချိန်အတိုင်းအတာတစ်ခုအထိ ကျွန်မဘဝကို





ရှင့်လှောင်အိမ်ထဲမှာ နစ်မွန်းခံရမှာပေါ့''

''ကဗ္ဗီပါရယ် ကိုယ် တောင်းပန်ပါတယ်''

''မလိုအပ်တော့ဘူးလေ၊ ရှင်ကွာရှင်းချင်တိုင်း ကျွန်မ လက်မခံနိုင်သေးဘူး၊ ဒါ ရှင့်ကိုတွယ်မက်မြတ်နိုးလို့မထင်လိုက်နဲ့၊ ကျွန်မမိဘတွေအတွက်ပါ''

စကားအဆုံးမှာ ကဗ္ဗီပါ စောင်တစ်ထည်ကိုဆွဲယူကာ အခန်းထောင့်ဆီက ဒရင်းဘတ်လေးဆီ လျှောက်ခဲ့၏။

''ဘာလုပ်တာလဲ ကဗ္ဗီပါ၊ ခုတင်ပေါ်မှာ အိပ်ပါ၊ ကိုယ် မင်းကို လက်ဖျားနဲ့ မထိစေရဘူး''

''ရှင့်ကတိသစ္စာတွေကို ကဗ္ဗီပါ မယုံဘူး၊ ပြောပြီးပြီပဲလေ၊ ရှင်ယုတ်မာရက်စက်သမျှ ခံရမှာပဲ၊ ကျွန်မဘဝက သေသွားတာထက် ဆိုးတဲ့အခြေအနေရောက်ခဲ့ပြီပဲ''

''ကဗ္ဗီပါရယ်၊ ကိုယ် ကိုယ် ဘယ်လိုရှင်းပြရမလဲ''

သူ့စကားတွေကို ဥပေက္ခာပြုကာ ကဗ္ဗီပါ ဒရင်းဘတ်လေးမှာ စောင်လေးခြုံကာ အိပ်စက်သွားခဲ့သည်။ သူ့ရင်ထဲမှာ ပူလောင်နာကျင်သော ဝေဒနာတွေ မွန်းကျပ်နေခဲ့၏။

မေမေရယ် လုပ်ရက်လိုက်တာ။ ဒါတွေကို သူ မသိအောင် မေမေ ဖန်တီးခဲ့တာတော့ သိပ်ကိုသေချာသည်။

ကဗ္ဗီပါကို ပိုင်ဆိုင်ခဲ့လို့ ကြည်နူးခဲ့ရသမျှ အပျော်တွေအား



www.burmeseclassic.com

www.burmeseclassic.com



လုံးက အခုတော့ ပြိုကွဲလွင့်စဉ်သွားခဲ့ပြီ။

ခါးသီးနာကြည်းစွာဆိုခဲ့သော ကတ္တီပါရဲ့ စကားလုံးတွေအောက်မှာ သူ့နှလုံးသားက အပိုင်းပိုင်းအစစ ကြေပျက်သွားခဲ့ပြီ။

သူလိုချင်မြတ်နိုးခဲ့တာ ကတ္တီပါရဲ့ဖြူစင်သောနှလုံးသားလေးပါပဲ။ ဒါပေမဲ့ တကယ်တမ်း ပိုင်ဆိုင်ရရှိလိုက်တာ အဆိပ်လိုပြင်းထန်သော နာကြည်းမုန်းတီးမှုတွေပါပဲ။

အခန်းထဲက ကြမ်းပြင်မှာ သူ ခေါင်းငိုက်စိုက်ထိုင်နေခဲ့မိတာ တစ်ညလုံးဖြစ်သည်။

ရင်ထဲက ချစ်ခြင်းတရားအားလုံး အဆိပ်သင့်သေဆုံးခဲ့သော မင်္ဂလာဦးညလေးက သွေးပျက်စရာ။

✿ ✿ ✿



## အခန်း (၄၂)

"မေမေ့ကို အပြစ်တင်နေတာလား သား၊ ဒါ သားရဲ့တွေဝေလွှန်းတဲ့စိတ်ကို အားမရလို့ မေမေ စီမံလိုက်တာပါ၊ ဘာပဲဖြစ်ဖြစ် အခု သားလက်ထဲကို ကတ္တီပါလေး ရောက်နေခဲ့ပြီပဲ"

"ဟင့်အင်း မဟုတ်ဘူး မေမေ၊ သားကို ကတ္တီပါ နာကြည်းမုန်းတီးသွားခဲ့တာ"

သားစကားကြောင့် ဒေါ်ယုနန္ဒာ နှုတ်ခမ်းတွေ တွန့်ကွေးပြုံးသည်။

"ကတ္တီပါလေး စိတ်ဆိုးနေတာပါ၊ သား ချော့မော့လိုက်ရင် ပြီးသွားမှာပါ"

နန္ဒ ခေါင်းကိုခါယမ်းသည်။ ရင်ထဲမှာ ခံစားခဲ့ရသော



www.burmeseclassic.com

www.burmeseclassic.com



ဝေဒနာတွေနဲ့ တစ်ညတည်း ခြောက်လှန့်နေခဲ့သော ကတ္တီပါရဲ့ပြင်း ထန်သော စွပ်စွဲချက်စကားသံတွေ။ ဒါတွေကို မေမေသိအောင် ဖွင့် ပြောဖို့တောင် မဝံ့ရဲပါ။

"သားတို့လင်မယားဖြစ်သွားပြီလေ၊ ဒါ ဘယ်လိုအကြောင်း ကြောင့်မှ မပျက်စီးတော့ဘူး သား၊ အဲဒါသေချာတယ်၊ နေ့စံရော ဆောင်းပါ လက်ခံမှာမဟုတ်ဘူး။ ဒီတော့ ကတ္တီပါလေး ကျေနပ်တဲ့ အထိ သားဘက်က ချော့မော့လိုက်ပါ"

ပြဿနာသည် မေမေဆိုသလောက် မလွယ်တာ သူပဲ သိ သည်။ အခုချိန်မှာ မေမေ့ကိုလည်း သောကပူတွေ မပေးချင်။

"မနက်ဖြန်ဆို ဆောင်းတို့လည်း ရန်ကုန်ပြန်ကြလိမ့်မယ်၊ မေမေလည်း သားဘွားဘွားနဲ့အတူ တရားရိပ်သာမှာ နှစ်လခန့် ဝင် ဖြစ်မယ်၊ ဒီအိမ်ကြီးမှာ သားတို့ပဲ ကျန်ရစ်ခဲ့မှာ၊ သားနဲ့သမီး အဆင် ပြေသွားတာပဲ မေမေ မြင်ချင်၊ကြားချင်တယ်သား"

မေမေ့စကားတွေကို ခေါင်းငိုက်စိုက်နှင့် သူ ဘာမှခွန်းတုံ့ မပြန်နိုင်ခဲ့ပါ။

သူ့ဘဝမှာ အတောင့်တဆုံးက ကတ္တီပါရဲ့ချစ်ခြင်းတစ်ခုပါပဲ။ အခုတော့ ပိုင်ဆိုင်လိုက်ရတာတွေက ဆန့်ကျင်ဘက် အမုန်းထက် ပူလောင်သော နားကြည်းစက်ဆုပ်မှုတွေ။

ဘယ်တော့မှ သူမနှလုံးသားလေးကို သူ မကုစားနိုင်တော





တော့ သိပ်ကိုသေချာနေခဲ့သည်။ ကတ္တီပါ ကျေနပ်အောင် သူ အားလုံး လုပ်ပေးချင်သည်။ ဒါပေမဲ့ ကတ္တီပါလိုချင်တာ ကွာရှင်းခွင့်မဟုတ်။

ကတ္တီပါ ဆုံးဖြတ်တောင်းဆိုလာတဲ့ကာလတစ်ခုအထိ သူ နေ့စဉ် ရင်ဆိုင်ကြေကွဲနေရမည့်အဖြစ်တွေက တွေးကြည့်ရုံနဲ့ ချောက် ချားစရာ။

ကတ္တီပါရယ် ကိုယ့်အချစ်ကို မင်းယုံကြည်အောင် သက်သေ ပြခွင့်ဆိုတာ ဘယ်တော့မှ မဖြစ်နိုင်တော့တဲ့ဘဝမှာ။

✿

ကတ္တီပါ့မိဘတွေ ပြန်သွားသည့်ရက်မှာ ဘွားယုနှင့်မေမေ လည်း နှစ်လတရားစခန်းဝင်သွားခဲ့သည်။

"ဒီနေ့ကစပြီး ရှင် ခွင့်ပြုမယ်ဆိုရင် ကျွန်မ သီးသန့်အခန်း မှာပဲ အိပ်ချင်တယ်"

"ကိုယ် ခွင့်ပြုပါတယ် ကတ္တီပါ၊ လက်ရှိအခန်းမှာ ကတ္တီပါ နေပါ၊ ကိုယ့်အတွက် အရင်နေခဲ့တဲ့အခန်း အသင့်ရှိပါတယ်"

"ကျေးဇူးတင်တယ် ကိုနန္ဒထွဋ်ခေါင်"



www.burmeseclassic.com

www.burmeseclassic.com



သူစိမ်းဆန်သော ဆက်ဆံမှုတွေနှင့် ကတ္တီပါရဲ့ဥပေက္ခာတရားတွေကို သူ စတင်ရင်ဆိုင်ခဲ့ရသောကာလတွေ စတင်ခဲ့သည်။

ကတ္တီပါ စိတ်တိုင်းကျ သူ့အခန်းလေးကိုပဲ သူပြောင်းခဲ့သည်။ ပြိုပျက်သွားသော သူ့ဘဝကို သူ နှစ်ပစ်ခဲ့လိုက်သည်။

မဖြစ်မနေသွားရသော ဆေးရုံတာဝန်မှအပ သူ့ရဲ့ဆေးခန်းလေးကို သူ အပြီးပိတ်ပစ်လိုက်သည်။

ဆေးရုံဂျူတီချိန်တွေ ပြီးဆုံးသောအချိန်တွေမှာ သူ့အတွက် ကြေကွဲစရာအချိန်တွေနဲ့ ကတ္တီပါရဲ့အရိပ်လေးကို မြင်တွေ့ခွင့်တောင် မရခဲ့ပါ။

အလုပ်အားရက်တွေမှာ ကတ္တီပါ အိမ်မှာမနေဘဲ မနက်ကတည်းက ထွက်သွားတတ်သည်။ ညနေစောင်းမှ ပြန်လာသည်။

တစ်ခါတစ်ရံမှာတော့ ရက်စက်လွန်းသော အပြုအမူတွေနဲ့ ကတ္တီပါ သူ့ကို ပြုမူတတ်သေးသည်။

ကတ္တီပါနှင့်အတူ ပါလာသော ကတ္တီပါနှင့် သက်တူရွယ်တူ ချာတိတ်လေးနှင့်အတူ ကတ္တီပါ ခြံထဲက ကြက်တောင်ကွင်းလေးမှာ ကစားတတ်၏။

ကြည်ကြည်နူးနူးရယ်သံလေးနှင့် ကတ္တီပါတို့ ကစားနေသည်တွေကို သူ မြင်ရကြားရတော့ ရင်ထဲမှာ ခံစားရသည့် ဝေဒနာက ဆိုးလှသည်။





ကတ္တီပါရယ် မင်း ကိုယ့်ကို တကယ်ပဲ ရွံရှာမုန်းတီးသွားခဲ့ပြီလား။

"ဘိုင် ကတ္တီပါ ဆီးယူတူမောရိုး"

"အိုခေ အိုခေ မောင့်လက်ရည်က တကယ်ကောင်းတယ်၊ တို့ ယှဉ်နိုင်အောင် ကြိုးစားမယ် အဟင်း ဟင်း ဘိုင့် မောင်"

မောင်တဲ့။ တကယ့်နာမည်ပဲလား။ ကတ္တီပါ တမင်ခေါ်နေတာလား။ မိန်းမဆန်လွန်းသော မျက်နှာနုနုလေးနှင့် ချာတိတ်ကတော့ သူ့ကိုမြင်တိုင်း မကျေနပ်သည့်မျက်မှောင်ကုတ်ကြည့်တတ်သည်။

ဘာပဲဖြစ်ဖြစ် ကတ္တီပါနဲ့ပတ်သက်သမျှ သူ့ဘက်က သည်းခံဖို့ ဆုံးဖြတ်ပြီးခဲ့ပြီမို့။

✿

"ဒေါက် ဒေါက်"

အခန်းတံခါးကို ကတ္တီပါ အသာဖွင့်ပြီးမှ သူ့ကိုမြင်တော့ ခပ်ဟဟလေးအထိဖြစ်အောင် ပြန်ပိတ်သည်။

"ကတ္တီပါ"

"ဘာကိစ္စလဲ ကိုနန္ဒထွဋ်ခေါင်"



www.burmeseclassic.com

www.burmeseclassic.com



"ကတ္တီပါ နေမကောင်းဘူးလို့ မိစိမ့်ပြောလို့"

"တော်တော်လျှာရှည်တဲ့မိစုပဲ၊ ရှင့်ကို ကတ္တီပါ မခေါ်နိုင်းပါဘူး"

"မဟုတ်ဘူးလေ ကတ္တီပါ၊ ဆေးသောက်ဖို့ လိုမယ်ထင်တယ်"

"ကျွန်မအတွက် စိတ်ပူစရာမလိုဘူးလေ၊ အခုပဲ မောင့်ကို ဖုန်းဆက်ပြောထားတယ်၊ သူက ဆရာဝန်တစ်ယောက် ခေါ်လာလိမ့်မယ်"

"ကတ္တီပါရယ်"

သူ ကြေကွဲဆို့နင့်စွာဖြင့် အခန်းရှေ့က လှည့်ပြန်ခဲ့သည်။ တကယ်ဆို သူတစ်ယောက်လုံး အိမ်မှာရှိနေရက်နဲ့တောင် တခြားဆရာဝန်တစ်ယောက်ကို ကတ္တီပါ ခေါ်ခဲ့သည့်အဖြစ်က။

ပျာယာခတ်နေသော စိုးရိမ်စိတ်တွေနှင့် မောင်ဆိုသော ချာတိတ်ရောက်လာသည်။ နံဘေးမှာပါလာသောသူက သူ့မိတ်ဆွေ ဒေါက်တာဦးကျော်ဦး။

"ဟာ ကိုနန္ဒ ဒါ ကိုနန္ဒအိမ်ကိုး၊ ကျွန်တော်ထင်နေတာ"

သူ ဘာပြောရမှန်းမသိအောင် ရှက်ရွံ့တုပ္ပနေသည်။ အခန်းထဲမှ ထွက်လာသော ကတ္တီပါက –

"မောင် ဒေါက်တာပါလာသလား၊ ခေါ်ခဲ့လေ၊ တို့ခေါင်းတွေ





အရမ်းကိုက်နေလို့"

"ပါတယ် ကတ္တီပါ၊ ဒေါက်တာ ကြွပါခင်ဗျ၊ လူနာက ဒီမှာ"

ဒေါက်တာကျော်ဦး နားမလည်နိုင်စွာကြည့်ရင်း ပါသွားသည်။ သူ့ရင်ထဲမှာ စူးစူးနစ်နစ်ဝေဒနာက ဆိုသည်။

ကတ္တီပါရယ် အငြိုးတရားတွေနဲ့ မင်း ကိုယ့်ကို ရက်စက်ပြနေခဲ့တာလား။

အရာရာအားလုံးကို ကိုယ်ခွင့်လွှတ်ပေးတတ်ခဲ့တာ မင်းကို မြတ်နိုးချစ်စိတ်တစ်ခုကြောင့်ဆိုတာ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၃)

ရင်ထဲက ခံစားချက်တွေကို မခံနိုင်သည့်အဆုံး သူထွက်ပေါက်တစ်ခုတစ်ခုအဖြစ် အရက်တွေ အလွန်အကျွံသောက်ဖြစ်ခဲ့သည့်နေ့က အိမ်ကို ပြန်လာတော့ မိုးရေတွေရွဲနစ်လို့။

"ဟင် အစ်ကိုလေး"

"တံခါးပိတ်လိုက်တော့ မိစိမ့်"

သူပြောပြီး မဟန်နိုင်တော့သော ခန္ဓာကိုယ်ကို ညောင်ခန်းဆိုဖာပေါ်မှာပဲ ပစ်လှဲပစ်လိုက်သည်။ မိစိမ့် အိမ်တံခါးပိတ်ကာ ထွက်သွားကာ သူ မသိလိုက်ပါ။

"ကတ္တီပါရယ်၊ မင်း သိပ်ရက်စက်လိုက်တာ ကလေးရယ်"

အသံမဲ့သောစကားတွေ ဗလုံးဗထွေးရေရွတ်ရင်း ရေစိုအဝတ်





လေးတွေကို သူ မလဲနိုင်ခဲ့။ လူက ခေါင်းမထောင်နိုင်အောင် မူးနေသည်။ အာရုံထဲ ကတ္တီပါ့အပြုံးတွေက သူ့ကို လှောင်ပြောင်နေ၏။

ရင်ထဲမှာ မီးတောက်တွေနဲ့ ထိုးဆွနေသလို ပူလောင်လိုက်တာ။ ပြီးတော့ ဆီးနှင်းတွေ တဖွဲဖွဲကျဆင်းနေသော လွင်ပြင်ကြီးထဲမှာ သူတစ်ယောက်တည်း။

ချမ်းလိုက်တာ စိမ့်စိမ့်တုန်လို့။

"က ကတ္တီပါ ကတ္တီပါ"

သူ့နှုတ်က ဗလုံးဗထွေးရေရွတ်ရင်း တင်းတင်းကျပ်ကျပ်ပွေ့ဖက်ထားမိတာလည်း ကတ္တီပါရဲ့ ခန္ဓာကိုယ်လေးမှန်း မသိနိုင်ခဲ့။

အဖျားရှိန်နှင့် သူ အိပ်မက်ဆိုးတွေနှင့် ချာလည်နေဆဲ။

"မ မမလေး ဘယ်လိုလုပ်မလဲဟင်"

မိစိမ့် စိုးရိမ်စွာမေးနေသည်။ အေးစက်သောလက်တွေက သူမကို တင်းတင်းပွေ့ဖက်ထားတာမို့ ကတ္တီပါ မရုန်းထွက်နိုင်ဘဲ။

"အဖျားတွေကြီးနေတာ မိစိမ့်၊ ရေခဲဘူးယူခဲ့၊ ကိုယ်ပူကျအောင် လုပ်ပေးမှဖြစ်မယ်"

"ဟုတ် ဟုတ်ကဲ့"

မိစိမ့် ရေခဲဘူးယူလာတော့ ကတ္တီပါ သူ့တစ်ကိုယ်လုံးကို ရေပတ်တိုက်ပေးသည်။ အဖျားကျဆေးတစ်လုံးရှာကာ ကျွေးပြီး သူ့ပါးစပ်ထဲ ခက်ခက်ခဲခဲတိုက်ကျွေးရ၏။



www.burmeseclassic.com

www.burmeseclassic.com



နှစ်နာရီထိုးတော့ အဖျားက နည်းနည်းကျသွားသည်။ ငိုက်မြည်းနေသော မိစိမ့်ကိုတော့ စာနာစွာနှင့် ကတ္တီပါ သွားအိပ်ခိုင်းလိုက်ရ၏။

သူ့အခန်းထဲမှာ ကတ္တီပါ တစ်ယောက်တည်း။ သွေးရောင်နှင့် နီစွေးသော သူ့နှုတ်ခမ်းတွေက ကတ္တီပါအမည်ကို ခေါ်နေသည်။

ကိုကိုရယ်။

ဝဲတက်လာသော မျက်ရည်တွေကို ကတ္တီပါ မထိန်းနိုင်ခဲ့ပါ။ တကယ်ဆို ကိုကို့ကို ချစ်ခဲ့သော နှလုံးသားက မုန်းဖို့မလွယ်ခဲ့ပါ။ ဒါကြောင့်လည်း မိစိမ့်လာပြောတော့ ကိုကို့ကို ကတ္တီပါ ပြုစုနေခဲ့တာ ဖြစ်သည်။

''က ကတ္တီပါ ကိုယ့်ကို မမုန်းပါနဲ့ နော် နော်''

အေးစက်သော လက်ဖျားလေးတွေနှင့် ကိုကို့မျက်ဝန်းတွေ မဖွင့်နိုင်ဘဲ ငြိုးတွားနေ၏။ အိပ်မက်ထဲမှာ ကတ္တီပါ ပစ်ခွာပြေးလို့လား ကိုကိုရယ်။ ကိုကို့အနားမှာ ကတ္တီပါ ရှိနေခဲ့ပါတယ်။

ကိုကို့ရင်ခွင်မှာ ပါးကလေးအပ်ရင်း ကတ္တီပါ တင်းဘင်းကျပ်ကျပ် ပွေ့ဖက်ထားမိသည်။

ကိုကို့ရင်ထဲက အပူတွေကို ကတ္တီပါ မမြင်ရက်ပါဘူး ကိုကိုရယ်။ ကိုကို့လိုပဲ ကတ္တီပါ့ရင်ထဲမှာလည်း ပူလောင်နေခဲ့တာ ကိုကို မသိနိုင်ခဲ့ဘဲ။





တစ်စတစ်စ နွေးထွေးလာသော ကိုကို့ခန္ဓာကိုယ်လေးဆီမှ ကတ္တီပါ အသားလေးခွာရင် ထအရပ်မှာ ခေါင်းထဲမှာ မိုက်ခနဲ။

ခုတင်နံဘေးက စားပွဲကို လှမ်းထိန်းကိုင်လိုက်ရ၏။

''ဟင်''

စားပွဲပေါ်မှာ မြင်လိုက်ရတာ ဒိုင်ယာရီစာအုပ်ပြာလေး ဖြစ်သည်။ ကတ္တီပါ အံ့သြမယုံနိုင်စွာ ဒိုင်ယာရီစာအုပ်လေးကို ဖွင့်ဖတ်လိုက်မိသည်။

ကိုကို့ရင်ထဲက ခံစားချက်တွေ။ ကတ္တီပါ မသိနိုင်ခဲ့သော ကိုကို့ရဲ့ ခံစားချက်တွေက ကိုကို့ရဲ့လက်ရေး ယိုင်ယိုင်လေးတွေက တစ်ဆင့် ကတ္တီပါ့နှလုံးသားဆီ ကူးစက်လို့။

ကိုကိုရယ်

ကတ္တီပါ့အပေါ် ကိုကို ဒီလောက်အထိ ချစ်ခဲ့သတဲ့လားဟင်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၄)

"ဒါ ကွာရှင်းစာချုပ်ပါ ကတ္တီပါ၊ ကိုယ် လက်မှတ်ထိုးထားတယ်၊ ကတ္တီပါ အလိုရှိတဲ့အချိန်မှာ လက်မှတ်ထိုး အတည်ပြုလိုက်ပါ၊ ကိုယ် အခု ခရီးသွားတော့မှာ"

"ဟင်"

"ဆေးရုံမှာ ကိုယ် နုတ်ထွက်စာတင်ပြီး ကိုယ် နယ်ကိုပြောင်းခွင့်တောင်းထားတယ်၊ အဲဒီမှာပဲ ကိုယ်နေတော့မယ်"

ကိုကို့စကားအဆုံးမှာ ကွာရှင်းစာချုပ်လေးကို ကမ်းပေးနေ၏။ ကတ္တီပါ စာချုပ်လေးကို လှမ်းယူရင်း –

"ဗြဲ ဗြဲ"

"ဟင် က ကတ္တီပါ"





"ဒါကို ကတ္တီပါ လက်မခံဘူး ကိုကို၊ ပြီးတော့ ကိုကို ဘယ်မှသွားစရာမလိုဘူး"

"ဟင် ဘယ် ဘယ်လို"

"ကိုကို့ကို ကတ္တီပါ့နှလုံးသားက အမုန်းတွေ ပြေသွားလို့ပေါ့၊ ညက ကိုကို့ရဲ့ဒိုင်ယာရီလေးကို ကတ္တီပါ ဖတ်ရတယ်"

"ဟင်"

ကိုကို့မျက်ဝန်းတွေက မယုံနိုင်စရာအိပ်မက်တစ်ခုကို မက်နေသူလို တွေဝေမှင်တက်နေသေး၏။ ကတ္တီပါ့အပြုံးလေးတွေကို ကိုကို မယုံနိုင်သေးဘူးတဲ့လား။

"က ကတ္တီပါရယ်"

"ကိုကိုရယ် ကိုကို့ရဲ့အချစ်တွေကို ကတ္တီပါ မယုံကြည်ခဲ့တာ ခွင့်လွှတ်ပါနော်၊ ကိုကို့ကို ကတ္တီပါ သိပ်ချစ်တယ်"

"ကတ္တီပါရယ်"

ကိုကို့ရင်ခွင်ထဲမှာ ကတ္တီပါ တိုးဝင်လိုက်တော့ ကိုကို တင်းတင်းလေး ပွေ့ထားရင်း –

"ကိုကို ဝမ်းသာလိုက်တာ၊ ကိုကို အိပ်မက်မက်နေတာ မဟုတ်ပါဘူးနော်"

"ကိုကိုသိချင်ရင် မျက်လုံးတွေ မှိတ်ထားလေ"

ရင်ခွင်ထဲက ခေါင်းလေးမော့ကြည့်ရင်း ကတ္တီပါ ပြုံးပြုံးလေး



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ သူ မျက်ဝန်းတွေ မှိတ်ထားလိုက်''

♫ I Love You - I Love You ♫

အသံချိုချိုလေးကြောင့် သူ့မျက်ဝန်းတွေ ဖွင့်ကြည့်တော့ ကတ္တီပါ့လက်ထဲမှ ဝက်ဝံရုပ်ဖြူဖြူလေး။

"ကိုကို့ကို ကတ္တီပါ သိပ်ချစ်တယ် သိလား"

"ကတ္တီပါရယ် အချစ်ရယ်"

ကတ္တီပါ့ ခန္ဓာကိုယ်လေးကို တင်းတင်းပွေ့ဖက်လိုက်တော့ ဝက်ဝံရုပ်လေးက မနားတမ်း အော်ပါတော့သည်။

I Love You ဆိုသော အော်သံချိုချိုလေးက မရပ်မနား။ ကတ္တီပါရဲ့မျက်နှာလေးအနှံ့ ခြွေချနေမိသော သူ့ရဲ့အနမ်းတို့သည်လည်း အဆုံးမဲ့စွာ။

ပရိသတ်အတွက်
အမြဲတမ်း
ဖျူး



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# ပျူး

## မဟာအချစ်ခရီး



BURMESE CLASSIC .com

www.burmeseclassic.com